www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# (၁)

မလေးရှားနိုင်ငံ၌ ဆိုလျှင် ဘိန်းဖြူ ရောင်းဝယ်သူများအား မည်သည့်နိုင်ငံသားမဆို သေဒဏ်အပြစ် ပေးခြင်းကို ခံကြရပေသည်။

ကျွန်တော်တို့နိုင်ငံတော်၌ ယခင်က ဤလိုကြီးလေးသော အပြစ်မျိုးကို ပေးခြင်းမရှိခဲ့သော်လည်း ယခုမူ သေဒဏ်အပြစ်ကို ချမှတ်ခဲ့လေပြီ။

ထိုအပြစ်ဒဏ်မျိုး ပေးလည်း ပေးသင့်လှပေသည်။

သူတို့အား လူသားများဟူ၍သနားညှာတာနေ၍ မဖြစ်ပေ။

သူတို့ကိုယ်နှိုက်က လူသားများအား ကရုဏာတရားမထားပဲ မိမိတို့၏ အကျိုးတခုတည်းကိုသာ ကြည့်၍ ပျက်စီးရာ ပျက်စီးကြောင်းတွေကို လုပ်နေကြသည် မဟုတ်လော။

ထိုအမိန့်မျိုးကို ဆေးဝါးအတု ရောင်းဝယ်ဖောက်ကားနေကြသူများအားလည်း ပေးသင့်လှပေသည်။

သူတို့က မှုးယစ်ဆေးဝါး သမားတွေ ထက်ပင် ယုတ်မာလှသေးသည်။

သူတို့ဘတွေ၏ အကြံပက်စက်မှုကြောင့် မသိနားမလည်ကြသောအပြစ်မဲ့လုပ်သားပြည်သူတွေမှာ သူတို့၏ ဆေးအတုဝါးတုတွေကို အစစ်မှတ်ကာသုံးစွဲမိကြ၍ သေကြသူတွေလည်း မနည်းတော့ပေ။

သည်တော့ သူတို့ကိုလည်း မှုးယစ်ထုံထိုင်း ဆေးဖြစ်စေတတ်သော ဆေးဝါးများ ရောင်းဝယ်ကြသူတွေလို သေဒဏ်အပြစ် ပေးခြင်းက အကောင်းဆုံးပင်။

သို့မှလည်း ဆေးတုဝါးတုတွေ ပျောက်ကွယ်သွားနိုင်သည်။

www.burmeseclassic.com



ထားပါတော့....

ဘိန်းဖြူကိစ္စ ပြန်ဆက်ပါဦးမည်။

ကျွန်တော်တို့မြန်မာနိုင်ငံတော်ကြီးတွင် ဘိန်းဖြူဟူ၍ စတင်ပေါက်ဖွားရာ ပထမနေရာကတော့ မဟာ ရန်ကုန်မြို့တော်ကြီးဝင်။

ရန်ကုန်မြို့ဆိုသည်က လူတွေကလည်း လူပေါင်းစုံ၊ အလွှာပေါင်းစုံ၊ လူနေ အိမ်ခြေတွေ ကလည်း ထူထပ်၊ မျက်စိကြီး၊ နားကြီးတွေကလည်း ဖြစ်နေကြ၍ မဟုတ်တာတွေ လုပ်ကြပြီဆိုလျှင် ရန်ကုန်မြို့ကချည်း စ,တော့သည်။

မဟာရန်ကုန်မြို့ကြီးပြီးတော့ မြန်မာနိုင်ငံတော်ကြီး၏ ဒုတိယမြို့တော်ဖြစ်သော မန္တလေး ရွှေမြို့တော်ကြီးက နောင်တော်ရန်ကုန်မြို့ကြီး၏ နောက်မှ ကပ်ပါလာတော့သည်။

ထိုမြို့တွေကမှတဆင့် ဘိန်းဖြူတွေမှာ အခြားမြို့နယ်တွေသို့ပါ တမဟုတ်ချင်း ပျံ့နှံ့ကုန်ကြတော့သည်။

ဤဝတ္ထု၏ အစဖြစ်သော ၁၉၇၀ ခုနှစ်လောက်အချိန်ကမူ အခြား မြို့ကြီးများသို့ ဘိန်းဖြူမှာ ပျံ့နှံ့မှု သိပ်မရှိလှသေးပေ။

မရှိလှသော်လည်း သက်ဆိုင်ရာ အာဏာပိုင်တို့က အမြစ်မှပြုတ်အောင် တတ်စွမ်းသမျှ တိုက်ဖျက်ပေးနေကြသည်။

ယင်းသို့ တိုက်ဖျက်ရာတွင် ပြည်သူ့ရဲတပ်ဖွဲ့ကြီးမှာ အဓိကအခန်းမှ ပါဝင်ခဲ့သည်။

ထိုစဉ်က ဘိန်းဖြူများကို အကြီးအကျယ် လုပ်ကိုင်နေကြသော ဂိုဏ်းများအနက်မှ အင်္ဂလိပ်လို ဘလက်ခ် ဒိုင်းယားမွန်းမြန်မာလို စိန်နက် ဟူ၍ အမည် ပေးထားသော ဘိန်းဖြူဂိုဏ်းကြီးမှာ နာမည် ကြီးလှသည်။



ထိုဂိုဏ်းကိုဖြိုခွဲနိုင်ရန် ပြည်သူ့ရဲတပ်ဖွဲ့ကြီး အနေဖြင့် အစွမ်းကုန် ကြိုးစားခဲ့ကြသည်။

မန္တလေးမြို့ရှိ ပြည်သူ့ရဲ ထောက်လှမ်းရေးမှဆိုလျှင် ရဲအုပ်ကျော်မြင့်ဝေမှာ ထိုဂိုဏ်းကြီးအား ဖြိုဖျက်ရန်အတွက် အထူးတာဝန်ပေးအပ်ခြင်း ခံရသည်။

ကျော်မြင့်ဝေကလည်း ပြည်သူ့ရဲပီသစွာဖြင့် ပေးအပ်ထားခြင်းခံရသော တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ရာ မကြာမီ ထိုဂိုဏ်းကြီး၏ သတင်းအစအနကို ခြေရာခံမိတော့သည်။

ခြေရာခံမိရာမှ ကစတစဖြင့် ထိုဂိုဏ်းကြီးသည် မကြာမီအချိန်အတွင်း မန္တလေးမြို့တွင်ရှိ တနေရာ၌ သိန်းပေါင်းများစွာတန်သော ဘိန်းဖြူများကို အရောင်းအဝယ် ပြုကြတော့မည်ဟူသော သတင်းကိုပါ ရလိုက်တော့သည်။

ကျော်မြင့်ဝေအဖို့ ဤသတင်းကို ရရှိရန် အထူးပင် ကြိုးစားခဲ့ရသည်။

ကြိုးစားရပုံကလည်း သိပ်တော့ မလွယ်လှပေ။

စွန့်စွန့်စားစား ပြုလုပ်ပြီးမှ ရခဲ့သော သတင်းပင်။

သူ့အဖို့ ဘိန်းဖြူဂိုဏ်းမှ ကောင်တွေနှင့် သတ္တိချင်းပြိုင်ခဲ့ပြီးမှ ရလာသောသတင်း ဖြစ်သည်။

သတ္တိချင်းပြိုင်ရသော အကြောင်းက ဤသို့ ဖြစ်သည်။

သူသည် အထက်မှ ပေးအပ်ထားသော တာဝန်အရ [illegible] ဘိန်းဖြူဂိုဏ်း၏ အနံ့ကို ခံနေခဲ့ရာမှ တနေ့တွင် စိန်နက်ဘိန်းဖြူ

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းမှ လူဆိုးတဦးဖြစ်သူ **တိုးကြီးတယောက်** မန္တလေးမြို့သို့ ရောက်နေကြောင်းကို သိခဲ့ရသည်။

ထို့ပြင် တိုးကြီးသည် လာမည့်ဘနုက်ခနွနေ့တွင် ချန်ချိုင်း၏ **တရုတ်စားသောက်ဆိုင်သို့** ဘိန်းဖြူများယူလာပြီး အခြားတဦးနှင့် လက်ပြောင်းလက်လွှဲလုပ်မည်ဟူသော သတင်းကိုပါ သိခဲ့ရသည်။

ထိုသိခဲ့ရသော သတင်းအတိုင်း ကျော်မြင့်ဝေမှာ ဈေးချိုနှင့် မနီးမဝေးတွင် ဖွင့်လှစ်ထားသော ချန်ချိုင်းစားသောက်ဆိုင်သို့ နံနက်လင်းအားကြီး အချိန်ကတည်းက ဇွဲကောင်းကောင်းဖြင့် အုတ်ကျိုစ်ကားပေါ်တွင် ထိုင်၍ စောင့်ကြည့်နေခဲ့သည်။

နံနက် (၆) နာရီခန့်တွင်တော့ အရပ်မြင့်မြင့်၊ ကိုယ်လုံးကိုယ်ထောက်တောင့်တောင့်၊ အသားညိုညို၊ မျက်နှာက ဝိုင်းဝိုင်းနှင့် ရှမ်းခွဘောင်းဘီ နက်ပြာ ရောင်ကို ဝတ်ထား သော လူတယောက်မှာ ချန်ချိုင်း၏ စားသောက်ဆိုင်သို့ စစ်လွယ်အိတ်ကို ပခုံးတွင်လွယ်ယင်း ခပ်သုတ်သုတ်ကလေး ဝင်သွားသည်ကို တွေ့မြင်ရသည်။

ထိုသူကား ဘိန်းဖြူဂိုဏ်းကြီးတခုမှ တိုးကြီးဆိုသူပင်။

ကျော်မြင့်ဝေမှာ တိုးကြီးအား မြင်ရလျှင် ကျိတ်၍ ပြုံးမိလိုက်သည်။

ပြုံးမိရာမှ သူ၏ဗယ်ဘက်လက်တွင် ပတ်ထားသော **စီတီဇင်ကွ(တ်)** လက်ပတ်နာရီကလေးကို အသာ ငုံ့ကြည့်မိသည်။

**နံနက် ခြောက်နာရီနှင့် ငါးမိနစ်သို့ ပြနေသည်။**

တိုးကြီးကတော့ ကျော်မြင့်ဝေကို သတိပြုမိပုံ မရပေ။



ချန်ချိုင်း၏ တရုတ်ဆိုင်သို့ အေးအေးဆေးဆေး ဝင်သွားသည်။

ဆိုင်တွင်းသို့ရောက်လျှင် စားပွဲခုံတခုအေားတွင် ရှိနေသော ကုလားထိုင်တလုံးကို ဆွဲယူကာ ထိုင်သည်။

ချန်ချိုင်း၏ တရုတ်ဆိုင်မှာ တိုးကြီး လာချိန်တွင် မဖွင့်ရသေးပေ။

အလုပ်သမားများပင် မရှိကြသေး။

ချန်ချိုင်း တဦးတည်းသာလျှင် စားပွဲခုံများကို ရှင်းလင်းနေသည်။

"ဟေ့ ချန်ချိုင်း.... စောလူ ဆိုတဲ့ကောင် မလာသေးဘူးလားကွ"

တိုးကြီးက ချန်ချိုင်းကို လှမ်းမေးသည်။

ချန်ချိုင်းက သူ့ခေါင်းကို ခါယမ်းပြသည်။

"တောက်....ခွေးမသား ချိန်းထားယင် ဘယ်တော့မှ အချိန်အတိအကျ မလာဘူး၊ အမြဲတမ်းနောက်ကျတာချည့်ပဲ၊ တော်တော်ကို ပေါ့ဆတဲ့ကောင်၊ ဒါကြောင့်လဲ ဆရာကြီးက သင်းကို ခဏခဏ ဆဲဆိုနေရတာ ဟွန်း"

တိုးကြီး မကျေနပ်သံဖြင့် တဗျစ်တောက်တောက် လုပ်နေသည်။

ချန်ချိုင်းအမည်ရှိ တရုတ်ကြီးကတော့ သူ့အား မည်သို့မျှ ပြန်မပြော။

www.burmeseclassic.com

www.burmeseclassic.com



သူ့စားပွဲခုံများကိုသာ တလုံးပြီးတလုံး ဆိုင်ဖွင့်လျှင် လာရောက် စားသောက်ကြသူတွေ အတွက် အသင့် ဖြစ်နေစေရန် ပြုပြင်ပေးလျက်ရှိသည်။

တိုးကြီးလည်း မည်သို့မှ ထပ်မပြောတော့ပဲ သူ့အိတ်တွင်းမှ စီးကရက်ဗူးကို ထုတ်နေသည်။

စီးကရက်ဗူးတွင်းမှ စီးကရက်တလိပ်ကို ထုတ်ယူ၍ သူ့ပါးစပ်တွင် တပ်သည်။

သူ့သောက်သော စီးကရက်က မြန်မာဖြစ် မဟုတ်ပေ။ နိုင်ငံခြားဖြစ် ငါးသုံးလုံးစီးကရက် ဖြစ်သည်။

"ဟေ့ ချန်ချိုင်း မီးခြစ်ရှိယင် ပေးစမ်းကွာ၊ ငါ့မီးခြစ် ပါမလာလို့"

တရုတ်ကြီး ချန်ချိုင်းထံသို့ တိုးကြီးက မီးခြစ်လှမ်းတောင်းနေသည်။

ချန်ချိုင်း ခေါင်းတချက် ဆတ်ပြယင်း သူ၏ငွေသိမ်းစားပွဲခုံဘက်သို့ ထွက်သွားသည်။

စားပွဲခုံ အတွင်းတွင် ထားသော ဓာတ်မီးခြစ်ကလေးကို ထုတ်ယူကာ တိုးကြီးထံသို့ သွားပေးသည်။

တိုးကြီးကတော့ သူ့ပခုံးတွင် လွယ်ထားသော စစ်လွယ်အိတ်ကြီးကို စားပွဲခုံပေါ်သို့ အသာချထားသည်။

ပြီးမှ ချန်ချိုင်းလာပေးသော ဓာတ်မီးခြစ်ကို လှမ်းယူကာ မီးခြစ်ယင်း သူ့စီးကရက်ကို ညှိနေသည်။

စီးကရက်မီးညှိပြီးလျှင် တိုးကြီးသည် ချန်ချိုင်းအား မီးခြစ်ကို ပြန်ပေးယင်း မေးသည်။



"ဟေ့....ချန်ချိုင်း၊ မင်းတို့ဆိုင် အခုထက်ထိ မဖွင့်သေးဘူးလားကွ"

"ဘာလုပ်မိလို့လဲ ဆရာကီး"

ချန်ချိုင်း ပြန်မေးသည်။

"ငါ့ဗိုက်ထဲက ဆာနေလို့ ထမင်းကြော်ကလေးဘာကလေး ရှာဘူးလား၊ ငါ မနေ့ညကတည်းက ဘာမှ မစားခဲ့ရသေးလို့ သိပ်ဆာနေတာကွ၊ ရယင် လုပ်ပေးစမ်းပါကွာ"

"အာ....ဆရာကီး မီရသီးဖူးလေ၊ ငရဲမီးမ ငီးတွားတုန်းကျသီးဒယ်၊ တူပီယံလာမှ ရမယ်လေ"

ချန်ချိုင်းက မြန်မာစကားကို တရုတ်သံဝဲဝဲဖြင့် မပီကလာ ပီကလာ ပြောနေသည်။

တိုးကြီး သက်ပြင်းရှည်ကြီးတချက်ကို ချသည်။

"အေးလေ၊ မရသေးယင်လဲ မတတ်နိုင်ဘူး၊ ငါတခြားကို သွားကပြီး စားနေယင်လဲ ဟိုမသာကောင် စောလူနဲ့ လွဲမှာ စိုးရသေးတယ်....ဟွန်း"

တိုးကြီး တကိုယ်တည်းပြောယင်း စီးကရက်ကို ခပ်ပြင်းပြင်းကလေး ဖွာရှိုက်နေသည်။

ချန်ချိုင်းကတော့ သူ့မီးခြစ်ကလေးကို ပြန်ယူပြီးနောက် သူ၏ ဘောင်းဘီအိတ်တွင်းသို့ ထည့်သွားသည်။

နောက် သူလုပ်လက်စ အလုပ်တွေကို ဆက်လုပ်နေတော့သည်။

"ဟေ့ ချန်ချိုင်း"

တိုးကြီး လှမ်းခေါ်နေပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီး"

"မင့်ဆိုင်[illegible]သမားတွေ မလာသေးဘူး လားကွ၊ ဒီဆိုင်မှာကော [illegible]လား"

"ဘာလု မီးတာလဲ ဆရာကြီး"

"ဩော် .. မင့် ဆိုင်မှာ စားစရာမရယင်လဲ တခြားဆိုင်ကို သွားဝယ်ခိုင်းချင်လို့ပါကွာ၊ ငါကတော့ မင့်ဆိုင်က ခွာလို့ မဖြစ်သေးဘူးလေ"

"စူတို့ မီလာသီးဖူး ဆရာကြီး၊ စီကောင်တွေ ကျစ်နာရီလောက်မှ လာတတ်တာပဲ"

"ဩော်....ဩော်"

တိုးကြီး ခေါင်းတညိတ်ညိတ် လုပ်ယင်း ပြောနေသည်။

ယင်းအခိုက်မှာပင် သူ၏ နောက်မှ ခြေသံတသံကို ကြားရသည်။

တိုးကြီးမှာ သူနှင့် ချိန်းထားသော စောလူ မှတ်၍ အမြန်လှည့်ကြည့်မိသည်။

သို့သော် သူထင်ထားသလို စောလူ မဟုတ်ပဲ ကျော်မြင့်ဝေကို မြင်လိုက်ရလျှင်တော့....

"**ဟဲ့....ချောက်ချေး**" ဟူသော အာမေဋိတ်သံကြီးတခု သူ့နှုတ်ဖျားမှ ပေါ်ထွက်လာသည်။

အာမေဋိတ်သံကြီးနှင့်အတူ သူ၏မျက်နှာတပြင်လုံးမှာလည်း သေလုဆဲဆဲ လူမမာတဦးလို သွေးတွေဆုတ်ဆိုင်းသွားသလို ဖြစ်ကုန်တော့သည်။



ကျော်မြင့်ဝေမှာ တိုးကြီး၏ မျက်[illegible]ရလျှင် သဘောကျသွားဖြင့် ဟားတိုက်ကာ ရယ်ယင်း ပြော[illegible]သည်။

"ဟား ဟား ဟား၊ တော်တော်ပဲ လန့်သွား ရသလား တိုးကြီးရ၊ ဟား ဟား၊ ကတည်းကွာ၊ ငါ့ကို မြင်လိုက်ရတာနဲ့ တစ္ဆေသရဲ မြင်ရသလို မင့်မျက်နှာကြီးက ဖြစ်သွားလိုက်တာ ငါတောင် သွေးလန့်ချင် သလိုလို ဖြစ်သွားတာပဲဟေ့၊ ဟား ဟား ဟား"

ကျော်မြင့်ဝေ တဟားဟားဖြင့် ရယ်နိုင်သလောက် တိုးကြီးမှာတော့ မရယ်နိုင်ရှာပေ။

ရယ်ဖို့ နေနေသာသာ ဖြစ်နိုင်လျှင် ရွှေမန်းတင်မောင်နှင့် အပြိုင် ငိုချင်းတွေ ချပစ်ချင်သည်။

(အဲအဲ .. အဲဒီတုန်းက ရွှေမန်းတင်မောင် မသေသေးဘူးဗျို့၊ တ,လို ကောင်းနေဆဲ ရှိပါသေးတယ်)

တိုးကြီးမှာ ကျော်မြင့်ဝေကို လှမ်းကြည့်ယင်း သူ၏လက်ထောက်က စားပွဲပေါ်တွင် တင်ထားခဲ့သော သူ၏စစ်လွယ်အိတ်ကြီးထံသို့ မသိမသာ သွား၍ကိုင်နေသည်။

သူ၏ အပြုအမူကို ကျော်မြင့်ဝေ မြင်ရလျှင် မာကျောလှသော အသံကြီးဖြင့် လှမ်းပြောသည်။

"ဟေ့ကောင် တိုးကြီး၊ မင့်လက်ကို ငြိမ်ငြိမ်ကလေး ထားလိုက်စမ်းကွာ၊ မင်းလက်က တယ်ဆော့ချင်တာပဲ ဟဲဟဲ၊ အိမ်း... ငါပြောထားလျက်နဲ့မှ နောက်တကြိမ်ထပ်ပြီး မင့်လက်တွေဟာ လှုပ်ရှားလာမယ်ဆိုယင်တော့ မင့်လက်ဟာ သွေးနီရောင်တွေ စွန်းသွားလိမ့်မယ်၊ ငါ့ဆီမှာ သေမင်းတမန် ရှိနေပါတယ်ဆိုတာ

www.burmeseclassic.com



သတိရစမ်းပါ။ ဗိုလ်တော့ ငါ့လက်ဟာ ဘယ်လောက် ဖြောင့်တယ်ဆိုတာကိုလဲ မင်းသိသားပဲ၊ ဘာလို့ မိုက်ချင်တာလဲကွာ၊ စောစောစီးစီး လူသားတဦးကို သွေးထွက်သံယိုဖြစ်အောင် ငါ မလုပ်ချင်ဘူးကွာ၊ ဒီတော့ ငြိမ်ငြိမ်နေပါ သူငယ်ချင်း၊ ဟဲဟဲ”

ကျော်မြင့်ဝေ ပြောယင်း တိုးကြီး ထိုင်နေရာသို့ လျှောက်လာခဲ့သည်။

တာရုတ်ကြီး ချန်ချိုင်းကတော့ သူတို့အား ထိတ်လန့်ကြောက်ရွံ့နေသောအသွင်ဖြင့် ငေးကြည့်နေသည်။

“ဆ ဆ ဆရာ၊ ကျွန် ကျွန်တော့်ကို ဘာ ဘာ ဘာလုပ်မလို့လဲခင်ဗျာ၊ ကျွန်တော် အခု လူကောင်း ဖြစ်နေပါပြီ၊ ကောင်းရောင်းကောင်းဝယ် လုပ်စားနေပါတယ် ခင်ဗျာ”

တိုးကြီး ထစ်ထစ်ငေါ့ငေါ့ အသံဖြင့် ကျော်မြင့်ဝေကို ပြောနေသည်။

“ဟေ….ဟုတ်လား၊ သာဓုကွာ….သာဓု၊ အခုလိုကြားသိရတာ ငါ တကယ်ပဲ ဝါသနာပြီး ဝမ်းသာပါတယ်ကွာ ဟဲဟဲ….၊ ဒြော်…. ဒါထက် မင်းက ကောင်းရောင်း ကောင်းဝယ် လုပ်စားနေတယ် ဆိုတော့….မင့်စစ်လွယ်အိတ်ထဲက ပစ္စည်းတွေဟာလဲ တရားဥပဒေက ခွင့်ပြုထားတဲ့ ပစ္စည်းတွေ ဖြစ်ရလိမ့်မယ်လို့ ငါထင်ပါတယ်ကွာ၊ မှန်းစမ်း…. **ဟဲ ဟဲ ဟဲ**”

ကျော်မြင့်ဝေ ပြောယင်း စားပွဲခုံပေါ်တွင် ရှိနေသော တိုးကြီး၏ စစ်လွယ်အိတ်ကို လှမ်းယူရန်ပြင်သည်။

တိုးကြီးတကိုယ်လုံး မိုးကြိုးပစ်လိုက်သလို တုန်လှုပ်ချောက်ချားသွားသည်။



“အာအာ ဆ ဆရာ၊ မမ မကိုင်ပါနဲ့ခင်ဗျာ၊ ဒီအိတ်ထဲမှာ ဘာမှ မပါပါဘူးလေ”

“ဟ…. ငါကကော ဘာတွေပါတယ်ပြောနေလို့လဲ၊ မင်းက ကောင်းရောင်း ကောင်းဝယ် လုပ်စားတယ်ဆိုလို့ ကိုင်ကြည့်မယ်ဟာ၊ မင်းနှယ်ကွာ လန့်စရာမရှိလန့်နေသကိုး၊ **ဟား ဟား ဟား**”

ကျော်မြင့်ဝေ ပြောယင်း တိုးကြီးအလစ်တွင် စစ်လွယ်အိတ်ကြီးကို ဆတ်ကနဲ ဆွဲယူသည်။

တိုးကြီးမှာ လေ၏လျင်မြန်ခြင်းမျိုးဖြင့် ပြုမူလိုက်သော ကျော်မြင့်ဝေ၏ အပြုအမူကြောင့် လက်ပင် မလှုပ်လိုက်ရပေ။

ကျော်မြင့်ဝေ တဟဲဟဲ ရယ်ယင်း တိုးကြီး၏ စစ်လွယ်အိတ်ကို ဖွင့်ရန်ပြင်သည်။

ယင်းအခိုက် သူ၏နောက်ဘက်ဆီမှ ခက်ထန် မာကျောလှသော အသံတသံပေါ်လာသည်။

“ဟော့လွယ်အိတ်ကို အခုချထားလိုက်စမ်း၊ ချထားဆိုချထားနော်၊ နို့မို့ လှသွားလိုထက်မြက်တဲ့ ငါ့သေနတ်ကျည်ဆန်က မင်းလက်ကို စားသွားလိမ့်မယ်၊ အူကြောင်ကြောင်လဲ မလုပ်နဲ့ကိုယ့်လူ၊ ကျုပ်လက်ထဲမှာ လူ့ဘဝကြီးကို စက္ကန့်ပိုင်းအတွင်း ချုပ်ငြိမ်းသွားစေနိုင်တဲ့ ပစ္စည်းကလေး ရှိနေတယ် ဟဲဟဲ ဟဲ”

ထိုအသံကြောင့် ကျော်မြင့်ဝေမှာ ပခုံးလေးနှစ်ဘက်ကို အသာတွန့်ပြယင်း တိုးကြီး၏ စစ်လွယ်အိတ်ကို စားပွဲခုံပေါ်သို့ အသာပြန်ချထားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



တိုးကြီး၏ မျက်နှာပေါ်တွင်တော့ အလွန်ဝမ်းသာသည့် အသွင်ကို ဆောင်နေသည်။

"တိုးကြီး မင်း ဗီကို ရောက်နေတာကြာပြီလားကွ"

ကျော်မြင့်ဝေအား သေနတ်ဖြင့် ချိန်ထားသောသူက လှမ်းမေးသည်။

"ဟုတ်တယ် စောလူ၊ ငါရောက်နေတာ ဆယ့်ငါးမိနစ်လောက်ရှိနေပြီ၊ မင်းက ဘာလုပ်နေလို့ နောက်ကျနေရတာလဲကွ"

တိုးကြီး ပြန်မေးသည်။

"နောက်ကျဆို ရဲတွေကို ရှောင်နေရလို့ပေါ့ကွ၊ အခုတောင် ကြည့်လေ၊ ဒီနေရာမှာ ရဲနဲ့ပဲ လာတိုးနေတယ် မဟုတ်လား၊ ဒါထက် ဟိုပစ္စည်းတွေ ပါတယ်မဟုတ်လား"

"ပါတာပေါ့ကွ၊ ဒီလွယ်အိတ်ထဲမှာလေ ဟဲဟဲ"

တိုးကြီးစကားသံ အဆုံး၌ ကျော်မြင့်ဝေက ခနဲ့သံဖြင့် လှမ်းပြောသည်။

"ဟဲဟဲ ဒါနဲ့များ ကောင်းရောင်းကောင်းဝယ် လုပ်စားနေသလေး ဘာလေးနဲ့ဆိုပြီး ငါ့ကို ဟန်တလုံးပန်တလုံးနဲ့ ပြောနေလိုက်သေးတယ်၊ မင်းတို့ကောင်တွေကတော့ လျှာအရိုးမရှိတိုင်း စကားကို အရှက်ကင်းကင်းနဲ့ ပြောနေကြတာပဲနော် ဟဲဟဲ"

စောလူမှာ ကျော်မြင့်ဝေ၏ စကားသံအဆုံးတွင် သေနတ်ဖြင့် ကျောကို လှမ်းထောက်ယင်း ကြိမ်းနေသည်။



"ဒီမယ်.... ရဲအုပ်ကြီး စကားမပြောပဲ မနေနိုင်ဘူးလား၊ မနေနိုင်ယင်တော့ အသံတိတ်ဆေး ကျွေးရလိမ့်မယ်နော် ဟဲဟဲ"

"ဒါကတော့ကွာ မင်းက အသာစီးက ရထားတော့ မင်းအဘောပေါ့၊ ဒါပေမယ့် မင်း တခုသတိပြုရမှာကတော့ တရားဥပဒေဆိုတာ လူဆိုးတွေအတွက် ကောင်းကျိုးမပြုဘူး ဆိုတာပဲအဟဲ"

"တယ်.... အသံတိတ်ပါ ဆိုခါမှ ထပ်ထွက်နေပြန်ပါပြီ၊ ဒီလောက်တောင် အသံထွက်ချင်တဲ့ အကောင်၊ သိကြရောပေါ့ကွာ"

စောလူ ကြိမ်းဝါးယင်း ကျော်မြင့်ဝေ၏ နားထင်သို့ သူ့လက်မှ သေနတ်ဖြင့် တအားလွှဲကာ ရိုက်ရန်ပြင်သည်။

ဆေးစားမှားလေပြီ။

ကျော်မြင့်ဝေမှာ သူ့ကျောတွင် အထောက်ခံထားရသော သေနတ် လွတ်သွားသည်နှင့် သူ၏ ကိုယ်ကြီးအား စားပွဲခုံပေါ်မှ ကျော်၍ တဘက်သို့ ဒိုင်ဗင်ထိုးချသည်။

တဆက်တည်းမှာပင် သူ့ခါးမှ သေနတ်ကို ဆွဲထုတ်ကာ စောလူအား လှမ်းပစ်သည်။

"ဒိုင်းဒိုင်း"

"အား"

ကျော်မြင့်ဝေ၏ သေနတ်နှင့် ပစ်ခတ်မှုကြောင့် စောလူ ဆီမှ နာကျင်စွာ အော်ဟစ်သံကြီး ပေါ်လာသည်။

စောလူ၏ ရင်ဘတ်တွင်လည်း သွေး ချင်းချင်းနီကာ သွားသည်။

www.burmeseclassic.com



အော်သံကြီးနှင့် အတူ စောလူ၏ ကိုယ်ကြီးမှာလည်း နောက်ဘက်သို့ ပလန်လက်ကာ ပက်လက်လန်၍ လဲကျသွားသည်။

စောလူ လဲကျသွားသည်နှင့် တိုးကြီးက လစ်ပြေးရန်ကြံသည်။

ဘယ်ရမလဲ....

ကျော်မြင့်ဝေက တိုးကြီးအား နောက်မှ နေ၍ သမင်ငယ်လေးတကောင်ကို ကျားက ခုန်အုပ်သလို လှမ်းကန်ခုန်အုပ်သည်။

တိုးကြီးမှာ ''အောင်မယ်လေးဗျ'' ဟူ၍ ကြောက်ရွံ့သံဖြင့် အော်ယင်း သေနတ်ဒဏ်ရာဖြင့် လဲကျနေသော စောလူ၏ ဘေးနားသို့ မှောက်လျက်လဲကျသွားသည်။

သူ့ကိုယ်ပေါ်တွင်တော့ ကျော်မြင့်ဝေ၏ ကိုယ်ကြီးက ပိနေသည်။

ချက်ချင်းပင် ကျော်မြင့်ဝေမှာ တိုးကြီး၏ ကိုယ်ပေါ်မှ ပြန်ထယင်း တိုးကြီး၏လည်ပင်းကို ဆွဲကိုင်ကာ ထူပေးသည်။

တိုးကြီး ရှုန်းကန်ရုန်းပြင်သည်။

ကျော်မြင့်ဝေက တိုးကြီး၏ ပါးနှစ်ဘက်ကို ဗယ်ပြန် ညာပြန် ခပ်ကြမ်းကြမ်းကလေး ရိုက်ပစ်သည်။

ရိုက်နေယင်းမှလည်း ကျော်မြင့်ဝေ၏ ခက်ထန်မာကျောလှသော အသံ ပေါ်လာသည်။



''ဟေ့ကောင် တိုးကြီး၊ မင်း ငြိမ်ငြိမ်ဆိမ်ဆိမ်နဲ့ အဖမ်းခံမလား၊ မခံဘူးလား၊ မခံယင် ဟောဟိုက မင့်အဖော်လို ဖြစ်သွားလိမ့်မယ်နော်....''

''ကျွန်....ကျွန်တော်....အအ....အဖမ်းခံပါ့မယ်ဆရာ၊ မပြေးတော့ပါဘူး''

တိုးကြီး တုန်လှုပ်သံဖြင့် ပြန်ပြောသည်။

''ကောင်းပြီ၊ သဟာလိုဆို ငြိမ်ငြိမ်ကလေး ရပ်နေစမ်း''

တိုးကြီးမှာ ကျော်မြင့်ဝေ၏ အမိန့်အတိုင်း ငြိမ်သက်စွာ ရပ်နေရသည်။

''ဒီလိုမှပေါ့ကွ .. ဟဲဟဲ''

ကျော်မြင့်ဝေ ကျေနပ်သံဖြင့် ပြောနေသည်။

တရုတ်ကြီး ချန်ချိုင်းကတော့ စားပွဲခုံတခုံ၏ အောက်တွင် ပြားပြားဝပ်ကာ ပုန်းနေသည်။

သူ၏ တကိုယ်လုံးမှာလည်း တုန်ယင်နေသည်။

ကျော်မြင့်ဝေကတော့ သူ၏ သေနတ်ဒဏ်ကြောင့် ကြမ်းပေါ်တွင် လူးလိမ့်ယင်း တအင်းအင်း ညည်းညူ နေသော စောလူအား တချက်လှမ်းကြည့်သည်။

ပြီးတော့ တိုးကြီး၏ပခုံးပေါ်တွင် ရောက်နေသော စစ်လွယ်အိတ်ကို ဆတ်ကနဲ ဆွဲယူကာ အတွင်းသို့ လက်ဖြင့် နှိုက်ကြည့်သည်။

ပလတ်စတစ်များဖြင့် သေသပ်စွာ ထုပ်ထားသော ဘိန်းဖြူအိတ်ကလေး လေးအိတ်ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုပစ္စည်းများကို တွေ့ရလျှင် ကျော်မြင့်ဝေက တိုးကြီး ဘက်သို့ လှောင်ပြုံးကလေးဖြင့် လှမ်းကြည့်ကာ ပြောသည်။

“ဘယ်လိုလဲကွ တိုးကြီးရ၊ မင့်လွယ်အိတ်ထဲမှာ သေမင်း အဆိပ်မှုန့်တွေကလဲမနည်းပါကလား၊ ဒါတွေဟာမင့်အပိုင်လား၊ မှန်မှန်ဖြေနော် ဟဲဟဲ”

“မ မ မဟုတ်ပါဘူး ဆရာ၊ ဒီပစ္စည်းတွေဟာ ကျွန်တော် မပိုင်ပါဘူး၊ ကျွန်တော်တို့ရဲ့ ဆရာကြီးပစ္စည်းတွေပါ၊ သူက ခိုင်းလို့ ကျွန်တော် လုပ်ပေးနေရတာပါ၊ မလုပ်ယင် ကျွန်တော့် ကို သူတို့က သတ်ကြမှာ ကြောက်လို့ပါ ဆရာရယ်”

“ဟား...ဟား...ဟား၊ မင်းတို့ကောင်တွေဟာလေ... ဒီလေ သံမျိုးတွေချည့် ပေးတတ်ကြတာပဲ၊ ဒါပေမယ့် မင်း ဘယ်လိုပဲ ဆင်ခြေပေးပေး အခုပစ္စည်းတွေ တွေ့ရတာက မင့် လွယ်အိတ်ထဲ မှာဆိုတော့ မင့်ကိုပဲ ဖမ်းရမှာပဲ သူငယ်ချင်း ဟဲဟဲ”

ကျော်မြင့်ဝေ၏ စကားကို ကြားရလျှင် တိုးကြီး၏ မျက်နှာ မှာ ငိုမဲ့မဲ့ ဖြစ်သွားသည်။

“ဗျာ....ကျွန်တော့်ကို ဖမ်းမယ် ဟုတ်လား၊ ဒါတော့ ဆရာ မတရားပါဘူး၊ ကျွန်တော်က အမိကတရားခံ မဟုတ်ဘူးလေ၊ သူတို့ခိုင်းလို့ လုပ်ပေးရတဲ့ဟာ၊ ကျွန်တော့်ကို ဆရာဖမ်းယင် ကျွန်တော့် တယောက်ပဲ ဆရာမိမှာပေါ့၊ ဒါပေမယ့် စိန်နက် ဆိုတဲ့ ဘိန်းဖြူဂိုဏ်းကတော့ ပြိုပျက်သွားမှာမှ မဟုတ်တာ”

“ဟေ၊ နို့ မင့်ကို မဖမ်းပဲ လွှတ်ပေး လိုက် တော့ကော စိန်နက်ဂိုဏ်းကြီးက ပြိုသွားမှာလားကွ၊ ပြောစမ်းပါဦး၊ ဟား ဟား ဟား”၊



“ပြိုတော့ မပြိုဘူးပေါ့ ဆရာရယ်၊ ဒါပေမယ့် ကျွန်တော့် လွှတ်ပေးမယ်ဆိုယင် ဆရာတို့အနေနဲ့ ဒီဂိုဏ်းကြီးကို ဖြိုခွင်းနိုင်ဖို့ ထိစွမှာ ကျွန်တော်ဟာ အကူအညီ ပေးနိုင်မှာပေါ့၊ ဒီတော့ ကျွန်တော့်ကို လွှတ်ပေးပါ ဆရာရယ်”

တိုးကြီးက ကျော်မြင့်ဝေအား တောင်းပန်နေသည်။

ကျော်မြင့်ဝေ ခေါင်းကလေးကို ခပ်ဖြည်းဖြည်း ခါယမ်း သည်။

“အာ ဘယ်ဖြစ်မလဲ၊ ဘိန်းဖြူ တွေဟာ ခင့် အိတ်ထဲမှာ သက်ဆပ် လက်ကိုင် မိနေတဲ့ ဟာကို၊ ငါက ကွင်းလုံးကျွတ် လွှတ်ပစ်လို့ မဖြစ်ဘူးလေ”

“ဒါဆို ကျွန်တော့်ကို ဖမ်းတော့မယ်ပေါ့”

“အင်း”

“အာ....ဖမ်းယင်တော့ ကျွန်တော်ထောင်ကျ တော့မယ် ဆင်တယ်၊ ဒုက္ခပဲ”

တိုးကြီး၏ စကားအဆုံး၌ ကျော်မြင့်ဝေမှာ အလွန်ရယ်ရ သော ပြက်လုံးတခုကို ကြားလိုက်ရသူလို ဟားတိုက်ကာ ရယ် နေတော့သည်။

“ဟား ဟား ဟား ဟား၊ ဖလစ်မှ ဖလစ်ရပလေ တိုးကြီး ရ၊ မင်းလို ရာဇဝင်လူဆိုးတယောက်က ထောင်ကို ကြောက် သလားကွ၊ ဟား ဟား ဟား၊ ဒီမှာ တိုးကြီးရ ‘ဝက်ဖြစ်ယင် ဆင်ကို မကြောက်နဲ့’ ဆိုတဲ့ စကားလို မင်းဟာလဲ လူဆိုး တယောက် လုပ်နေမှတော့ ထောင်ကို ကြောက်နေဖို့ လိုသေး သလားကွ၊ လူဆိုးနဲ့ ထောင်ဆိုတာ ခြင်ထောင်နဲ့ အိပ်ရာလို အမြဲ

www.burmeseclassic.com



ဒွန်တွဲ နေတတ် တာမျိုးပဲကွ၊ အိမ်း ထောင်ကို တကယ်တမ် ကြောက်ယင်တော့ မင်းဟာ တရားဥပဒေ အတွင်းကနေ လု ကိုင်စားသောက် ပေါ့ကွာ၊ နို့မို့ ထောင်ဆိုတာ မင့်အတွ ခြင်ထောင်လို ဖြစ်နေမှာပဲကွ ဟဲဟဲ”

“ဟုတ်ကဲ့၊ ကျွန်တော် နောင်ကို ဒါမျိုးတွေ မလုပ်တော့ ပါဘူး၊ ဆရာရယ်၊ ဒီအကြိမ် နောက်ဆုံး အကြိမ်ပါပဲ၊ အ ဆိုယင် ကျွန်တော့်မှာက အိမ်ထောင်နဲ့ ဖြစ်နေတော့ အယင် ထောင်ထဲမှာ မနေချင်တော့ဘူးလေ”

“အေးလေကွာ၊ မနေချင်ယင် ကောင်းကောင်း မှန်မှ လုပ်ကိုင်စားပေါ့၊ ငါတို့နိုင်ငံမှာ အလုပ်အကိုင်တွေ ပေါ ပါတယ်ကွာ”

“မှန်ပါတယ် ဆရာရယ်၊ ကျွန်တော် ကောင်းကောင်းမှန်မ လုပ်ကိုင်စားမှာပါ၊ တကယ်လဲ နောင်တရနေပါပြီ”

“အင်း မင်းဟာ တကယ် နောင်တ ရလို့ ပြောနေတ ဆိုယင်တော့ သိပ်ကောင်းတာပေါ့ကွာ”

ကျော်မြင့်ဝေမှာ တိုးကြိုးအား ပြောယင်းမှ စားပွဲခုံအော တွင် ပုနေအောင် ဝပ်နေသော ချန်ချိုင်းအား လှမ်းခေ သည်။

“ဟေ့ ချန်ချိုင်း”

“အာ ဆ ဆ ဆရာကြီး၊ အာဂု ကိစမှာ ဝမိပါဖူးလေ

ချန်ချိုင်း တုန်လှုပ်သံကလေးဖြင့် လှမ်းပြောသည်။

“ငါသိပါတယ်လေ၊ မင်းသာ စားပွဲအောက်ကနေ ထွ စမ်းပါ၊ ဒီလောက်လဲ ကြောက်မနေပါနဲ့ ထောင်ကဲရ ဟဲ



ကျော်မြင့်ဝေ စကားကြောင့် ချန်ချိုင်းလည်း စားပွဲခုံ အောက်မှ လေးဘက်ထောက်ကာ ထွက်လာသည်။

“အာ....ဒီတရုတ်ကလဲ ကြောက်တတ် လိုက်တာ၊ ထရပ်ပါ ကွ၊ အခုထက်ထိ လေးဘက်ထောက်နေရသေးသလား”

ကျော်မြင့်ဝေ ထပ်ပြောမှ ချန်ချိုင်းလည်း လေးဘက် ထောက်နေရာမှ ထရပ်သည်။

“ဒီမယ်ချန်ချိုင်း၊ ငါတို့မင့်ဆိုင်က ထွက်သွားခဲ့ယင် ဟောဟို က ငါ့သေနတ်ဒဏ်ကြောင့် လဲနေတဲ့ကောင်ကို ခဏကြည့်ထား နော်၊ ငါ အမြန်ဆုံး သူနာပြု ကားကို လွှတ်ပေး လိုက်မယ်၊ ကြားလား”

ချန်ချိုင်းမှာ ကျော်မြင့်ဝေ ပြောနေသည်ကို နားထောင် ယင်း သေနတ် ဒဏ်ရာကြောင့် သတိလစ်ကာ နေပြီဖြစ်သော စောလူအား လှမ်းကြည့်ကာ စိတ်ပျက်နေပုံရသည်။

“ဆဆ....ဆရာကြီး၊ တူ.... တေများ....တေတွား မြီလား၊ လုပ်လဲ မလုပ်ဘူး၊ အာတက် မရှိတော့ဘူး ထင်တယ်၊ တူ.... တေတွားယင်တော့ ငကျိုင်တွားပါပြီဗျာ၊ မတာပေါ်ထဲ့ကျိုင် ဆိုပြီး ဘိတူမ လာကျား တော့မှာ မီဟုတ်ဖူး၊ စုတ်ခပါပဲ.... တန်န်”

ချန်ချိုင်းညည်းညူနေသံကြောင့် ကျော်မြင့်ဝေမှာ သဘော ကျပြီး တဟားဟားဟား ရယ်နေမိသည်။

“ဟား ဟား ဟား ဟား၊ ချန်ချိုင်းရယ် မင်းကလဲ ပူတတ် နှန်ကော၊ ဒီကောင် မသေနိုင်ပါဘူးကွ၊ ငါပစ်တာက သေကွင်း နေရာကို ပစ်တာမှ မဟုတ်ပဲ၊ သွေးလွန်ပြီး သတိလစ်နေတာ

www.burmeseclassic.com

www.burmeseclassic.com



ပါ၊ ဒီတော့ မင်း ဘာမှ စိတ်ပူမနေနဲ့၊စိတ်ကို အေးအေးထား၊ ငါ အခုပဲ ဆေးရုံက သူနာပြုကားကို အမြန် လွှတ်ပေးပါ့မယ်၊ မင့် ဆိုင်ကလဲ တယ်လီဖုန်းမှ မရှိပဲကိုးကွ၊ ရှိယင်တော့ အခုပဲ ငါ ဖုန်းဆက်ပြောမလို့ပါ၊ ဟုတ်ပြီလား"

"ဝုတ်ကဲ့....ဖစ်မှတော့ ဘာတတ်နိုင်မှာလဲ ဆရာကြီး၊ မြိယန် မြိယန်သာ တူနာပြုကားကို လွှတ်ပါ"

"စိတ်ချပါကွာ၊ ကဲ တိုးကြီးရေ....ငါတို့ သွားကြစို့၊ အဲ သွားတဲ့အခါ ငြိမ်ငြိမ်နေနော်၊ ငါက ဆော့ယင် မကြိုက်ဘူး ကွ"

"မဆော့ပါဘူး ဆရာရယ်၊ ဒီအတွက်တော့ စိတ်ချစမ်းပါ၊ အဲ ကျွန်တော့်ကိုသာ အခုအမှုက လွတ်အောင် လုပ်ပေးပါ၊ ဆရာ့ကျေးဇူး ကျွန်တော် မမေ့ပါဘူး၊ ပြီးတော့ ကျွန်တော် ဟာ ဒီကနေ့ ဒီအချိန်ကစပြီး မဟုတ်တာတွေကို မလုပ်ပါဘူး ဆိုတာကိုလဲ သစ္စာရေသောက်ပြီး ကျိန်ပါ့မယ်ဆရာ"

တိုးကြီး ရှိခိုးမတတ် တောင်းပန်နေသည်။

ကျော်မြင့်ဝေ ကတော့ သူ့ကို ပြုံးကြည့်ယင်း ပြန်ပြော သည်။

"မင်းက မိုးလွန်မှ ထွန်ချ ဆိုတာ မျိုးလို ငါတို့က မင့်ကို မိတော့ ဒီစကားမျိုး ပြောတာကိုးကွ၊ ဒီမယ် တိုးကြီး မင်း အခု လုပ်ခဲ့တဲ့ အပြစ်ဟာ ဘယ်လောက် ကြီးတယ်ဆိုတာ သိလား၊ ဒီ 'ဟဲရိုးအင်း' ဆိုတဲ့ ဘိန်းဖြူဟာ လူသား အားလုံးကို ပျက်စီး ဆုံးရှုံးသွားနိုင်သလို ငါတို့ နိုင်ငံတော်ကြီးကိုလဲ သူ့ကျွန်ဘဝ



ရောက်အောင် စွမ်းဆောင်နိုင်တဲ့ အဆိပ်တွေကွ၊ ဒါကို မင်း သတိပြုမိရဲ့လားဟင်"

ကျော်မြင့်ဝေ ပြောနေသည်ကို နားထောင်ယင်း တိုးကြီး ငိုင်နေသည်။

သူ့မျက်နှာပေါ်တွင် နောင်တရသည့် အသွင်လည်း ဆောင် နေသည်။

"ဒါကို မင်းတို့လိုကောင်တွေက လေးလေးနက်နက်မတွေး ဘူး၊ ဘယ်သူသေသေ ငတောမာပြီးရောဆိုတဲ့သဘောနဲ့ လူသား တခုလုံး ပြုတ်ပြုတ်ပြုန်းသွားစေနိုင်တဲ့ ဘိန်းဖြူတွေကို မင်းတို့က ရောင်းဝယ်ဖောက်ကား နေကြတယ်၊ ဒီအပြစ်ထက် ကြီးတာ မရှိဘူး"

"ကျွန်....ကျွန်တော် နောင်ကို ဒါမျိုး မလုပ်တော့ပါဘူး ဆရာရယ်၊ ကျွန်တော့်ကိုသာ အမှုက သက်သာအောင် ဆောင် ရွက်ပေးပါ၊ ဆရာ့ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူး"

တိုးကြီး တောင်းပန်နေပြန်သည်။

"အေးလေ၊ မင်းကသာ ငါတို့ကို ကူညီမယ် ဆိုယင်တော့ ငါတို့ကလဲ မင်းအမှုအတွက် သက်သာအောင် လုပ်ပေးရမှာ ပေါ့၊ ဒီတော့ မင်းသိသမျှတွေကို ဖွင့်ချပြီး အစိုးရသက်သေ အဖြစ်ရအောင် လုပ်ပေါ့ကွာ၊ ဒါဆိုယင့် မင့်အတွက် ကျရောက် မယ့် အပြစ်ဒဏ်တွေဟာ အတော်ကြီးကို သက်သာသွားမှာပေါ့၊ ကဲ လာ၊ အချိန်လဲ မရှိဘူး၊ ငါတို့ ရုံးခန်းကို သွားကြစို့"

www.burmeseclassic.com

www.burmeseclassic.com



ကျော်မြင့်ဝေက ခေါလျှင် တိုးကြီးလည်း ခေါင်းငိုက်စိုက်ဖြင့် လိုက်ပါသွားတော့သည်။

တရုတ်ကြီး ချန်ချိုင်းမှာတော့ သေနတ်ဒဏ်ရာဖြင့် လဲကျနေသော လူဆိုး စောလူအား မသက်သာသော မျက်နှာဖြင့် ကြည့်ယင်း သက်ပြင်းတွေ တဟင်းဟင်း ချနေတော့သည်။

*　　*　　*

(၂)

## ရဲနှင့်လူဆိုး အစွမ်းပြိုင်ပွဲ

---

တိုးကြီးမှာ တကယ်ပင် နောင်တရသွားပုံ ပေါ်သည်။

သူသည် ရဲစခန်းသို့အရောက်တွင် စိန်နက်ဂိုဏ်းနှင့်ပတ်သက်၍ သူ သိထားရသမျှတွေကို တလုံးမကျန် ဖွင့်ပြောပြခဲ့သည်။

သူ ပြောပြခဲ့၍လည်း ကျော်မြင့်ဝေတို့မှာ စိန်နက် ဘိန်းဖြူဂိုဏ်း၏ လှုပ်ရှားမှုတွေကို ပိုမို၍ သိလာခဲ့ကြရသည်။

မကြာမီ ယင်းဘိန်းဖြူဂိုဏ်းကြီးက သန်းနှင့်ချီ၍ တန်သော ဘိန်းဖြူများကို အရောင်းအဝယ် ပြုလုပ်တော့မည့် သတင်းကို ပါ ကျော်မြင့်ဝေ အနံ့ခံခဲ့ရတော့သည်။

ကျော်မြင့်ဝေအဖို့တော့ ထိုသတင်းကို ရမိသဖြင့် ဝမ်းသာလိုက်သည်မှာ ပြော၍ပင် မပြနိုင်အောင်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူ အနံ့ခံ၍ ရထားသော သတင်းကိုပင် တိုးကြီးက သူ့ထံသို့လာ၍ ပေးခဲ့ဖြစ်သည်။

တိုးကြီးက စိန်နက်ဘိန်းဖြူဂိုဏ်းကြီးမှာ ယခုလာမည့် ဇွန်လ (၁၉)ရက် တနင်္ဂနွေနေ့တွင် မန္တလေးမြို့၏ အနောက်ဘက် တချိုသော ချောင်ကျလှသော ရပ်ကွက်တွင်ရှိ သုံးဆောင်ပြိုင်အိမ်ကြီး တခုတွင် ဘိန်းဖြူများကို သိန်းနှစ်ဆယ်ကျော်ဖိုးခန့် အရောင်းအဝယ် ပြုတော့မည်ဟူသော သတင်းကို လာပေးခဲ့သည်။

ထိုသတင်းအရ ကျော်မြင့်ဝေ ခေါင်းဆောင်သော ပြည်သူ့ရဲတပ်ဖွဲ့ဝင်များမှာ စိန်နက်ဘိန်းဖြူဂိုဏ်းကြီး အရောင်းအဝယ်ပြုကြမည့် တရက်အလိုကတည်းက ထိုနေရာတဝိုက်တွင် ကိုယ်ဖျောက်ကာ ရောက်နေကြသည်။

ထိုနေ့ တနေ့လုံးရော တညလုံးပါ မည်သည့် ထူးခြားမှုကိုမှ သူတို့ မတွေ့ခဲ့ကြရပေ။

သို့သော် နံနက် (၇)နာရီခန့်တွင်တော့ အခြေအနေတွေက ထူးခြားလာသည်။

ပထမဆုံး သူတို့စောင့်ကြည့်နေကြသော ခြံကြီးဆီသို့ လင်းရှိဗာကားကလေး ရောက်လာသည်။

ထိုကားတွင်းမှ လူသုံးဦး ဆင်းလာကြသည်။

သုံးဦးစလုံး အနောက်တိုင်းဝတ်စုံကို အကျ ဝတ်ထားသည်။

ထိုအထဲက အတက်ရှေးခေါ် လက်ဆွဲသေတ္တာကို ကိုင်ထားသော သူက ပိုမိုခန့်ညားပုံရသည်။

သူ့အရပ်ကလည်း မြင့်သည်။

ရုပ်ကလည်း ဖြောင့်သည်။



ကိုယ်လုံးကိုယ်ထည်ကလည်း ကြံ့ခိုင်လှသည်။

သူ၏ မျက်နှာပေါ်တွင် အပ်ပြီးစား နေကာမျက်မှန်ဖြစ်သော Poloroid Sunglassကို တပ်ထားသည်။

သူ့ဟန်ပန်က ရုပ်ရှင်မင်းသားဟန်မျိုး....။

သူက ခေါင်းဆောင် ဖြစ်ပုံရသည်။

သူတို့သည် ပတ်ဝန်းကျင်ကို တချက် အကဲခတ်နေကြသေးသည်။

ပြီးမှ သုံးဆောင်ပြိုင် အိမ်ကြီးရှိရာသို့ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်သွားကြသည်။

အိမ်ကြီးက အောက်ဘက် အဝင်ဝတွင် မျက်နှာထား တင်းဆိုးဆိုးနှင့် လူတယောက် စောင့်နေသည်။

ထိုလူတွေကို မြင်ရလျှင် တချက်ပြုံးပြယင်း ပိတ်ထားသော တံခါးကို ဖွင့်ပေးသည်။

နေကာမျက်မှန်နှင့်လူက ထိုအပေါက်စောင့်အား တစုံတခု မေးမြန်းနေသေးသည်။

အစောင့်ကလည်း တိုးတိုးကလေး ပြန်ပြောနေသည်။

သို့သော် ကျော်မြင့်ဝေတို့ စောင့်ကြည့်နေကြသော နေရာမှ အနည်းငယ် အလှမ်းဝေးနေ၍ မည်သည့်စကားတွေကို ပြောဆိုနေကြသည်ကိုတော့ မကြားကြရပေ။

နောက်တပ် ဆယ်မိနစ်ခန့်တွင် ထိုနေရာသို့ ကားတစီး ရောက်လာပြန်သည်။

နောက်ရောက်လာသော ကားက နက်ပြာရောင် ဆင်မလိုက်သော ကားကလေးပင်။

www.burmeseclassic.com

www.burmeseclassic.com



ထိုကားထဲမှ လူလေးဦး ဆင်းလာသည်။

သုံးဦးက မြန်မာဝတ်စုံတွေကို ဝတ်ဆင်ထားကြသည်။

တဦးကသာ တက်ထရက်ဘောင်းဘီနှင့် အဝါရောင်တီရှပ်ကို ဝတ်ထားသည်။

သူတို့အထဲမှ လူတဦးမှာ အသက်အရွယ် အတော်ကြီးပုံရသည်။

အနည်းဆုံး အသက် (၆၀) ခန့်ရှိမည် ထင်ရပြီး ကော်ကိုင်းမျက်မှန်ကြီးကို တပ်ထားသည်။

သူသည်လည်း အတက်ရှေးခေါ် လက်ဆွဲသေတ္တာကို ကိုင်ထားသည်။

ကျန်လူတွေကတော့ စောစောက လူများလို လူလတ်ပိုင်းထဲကပင်။

အိမ်ထဲသို့ဝင်ခါနီးတွင် တီရှပ်နှင့်လူကို ကော်ကိုင်းတပ်ထားသော လူကြီးက သူ့လက်ထဲ၌ ကိုင်ထားသော အတက်ရှေးခေါ် လက်ဆွဲသေတ္တာကို လှမ်းပေးသည်။

သူတို့ကို မြင်ရလျှင် အပေါက်ဝတွင် စောင့်နေသူက ပျာပျာသလဲ အရိုအသေပေးကာ တစုံတခုကို လှမ်းပြောသည်။

အသက်ကြီးဆုံး လူကြီးက ကျေနပ်စွာ ပြုံးပြယင်း ခေါင်းကိုပါ ညိတ်ပြသည်။

ပြီးတော့ သူတို့အားလုံး အိမ်ကြီးထဲသို့ ဝင်သွားကြသည်။

ကျော်မြင့်ဝေမှာ ထိုသုံးဆောင်ပြိုင် အိမ်ကြီး၏ ခြံဝင်းအတွင်းဘက်ရှိ သရက်ပင်ကြီး တပင်ပေါ်မှ ပုန်းကွယ်ကာ သူတို့အား စောင့်ကြည့်နေသည်။



သူသည် ည (၉) နာရီကတည်းက ထိုသရက်ပင်ကြီးပေါ် ...ဆောက်နေခဲ့ခြင်းပင်။

သရက်ပင်ကြီးမှာ မြင့်လည်းမြင့်၊ သရက်ရွက်တွေကလည်း ...ပြားလှသဖြင့် သူ့အား တဘက်မှ မြင်နိုင်ရန်မှာ မလွယ် ...ပေ။

ကျန် သူ၏အဖော်ရဲတွေကတော့ ထိုနေရာတဝိုက်တွင် အမျိုး... ရှုပ်ဖျက်ကာ နေကြသည်။

အချို့ လမ်းကြား ထဲတွင် ရှိနေကြပြီး အချို့ကတော့ ...ဘောင်းစားအသွင်မျိုး ဟန်ဆောင်၍လည်းကောင်း၊ အချို့ ...တော့လည်း ဈေးသည်များလို ရုပ်ဖျက်၍ ရှိနေကြသည်။

ကျော်မြင့်ဝေ၏ လက်ထဲတွင် ‘ဝေါ်ခီ တော့ခ်ီ’ ခေါ် ...မ်းလျှောက်စကားပြောစက်ငယ်တလုံးရှိသည်။

သူ့ လိုပင် ကျန်ရဲအဖွဲ့ဝင်တွေတွင်လည်း ရှိနေကြသည်။

ထိုစက်ငယ်ကလေးဖြင့် သူတို့သည် တဦးကို တဦး ပြော...ားနေကြသည်။

ကျော်မြင့်ဝေမှာ ဘိန်းဖြူရောင်းဝယ်ကြမည့်သူတွေအားလုံး ...မ်ကြီးထဲသို့ဝင်သွားပြီးကြလျှင် သူ့ရဲဘော်တွေထံသို့ စကား... ဝက်ငယ်ကလေးဖြင့် လှမ်း၍ပြောနေသည်။

“ဟေ့ရဲဘော်တို့ သူတို့အားလုံး လူစုံနေကြပြီကွ၊ ဒီတော့ ...အယင် သူတို့အိမ်ထဲကို ရောက်အောင်ဝင်မယ်၊ မင်းတို့က ...ာ သူတို့ရှိနေကြတဲ့ အိမ်ကြီးတဝိုက်ကို ဝိုင်းထားပြီး စောင့် ...နေကြ၊ သေနတ် သံတွေ ကြားတာနဲ့ မင်းတို့အားလုံး ...ကြီးထဲကို အမြန်ပြေးဝင်လာကြပေတော့၊ အားလုံး သတိ

www.burmeseclassic.com

www.burmeseclassic.com



ရှိနေကြစေနော်၊ သူတို့မှာ လက်နက်တွေပါဖို့များတယ်၊ ခုခံယှဉ်ပြိုင်ရင် ပစ်သာပစ်ကြပေတော့ ဒါပဲ”

“ကောင်းပါပြီ ဆရာ၊ စိတ်ချပါ”

ကျော်မြင့်ဝေသည် ဝေါ်ကီတော်ခီစက်ကလေးကိုပိတ်ကာ သရက်ပင်ပေါ်မှ နေ၍ သုံးဆောင်ပြိုင် အိမ်ကြီးဆီသို့ လှမ်း၍ ကြည့်နေသည်။

ယင်းသို့ ကြည့်ယင်းမှ သူ ရောက်နေသော သရက်ပင်ကြီးနှင့် အိမ်ကြီးအကွာအဝေးကို တွက်ကြည့်နေသည်။

အိမ်ကြီးနှင့် သူရောက်နေသော သရက်ပင်ကြီး၏ အကွာအဝေးမှာ အနည်းဆုံး ကိုက်နှစ်ရာခန့်ဝေးနေသည်။

သည်တော့ အိမ်ကြီးသို့ တိတ်တဆိတ်တက်ရန်မှာ ထိုသရက်ပင်မှနေ၍ ခုန်ကူး၍တော့ မဖြစ်ပေ။

သူက ဆူပါမင်း မဟုတ်။

သာမန်လူသား ဖြစ်နေ၍ ခုန်ကူးလိုက်လျှင် အိမ်ကြီးသို့ မရောက်ပဲ အောက်သို့ကျကာ ခြေလက်တွေကျိုးသွားနိုင်သည်။

သူ ခြေလက်တွေကျိုးသည်က အရေးမဟုတ်ပေ။

သူ အရေးထားသည်က စိန်နက်ဘိန်းဖြူဂိုဏ်းကြီးမှ လူတွေ လွတ်ကုန်မည်ကိုသာ သူ အရေးထားသည်။

သည်တော့ သရက်ပင်ပေါ်မှ အိမ်ကြီးဆီသို့ မျောက်လွှဲကျော်တကောင်လို ခုန်ကျော်၍တော့ မဖြစ်ပေ။

သူ့အဖို့ သရက်ပင်ပေါ်မှ အောက်သို့ ပြန်ဆင်းမှ ဖြစ်ပေတော့မည်။



သူသည် တွေးယင်း အိမ်ဘက်သို့ သရက်ပင်ပေါ်မှ လှမ်း၍ ကြည့်သည်။

ဟန်ကျလေပြီ....။

စောစောက အိမ်အောက်တွင် စောင့်နေသော အစောင့်မှာ မရှိတော့ပေ။

အိမ်ပေါ်သို့ တက်သွားပုံရသည်။

သို့ဖြစ်၍ သူသည် သရက်ပင်ပေါ်မှ အမြန်ဆင်းလာခဲ့သည်။

သရက်ပင်အောက်သို့ ရောက်လျှင် စကားပြောခွက်ကလေးကို ထုတ်ကာ သူ၏ ရဲဘော်များထံသို့ သတင်းပို့နေသည်။

“ဟေ့ ရဲဘော်တို့၊ ငါ အိမ်ကြီးထဲ ဝင်တော့မယ်၊ မင်းတို့အားလုံး သေနတ်သံတွေကို နားစွင့်နေကြပေတော့”

“ဟုတ်ကဲ့၊ ကျွန်တော်တို့ အသင့်ပြင်ထားပါမယ် ဆရာ”

တဘက်မှလည်း ပြန်ပြောသံကို သူ ကြားရသည်။

သူသည် စကားပြော စက်ငယ်ကလေးကို ပြန်ပိတ်ကာ သူ၏ ဘောင်းဘီအိတ်ထဲသို့ ထည့်သည်။

နောက် ညာလက်ဖြင့် ခါးတွင်ချိတ်ထားသော ပစ္စတို သေနတ်ကို ထုတ်ကာ အိမ်ကြီးဘက်သို့ အမြန်ပြေးသွားသည်။

အိမ်ကြီး၏ ပတ်ဝန်းကျင်တွင် မည်သူ့ကိုမှ မတွေ့ရပေ။

အိမ်ကြီး၏ အောက်ထပ်ဝင်ပေါက်မှာလည်း အတွင်းမှ ချက်ထိုးထားသဖြင့် ဖွင့်မရပေ။

ကျော်မြင့်ဝေမှာ အိမ်ကြီးပေါ်သို့ တက်နိုင်ရန် မျက်စိကစားကာ ကြည့်နေသည်။

တွေ့ပါပြီ....။

www.burmeseclassic.com

www.burmeseclassic.com



သုံးဆောင်ပြိုင်အိမ်ကြီး၏ ရေပိုက်များမှာ ခိုင်ခံ့လှသည်။

သူသည် ရေပိုက်များမှ နေ၍ အိမ်ပေါ်သို့ တက်ရန် ဆုံးဖြတ်သည်။

ထိုဆုံးဖြတ်ချက်အတိုင်း ကျော်မြင့်ဝေမှာ သေနတ်ကို ညာလက်မှ ကိုင်ယင်း ရေပိုက်လုံးမှနေ၍ တွယ်တက်နေသည်။

အိမ်ကြီး၏အပေါ်ထပ်ရှိ အခန်းတခု၏ မှန်ပြတင်းပေါက်သို့ရောက်သျှင် သူသည် အတွင်းသို့ အသာ ချောင်းကြည့်သည်။

အဆင်သင့်လိုက်လေ....။

အတွင်းတွင် လူစုလူဝေး ကောင်းကောင်း ရှိနေကြသည်ကို သူ မြင်ရသည်၊

လူတွေအားလုံးမှာ ကိုယ့်ကိစ္စနှင့်ကိုယ် ရှုပ်နေကြသည်မို့ သူ့ကို မည်သူကမှ သတိမပြုမိကြပေ။

သူကလည်း သူ့ကိုယ်ကြီးကို မမြင်စေရန် ကွယ်၍ကြည့်နေသည် မဟုတ်လော။

သူမြင်နေရသောလူတွေမှာ အားလုံး ကိုးယောက်ဖြစ်သည်။

ထိုကိုးယောက်အနက် တဦးမှာ အိမ်ပေါက်တွင် စောင့်နေသူဖြစ်ပြီး၊ ကျန်လူ ခုနစ်ဦးကတော့ ကားတွေဖြင့် လာကြသူတွေ။

ကျန်တဦးသာလျှင် သူသည် ယခုမှ မြင်တွေ့မိသည်။

ထိုသူမှာ ညကတည်းက ထိုအိမ်ခန်းတွင် ရောက်နေသူ ဖြစ်ရပေမည်။

အနှီသို့ဆိုလျှင် ထိုတယောက်သောသူမှာ စိန်နက် ဘိန်းဖြူဂိုဏ်းနှင့် ကြားမှ ဆက်သွယ်ပေးခဲ့သော ပွဲစားတဦး ဖြစ်မှုရသည်။



ထိုလူတွေ အားလုံး စားပွဲဝိုင်းကြီးတလုံးကို အလယ်တွင်ထားကာ သူတို့က ပတ်ပတ်လည်တွင် ကုလားထိုင်တွေနှင့် ထိုင်နေကြသည်။

သူ ကြည့်နေခိုက် နေကာမျက်မှန်နှင့် ရုပ်ရှင်မင်းသားဟန်ပြည့်ရှိသူက ဤသို့ပြောနေသံကို သူ ကြားရသည်။

"ကိုင်း....ဈေးကိစ္စကိုတော့ ကျွန်တော်တို့ နှစ်ဦးနှစ်ဘက်ဆွေးနွေးလို့ ကျေနပ်မှု ရကုန်ကြပါပြီ၊ ပစ္စည်းတွေ စစ်ဆေးကြည့်လို့ ကျေနပ်မှ ငွေကို ချေကြတာပေါ့၊ ဟုတ်ပြီလား၊ ခဲဗဟ"

ထိုနောက် ကော်ကိုင်းမျက်မှန်နှင့်လူကြီးက ပြန်ပြောသည်။

"မှန်တာပေါ့ မောင်ရင်ရယ်၊ ဒါဟာ အလုပ်သဘောတွေပဲ၊ ကိုင်း....ဒီတော့ မောင်ရင်တို့ပစ္စည်းတွေကို ပြလေ"

"အိုကေ....ဟောဒီမယ် အသင့်ပါပဲ"

နေကာမျက်မှန်နှင့်လူက ပြောယင်း သူ၏ ဘေးတွင်ချထားသော အက်တက်ရှေးသေတ္တာကို စားပွဲခုံပေါ်သို့တင်ကာ ကော်ကိုင်းမျက်မှန်နှင့်လူကြီးဘက်သို့ လှမ်းပေးသည်။

ကော်ကိုင်းမျက်မှန်နှင့်လူကြီးက သူ၏ဘေးတွင်ထိုင်နေသော ဂျုပ်နှင့် လူရွယ်ကို မျက်ရိပ်ပြသည်။

တီရှပ်ဝတ်ထားသော လူရွယ်က နေကာမျက်မှန် တပ်ထားသော လူရွယ်ပေးသည့် သေတ္တာကို ဆွဲယူကာ ဖွင့်ကြည့်သည်။

ကျော်မြင့်ဝေကလည်း သူတို့အပေါ်တွင်ရှိနေသော ပြတင်းပေါက်မှ နေ၍ အတွင်းသို့ စိတ်ဝင်စားစွာ လှမ်းကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



အလိုလေးလေး.... အက်တက်ရှေး သေတ္တာနှင့် အပြည့် ဘိန်းဖြူထုပ်တွေကို တွေ့မြင်ရသည်။

တီရှပ်နှင့်လူက ဘိန်းဖြူများ ထည့်ထားသော ပလတ်စတ ထုပ်တခုကို ဆွဲယူယင်း နေကာမျက်မှန် တပ်ထားသူ မေးသည်။

"ကျွန်တော်တို့ တထုပ်လောက် ဖောက်ပြီး မြည်းကြည့် မလား မိတ်ဆွေ"

"လုပ်ပါ၊ ကြိုက်သလိုစမ်းနိုင်ပါတယ်၊ ကျွန်တော်တို့က ဥပ အပြင် ဘက်က လူတွေ ပေမယ့် ကတိ တလုံးနဲ့ အလုပ် လုပ်နေကြတာပါ၊ သစ္စာမဲ့တာတွေကို မလုပ်ပါဘူး၊ သူများလု ယင်လဲ မကြိုက်ဘူးခင်ဗျ"

ကော်ကိုင်းတပ်ထားသော လူကြီးကလည်း ချက်ချင်း တုံ့ပြန်သည်။

"အိမ်း ဦးတို့ကလဲ ဒီအတိုင်း ပါပဲကွာ....၊ ဘယ်တော့ သစ္စာမဲ့တဲ့ အလုပ်တွေကို မလုပ်ကြပါဘူး"

သူတို့ပြောနေကြခိုက် တီရှပ် ဝတ်ထား သူကတော့ ဘိန်း ထုပ်တထုပ်ကို ဖောက်ကာ မြည်းကြည့်နေသည်။

"ဘယ်လိုလဲ မိတ်ဆွေ၊ ကျုပ်တို့ပစ္စည်းက စစ်ရဲ့လား ဟဲဟဲ"

နေကာ မျက်မှန် တပ်ထားသူက တီရှပ် ဝတ်ထား သူ ခပ်ပြုံးပြုံးကလေးလုပ်ကာ မေးနေသည်။

"စစ်ပါတယ်ဗျာ၊ စစ်တာမှ ပထမတန်း အမျိုးအစား ခင်ဗျ၊ ဟဲဟဲ"



တီရှပ်ဝတ်ထားသူ၏ ပြောသံကြောင့် ဘိန်းဖြူဂိုဏ်းမှ လူတွေ မျက်နှာပေါ်တွင် ကျေနပ်သည့် အသွင်ကို ဆောင်နေကြ သည်။

"စစ်တယ်ဆိုယင် ပြောထားတဲ့အတိုင်း ဦးတို့ဆီက အသပြာ လေးသာ မစပါ၊ ဒီနေရာမှာ အချိန်သိပ်ဆွဲနေလို့ မဖြစ်ဘူး ခင်ဗျ၊ ကျွန်တော်တို့ နောက်ကို ပုလဲနက်တွေက တရကြမ်း ိုက်နေကြတာ ခင်ဗျ၊ ဟဲဟဲ"

"မင်းတို့ဆီချည့် မဟုတ်ပါဘူးကွာ၊ ငါတို့ နောက်ကိုလဲ ိုက်နေကြတာပါပဲ၊ ဟဲဟဲ"

သူတို့ ပြောဆိုနေကြသော 'ပုလဲနက်' ဆိုသည်မှာ အခြား ာတ်ပေ။

'ပြည်သူ့ရဲများ'ကို ဆိုလိုခြင်းပင်။

သူတို့ စိန်နက် ဘိန်းဖြူဂိုဏ်း၏ 'ဝေါဟာရများ'ပင်။

တီရှပ်နှင့်လူမှာ ဘိန်းဖြူထုပ်များကို စစ်ဆေး၍ အပြီးတွင် က်ဘက်ရှေး သေတ္တာကို ပြန်ပိတ်သည်။

သူ သေတ္တာကို ပိတ်အပြီး၌ ကော်ကိုင်းမျက်မှန်နှင့်လူကြီးက ၏ဘေးတွင် ချထားသော အက်တက်ရှေး သေတ္တာကို နေကာ က်မှန်တပ်ထားသော လူရှယ်ထံသို့ လှမ်းပေးသည်။

"ရော့ ဟောဒီမှာ မင်းတို့ပြောထားတဲ့အတိုင်းငွေအပြည့်ပဲ၊ မစေ့သာ မြန်မြန်စစ်ပေတော့"

နေကာမျက်မှန်နှင့်လူက အက်တက်ရှေး သေတ္တာကို ပြုံး ကြည့်ယင်း ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"စစ်မနေပါဘူး ဦးလေးရာ၊ ဆယ့်ငါးသိန် ပြည့်တယ်ဆိုယင် ပြီးတာပါပဲ"

"ပြည့်ပါတယ် မောင်ရင်ရယ်၊ အားလုံး တရာတန်တွေချည့်ပါပဲ၊ ကိုင်း ဖွင့်ကြည့်ပါဦးကွာ၊ ဒါမှ နှစ်ဦးနှစ်ဘက်ကျေနပ်မှု ရှိကြမှာပေါ့"

ကော်ကိုင်းမျက်မှန်နှင့် လူကြီး၏ တိုက်တွန်းမှုကြောင့် လူရွယ်မှာ အက်တက်ရှေး သေတ္တာကို ဖွင့်ကြည့်ရသည်။

သေတ္တာပွင့်သွားလျှင် တရာတန် ငွေစက္ကူ အသစ်ကျပ်ချွတ်တွေ အပြည့်နှင့် ရှိနေသည်ကို တွေ့ရသည်။

နေကာမျက်မှန်နှင့် လူက တရာတန် တအုပ်ကို လက်ဖြင့် အသာဆွဲယူကြည့်သည်။

နောက် တရာတန်အုပ်ကို ညာလက်ဖြင့် ယပ်တောင်ခတ်သလို ခတ်ယင်း ကြည့်နေသည်။

ကျော်မြင့်ဝေမှာလည်း သူတို့ပြုမူနေပုံကို အပေါ်မှ အသာ ချောင်းကြည့်နေသည်။

နေကာမျက်မှန်နှင့် လူသည် တရာတန်အုပ်ကို သေတ္တာထဲသို့ အသာပြန်ထည့်ပြီး အနီးရှိ ဂျာကင်အင်္ကျီဝတ်ထားသူကို လှမ်းမေးသည်။

"ကဲ ကိုသိန်းမောင်၊ အလုပ်ကိစ္စတော့ ပြီးသွားပြီ၊ ဒီတော့ ပြောစမ်း၊ ခင်ဗျား ပွဲခအတွက် ငွေကို ယူမလား၊ ပစ္စည်းကို ယူမလား၊ ငွေလိုချင်ယင်တော့ အခုရမယ်လေ၊ အဲ ပစ္စည်းဆိုယင်တော့ တပတ် စောင့်ရလိမ့်မယ်၊ ဟဲဟဲ"



"အာ အာ ငွေတော့ မယူပါရစေနဲ့ ကိုငွေမောင်းရာ၊ ပစ္စည်းကိုသာ ခင်ဗျား အသင့်ဖြစ်တဲ့ အချိန် ပို့ပေး လိုက်ပါဗျာ"

"အိုကေ၊ ဒါဆိုယင် ကျွန်တော်တို့ကို ပြန်ခွင့်ပြုကြပါဦး၊ ကဲ ဦးလေး နောက်မှတွေ့ကြသေးတာပေါ့၊ အခုတော့ ပုလဲနက်တွေကို ကြောက်ရလို့ ပြန်ပါရစေဦး"

"အေးကွယ်၊ ဦးတို့လဲ ပြန်ကြမှာပါပဲ"

ထိုစကား ကြားရလျှင် အိမ်ကြီးရှင် ကိုသိန်းမောင်က ဝင်ပြောသည်။

"အာ ဦးလေး၊ ကိုငွေမောင်းတို့ပြန်ပြီးမှ ပြန်လေ၊ လူတွေ အများကြီး ဒီအိမ်က ထွက်လို့ မဖြစ်ဘူးခင်ဗျ"

"အေးပါ၊ ငါသိပါတယ်၊ ငါကလဲ ဒီက မောင်ငွေမောင်းတို့ ပြန်ပြီးမှ ပြန်မှာပါကွာ၊ ဒါထက် မင်းက ပွဲခ ဘယ့်လောက်ရမှာလဲ၊ စပ်စုတယ်လို့တော့ မထင်နဲ့နော်၊ ဦးက သိချင်လို့ပါ"

"ဒါတော့ ကျွန်တော် မသိဘူး ဦးလေး၊ ဒီက ကိုငွေမောင်း စေတနာ ရှိသလောက်ပဲ ယူမှာပါ၊ သူနဲ့ကျွန်တော်က တဦးကျေးဇူး တဦးမှာ ရှိထားကြတော့ နည်းတယ် များတယ်ပြောနေလို့ မဖြစ်ဘူးလေ၊ ဟား....ဟား....ဟား"

ကိုသိန်းမောင် ဆိုသူက ပြောပြီး ရယ်နေသည်။

ငွေမောင်းကလည်း တဟားဟား ရယ်ယင်းပြန်ပြောသည်။

"စိတ်ချပါ ကိုသိန်းမောင်ရာ၊ ခင်ဗျားကို ဆယ်ထုပ်၊ ဟောဟိုက ခင်ဗျားတပည့်ကို ငါးထုပ်ပေးမယ်၊ ကျေနပ်တယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"သိပ်ကျေနပ်တာပေါ့၊ကိုင်း ကိစ္စပြီးကြပြီမို့ ကိုငွေမောင်းတို့ အယင်ပြန်ကြဗျာ"

သူတို့တတွေ ပြန်ကြမည်ဆိုသဖြင့် ကျော်မြင့်ဝေမှာ သူရောက်ရှိနေသော ပြဘင်းပေါက်မှန်မှ အောက်သို့ ပိုမို၍တိုးကပ်ကာ ကြည့်မိသည်။

ဤတွင် တယောက်သောလူဆိုးမှာ အမှတ်တမဲ့ အပေါ်သို့ လှမ်းကြည့်မိသည်။

"ဟာ.... ဟို.... ဟိုဟိုမယ်....လူ....လူ လူတယောက်"

ကျော်မြင့်ဝေကို မြင်လိုက်ရသော လူဆိုးက ကြောက်လန့်တကြား အော်ဟစ်ပြောဆိုနေသည်။

ထိုလူ၏ အသံကြောင့် ကျန်လူတွေမှာ ထိတ်ထိတ်ပျာပျာ ဖြစ်ကုန်ကြသည်။

ဘိန်းဖူဂိုဏ်းခေါင်းဆောင် ငွေမောင်းကတော့ ခြေမြန်လက်မြန်သမား ပီပီ ကျော်မြင့်ဝေရှိရာ ပြဘင်းပေါက်ဘက်သို့ သေနတ်ကို ထုတ်ကာ နှစ်ချက်ဆင့်ပစ်သည်။

"ဒိုင်း .... ဒိုင်း"

ကျော်မြင့်ဝေက ငွေမောင်း သေနတ်ပစ်ရန်ရွယ်ကတည်းက တဘက်သို့ တိမ်းရှောင်နေလိုက်၍ ထိမှန်ခြင်း မရှိပေ။

သူ့ကိုယ်စား ပြတင်ပေါက်မှ မှန်တွေသာ အစိတ်စိတ်အမြွာမြွာ ကွဲကုန်သည်။

ကျော်မြင့်ဝေကလည်း လက်နှေးသူတယောက် မဟုတ်ပေ။

သူကလည်း ငွေမောင်း သေနတ်နှင့်ပစ်အပြီး သူ့ပစ္စတိုသေနတ်ဖြင့် အချက်ပေါင်းများစွာ ပြန်ပစ်သည်။



"ဒိုင်း ဒိုင်း ဒိုင်း ဒိုင်း ဒိုင်း"

ကျော်မြင့်ဝေ၏ သေနတ်သံကြောင့် အခန်းတွင်းရှိ လူဆိုးသုံးဦးခန့် ထိမှန်ကာ ကြမ်းပြင်ပေါ်တွင် လဲကျကုန်သည်။

ငွေမောင်းကတော့ အလွန် လျှင်သည်။

သူသည် ကျော်မြင့်ဝေက သေနတ်ဖြင့် ပစ်ကတည်းက ငွေတွေအပြည့်သည့်ထားသော အက်တက်ရှေး သေတ္တာကို ယူကာ စားပွဲခုံတခုအောက်တွင် မှောက်နေသည်။

ကျော်မြင့်ဝေထံမှ သေနတ်သံတိတ်အသွား၌ ငွေမောင်းသည် ငွေအပြည့်ထားသော အက်တက်ရှေးကို ဆွဲကာ အခန်းတွင်းမှ ပြေးထွက်သွားသည်။

ကျော်မြင့်ဝေကလည်း ပြဘင်းပေါက်မှ ကန့်လန့်ကို ဖြုတ်ကာ အတွင်းသို့ ခုန်ဝင်ခဲ့သည်။

သူ၏ ရဲဘော်တွေကလည်း သေနတ်သံတွေ ကြားကတည်းက ကြိုးကို ဝိုင်းထားသူက ဝိုင်း၊ အိမ်အောက်ထပ်တံခါးကို ဖျက်ကာဝင်လာသူက ဝင်လာနှင့် ဖြစ်ကုန်ကြသည်။

အခန်းတွင်းရှိလူတွေမှာ ကျော်မြင့်ဝေ ပြတင်းပေါက်မှ ဝင်းလာသည်ကို တွေ့ရလျှင် ခုခံခြင်းမပြုကြတော့ပေ။

ကော်ကိုင်း မျက်မှန်နှင့် လူကြီးအပါအဝင် လူတွေအားလုံး လက်မြှောက်ကာ အဖမ်းခံကြသည်။

"ခင်ဗျားတို့တတွေ အားလုံး ငြိမ်ငြိမ်နေကြနော်၊ လှုပ်တာနဲ့ ပစ်ကတော့ အပစ်ပဲ"

ကျော်မြင့်ဝေက လူဆိုးများအား သေနတ်ဖြင့် ချိန်ယင်း သံမာမာဖြင့် ပြောနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုခဏမှာပင် သူ့အခန်းတွင်းသို့ ရဲသားလေးဦး သေနတ်တွေ ကိုယ်စီဖြင့် ဝင်လာကြသည်။

"ဟော့ကောင်တွေ၊ ဟိုအကောင်ကို မင်းတို့ မတွေ့လိုက်ကြ ရဘူးလားဟင်"

ကျော်မြင့်ဝေ လှမ်းမေးသည်။

"မတွေ့ဘူးဆရာ၊ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ၊ အဲဒီကောင်ဟာ စိန်နက်ဂိုဏ်း ခေါင်းဆောင်ငွေမောင်းတဲ့၊ ကိုင်း ဒီကောင့် ငါ လိုက်မယ်၊ မင်းတို့ကတော့ ဒီတရားခံတွေနဲ့ ဟို...အက်တက်ရှေးသေတ္တာထဲမှာ ရှိတဲ့ ဘိန်းဖြူတွေကို သိမ်းပြီး ရဲစခန်းကို ခေါ်သွားကြပေ တော့၊ ဟိုကောင့်ဆီမှာက ငွေဆယ့်ငါးသိန်းပါတဲ့ သေတ္တာ ပါသွားတယ်ကွ"

ကျော်မြင့်ဝေ ပြောယင်း စိန်နက်ဂိုဏ်း ခေါင်းဆောင် ငွေမောင်းနောက်သို့ ပြေးလိုက်သွားသည်။

သူ့မှာ လိုက်သာလိုက်ရသည်၊ နောက်က ကျနေ၍ ငွေမောင်း မည်သည့်အရပ်သို့ ထွက်ပြေးသွားသည်ကို မသိဖြစ်နေသည်။

ကံအားလျော်စွာပင် စိန်နက်ဂိုဏ်း ခေါင်းဆောင် ငွေမောင်း အား မော်တော်ဆိုင်ကယ်တစီးဖြင့် ခပ်လှမ်းလှမ်းတွင် မောင်း ပြေးသည်ကို သူ မြင်ရသည်။

ကျော်မြင့်ဝေ အလွန် ဝမ်းသာသွားသည်။

သူကလည်း ခြံကြီးတွင်းမှ ပြေးထွက်ကာ ခပ်လှမ်းလှမ်းတွင် ညကတည်းက ရပ်ထားသော သူ့ငှါးရမ်းထားသည့် သူ့သူငယ်ချင်း၏ ဂျစ်ကားပေါ်သို့ ပြေးတက်ကာ ကားစက်ကို နှိုးရှိုး တရကြမ်း မောင်းထွက်သွားသည်။

သူ ထွက်သွားအပြီး သုံးဆောင်ပွိုင်အိမ်ကြီးဆီသို့ ရဲဝိုင်ယာ လက်စ်ကားနှစ်စီးလည်း ရောက်လာကြသည်။

မကြာမီ ကျော်မြင့်ဝေမှာ ရှေ့မှ မောင်းပြေးနေသော ငွေမောင်း၏မော်တော်ဆိုင်ကယ်ကို မီလာသည်။

ငွေမောင်းကလည်း နောက်သို့ လှည့်ကြည့်သဖြင့် သူ့ကို မြင်သွားသည်။

ငွေမောင်းက သူ့ဆိုင်ကယ်ကို ပိုမို၍လျင်မြန်အောင် မောင်း နေသည်။

ကျော်မြင့်ဝေကလည်း သူ့နည်းတူပင် ဂျစ်ကားကို အရှိန် ကုန်မြင့်ကာ လိုက်နေသည်။

လမ်းတွင် သွားလာနေကြသော ကားများ၊ မြင်းလှည်းများ၊ ဆိုက်ကားများနှင့် လူတွေမှာတော့ သူတို့နှစ်ဦးကို ကြည့်၍ အံ့သြနေကြပုံရကြသည်။

ငွေမောင်းမှာ မန္တလေးမြို့ပြင်သို့ ရောက်လျှင် သူ၏ဆိုင်ကယ် ကို ကတ္တရာလမ်းမှနေ၍ မြေနီလမ်းဘက်သို့ ချိုးကွေ့ကာချသည်။

ထိုသို့ ကွေ့အချတွင် အရှိန်က များလွန်းသဖြင့် လူရော ဆိုင်ကယ်ပါ ကျွမ်းထိုးမှောက်ခုံဖြစ်ကာ မြေပေါ်သို့ လဲကျသွား သည်။

သို့သော် ငွေမောင်းက အလွန်လျင်သူဖြစ်၍ သူ့တွင် ညည်သည့်ဒဏ်ရာမှ မရပေ။



www.burmeseclassic.com

www.burmeseclassic.com



လဲကျရာမှ အမြန်ထကာ ငွေအပြည့်ပါသော အက်တက်ရှေး သေတ္တာကို ပြေးကောက်ယူ၍ တဘက်သို့ ဆက်ပြေးသွားသည်။

သူ ပြေးခိုက်မှာပင် ကျော်မြင့်ဝေ ကားနှင့် ရောက်လာသည်။

ငွေမောင်း ဆင်းပြေးသွားသည်ကို တွေ့ရလျှင် သူသည် ဂျစ်ကားကို ထိုလမ်းတွင်းသို့ ချိုးကွေ့ကာ ဝင်လာသည်။

သို့သော် လမ်းမှာ ဂျစ်ကားဝင်ရန် အလွန်ကျဉ်းလှသည်။

သည်တော့ သူလည်း ဂျစ်ကားပေါ်မှဆင်းကာ ငွေမောင်း နောက်သို့ ခြေလျင် ပြေးလိုက်ရတော့သည်။

ကျော်မြင့်ဝေမှာ ကျောင်းသားဘဝက မီတာသုံးထောင်နှင့် ငါးထောင်ကို အပြေးပြိုင်ခဲ့ဖူးသူ ဖြစ်၍ ငွေမောင်းထက်တော့ ပိုမြန်ပြီး အမောလည်း လုံလှသည်။

သို့ရာတွင် ငွေမောင်းက သူ့ထက် အယင်ရှေ့မှ ပြေးနေသူ မို့ အမိဖမ်းဖို့ကတော့ မလွယ်ဖြစ်နေသည်။

သူတို့ရောက်နေကြသော နေရာမှာ ဆင်းရဲသား ရပ်ကွက်လည်းဖြစ်၊ လူနေ အိမ်ခြေတွေကလည်း ကျိုးတိုးကျဲတဲနှင့်မို့ လူတွေမှာ သူတို့ကို ဂရုမပြုမိကြပေ။

ငွေမောင်းမှာ ရှေ့မှပြေးနေရာမှ တဲအိမ်တအိမ်၏ ဘေးတွင်ရှိ သစ်ပင်ကြီး တပင်အောက်တွင် မြင်းမပါပဲ ရပ်ထားသော မြင်းလှည်းတလှည်းကို မြင်ရသည်။

ဤတွင် သူသည် စိတ်ကူးတမျိုးပေါက်ကာ ထိုမြင်းလှည်း ကြီးဆီသို့ ပြေးသွားသည်။

နောက် ပတ်ဝန်းကျင်ကို လှမ်း၍ တချက် အကဲခတ်သည်။



မည်သူ့ကိုမှ မတွေ့ရလျှင် သူသည် မြင်းလှည်းတွင်ရှိသော မြင်းလှည်း မောင်းသူ၏ ထိုင်ခုံအောက်ရှိ အံဝှက်တခုကို ဖွင့် သည်။

အံဝှက်ပွင့်သွားလျှင် သူသည် လက်ထဲမှ အက်တက်ရှေးခေါ် ငွေအပြည့်ထည့်ထားသော သေတ္တာကို ထည့်လိုက်သည်။

အံဝှက်တွင် ထည့်ထားပြီး သူသည် ချက်ချင်းပင် ပြန်ပိတ် ခဲ့သည်။

ပြီးတော့ ထိုမြင်းလှည်းအနီးမှ တခြားသို့ ထွက်ပြေးပြန် သည်။

ဤအကြိမ်တွင်တော့ သူ့မှာ ကျော်မြင့်ဝေအား လွတ် အောင် မပြေးနိုင်ပေ။

ကျော်မြင့်ဝေက သူ့ကို မီလာသည်။

“ဟေ့ကောင် ငွေမောင်း မပြေးနဲ့၊ အဖမ်းခံလိုက်တော့ကွ။ င်းပြေးနေယင်လဲ မောရုံပဲ ရှိမယ်”

ကျော်မြင့်ဝေက လှမ်းပြောသည်။

ငွေမောင်းက တဟားဟား အော်ရယ်ယင်း....

“မင်း ဖမ်းနိုင်ယင် ဖမ်းပေါ့ကွ၊ ငါကတော့ ပြေးမှာပဲ။ ပြေးယင်းနဲ့လဲ မင့်ကို ဟောဒီလို ဂုဏ်ပြုခဲ့မယ်ဟေ့” ဟူ၍ ပြော း လက်ထဲမှ သေနတ်ဖြင့် ကျော်မြင့်ဝေအား လှမ်းပစ်သည်။

“ဒိုင်း....ဒိုင်း”

ငွေမောင်း ပစ်လိုက်သော ကျည်ဆန်မှာ ကျော်မြင့်ဝေ၏ ခေါင်းအနီးမှ ဝီကနဲ မြည်ကာ ဖြတ်သွားသည်။

www.burmeseclassic.com



ကျော်မြင့်ဝေမှာ မြေကြီးပေါ်သို့ ဒိုင်ဗင်ထိုးကာ ဝပ်ချလိုက်ရသည်။

ငွေမောင်းမှာ ဆက်မပစ်တော့ပဲ ရှေ့သို့ ပြေးနေပြန်သည်။

ငွေမောင်းပြေးတော့လည်း ကျော်မြင့်ဝေမှာ ထ၍လိုက်ရပြန်သည်။

သူကတော့ ပြန်မပစ်သေး။

ကျော်မြင့်ဝေက ပြည်သူ့ရဲပီပီ သေနတ်ကို အရမ်းမဲ့ မသုံးပေ။

ပစ်လျှင်လည်း ပိုင်မှ ပစ်တတ်သည်။

သူက ပြန်မပစ်သော်လည်း ငွေမောင်း၏ သေနတ်သံကြောင့် ထိုရပ်ကွက်ရှိ ကလေးလူကြီးတွေမှာ ထိတ်လန့်တကြား ဖြစ်ကုန်ကြသည်။

စောစောပိုင်းက မိမိတို့အိမ်တွင်သာ နေခဲ့ကြသော လူတွေမှာ အပြင်သို့ စုပြုံကာ ထွက်လာကြသည်။

သူတို့နှစ်ဦးကိုလည်း ဝေခွဲမရသော မျက်နှာတွေနှင့် ဝိုင်း၍ ကြည့်ရှုနေကြသည်။

ငွေမောင်းမှာ ရှေ့မှ ပြေးနေရာမှ သစ်ပင်တပင်အောက်သို့ အရောက်တွင် သူ၏ကိုယ်ကို သစ်ပင်ကြီးတွင် အသာကွယ်ထားယင်း နောက်မှပြေးလိုက်လာသော ကျော်မြင့်ဝေအား သေနတ်ဖြင့် လှမ်းပစ်ပြန်သည်။

"ဒိုင်း ဒိုင်း"

ကျော်မြင့်ဝေမှာ ငွေမောင်း၏ သေနတ် ပစ်သံကြောင့် မြေကြီးပေါ်သို့ ထိုးလှဲကာ ဝပ်ရပြန်သည်။



မြေကြီးပေါ်တွင် ဝပ်ယင်းမှ သူ၏ခါးမှ ပစ္စတိုသေနတ်ကို ဆွဲထုတ်ထားသည်။

ငွေမောင်း နောက်တကြိမ်ပစ်ရန် အကြံတွင်တော့ ကျော်မြင့်ဝေက သူ့ထက်ဦးအောင် ပစ်ချသည်။

"ဒိုင်း ဒိုင်း"

"ဒိုင်း"

"အား"

နှစ်တက်သော သေနတ်သံတွေ ညံ့ညံ့စီသွားသည်။

သေနတ်သံတွေနှင့်အတူ ငွေမောင်း၏ နာကျင်စွာ အော်သံပေါ်လာပြီး ရင်ဘတ်ပေါ်တွင် သွေးများ ရဲကနဲဖြစ်ကာ လူမှာလည်း သစ်ပင်ရင်းတွင် ပက်လက်လန်ကာ လဲကျသွားသည်။

ငွေမောင်း လဲကျသည်ကို တွေ့ရလျှင် ကျော်မြင့်ဝေ အမြန်ပြေး၍သွားသည်။

ငွေမောင်းအနီးသို့ ရောက်လျှင် သူသည် အသာ စူးစိုက်ကာ ကြည့်နေသည်။

ငွေမောင်းမှာ သူ့အား တချက်လှမ်းကြည့်ပြီး အသက်ထွက်သွားတော့သည်။

သည်တော့မှ ကျော်မြင့်ဝေမှာ ငွေမောင်းအနီးသို့ ကပ်ကာ ကိုယ်ကြီးကို စမ်းကြည့်သည်။

အသက် လုံးဝ မရှိတော့မှန်း သူ သိရသည်။

"တောက်၊ ခွေးမသား သေမယ့် သေတော့လဲ မြန်သိပ်တာ၊ အင်း သူသေတာက အရေးမကြီးဘူး၊ သူ့ထက်ထဲပါသွားတဲ့ အက်တက်ရှေးသေတ္တာကို ဘယ်မှာ ဝှက်ထား

www.burmeseclassic.com



ခဲ့တယ်ဆိုတာ မသိရတာက အရေးကြီး နေတယ်၊ အဲဒါက ပြဿနာပဲ၊ ဟွန်း”

ကျော်မြင့်ဝေမှာ ငွေမောင်း၏ အလောင်းဘေးတွင် ထိုင်ယင်း စိတ်ပျက်နေတော့သည်။

“ငွေတွေပါတဲ့ သေတ္တာ မတွေ့ယင်တော့ ငါ့ကို အထက်က သက်ာမကင်းဖြစ်မှာ စိုးရတယ်၊ ငွေတွေကလဲ မနည်းဘူး၊ ပြီးတော့ ငွေမောင်းနောက်ကို လိုက်တာက ငါတယောက်တည်းရယ်၊ အယိုယို...ဒီအတိုင်းဆို...ငါ့မှာ ပြစ်ရော သက်သေ မရှိ ဖြစ်နေပါပြီ ကလား၊ ငါ့ကိုတော့ ငွေအိတ် ရှာမပေး နိုင်ယင် အထက်က မသက်ာဖြစ်မှာ အမှန်ပဲ၊ ဖြစ်လဲ ဖြစ်ရောပဲကိုး”

ကျော်မြင့်ဝေမှာ တွေးယင်း အသက်ကင်းမဲ့နေပြီဖြစ်သော ငွေမောင်း၏ အလောင်းကို ငုံ့ကြည့်နေသည်။

ငုံ့ကြည့်နေယင်းမှ တိုးတိုးကလေး ဆက်၍ ပြောနေပြန်သည်။

“ငွေမောင်းရာ မင်းက သေ သွား တဲ့ ကောင် ဆို တော့ အေးသွားပေမယ့် အသက်ရှင်လျက် ကျန်ရစ်ခဲ့တဲ့ ငါ့မှာတော့ မအေးနိုင်ဖြစ်နေရပ်ပါပြီ၊ မင့်အစား ငါသေသွားတာကမှ ငါ့မှာ နာမည်ကောင်းကျန်ခဲ့ဦးမယ်၊ အခုတော့ ငါ့အဖို့ နာမည်ပျက်စရာဖြစ်နေပြီ၊ မင့်ငွေတွေကို ငါ ယူထားတယ်လို့ အထက်က ထင်ပြီးသားပဲ၊ ငါ မယူကြောင်း သက်သေပြစရာဆိုလို့ မင်းပဲ ရှိခဲ့တာ၊ အခု မင်းက မသာကြီးဖြစ်နေတော့ ငါမှာ ဘယ်သူ့ကို ပြရတော့မှာလဲ၊ ဟွန်း မဟာဒုက္ခကြီးပါကလား”



ကျော်မြင့်ဝေမှာ တွေးယင်း စိတ်ဓာတ် အကြီးအကျယ် ကျနေရှာသည်။

ရွာမှ လူတွေကတော့ သူ၏အနီးသို့ မဝံ့မရဲ အသာတိုးကာ ငိုင်းကြည့်နေကြသည်။

ယင်းအခိုက်မှာပင် ရဲဝိုင်ယာလက်စ်ကား တစီး၏ ဥသြသံကို သူ ခပ်လှမ်းလှမ်းမှ ကြားမိသည်။

သိပ်မကြာလှပေ။

ဥသြသံအဆုံး လေးမိနစ်ခန့်အကြာ၌ သူ့ထံသို့ သူ့တပည့် ရဲတပ်ကြပ်ကြီးလှဘော်နှင့် ရဲသားမောင်စန်းတို့ ရောက်လာကြသည်။

“ဟင် ဆရာ ဒီကောင့်ကို အသေဖမ်းမိလိုက်သလားဟင်” ရဲတပ်ကြပ်ကြီးလှဘော်က ခရီးရောက်မဆိုက်ပင် ကျော်မြင့်ဝေကို လှမ်းမေးသည်။

ကျော်မြင့်ဝေက နှုတ်ဖြင့် မဖြေပေ။

သူ့ဦးခေါင်းကိုသာ စိတ်မချမ်းမသာဖြင့် ညိတ်ပြသည်။

ရဲတပ်ကြပ်ကြီးက ဆက်မေးနေပြန်သည်။

“နို့၊ဆ ဆရာ ဒီကောင့်ဆီပါသွားတဲ့ အက်တက်ရှေးကေ သရော....”

“အိမ်း အဲဒ ပြဿနာဖြစ်တာပေါ့လှဘော်ရာ၊ သူ့အက်တက် ရှေးသေတ္တာကို ဒီကောင် ပြေးလွှားယင်း ဘယ်နေရာမှာ ဖွက်ထိုက်တယ် မသိဘူးကွ”

“ဗျာ....”

လှဘော်နှုတ်ဖျားမှ အာမေဍိတ်သံကြီး ထွက်ပေါ်လာသည်။

www.burmeseclassic.com



ရဲသားမောင်စန်ကတော့ အာမေဋိတ်သံ မထွက်။

သို့သော် သူ့မျက်နှာ ပေါ်တွင်တော့ ကျော်မြင့်ဝေ၏ စကားကို မယုံကြည်သည့်အသွင် ပေါ်နေသည်။

ဒါကို အကင်းပါးလှသော ကျော်မြင့်ဝေက ရိပ်မိသည်။

"ဘာလဲကွ၊ မင်းတို့က ငါပြောတာကို မယုံကြလို့လား"

ကျော်မြင့်ဝေ မေးနေသည်။

"မယုံလို့တော့မဟုတ်ဘူးဆရာ၊ အခုဆရာပြောတာကိုအထက်က ယုံကြပါ့မလားဆိုတာ ကျွန်တော် စိုးရိမ်လို့ပါ"

လှဘော်က ပြန်ပြောနေသည်။

မောင်စန်ကတော့ ကျော်မြင့်ဝေအား မဲ့ပြုံးကလေးဖြ ကြည့်နေသည်။

"မယုံလဲ မတတ်နိုင်ဘူးကွာ၊ ငွေတွေပါတဲ့ အက်တက်ရေ သေတ္တာကိုတော့ ငါယူမထားတာ အမှန်ပဲ"

"ဒါပေမယ့် အဲဒီကိစ္စကို ဆရာက သက်သေပြနိုင်မလာ ဗီလူဆိုးနောက်ကို လိုက်တာက ဆရာတယောက်တည်းရယ် တော့ ဆရာ့မှာ ငွေသတ္တာပါမလာယင် ပြဿနာတွေ တက် တယ်ဆရာ"

"ဒါကိုတော့ ငါလဲ ကြိုတင်ပြီး သိထားသားပဲကွ၊ ကို ပြောနေကြာပါတယ်ကွာ၊ ငါတို့ဘာတွေ ဒီအနီး အနား မြောင်းတွေနဲ့ချုံတွေကြားကို လိုက်ရှာကြရအောင်လား"

"ကောင်းပါပြီဆရာ"



သူတို့သုံးဦး ငွေမောင်း၏ အလောင်းအနီးမှ ထ၍ အနီး အနားတဝိုက်တွင်ရှိ မြောင်းများထဲသို့လည်းကောင်း၊ ချုံများ ကြားထဲသို့လည်းကောင်း လိုက်လံရှာဖွေနေကြသည်။

တနာရီနီးပါးခန့် ရှာနေကြသော်လည်း ငွေတွေပါသော အက်တက်ရှေးသေတ္တာကို မတွေ့ကြရပေ။

သူတို့အားလုံးလည်း မောဟိုက်ကုန်ကြသည်။

နောက်ဆုံးတွင်တော့ သူတို့တတွေမှာ ငွေမောင်း၏ အလောင်းအား ကျော်မြင့်ဝေ မောင်းလာခဲ့သော ဂျစ်ကား ပေါ်သို့တင်ကာ ပြန်လာခဲ့ကြသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# (၃)

## သံသယအဖြစ်ခံရခြင်း

နောက်တနေ့နံနက်တွင် ကျော်မြင့်ဝေအား သူ့အထက်မှ အရာရှိကြီးက ခေါ်ယူ၍စစ်ဆေးနေတော့သည်။

ကျော်မြင့်ဝေက သူကြုံတွေ့ခဲ့သမျှတွေ အားလုံးကို ပြန်လည်၍ ရှင်းပြနေသည်။

"အင်း၊ မင်းပြောတာတွေကို ငါ့အနေနဲ့ကတော့ ယုံပါတယ်လေ၊ ဘာဖြစ်လို့လဲဆိုတော့ မင်းဟာ ငါတို့ပြည်သူ့ရဲတပ်ဖွဲ့ထဲ ဝင်ခဲ့တာ ရှစ်နှစ်ပဲရှိခဲ့ပြီ၊ ဒီရှစ်နှစ်အတွင်း မင်းအလုပ်ကို ကြိုးစားပြီး လုပ်လာခဲ့တယ်၊ ပေးခဲ့တဲ့တာဝန်မှန်သမျှကိုလဲ ကျိုးကျိုးနွံနွံ ဆောင်ရွက်ခဲ့တာချည်းပဲ၊ ဒါပေမယ့်...."

ကျော်မြင့်ဝေမှာ သူ့အထက်မှ အရာရှိ၏ ပြောကြားနေသော စကားများကို နားထောင်ယင်း အားတက်နေခဲ့သော



သည်း နောက်ဆုံးပြောလိုက်သော 'ဒါပေမယ့်' ဟူသော 'သမ္ဗန္ဓ' စကားကြောင့် ရင်ထဲတွင် နွေးကနဲဖြစ်သွားတော့သည်။

"ဒါပေမယ့် ဘာဖြစ်သလဲဆရာ၊ ပြောသာ ပြောပါ"

"အင်း....အားနာနာနဲ့ ပြောရမယ် ဆိုယင်တော့ ပျောက်နေတဲ့ ငွေမောင်းရဲ့ ငွေသေတ္တာကြီး ကိစ္စပဲ"

ထိုစကားကို ကြားရလျှင် ကျော်မြင့်ဝေ ကွက်ကနဲ မျက်နှာပျက်သွားတော့သည်။

"ကျွန်တော် စောစောက ဆရာ့ကို အစီရင်ခံခဲ့တဲ့ အတိုင်းပဲ၊ အဲဒီ ငွေသေတ္တာဟာ ကျွန်တော့်ရှေ့မှာတင် ပျောက်သွားခဲ့တာပါ ဆရာရယ်၊ ကျွန်တော် လစ်မထားပါဘူး"

ကျော်မြင့်ဝေ စိတ်ထိခိုက်သံဖြင့် ပြောပြနေသည်။

"အေးပါ၊ ငါကတော့ မင်းပြောတာတွေကို ရာနှုန်းပြည့်ယုံပါတယ်လေ၊ ဒါပေမယ့် အထက်က ဒီငွေသေတ္တာ ပျောက်နေတဲ့ ကိစ္စနဲ့ပတ်သက်ပြီး မင်းကို သင်္ကာမကင်း ဖြစ်နေတယ်"

"ကျွန်တော်ဟာ ပြည်သူ့ရဲတပ်သားကောင်း တဦးပါ ဆရာရယ်၊ ကျွန်တော် ဂုဏ်သိက္ခာကို ငွေနဲ့ခလဲနိုင်ပါဘူး၊ ဆရာ ရှင်းပြယင် မဖြစ်ဘူးလား"

ကျော်မြင့်ဝေ မခံချင်သံဖြင့် ပြောနေသည်။

"အိမ်း ... ငါက ရှင်းပြဖို့ဆိုတာက အကြောင်းအချက်ခိုင်ခိုင်လုံလုံဆိုယင်တော့ ရှင်းပြလို့ ဖြစ်တာပေါ့၊ အခုဟာ သင်းသိတဲ့အတိုင်းပဲ ငွေမောင်းရဲ့ နောက်ကို လိုက်သွားတာက မင်းတယောက်တည်း မဟုတ်လား၊ ပြီးတော့ ငွေမောင်းကို

www.burmeseclassic.com



အသက်ရှင်လျက် ဖမ်းနိုင်ယင်လဲ တော်သေးရဲ့၊ အခုတော့... ငွေမောင်းကလဲ သေ၊ ငွေသေတ္တာကလဲ ပျောက်၊ မင့်မှာ ဒီသေတ္တာကို လုံးဝ မရလိုက်ပါဘူး ဆိုတဲ့ သက်သေအထောက် အထားကလဲ မရှိဘူး ဆိုတော့၊ ဝိုး....ခက်တယ်ကွာ"

ရဲအရာရှိကြီးမှာ ပြောယင်း ဦးနှောက်ခြောက်လာဟန်ဖြင့် သက်ပြင်းကြီး တချက် မှုတ်ထုတ်နေသည်။

ကျော်မြင့်ဝေ၏ မျက်နှာပေါ်တွင်လည်း စိတ်မချမ်းမြေ့ဟန် ပေါ်နေသည်။

ရဲအရာရှိကြီးမှာလည်း ကျော်မြင့်ဝေအား စိတ်မကောင်း သည့်အသွင်ဖြင့် လှမ်းကြည့်ယင်း ဆက်၍ပြောနေသည်။

"သူတို့ မသက်ာဖြစ်တာကိုလဲ အဆိုးမဆိုနဲ့လေကွာ၊ ငွေ နည်းတာမှ မဟုတ်ပဲ၊ ဆယ့်ငါးသိန်းတောင်ဆိုတော့ သူတို့ စိတ်ထဲမှာ မင်းအပေါ် သံသယ ဖြစ်မိကြမှာပဲ"

"အဲဒါတော့ ကျွန်တော်လဲ မတတ်နိုင်ဘူးဆရာ၊ ကျွန်တော် ကိုယ်တိုင်လဲ ဒီငွေသေတ္တာ ပျောက်သွားတဲ့ကိစ္စကို အတော် မကျေမချမ်း ဖြစ်မိပါတယ်ဆရာ၊ ကျွန်တော့်ကိုယ် ကျွန်တော် ခွင့်မလွှတ်နိုင်အောင်ကို ဒေါသ ဖြစ်မိပါတယ်၊ အမှန်တော့ ကျွန်တော် ညံ့လို့ပါ ဆရာရယ်၊ ဒါပေမယ့် ဒီငွေသေတ္တာ ကျွန်တော် မေ့မထားပါဘူး၊ ကျွန်တော် မတွေ့တွေ့အောင် ပြန်ရှာပေးပါ့မယ်၊ ရတာနဲ့ ဆရာတို့ဆီ လာအပ်ပါ့မယ်ဆိုတာ ရဲရဲကြီး ကတိပေးပါတယ်ဆရာ၊ ယုံပါခင်ဗျာ"

"ငါကတော့ ဘာသံသယမှ မရှိဘူး ကျော်မြင့်ဝေ၊ ဒါ ပေမယ့်လဲ ငွေက မနည်းတော့ မင့်အနေနဲ့ ဒီပျောက်သွားခဲ့တဲ့



ငွေသေတ္တာကို အမြန်ရှာတွေ့အောင် ကြိုးစားစေချင်တယ်ကွာ၊ ထဲ ငါပြောချင်တာကတော့ ဒီလောက်ပါပဲလေ၊ မင်း သွားနိုင် ပါပြီ"

အရာရှိကြီး၏ စကားအဆုံးတွင် ကျော်မြင့်ဝေမှာ အလေး ပြု၍ အခန်းတွင်းမှ ပြန်ထွက်လာခဲ့သည်။

ကျော်မြင့်ဝေ စိတ်ထဲတွင်တော့ မချိတော့ပေ။

သူ့အပေါ်တွင် ဆရာဖြစ်သူကပင် သံသယ ဝင်နေပြီလော တူ၍ သူ ထင်နေမိသည်။

ထင်နေမိသော်လည်း ဆရာဖြစ်သူကိုတော့ သူ အပြစ်မတင် ရက်ပေ။

သူတို့ ဖမ်းမိထားကြသော ဘိန်းဖြူဂိုဏ်းမှ လူအားလုံးက ငွေမောင်း ယူပြေးသွားခဲ့သော အက်တက်ရွေး သေတ္တာထဲတွင် ငွေတဆယ့်ငါးသိန်းတိတိ ပါသွားခဲ့ပါသည်ဟူ၍ တညီတညွတ် တည်း ပြောနေကြသည်။

ပါသွားသည်ကလည်း အမှန်ပင်။

သို့သော်... ထိုပါသွားသော ငွေသေတ္တာက ဘယ်နေရာတွင် သွား၍ မြေမျှုသည် မသိ။

သူလည်း ရှာမတွေ့။

အခြားလူတွေလည်း ရှာမတွေ့ ဖြစ်နေကြသည်။

အခြားလူတွေ ရှာမတွေ့သည်က ပြဿနာ မရှိသော်လည်း သူ ရှာမတွေ့သည်က ပြဿနာကြီး ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



လူတိုင်းလိုလိုပင် ငွေမောင်း ယူပြေးသွားသော ငွေကျပ် တဆယ့် ငါးသိန်းပါ အက်ဘက်ရွေး သေတ္တာကို သူ ဖြောင် ထားလိုက်သည်ဟူ၍ ကန့်ကွက်သူမရှိ ထင်နေကြသည်။

တကယ်တော့ ထိုငွေသေတ္တာကို သူ လုံးဝယူမထားကြောင်း ကိုတော့ သူနှင့် သူ့ကိုယ်စောင့်နတ်သာလျှင် သိကြသည်။

အခြားလူတွေက မသိ။

အခြားလူတွေ၏ စိတ်ထဲတွင် သံသယကင်းရှင်းသွားစေရန် ကိုတော့ သူရော သူ့ကိုယ်စောင့်နတ်ပါ မစွမ်းဆောင်နိုင်ကြပေ။

"အင်း....အကုသိုလ်များ ဝင်ပြီဆိုယင်တော့ ကြုံကြုံဖန်ဖန်ကို ဝင်တတ်တာပဲနော်၊ ဟွန်း"

ကျော်မြင့်ဝေ တွေးယင်း သက်ပြင်း အကြိမ်ကြိမ် ချနေမိသည်။

မည်သို့ပင်ဖြစ်စေ သူကတော့ စွဲမြဲသော သန္နိဋ္ဌာန်တခုကို ချမှတ်ထားလိုက်သည်။

သူ့တသက်တွင် ထိုငွေတဆယ့်ငါးသိန်းပါ ငွေတွေကို ပြန်၍ မတွေ့မချင်း ထိုငွေတွေကို မေ့မထားပဲ သူ မသေမချင်း ပြန်ရအောင် ရှာဖွေပေးမည် ဟူ၍ပင်။

နှစ်တွေ မည်မျှပင်ကြာကြာ ထိုကိစ္စကို သူ မေ့မထား။

အမြဲတစေ ထောက်လှမ်းနေမည်။

ထိုငွေများသည် နိုင်ငံတော်က ဘဏ္ဍာတော်အဖြစ် သိမ်းဆည်းရမည့် ငွေတွေမို့ ပြန်ရအောင် ဆောင်ရွက်ပေးရေးမှာ သူ့တွင် တာဝန်အပြည့်ရှိသည်။



ထိုငွေများသာရအောင် သူ မဆောင်ရွက်နိုင်လျှင် သူ့တွင် တာဝန်မကျေသလို နိုင်ငံတော် အနေနှင့်လည်း အသွန်နစ်နာ နေမည်။

နောက်ပိတ်ဆုံး ငွေတွေကို ပြန်၍ မရလျှင် တောင်မှ ထိုငွေတွေကို အချောင်ဝင်၍ ကြားမှ သိုဝှက်ထားသော တရားခံကိုတော့ ဖော်ထုတ်ပေးရမည်ဟူ၍ ကျော်မြင့်ဝေ ခံယူထားသည်။

ထိုခံယူထားသည့်အတိုင်း ကျော်မြင့်ဝေသည် ဆက်လက် လုပ်ကိုင်နေတော့သည်။

ကိုင်း....ချစ်စွာသော စာဖတ်သူတို့ ခင်ဗျား....

ငွေမောင်း၏ ကျပ်ပေါင်း တဆယ့်ငါးသိန်းတိတိပါ၊ ငွေများကို မည်သူက ရသွားသနည်း။

(ဗျာ....ကျွန်တော်ကြူမွှေး ရသွားတယ် ဟုတ်လား၊ ဟိုက်.... နှင်းဖက်ထုပ်၊ စီလိုတော့ မီးနောက်နဲ့ဗျာ၊ လန့်စရာကြီး၊ အဟိး)

ကဲ ကဲ၊ အဘယ်သူက ရသွားသည်ကို စာဖတ်သူများ သိရှိစေရန် အောက်တွင် တင်ပြလိုက်ပါသည်။

ဖြစ်ပုံက ဤသို့တည်း....

ငွေမောင်းတို့တတွေ ပြေးဟယ် လွှားဟယ်နှင့် လိုက်တမ်းပြေးတမ်း ကစားနေကြချိန်တွင် ဦးသာထူးအမည်ရှိ မြင်းလှည်းသမားကြီးမှာ ဇနီးသည် မီးမဖွားနိုင်သဖြင့် မန္တလေးပြည်သူ့ဆေးရုံကြီးသို့ သွား၍ တင်ပို့နေရချိန်ပင်။

သူတို့တွင် လေးနှစ်အရွယ်ခန့်ရှိ သမီးကလေး တဦးတော့ ရှိသည်။

www.burmeseclassic.com



သူတို့နေကြသောအရပ်နှင့် ဆေးရုံမှာ အတော်ကလေး ကွာ
လှမ်းလှသည်။

ဦးသာထူး ဇနီးဖြစ်သူ ဒေါ်ညွန့်ညွန့်မှာ ယမန်နေ့ကတည်းက
ဗိုက်ထဲတွင် မခံမရပ်နိုင်အောင် နာလွန်းလာသဖြင့် ခင်ပွန်းသည်
ဦးသာထူးမှာ ကြုံရာကားတစီးကိုငှား၍ ဆေးရုံသို့ အမြန်တင်
ပေးခဲ့ရသည်။

သူ့မြင်းလှည်းဖြင့် ပို့နေလျှင် အချိန်ကြာမည် စိုးသည်က
တကြောင်း၊ ပြီးတော့လည်း မြင်းလှည်းပေါ်တွင် လိုက်ရလျှင်
လှုည်းကခုန်နေသဖြင့် ဇနီးသည်၏ဝေဒနာကို ပိုမိုဆိုးရွားအောင်
ပြုလုပ်ရာ ရောက်မည်မို့ ကားဖြင့် လိုက်ပို့ခဲ့ရခြင်းပင်။

သမီးငယ်ကလေးကိုလည်း အိမ်တွင် မထားခဲ့ပဲ သူနှင့်အတူ
ဆေးရုံသို့ ခေါ်ဆောင်သွားခဲ့ရသည်။

သူတို့တတွေမှာ ဆင်းရဲ နွမ်းပါးလှပြီး ဆွေမျိုးညာတိက
လည်း နည်းပါးလွန်းလှသူတွေပင်။

သူမောင်းနေသော မြင်းလှည်းနှင့် မြင်းပေါင်လျှင် သူ၏ကိုယ်
ပိုင်တွေ မဟုတ်ပေ။

သူ၏ ဦးရီးတဝမ်းကွဲထံမှ ငှားရမ်းကာ မောင်းနေရသာ
ဖြစ်သည်။

ငွေမောင်း ဝှက်သွားသော တဆယ့်ငါးသိန်းပါ သေတ္တာ
ကလေးမှာ ဦးသာထူး၏ မြင်းလှည်းတွင် ဖြစ်သည်။

ဦးသာထူး၏ အိမ်မှာ ရွာ၏ အစွန်လည်းကျ တဘက်တွင်
လည်း ရေမြောင်းကြီးက ရှိနေသဖြင့် ငွေမောင်းတယောက်
ငွေသေတ္တာကို ထားမိထားရာ ဦးသာထူး၏ မြင်းလှည်းထိုင်ခုံ



အံဝှက်တွင် ထားသွားခြင်းကို မည်သူ တဦးတယောက်မှ မမြင်
လိုက်ကြရပေ။

ကျော်မြင့်ဝေမှာ ငွေမောင်းနောက်သို့ တရကြမ်း လိုက်ခဲ့
သော်လည်း သူနှင့် ငွေမောင်းမှာ လေးမိနစ်ကျော်ခန့်နောက်ကျ
သွားခဲ့၍ ငွေသေတ္တာ ဝှက်ထားလိုက်သော ကိစ္စကို မသိလိုက်
ခြင်း ဖြစ်သည်။

ငွေမောင်းကလည်း ရလိုက်သော အချိန်ကလေးကို ပိုင်ပိုင်
နိုင်နိုင် အသုံးချလိုက်၍လည်း ကျော်မြင့်ဝေ မသိလိုက်ခြင်းပင်။

ထိုနေရာသို့ ကျော်မြင့်ဝေ နောက်တခေါက်လာ၍ မရှာ
ဟုတ်။

ရှာလည်း ရှာခဲ့ပါသည်။

ရှာသော်လည်း သူက မြင်းလှည်း အံဝှက်တွင် လုံးဝ မရှာ
ဖွေမိပဲ မြင်းလှည်းထားသော တဲကလေးတဝိုက်နှင့် ကောက်ရိုးပုံ
တွေ ကြားတွင်သာ ရှာခဲ့မိသည်။

မြင်းလှည်း၏ အံဝှက်ကိုတော့ သူ လုံးဝ သတိမပြုမိခဲ့၍
မရှာဖွေမိခဲ့ပေ။

ဦးသာထူးမှာလည်း ဇနီးဖြစ်သူ ဆေးရုံသို့ ပို့ထားခဲ့ရ၍
မြင်းလှည်းကို မထွက်နိုင်သည်မှာ သုံးရက်လုံးလုံးပင်။

ငွေသေတ္တာကလေးကလည်း သုံးရက်လုံးလုံး ဦးသာထူး၏
မြင်းလှည်းထိုင်ခုံ အံဝှက်ထဲတွင် ပုန်းခိုနေရရှာသည်။

ဦးသာထူး၏ ဇနီးမှာ ဆေးရုံသို့ရောက်၍ ကျန်းမာလာခဲ့
သော်လည်း ကလေးကတော့ အဖတ်မတင်တော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



ဦးသာထူးမှာ ဆေးရုံတွင် ဇနီးသည် သက်သာလာသည့် နောက်တနေ့ကျမှ မြင်းလှည်းကို ထွက်ရန် ဖြစ်ရတော့သည်။

အချိန်မှာ နံနက် ငါးနာရီတွင် ဖြစ်သည်။

ဦးသာထူးခမျာ သူ့မြင်းလှည်း အံဝှက်ထဲတွင် ငွေ အမြောက်အမြား ရှိနေသည်ကို မသိသေး။

မြင်းကို လှည်းတွင် ကြိုးတပ်ပြီးနောက် ပစ်ထားခဲ့သည့် ကြာသောင်းနေ၍ မြင်းလှည်းတခုလုံး ဖုန်တွေပေကျံနေသည် ရေဖတ်ဖြင့် တိုက်ရန်အတွက် သူ၏ အဝတ်ဟောင်းများ ထည့် ထားသော ထိုင်ခုံအံဝှက်ကို ဆွဲ၍ ဖွင့်သည်။

“ဟိုက်....”

သူ၏ မြင်းလှည်းထိုင်ခုံမှ အံဝှက်ကို ဖွင့်လျှင်ဖွင့်ချင်း အက် တက်ရှေးခေါ် ငွေများထည့်ထားသော သေတ္တာကို သူမြင် လိုက်ရ၍ သူ့နှုတ်မှ အာမေဍိတ်သံ ပေါ်သွားခြင်းပင်။

အာမေဍိတ်သံပင် ပေါ်ခဲ့သော်လည်း သူ့စိတ်ထဲတွင်တော့ ဝမ်းသာမှုတွေ မဖြစ်သေးပေ။

မည်သူ၏ သေတ္တာက သူ့မြင်းလှည်း အံဝှက်ထဲသို့ ရောက် နေရသနည်းဟူ၍သာ တွေးမရဟန်ဖြင့် အာမေဍိတ်သံ ထွက် ခြင်း ဖြစ်သည်။

“ဒီသေတ္တာက ဘယ်ကနေ ဘယ်လို ခြေပေါက်ပြီး ငါ့မြင်း လှည်းထဲကို ရောက်လာရတာလဲ၊ ဘယ်သူ့ပစ္စည်းလဲ”

ဦးသာထူး မျက်မှောင်ကြုတ်ကာ စဉ်းစားနေသည်။



အက်တက်ရှေး သေတ္တာ ကလေး ကိုလည်း အပြန် ပြန် လှန်လှန် အပြင်ဘက်မှ နေ၍ လက်ဖြင့် စမ်းကာ ပွတ်သပ် ကြည့်ရှုနေမိသည်။

သူ့အနေဖြင့် ထိုသေတ္တာမျိုးကို အဝေးကသာ မြင်တွေ့ဖူး သည်။

ယခုလို အနီးကပ်၍တော့ မမြင်ဖူးခဲ့ပေ။

“အို....ဘယ်သူ့ဟာဖြစ်ဖြစ် ငါ့မြင်းလှည်းထဲကို ရောက်နေ တော့ ငါဖွင့်ကြည့်ရမှာပဲ”

ဦးသာထူး တကိုယ်တည်းပြောယင်း သေတ္တာကို ဖွင့်ရန် ပြင်သည်။

ပြင်သာပြင်ရသည်၊ သူ့မှာက ထိုသေတ္တာမျိုးကို ကိုင်တွယ် ဖူးသူ မဟုတ်၍ မည်သည့်နေရာမှ ဖွင့်ရမည်မသိ ဖြစ်နေသည်။

သူသည် တောင်စမ်း မြောက်စမ်းနှင့် ဆယ့်ငါးမိနစ် ကျော်ခန့် လုပ်နေသည်။

ကံအားလျော်စွာပင် သေတ္တာ၏ ခလုတ်ကို သွား၍ နှိပ်လိုက် သည်။

ချက်ကနဲ မြည်သံနှင့်အတူ အက်တက်ရှေး သေတ္တာက ‌ေ၏ အဖုံးမှာ ပွင့်သွားသည်။

သေတ္တာ ပွင့်သွားသည်နှင့် အတွင်းမှ ငွေစက္ကူထပ်ကြီး လည်း ဖွေးကနဲ ပေါ်လာသည်။

“ဟယ်....”

www.burmeseclassic.com

ငွေစက္ကူထပ်ကြီးကို တွေ့မြင်လိုက်ရသည်နှင့် တပြိုင်နက် ဦးသာထူး၏ နှုတ်မှ အာမေဍိတ်သံကြီးမှာ ကျယ်လောင်စွာ ပေါ်ထွက်လာခဲ့တော့သည်။

ပထမဆုံး ပေါ်လာသော အာမေဍိတ်သံက ဝမ်းသာ၍ ပေါ်သော အာမေဍိတ်သံ မဟုတ်သော်လည်း ယခုပေါ် လာသော အာမေဍိတ်သံကတော့ လူတကိုယ်လုံး တုန်ယင်၍ လာအောင် ကျေနပ်မှု ဝမ်းသာမှု အပြည့်အဝ ပါရှိနေသော အာမေဍိတ်သံကြီးပင်။

သူ၏ မျက်နှာတပြင်လုံးမှာလည်း ချိုချိုပြုံး၍ သွား တော့သည်။

"ပွပြီ.... ပွပြီ ... သာထူးတို့ ကံထူးပုံများကတော့ ပြော မယုံ ကြုံဖူးမှသိ ဆိုတဲ့ အစားထဲကပဲ၊ ဟား... ဟား....ဟား.... စားရကံကြုံ မုတ်ဆိတ် ပျားစွဲ ဆိုတာ ဒါမျိုးပဲ ထင်ပါရဲ့၊ ငါဟာ ဒီကနေ့ ဒီအချိန်ကစပြီး သဌေးဖြစ်သွားပြီ၊ သဌေး ဖြစ်သွားပြီ၊ သဌေးဖြစ်ပြီဟေ့၊ သာထူး သဌေးဖြစ်သွားပြီ ကွနော်၊ ဟား....ဟား... ဟား"

ဦးသာထူးမှာ ထကာ မတတ် ဝမ်းသာကြည်နူးမှုတွေဖြစ်နေ တော့သည်။

နောက် သူ၏ တုန်ယင်နေသော လက်ဖြင့် သေတ္တာတွင်းမှ ငွေစက္ကူကို မရဲတရဲ အသာစမ်းကြည့်နေသည်။

သူ့တသက်နှင့် တကိုယ် ဤမျှများပြားလှသော ငွေတွေကို ကိုင်ဖူးဖို့ ဖယ်ထား၊ မြင်ပင် မမြင်ဖူးသူမို့ ယခုလို ငွေတွေကို ကိုင်တွယ် ရခြင်းက ပင်လျှင် သူ့အတွက် သိကြားမင်း



ထွက်ကြမ္ဘာကမှလာပေါ်တွင် ထိုင်နေရသလို အလွန်ပင် ဇိမ်ရှိကာ အရသာထူးတွေကို ခံစားနေမိတော့သည်။

ယင်းသို့ အရသာကို ခံစားနေမိခိုက် သူ၏စိတ်ထဲတွင် ဇဝေ ဇဝါ ဖြစ်လာမိပြန်သည်။

"ဒီလောက်များလှတဲ့ ငွေတွေဟာ ဘယ်က ရောက်လာ တာလဲ၊ ဘယ်သူက ငါ့မြင်းလှည်းမှာ လာပြီး ဝှက်ထားတာလဲ၊ ရိုးရိုးသားသား ငွေတွေတော့ မဖြစ်နိုင်ဘူး"

ထိုအတွေးများ ဝင်လာလျှင်တော့ ဦးသာထူး၏ စိတ်ထဲ တွင် စိုးရိမ်စိတ်တွေ လွှမ်းလာပြန်သည်။

"ရိုးရိုးသားသား မဟုတ်တဲ့ ငွေဆိုယင် ဘာငွေတွေ ဖြစ် မလဲ၊ ဒမြတိုက်လာတဲ့ ငွေတွေလား၊ အစိုးရဘဏ်တိုက်က ပေါက်ထွင်းလာခဲ့တဲ့ ငွေတွေလား၊ ဘာငွေပဲဖြစ်ဖြစ် ဘာ သဘောနဲ့ ငါ့မြင်းလှည်းထဲက အံဝှက်မှာ လာဝှက်ထားရ တာလဲ၊ ဘယ်လိုအကြောင်းတွေ ရှိနေလို့လဲ"

ဦးသာထူး ဆက်လက်၍ တွေးနေပြန်သည်။

"ဘယ်အကြောင်းတွေပဲရှိရှိ ဒီငွေတွေဟာ ငါ့ဆီကို ရောက် နေမှတော့ ငါဟာ ပြန်ပေးမလား၊ ဟာ....ဘယ်ဖြစ်မလဲ၊ ငါနဲ့ ထိုက်လို့ ငါရတဲ့ဟာ၊ ဘာဆိုင်လို့ ငါပြန်ပေးရမှာလဲ၊ မပေးဘူး၊ မပေးဘူး၊ ငါ့တသက်မှာ ဒီလိုငွေမျိုး ရဖို့ဖယ်ထား၊ အိပ်မက် ထောင်မှ မမက်ဖူးခဲ့တဲ့ဟာ၊ အို....မပေးဘူးကွာ၊ ဖြစ်ချင်တာ ဖြစ်၊ ငါ ယူထားလိုက်မယ်၊ ပြီးတော့ ဒီမန္တလေးမှာလဲ ဆက် မနေတော့ဘူး၊ ငါ့ မိသားစုတွေကို ခေါ်ပြီး တနေရာမှာ ကိုယ်ရောင်ဖျောက် နေတော့မယ်၊ ဟုတ်ပြီ၊ ကောင်းတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဗီအကြံဟာ အကောင်းဆုံးပဲ၊ ငါ့မှာ ငွေတွေအများကြီးရှိနေမှ တော့ ဘယ်အရပ်ကို သွားသွား သွားနေလို့ရတာပဲ၊ ပြီးတော့ ဗီငွေတွေနဲ့ တခြားလုပ်ငန်းကို ရင်းနှီးပြီးစားယင်လဲ ရသားပဲ၊ ဟား....ဟား....ဟား....ဟား"

ဦးသာထူး ကျေနပ်မဆုံးဖြစ်ကာ တဟားဟားဖြင့် အော်ရယ် နေတော့သည်။

နောက်တပတ်ခန့်အကြာတွင်တော့ ဦးသာထူးနှင့် သူ့ ဇနီး သမီးတို့မှာ မန္တလေးမြို့ပေါ်မှနေ၍ ပျောက်ချင်းမလှ ပျောက် ကွယ်သွားကြတော့သည်။

* * *

(၄)

## နဲ့တလက်နှင့် မုန့်ဟင်းခါးသည်

၁၉၇၄ ခုနှစ်....

မြေနီကုန်းတဝိုက်တွင် ညနေဘက်၌ တကြိမ် နံနက်ပိုင်း၌ ကြိမ် လှည့်လည်ရောင်းချနေသော နတ်သုဒ္ဓါဟူ၍ အမည် ထားသော မုန့်ဟင်းခါးသည်ကလေးမှာ နာမည် ကြီးလှ သည်။

သူ၏ မုန့်ဟင်းခါးမှာ သူအမည်ပေးထားသည့် အတိုင်းပင် ယ်ကို နတ်သုဒ္ဓါတမျှ အရသာရှိလှ၍ မစားဖူးသူဟူ၍ မရှိ င် ဖြစ်နေတော့သည်။

ထိုအထမ်းသမား မုန့်ဟင်းခါးသည်ကလေး၏ အမည်မှာ င်းနိုင် ဖြစ်သည်။

အသက်အားဖြင့် အလွန်ရှိလှမှ နှစ်ဆယ့်လေးနှစ် ခန့်သာ ည်။

www.burmeseclassic.com

www.burmeseclassic.com



အသားလတ်လတ်၊ အရပ်အနေတော်၊ ကြံ့ခိုင်သော ကိုယ်လုံး ကိုယ်ထည် ရှိသူ....။

မျက်နှာပုံပန်းကလည်း လူချောကလေးတဦးပင်။

ခေတ်လူငယ်ကလေးပင် ဖြစ်လင့်ကစား သူ့တွင် ထူးခြား[illegible] တခုက ရှိနေသည်။

ဒါကတော့ အခြား မဟုတ်ပေ။

သူ၏ မုန့်ဟင်းခါးရောင်းချနေရာတိုင်းသို့ မြန်မာ့နှဲတလက်[illegible] သူက အမြဲတမ်း ဆောင်ထားပြီး အရောင်းပါးချိန်တွင် နှဲ[illegible] မှုတ်လေ့ရှိသော အကျင့်ပင်။

သူ မှုတ်သော သီချင်းကလေးကလည်း အခြားသီချင်[illegible] မဟုတ်ပေ။

ရှေးခေတ်က ရေပန်းစားခဲ့သော 'ရွှေကြိုးညို'သီချင်းကို[illegible] မှုတ်သည်။

အခြား သီချင်းတွေကိုတော့ မမှုတ်ပေ။

မမှုတ်ဆို....သူက အခြားသီချင်းတွေကို မရ၍ မမှုတ်ခြင်း[illegible]

သူမှုတ်လေ့ရှိသော ရွှေကြိုးညို သီချင်းကလေးကို ချစ်[illegible] သော စာဖတ်သူများ နားအရသာခံနိုင်ရန် ရေးပြရမည် ဆို[illegible] အောက်ပါအတိုင်း ဖြစ်သည်။

> "ရွှေကြိုးညိုလာယင်....ဒေါသနဲ့အပြစ်ဘင်....
> မင့်သခင် လာမယ်.... ဂျာနယ်တွင်.... ဒီလိုပါ
> အန်တီရယ်....မာမီရယ်....ဟိုခြံအတွင်း....အင်း....
> သူ အတင်းဖက်တာ မြင်...."



ထိုသီချင်းပိုဒ်ကလေးကို ချစ်ဝင်းနိုင်က အောက်ပါအတိုင်း သူ၏ နှဲဖြင့် မှုတ်လေ့ရှိသည်။

"တာတီတာ... တီတီ.... တူတယ်နယ်.... တယ်နယ်.... တဲနယ် နယ်... တွိတီ . တီတီတွိ....တော်တော်တီ.... တီတွိတော်....တော်တီ တယ်တယ်....တာတာတီး တူတယ်နယ်...."

သူ၏ နှဲကြီးကို ကြည့်၍ အချို့သောလူတွေက သူ့အား ဤသို့ မေးကြမြန်းကြသည်။

"ဒီမယ် မုန့်ဟင်းခါးသည်ကလေးရဲ့၊ ခင်ဗျားဟာ ခေတ်လူငယ် တယောက် ဖြစ်လျက်သားနဲ့ အခုခေတ် လူငယ်တွေလို ဂစ်တာတို့ အော်ဂင်တို့ကို မတီးပဲ၊ ဘယ်လို စိတ်ကူးပေါက်ပြီး ခေတ်နဲ့ ဘယ်လိုမှ မအပ်စပ်တဲ့ နှဲကြီးကို တတော်တော်နဲ့ မှုတ်နေရတာလဲဗျာ၊ ခေတ်နဲ့ အမီလိုက်ပြီး ဂစ်တာကလေး တီးစမ်းပါဗျ ဟဲဟဲ"

ထိုအခါတွင် ကျွန်တော်တို့၏ မုန့်ဟင်းခါးသည်ကလေးက အောက်ပါအတိုင်း ပြန်လည်၍ ရှင်းပြလိုက်တော့သည်။

"အဲဒါတော့ အစ်ကိုတို့ မှားနေပြီ၊ နှဲဆိုတာမျိုးက မြန်မာ့ဂီတအစစ်ပါ၊ ရှေးမြန်မာဘုရင်များ လက်ထက် ကတည်းက နှဲဆရာတွေကို ရွှာစားဘွဲ့ပေးပြီး မြှောက်စားလာခဲ့ကြတာပဲ၊ ရှေးခေတ်က နှဲဆရာ အကျော်အမော်တွေကို ပြောရမယ်ဆိုယင် ဦးဇေယျာ၊ ဦးဒီလုံး၊ ဦးသာကြင်၊ ဦးချစ်ဖေ၊ ဦးသာကျော် တို့ဟာ နှဲအရာမှာ ပြိုင်ဘက်ကင်းခဲ့တဲ့ နှဲပညာရှင်တွေပေါ့၊ ကျွန်တော်တို့ လက်ထက်ရေးခေတ်မှာ ဆိုယင်လဲ နှဲဆရာကြီး ဦးချစ်မောင်နဲ့ ဦးထိအောင်တို့ဆိုယင် မသိသူမရှိအောင် ထင်

www.burmeseclassic.com



ပေါ်ကျော်ကြားခဲ့တာ မဟုတ်လား၊ မြန်မာ့တူရိယာပညာမှာ နဲ့မပါယင် ဆားမပါတဲ့ ဟင်းလို ပေါ့ပျက်ပျက်နိုင်သွားမှာမို့ နဲ့ကို အထင်မသေးကြနဲ့ခင်ဗျ ဟဲဟဲ”

စကားအဆုံး၌ ချစ်ဝင်းနိုင်မှာ ဘေးသို့ချထားသော သူ၏ နဲ့ကြီးကို မှုတ်ရန်ပြင်သည်။

ဤတွင် သူ၏ မုန့်ဟင်းခါးကို စားနေသော ကျောင်းသူကလေး လေးဦးမှ တဦးက လက်ကလေးကို အမြန်ကာ ပြုယင်း လှမ်းပြောသည်။

“အလို အလို၊ နဲ့အကြောင်းပြောယင် ပါးစပ်ကပဲ ပြောပါရှင်၊ နဲ့ကြီးကိုတော့ မမှုတ်လိုက်ပါနဲ့၊ ကျွန်မတို့ ဒီနဲ့သံကြီးကို အဟုတ် မကြိုက်လို့ပါ၊ ချမ်းသာပေးပါ”

ကျန် ကျောင်းသူကလေးတွေကတော့ ရယ်နေကြသည်။

ချစ်ဝင်းနိုင်မှာ သူ၏နဲ့ကို မမှုတ်တော့ပဲ၊ သူ့အား တောင်းပန်စကား ပြောနေသော ကျောင်းသူကလေးအား ပြန်ပြောနေသည်။

“အာ....ညီမရာ ဒီက အစ်ကို နဲ့မှုတ်တာများ နားငြီးသတဲ့လား၊ အဲဒါ ငါ့ညီမတို့အနေနဲ့ မြန်မာမိန်းကလေး ဖြစ်နေပေမယ့် မြန်မာ့ဂီတသံစစ်စစ်ကို နားမခံတတ်လို့ပါ၊ အေးလေ... ဘယ်မှာ နားခံတတ်ပါ့မလဲ၊ ငါ့ညီမတို့ အမြဲတမ်း နားထောင်နေကြ တာတွေက ဒစ္စကိုတို့.... ရော့ခ်အင်ရိုးတို့.... ဘရိတ်ဒန့်၊ (ဘရိတ်ဒန့် မဟုတ်ဘူးနော်....၊ အဲဒီ အသံထွက်က အင်္ဂလိပ်လို မတတ်တဲ့သူတွေ မှားပြီး ထွက်တဲ့ အသံပါ၊ တကယ့်အသံထွက် မှန်က ဘရိတ်ဒန့်ပါ)၊ အဲဒါတွေကိုသာ နားအထောင်များနေ



ကြလို့ ကျွန်တော့်နဲ့သံကို မကြိုက်ကြတာပါ၊ မကြာခဏ ကျွန်တော့် နဲ့သံကို နားထောင်ဖူးသွားယင် နောက်ဆို နားယဉ်ပြီး ကျွန်တော့်ကို ခဏခဏ နဲ့မှုတ်စမ်းပါလို့တောင် ခိုင်းနေကြဦးမှာဗျ၊ ဟဲ ဟဲ ဟဲ”

“တော်စမ်းပါ၊ ခိုင်းပါဘူးတော်၊ နဲ့ကြီးတော့ မကြိုက်ဘူး၊ ရှင့်အနေနဲ့လဲ ဒီနဲ့ကြီးကို မုန့်ဟင်းခါးရောင်းရာ ယူလာမယ့်အစား ဂစ်တာကလေးဘာကလေး ယူလာပါလား၊ ဒါကမှ နားထောင်လို့ ကောင်းဦးမယ်”

“အာ အာ ...အစ်မလေးရာ၊ မုန့်ဟင်းခါးသည်နဲ့ ဂစ်တာဆိုတာ ဘုန်းကြီးနဲ့ဘီးလို မအပ်စပ်ပါဘူးဗျာ၊ ပြီးတော့ ဂစ်တာက အကြီးကြီးဗျ၊ ဘယ်လိုလုပ်ပြီး မုန့်ဟင်းခါးအထမ်းမှာ ချိတ်မလဲ၊ အဲ....နဲ့ကတော့ သေးတော့ ခါးကြားထဲမှာ ထိုးထားပြီး မုန့်ဟင်းခါး အထမ်းကို ထမ်းလိုက်ယင် ပြီးသွားတဲ့ဟာ.... ဟဲ ဟဲ ဟဲ”

ချစ်ဝင်းနိုင် စကားဆုံးသွားသည်နှင့် တပြိုင်နက် သူ စောစောက မှုတ်ရန်ပြင်နေသော နဲ့ကလေးကို တို့ကနဲ ကောက်မှုတ်လိုက်တော့သည်။

“အောင်မယ်လေးတော့်၊ မမှုတ်ပါနဲ့ဆိုခါမှ သူက မှုတ်နေပြန်ပါပြီ၊ တော်ပြီ၊ ရှင် ဒီနဲ့ကြီးကို မှုတ်နေယင်တော့ နောက်ကို ရှင့်မုန့်ဟင်းခါး လာမစားတော့ဘူး၊ သိလား”

စောစောက ကျောင်းသူကလေးကပင် လှမ်းပြောနေသည်။

“ဟဲ ဟဲ၊ ချစ်ဝင်းနိုင်ရဲ့ နတ်သုဒ္ဓါ မုန့်ဟင်းခါးကို တခါ စားမိသွားယင် ဘယ်သူမှ နောက်တခါ မစားပဲ မနေနိုင်ဘူး

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ကျုပ် အတပ်ပြောရဲပါသဗျာ၊ ကိုင်း...အဲဒီတော့ ကျွန်တော့်ရဲ့ နှဲသံကလေးကို အမြဲဆလံပေးနေတဲ့ မမကလေးတွေ မလွဲအမြန်ပြေးရအောင် မှုတ်ထည့်လိုက်မယ်၊ အောက် အိး အိး အွတ်၊ အဲ ဟုတ်ပါဘူး၊ တော်တော်တီးတော့"

ချစ်ဝင်းနိုင်ပြောယင်း နှဲကိုကောက်မှုတ်လိုက်ရာ ကျောင်းသူကလေးတွေမှာ မုန့်ဟင်းခါး ပန်းကန်တွေကို ကိုင်ယင်း နှဲသံနှင့် ဝေးရာသို့ တခစ်ခစ် ရယ်ကြယင်း ထပြေးသွားကြရတော့သည်။

မုန့်ဟင်းခါးသည်ကလေး ချစ် ဝင်း နိုင် နှင့် ကျောင်းသူကလေးများမှာ ဤနည်းနှင်နှင်ချည်းပင်။

ကျောင်းသူကလေးတွေက သူ နှဲမှုတ်သည်ကို သဘောမကျကြ။

ယင်းသို့ သဘောမကျမှန်သိသော်လည်း ချစ်ဝင်းနိုင်မှာ စ,လိုသဖြင့် သူတို့မုန့်ဟင်းခါး စားကောင်းနေသောအချိန်တွင် သူ၏ နှဲကို ထ၍ မှုတ်လေ့ရှိသည်။

သူ့နှဲသံကြီးကြားလိုက်ကြရလျှင် ကျောင်းသူကလေးတွေမှာ ယခုလိုပင် ဝေးရာသို့ ထ ပြေးကြသည်ချည်းပင်။

ဒါကိုပင် ချစ်ဝင်းနိုင်မှာ သဘောကျမဆုံးဖြစ်ကာ ပျော်နေမိတော့သည်။

ချစ်ဝင်းနိုင်မှာ မုန့်ဟင်းခါးသည် လုပ်နေသော်လည်း ပညာကတော့ မခေလှပေ။

တက္ကသိုလ် စာပေးစာယူသင်တန်း တက်နေသူ ဖြစ်သည်။

သူယူသည့် ဘာသာကတော့ သချ်ာအဓိက...။



ယခုဆိုလျှင် သူသည် ဒုတိယနှစ်ထဲသို့ ရောက်နေပြီဖြစ်သည်။

သူ့အား မိခင်ဖြစ်သူ ဒေါ်ညိုက မုန့်ဟင်းခါးရောင်းမနေပဲ တက္ကသိုလ်သို့ တက်စေချင်သည်။

သူက လက်မခံပေ။

သူ့မိခင်မုဆိုးမကြီးအား တဘက်တလမ်းမှ ရှာဖွေကျွေးမွေးလိုသဖြင့် တက္ကသိုလ်ပညာကို စာ ပေး စာ ယူ ဖြင့် သာ လျှင် ဆည်းပူးနေခြင်းပင်။

သူတွင် ဤမိခင်မုဆိုးမကြီးသာလျှင် ရှိသည်။

ဖခင်ကြီးကတော့ လွန်ခဲ့သောငါးနှစ်ကျော်ခန့်က ဆုံးပါးသွားခဲ့ပြီဖြစ်သည်။

သူ့အထက်တွင် အစ်မတယောက် ရှိသည်။

အစ်မဖြစ်သူ ခင်လှချစ်မှာ မူလတန်းကျောင်းတွင် ဆရာမအဖြစ် ဝင်လုပ်နေသည်။

သူ့အတွက် မုန့်ဟင်းခါးဟင်းများအား အစ်မနှင့်မိခင်တို့က ချက်ပြုတ်ပေးကြရသည်။

ချစ်ဝင်းနိုင်မှာ မုန့်ဟင်းခါးသာ ရောင်းတတ်သည်။

ချက်တော့ မချက်တတ်ပေ။

ချစ်ဝင်းနိုင်မှာ မြေနီကုန်းတဝိုက်တွင်သာ မုန့်ဟင်းခါးကို ရောင်းချနေသော်လည်း သူတို့ နေထိုင်သည့် နေရာကတော့ မြေနီကုန်းတွင် မဟုတ်ပေ။

စမ်းချောင်းဘက်တွင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏မုန့်ဟင်းခါးမှာ အထူးပင်ကောင်းမွန်လှ၍ နံနက်ခြောက်နာရီထိုးမှ စ,ရောင်းလျှင် ရှစ်နာရီတွင် ကုန်သွားတော့သည်။

တဖန် ညနေပိုင်းအတွက်တော့ ညနေလေးနာရီတွင် စတင်ထွက်ရာ ခြောက်နာရီခန့်ဆိုလျှင် သူ့မုန့်ဟင်းခါးမှာ တက်တက်ပြောင်သွားတော့သည်။

ချစ်ဝင်းနိုင်ကလည်း အာဝဇ္ဇန်းရွှင်ရွှင်နှင့် ပြောတတ်သည်။

သတော သကာယကလည်း ကောင်းသဖြင့် သူ့တွင်ဖောက်သည်တွေက အပြည့်ရှိနေသည်။

တခါတရံတွင်လည်း ချစ်ဝင်းနိုင်မှာ အောက်ပါအတိုင်းနဘေထပ်ကလေးဖြင့် သူ၏ မုန့်ဟင်းခါး ကောင်းကြောင်းကိုကြေငြာတတ်သည်။

"အမြတ် ထုတ်ကာ အပို မကြွားပါဘူး ....
နတ်သုဒ္ဓါ မုန့်ဟင်းခါးကို.... စားကြည့်ကြယင်
ဖြင့်၊ ခါးချိသူတွေတောင်မှ.... အားအတိပြည့်
ပြီး တူစွာမယွင်း....ဆူပါမင်းလို အစွမ်းထက်မှာ
မလွဲလို့....(ဒီမှာလေ.... မိတ်ဆွေတို့ရဲ့....) အစမ်း
တခွက်လောက် မြည်းစမ်း ကြည့်ပါလား ဗျာ၊
ဟဲ ဟဲ ဟဲ"

* * *

(၅)

## မုန်း ဟင်း ခါး မုန်း သူ

တနေ့သောညနေချိန်....

ချစ်ဝင်းနိုင်မှာ မုန့်ဟင်းခါးအရောင်း ပါးချိန်မို့ သူ့ဝါသနာအတိုင်း ခါကြားတွင် ထိုးထားသော နှဲကလေးကိုမှုတ်ကာ ရွှေကျီးညိုသီချင်းကလေးကို မှုတ်နေတော့သည်။

"တာ တီ တယ် တော်တီ.... တီတီတယ်.... တော်တော်.... တီတယ်တယ် ... တော်တီ တော်တီတီ.... တီတီတော်.... တော် တော်တီ.... တီတော်တီ.... တော်တီး တယ့်တယ်တီ...."

သူနှဲမှုတ်ကာနေသော နေရာမှာ လှပခန့်ညားလှသော နှစ်ထပ်တိုက်တလုံး၏ ဝင်းခြံကြီးရှေ့ဘက်နားတွင် ဖြစ်သည်။

ထိုနေရာကလေးမှာ ကျောင်းများနှင့် လည်းကောင်း၊ ရုပ်ရှင်ရုံများနှင့် လည်းကောင်း မနီးမဝေးတွင်ရှိနေ၍ ချစ်ဝင်း

www.burmeseclassic.com

www.burmeseclassic.com



နိုင်အနေဖြင့် ထိုနေရာ၌ မုန့်ဟင်းခါးရောင်းနေသည်မှာ ယနေ့ဆိုလျှင် တပတ်ပင် ပြည့်သွားခဲ့ပြီဖြစ်သည်။

အဲ....ပထမရက်တွေမှာတော့ သူ့မှာ မည်သည့်ပြဿနာမှ မပေါ်ခဲ့ပေ။

သို့သော်.... ယနေ့တွင်တော့ သူ့မှာ ပြဿနာ ပေါ်စရာကြုံလာတော့သည်။

အခြားပြဿနာတော့ မဟုတ်ပေ။

သူ ကျောပြုကာရောင်းနေသော တိုက်ခြံကြီးတွင်းမှ မိန်းမပျိုချောကလေးနှင့် ပြဿနာဖြစ်ကြခြင်းပင်။

ချစ်ဝင်းနိုင်မှာ နဲ့ကလေးကို အထက်ပါအတိုင်း အတီတီနှင့်မှုတ်နေခိုက် တိုက်ခြံတွင်းမှ အမျိုးသမီး ချောကလေးမှာ စူပုပ်သောမျက်နှာဖြင့် သူ့အနီးသို့ ရောက်လာသည်။

ပထမတွင် ချစ်ဝင်းနိုင်မှာ မုန့်ဟင်းခါးလာစားသူမှတ်သဖြင့် နဲ့ကိုမှုတ်နေရာမှ အမြန်ရပ်ကာ ချိုပြုံးသောမျက်နှာဖြင့် မိန်းမချောကလေးအား လှမ်းပြောသည်။

"ဩော်.... အစ်မလေး မုန့်ဟင်းခါး သုံးဆောင်မလို့လား ခင်ဗျာ...."

အမျိုးသမီး ချောကလေးကမူ သူ့အား ရုတ်တရက် ပြန်မပြောသေး။

သူ့အား အံမြင်ကတ်သောမျက်နှာဖြင့် လက်ကို ခါးတွင်ထောက်ကာ ကြည့်နေသည်။

ချစ်ဝင်းနိုင်မှာ အမျိုးသမီး ချောကလေး၏ ဟန်ပန်ကိုကြည့်ကာ သူ့အား သဘောမကျမှန်း သိသည်။



သိပင်သိသော်လည်း မည်သည့်အတွက် သဘောမကျရခြင်းကိုတော့ သူ တွေးမရပေ။

တွေးမရသော်လည်း သူက ဦးနှောက်ခြောက်ခံကာ တွေးမနေတော့ပါ။

ချေးသည်ပိပိ မျက်နှာကိုသာ အတတ်နိုင်ဆုံး ချိုချိုထားကာဆက်မေးနေတော့သည်။

"အစ်မလေး မုန့်ဟင်းခါး စားမလို့လား ခင်ဗျာ....ဟဲ ဟဲ"

"မစားဘူး၊ မစားဘူး၊ မုန့်ဟင်းခါး စားမလို့ လာတာမဟုတ်ဘူး၊ သိလား"

အမျိုးသမီးချောကလေးထံမှ မာဆတ်ဆတ် အသံကို သူကြားရသည်။

"ဗျာ....သဟာဖြင့် ဘာ့အတွက် လာတာလဲ ခင်ဗျာ၊ အမိန့်ရှိပါ ဟဲ ဟဲ"

"တခြားတော့ မဟုတ်ဘူး၊ ရှင့်နဲ့သံကြီးကို မကြားချင်လို့ လာခဲ့တာပဲ၊ ဘယ့်နှယ်တော်.... မုန့်ဟင်းခါးရောင်းယင် ကောင်းကောင်းရောင်းပါလား၊ အခုတော့ မဟုတ်ပေါင်၊ နဲ့ကြီးကတတော်တော်နဲ့၊ နားကို ငြီးနေတာပဲ"

အမျိုးသမီးချောကလေးက မျက်နှာ ရှစ်ခေါက် ချိုးဖြင့်ပြောပြနေသည်။

"အယ်....အယ်.... လူကို ပြောချင်ပြောပါဗျာ၊ နဲ့ကြီးကိုတော့ မထိပါနဲ့ အဟီး"

"အောင်မယ်.... ကြီးကျယ်လိုက်တာ၊ ထိတော့ ဘာဖြစ်သလဲ၊ ရှင့်နဲ့သံကြီး ကြားရတာ မင်္ဂလာကို မရှိဘူး၊ သိလား"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကတော့ ငါ့ညီမ မြန်မာ့ဂီတသံ စစ်စစ်ကို နား
ထောင်ဖူးလို့ပါ၊ သေသေချာချာ နားထောင်ကြည့်ယင်တော့
အော်ဂင်သံထက်တောင်မှ ကျွန်တော့် နှဲသံက ပိုပြီး မင်္ဂလာ
ကျက်သရေနဲ့ ပြည့်စုံပါသေးတယ်ဗျာ ဟဲဟဲ"

"တော်စမ်းပါ၊ နှဲနဲ့ အော်ဂင်ကို ရှင်မို့လို့ ရက်ရက်
စက်စက် နှိုင်းရက်ပလေတယ်၊ ဒီမယ်.... ကျွန်မ အပြတ်ပြော
လိုက်မယ်၊ ဒီခြံရှေ့မှာ မုန့်ဟင်းခါးကို ရောင်းယင် ငြိမ်ငြိမ်
ကလေး ထိုင်ရောင်းပါ၊ နှဲကြီးမှုတ်ပြီးတော့ဖြင့် မရောင်းပါနဲ့
ဒါပဲ"

"ဟာဗျာ ... ဒါတော့ မဟုတ်သေးပါဘူး၊ ကျွန်တော်က
ပျင်းယင် အခုလိုပဲ နှဲကလေးကို မှုတ်ပြီး အပျင်း ဖြေတယ်
တာဗျ"

"ဒါဆိုယင် ဒီခြံရှေ့မှာ လာမရောင်းနဲ့ပေါ့၊ ရှင့်နှဲကြီး
မင်္ဂလာမ ရှိတာ၊ ကျွန်မ ဒီနှဲသံကြီးကို သည်းခံပြီး နားထော
နေတာ ခုနစ်ရက် ရှိနေပြီ၊ ဒီကနေ့တော့ သည်းမခံနိုင်လို့
လာပြောတာပဲ"

"ဩော်.... ခင်ဗျားက ကျွန်တော့်နဲ့သံ နားထောင်နေတာ
ခုနစ်ရက်တောင် ရှိနေပြီကိုး၊ ဘယ်လိုလဲဗျ၊ ကျွန်တော့် နှဲ
လေးဟာ တနေ့တခြား အသံ သာယာမလာဘူးလား"

"အို....ရှင် ဘယ်လိုလူစားလဲ၊ ရှင့်နှဲအသံကို သည်းမခံနိုင်လို့
လာပြောတာပါ ဆိုနေမှ၊ သာယာသလား ဘာလား မေးနေ
ရသလား၊ တခြားကို မြန်မြန်သွားယင် ကောင်းလိမ့်မယ်
သိလား"



"ခင်ဗျားကလဲ ဒေါသချည်းပဲကိုး၊ ဒီမယ်.... ဒေါသပြေ
သွားအောင် မုန့်ဟင်းခါးကလေး တပန်းကန်လောက် စားကြည့်
ပါလားဗျာ"

"မစားချင်ပါဘူး၊ ကျွန်မ မုန့်ဟင်းခါး မကြိုက်ဘူး၊ မုန်း
တယ်၊မုန့်ဟင်းခါးကို မုန်းသလို မုန့်ဟင်းခါးရောင်းတဲ့ ရှင့်ကိုလဲ
မုန်းတယ်၊ သိလား"

"အဲဗျ.... ကျွန်တော့်ကို မုန်းတယ်လို့ ဆိုရအောင် ဒီက
ကောင်ကလဲ ဘယ်တုန်းကများ ခင်ဗျားကို ချစ်ပါလို့ပြောခဲ့
ပါသလဲ၊ ဘုရားပေးပေး ကျမ်းပေးပေး၊ မပြောမိပါ
ဘူးလား ခင်ဗျာ၊ အဟဲ"

ချစ်ဝင်းနိုင်မှာ အမျိုးသမီးချောကလေးကို တမင်ပင် အရွဲ့
တိုက်ကာ ပြောနေခြင်းပင်။

အမျိုးသမီးချောကလေးကတော့ ထိုစကားကြောင့် ပိုမို၍
ဒေါသ ဖြစ်သွားတော့သည်။

"တယ်....မုန့်ဟင်းခါးသည်က စကားပြောတာ လူပါးဝ
လိုက်တာ၊ ပါးကွဲသွားချင်ပြီ ထင်တယ်၊ ဟွန်း... လူကိုက အမဲ
နယ် ဟင်းအိုးမှ အားမနာ ဆိုတာမျိုးလို၊ ရှင်လိုလူက
ကျွန်မလို သဌေးသမီးကို မုန်းလို့ ရမတဲ့လား၊ ထို"

အမျိုးသမီးချောကလေး ပြောယင်း တံတွေးကိုပါ ထွီကနဲ
ထွေးပစ်သည်။

ချစ်ဝင်းနိုင်မှာ သူ့ မုန့်ဟင်းခါးအိုးထဲ အမျိုးသမီးချော
ကလေး ထွေးလိုက်သော တံတွေးများ ဝင်ကုန်မည်စိုး၍ သူ့
မုန့်ဟင်းခါးအိုးကို အမြန် ပိတ်ထားရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖြည်းဖြည်း လုပ်စမ်းပါ အမိရယ်၊ တံတွေး ထွေးယင် တခြားဘက်ကို ထွေးရောပေါ့၊ ဘဇာကြောင့် ကျုပ် မုန့်ဟင်း ခါးအိုးနား လာထွေးရသလဲ၊ ရှပ်ကလေး လှလှပနဲ့ တယ် ညတ်ပစ်သကိုး"

"ဘာလဲရှင့်၊ ဘာ ညတ်ပစ်တာလဲ၊ စကားကို ကောင်း ကောင်း ပြောနော်"

"ဟိုး ဟိုး ဟိုး၊ ညတ်ပစ်တယ်ဆိုတာ ခင်ဗျားကို ညစ် ပတ်တယ်လို့ ပြောတာပါဗျာ"

"ဘာ ညစ်ပတ်တာလဲ၊ ရှင့်ထက် သန့်ရှင်းတယ် မှတ်ပါ၊ မုန့်ဟင်းခါးသည်က မုန့်ဟင်းခါးစကား မပြောဘူး၊ ကြီးကြီး ကျယ်ကျယ်တွေ ပြောနေတော့ အမြင်ကတ်တယ်ရှင့်၊ သိလား"

"ဟဲ ဟဲ၊ ဒါတော့ ခင်ဗျားမှားနေပြီ၊ ဒီမယ် မုန့်ဟင်း ခါးသည်ရယ်....လို့ အထင်မသေးလိုက်ပါနဲ့၊ ခင်ခွေးကိုက်ရယ်"

"ဘာရှင့်...."

"အဲ အဲ သဇင်လေး မကိုဋ်ရှယ်၊ ဒီကနေ့ မုန့်ဟင်းခါး သည်တွေရဲ့ ဝင်ငွေဟာ မသေးဘူးနော်၊ အထူးသဖြင့် ကျုပ် ဝင်ငွေက ပိုပြီးတော့တောင် များသေးတယ်၊ ခင်ဗျား စော ကြည့်နေပါ၊ မကြာခင် လမ်းဘေး အထမ်းသမား မုန့်ဟင်း ခါးသည်ဘဝကနေ ဟိုင်းလပ်ခ် ကားကြီးနဲ့ လည်ရောင်းမယ့် မုန့်ဟင်းခါးသည် ဖြစ်လာတော့မှာပါဗျာ"

"အိုး....ရှင့်ဟာရှင် ဟိုင်းလပ်စ်ကားကြီးနဲ့ ရောင်းရုံမက နိဗ္ဗာန်ယာဉ်ကြီးနဲ့ပဲ တင်ရောင်း တင်ရောင်း၊ ကျွန်မနဲ့ ဘာဆို လို့လဲ"



"ဟိုက်....ခင်ဗျားနှယ်ဗျာ၊ နိမိတ်မရှိ နမာမရှိ၊ ဘဇာကြောင့် နိဗ္ဗာန်ယာဉ်နဲ့ တင်ပြီး မုန့်ဟင်းခါး ရောင်းရမှာလဲဗျ၊ စကားကို ကျက်သရေရှိရှိ ပြောစမ်းပါ၊ ရှပ်ကလေးချောသားနဲ့ စကား ပြောပုံက ရိုင်းသဗျာ၊ ဟဲ ဟဲ"

"ရိုင်းတော့ ရှင်က ဘာလုပ်ချင်သလဲ၊ ပြောစမ်း ပါဦး"

"မလုပ်ပါဘူးလေ၊ ကျုပ်က ဈေးသည်ပဲ၊ ရန်သည်မှ မဟုတ်ပဲ၊ ဘယ်သူနဲ့မှ ရန်မဖြစ်ချင်ဘူး"

"ရန်မဖြစ်ချင်ယင် နဲ့ကို မမှုတ်နဲ့၊ ဒါပဲ၊ ကျွန်မ စာကျက်လို့ မရဘူး၊ သိလား"

"အဲဒီလို စောစောကတည်းက ပြောလိုက်ယင် ပြီးနေတဲ့ဟာ၊ ခင်ဗျားက လိုရင်းကို အပိုသွင်းပြီး ငိုချင်းရှည်တွေ ချနေ တာကိုး၊ ကောင်းပါပြီခင်ဗျာ၊ ခင်ဗျားရဲ့ ပညာရေးအတွက် ကျွန်တော့်နဲ့ဟာ အနှောင့် အယှက် ဖြစ်နေတယ် ဆိုယင် ကျွန်တော်မှ မမှုတ်တော့ပါဘူး၊ ကျေနပ်ပြီလား"

ချစ်ဝင်းနိုင်က ခပ်ပြုံးပြုံးကလေးဖြင့် ပြန်ပြောနေသည်။ အမျိုးသမီးချောကလေးကတော့ ကျေနပ်ပုံမပေါ်လှပေ။

"အို.... ကျေနပ်တယ် မကျေနပ်တယ်ဆိုတဲ့ အဖြေပေးဖို့ စောနေပါသေးတယ်၊ ရှင့်ဟာ အပြောနဲ့ အလုပ် ညီ မညီ စောင့်ကြည့်ဦးမယ်"

"စောင့်ကြည့်ပါ ခင်ဗျာ၊ စောင့်ကြည့်ပါ၊ နုတ်သုဒ္ဓါ မုန့်ဟင်းခါးသည်ကလေးဟာ ပြောယင် ပြောသလို လုပ်တတ် ပါတယ်၊ ဒါထက် ရောက်တုန်း ပေါက်တုန်း မုန့်ဟင်းခါး

www.burmeseclassic.com

www.burmeseclassic.com



ကလေး မြည်းစမ်းကြည့်သွားပါဦးလား၊ ကျွန်တော်က စေတနာနဲ့ ကျွေးမှာပါ၊ ပိုက်ဆံပေးနေစရာ မလိုပါဘူးလေ၊ ဟဲဟဲ”

“တော်ပါ၊ မစားချင်ပါဘူး၊ သူများ အလကားကျွေးတိုင်း စားတဲ့ အစားထဲက မဟုတ်ဘူး၊ ပြီးတော့ ရှင့်မုန့်ဟင်းခါးကိုလဲ မကြိုက်ဘူး၊ မုန်းတယ်ရှင့် မုန်းတယ်၊ သိပြီလား”

အမျိုးသမီးချောကလေး ပြောယင်း ခြေကို ဆောင့်ကာ သူ့ရှေ့မှောက်မှ ပြန်ထွက်သွားသည်။

ချစ်ဝင်းနိုင်က နောက်မှ နေ၍ လှမ်းအော်ပြောပုံကတော့....

“အို.... ညီမလေး မုန်းတယ်ဆိုပြီး အပြတ်မပြောနဲ့လေး နတ်သုဒ္ဓါမုန့်ဟင်းခါးကို ပါးစပ်လှုပ်ကာ နည်းနည်းလောက် စားကြည့်လိုက်စမ်းပါ၊ တခါတည်းနဲ့ အရသာ တွေ့သွားလို့ ကျုပ်သွားရာ နောက်ကို လိုက်နေရမယ်နော်၊ ဟား.... ဟား.... ဟား....”

ချစ်ဝင်းနိုင်က နောက်မှနေ၍ စ,သံကြောင့် အမျိုးသမီးချောလေးမှာ ထိကနဲ တံတွေးကို တချက်ထွေးပြယင်း သူ၏ခြံကြီးတွင်းသို့ ဝင်သွားတော့သည်။

တိုက်တွင်းသို့ အရောက်တွင် မိခင်ဖြစ်သူ ဒေါ်ရွှေဝင်းနှင့် ပက်ပင်း တိုးနေတော့သည်။

“ဟဲ့....သမီး စုစု၊ ဒါ ဘယ်က ပြန်လာတာလဲ၊ ဟင်.... မျက်စိ မျက်နှာလဲ မကောင်းပါလား၊ ဘာဖြစ်လို့လဲဟင်”

မိခင်ကြီးက ယုယသံဖြင့် လှမ်းမေးသည်။

အမျိုးသမီးချောကလေးမှာ နှုတ်ခမ်းကို တချက် ရှုပြယင်း ပြန်ပြောသည်။



“ဘယ်ကမှ ပြန်လာတာ မဟုတ်ဘူး မေမေ၊ ဟို....သမီးတို့ ခြံရှေ့မှာ လာရောင်းနေတဲ့ မုန့်ဟင်းခါးသည်ဟာ နဲ့ကြီး တတီတီနဲ့ မှုတ်နေလို့ သမီး သွားဆူခဲ့တာပဲ မေမေရဲ့”

“ခြော်... သမီးရယ်၊ ဒါမျိုး သမီးကိုယ်တိုင် သွားဆူနေရသလား၊ အိမ်မှာ ခိုင်းတဲ့ မိပုကို လွှတ်ပြီး ပြောခိုင်းယင်လဲ ပြီးတဲ့ဟာ”

“အာ . အာ မေမေကလဲ သိလဲ မသိပဲနဲ့၊ သမီးကိုယ်တိုင် သွားပြောတာတောင် မုန့်ဟင်းခါးသည်က လုပါးဝစကား ပြန်ပြော နေသေးတဲ့ဟာ၊ မိပုသာ လွှတ်လိုက် ယင်တော့ ရိုက်တောင် အလွှတ်ခံရဦးမယ် သိလား”

သမီးစကားကြောင့် မိခင်ကြီးမှာ ဒေါကန်သွားတော့သည်။

“ဟင်....မုန့်ဟင်းခါးသည်က သမီးကို လုဝါးဝ စကားတွေ ပြန်ပြောတယ်၊ ဟုတ်လား၊ ပြောစမ်း မေမေ့ကို၊ သင်းက ဘာတွေ ပြောလိုက်သလဲ၊ မေမေကိုယ်တိုင်ထွက်ပြီး ဒီကောင့် ပါးကို နှစ်ခြမ်းကွဲအောင် သွားရိုက်ပစ်မယ်”

“အို....သွားရိုက် မနေပါ နဲ့တော့၊ သမီး ဆူကြိမ်းပစ်ခဲ့လို့ သူလဲ ငြိမ်သွားပါပြီ၊ နောက်လဲ သူ့နဲ့ကြီးကို မမှုတ်တော့ပါဘူးလို့ ဝန်ခံကတိ ပေးလိုက်တယ် မေမေ”

သမီး၏ စကားကို ကြားရတော့မှ ဒေါ်ရွှေဝင်းမျက်နှာမှာ ပြေးချိုကာ သွားတော့သည်။

“အိမ်း ဒါဆို ပြီးတာပဲ သမီး၊ နောက်ကို အဲဒီလိုအောက်တန်းစားတွေနဲ့ သမီးကိုယ်တိုင် သွားပြီး မပြောနဲ့၊ အိမ်မှာ ခိုင်းထားတဲ့ဟာတွေ အရှိသားပဲ၊ သူတို့ကို လွှတ်လိုက်ပေါ့”

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ မေမေ"

အမျိုးသမီး ချောကလေး ပြန်ပြောယင်း သူ၏ စာကြည့်စားပွဲသို့ ထွက်သွားသည်။

ထိုအမျိုးသမီး ချောကလေးက မည်သူနည်း....။

သူ့အမည်က....စုရည်မွန် ဖြစ်ပါသည်။

အသက် (၁၉)နှစ်ခန့်သာ ရှိသေးသည်။

သူသည် ရန်ကုန်တက္ကသိုလ် ကြည့်မြင်တိုင် နယ်မြေတွင် ဒုတိယနှစ်၊ ရူပဗေဒ အဓိက ကျောင်းသူကလေးပင်။

မိဘများကတော့ ဦးကံသာလှနှင့် ဒေါ်ရွှေဝင်းတို့ ဖြစ်ကြသည်။

စုရည်မွန်မှာ အမည်ကလေး ကဗျာဆန်သလို ရုပ်ရည်ကလေးကလည်း ကဗျာဆန်ဆန် ချောမောလှပသူ ကလေးပင်။

တဦးတည်းသော သမီးမို့ မိဘနှစ်ပါးက မြှောက်စားထားသဖြင့် စုရည်မွန်မှာ မာနတံခွန်ထူကာ တော်ရုံတန်ရုံ လူကိုအဖက်မလုပ်ပေ။

သူတို့နှင့် ဂုဏ်မနေချင်း တူညီသော သူကိုမှ စုရည်မွန်က ခေါ်ခေါ်ပြောပြော လုပ်သည်။

မိန်းကလေးချင်း ဖြစ်စေ၊ ယောကျ်ား ကလေးကို ဖြစ်စေ သူတို့နှင့် အဆင့်တူသူမှ စုရည်မွန်က ပေါင်းသင်းသည်။

သူတို့ထက် အဆင့်နိမ့်ကျနေပါက စုရည်မွန်တို့က ခေါ်ခေါ်ပြောပြော မလုပ်တော့ပေ။

စုရည်မွန်အား ပိုးပန်းနေသူ မြောက်မြားစွာအနက် ညီညီမောင်နှင့် ကိုကိုဇော်မှာ အကဲဆုံးပင်။



နှစ်ဦးစလုံး ကလည်း ပိုက်ဆံ ချမ်းသာသော မိဘ များမှ ပေါက်ဖွားလာကြသူတွေမို့ စုရည်မွန်အဖို့ မည်သူ့ကို ရွေးရမည်မသိ ဖြစ်နေသည်။

တဖန် စုရည်မွန် မိဘတွေကလည်း သူတို့ သမက်လောင်း နှစ်ဦးစလုံးမှာ ပညာလည်းတူ၊ ဂုဏ်လည်း တူနေကြသူတွေမို့ သူတို့က မရွေးချယ်ပေးပဲ သမီးစိတ်တိုင်းကျကိုသာ ရွေးချယ်ခွင့်ကို ပေးထားသည်။

ယနေ့ အထိတော့ စုရည်မွန် အနေဖြင့် သူတို့ နှစ်ဦးအား မည်သူ့ဘက်ကိုမှ အလေးသာ မပေးသေးပေ။

မည်သို့ပင်ဖြစ်စေ ညီညီမောင်နှင့် ကိုကိုဇော်တို့ကတော့ စုရည်မွန်၏ အချစ်ပန်းကို ဆင်မြန်းနိုင်ရန်အတွက် အစွမ်းကုန် ကြိုးပန်းကာနေကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## (၆)

## မာနရှင်မိသားစု

---

စုရည်မွန်မှာ နှစ်ရက်တိတိ ချစ်ဝင်းနိုင်၏နှဲသံကို မကြားမိတော့၍ စိတ်ထဲတွင် ကျေနပ်နေမိသည်။

"ဒီလိုတော့လဲ မုန့်ဟင်းခါးသည်ကလေးဟာ သူ့စကားနဲ့အညီ လုပ်ပေသားပဲ"

ဟူ၍လည်း စိတ်တွင်းမှ ချီးမွမ်းနေမိသည်။

အဲ....တတိယ မြောက်နေ့တွင်တော့ စုရည်မွန်၏ နားတွင်သို့ ချစ်ဝင်းနိုင်၏ စူးရှရှနှဲသံကြီးမှာ မြူးကြွကြွဖြင့် ရောက်လာတော့သည်။

"ဟင်....ကြည့်စမ်း၊ ချီးမွမ်းလို့တောင် မဆုံးသေးဘူး၊ သူ့ငှက်ဆိုးထိုးသံကြီးက ပေါ်လာပြီ၊ ဒီလူဟာ အပြောနဲ့အပြုတကယ်မညီတဲ့သူပဲ၊ သိကြရောပေါ့"



စုရည်မွန် ဒေါသဖြစ်နေတော့သည်။

မိခင်ဖြစ်သူက အိမ်ဖော်တွေကို လွှတ်၍ ပြောခိုင်းရန် မှာထားသော်လည်း ဒေါသဖြစ်နေသော စုရည်မွန်က ဒါတွေကို သတိမရတော့ပေ။

နဖူးတွေ ဒူးတွေသာ တွေ့ချင်သဖြင့် သူကိုယ်တိုင် အပြင်ဘက်သို့ ထွက်သွားတော့သည်။

ထိုအချိန်တွင် အိမ်တွင်လည်း မိခင်ကြီးက မရှိပေ။

သူ့ဖခင်က ဖုန်းဆက်ခေါ်၍ အိမ်မှ ကားဖြင့် ဖခင်ထံသို့ သွားနေချိန်ဖြစ်သည်။

စုရည်မွန်မှာ ထဘီကို စွန်တောင်ဆွဲလျက် အပြင်ဘက်သို့ ဒေါကြီးမောကြီးဖြင့် ထွက်လာသည်။

ခြံအပြင်သို့ ရောက်လျှင် နှဲသံလာရာသို့ လှမ်း၍ကြည့်သည်။

မုန့်ဟင်းခါးသည်ကလေးမှာ ယမန်နေ့ကလို သူ၏ခြံရှေ့တွင်တော့ မဟုတ်တော့ပေ။

သူ့ခြံနှင့်သုံးတိုက်ခြားနေရာတွင် နှဲကလေးကို မှုတ်ကာ မုန့်ဟင်းခါးကို ရောင်းချနေသည်ကို တွေ့ရသည်။

မုန့်ဟင်းခါး ဆိုင်ရှေ့တွင် စားသောက်နေသူ တဦးသာရှိသည်။

ချစ်ဝင်းနိုင်မှာ စုရည်မွန်လာနေသည်ကို မသိသေးပေ။

သူမှုတ်နေကျ သီချင်းဖြစ်သော 'ရွှေကြီးညိုလာယင် ဒေါ်သန့် အပြစ်တင်' ကိုသာ မှုတ်နေသည်။

"ဒီမယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျားဟိန်းသံတမျှ စူးရှပြင်းထန်လှသောအသံဖြင့် စုရည်မွန်က လှမ်းခေါ်သည်။

ထိုအသံကြောင့် ချစ်ဝင်းနိုင်သာမကသေး၊ မုန့်ဟင်းခါး စားနေသူပါ စုရည်မွန်ကို လှမ်းကြည့်မိကြသည်။

စုရည်မွန် အနီးသို့ ရောက်လာသည်ကို တွေ့ရလျှင် ချစ်ဝင်းနိုင်မှာ မှုတ်နေသော နှဲကလေးအား အသာရပ်ကာ ပါးစပ်မှ ဖြုတ်ယင်း ခပ်ပြုံးပြုံးကလေး ပြန်ကြည့်နေမိသည်။

စုရည်မွန်ကတော့ ခက်ထန်သောမျက်နှာဖြင့် ချစ်ဝင်းနိုင်ကို ကြည့်ယင်း ရန်တွေ့နေတော့သည်။

"ရှင် သိပ်တော်တာပဲနော်"

"ဗျာ ဘာတော်တာလဲ ခင်ဗျာ၊ နှဲမှုတ် တော်တာလား မုန့်ဟင်းခါးရောင်းတော်တာလား၊ သဲသဲကွဲကွဲ ပြောပြပါလား၊ ဟဲဟဲ"

"ရှင် နောက်မနေနဲ့နော်၊ ပါးကွဲသွားမယ်၊ သိလား"

"ရော်.. ခင်ဗျားနှယ်ဗျာ၊ ကျွန်တော်နဲ့ မတွေ့လိုက်နဲ့ တွေ့လိုက်တာနဲ့ ရန်ဖြစ်ချင်တာပဲကိုး၊ နေပါဦး ခင်ဗျား စိတ်ဆိုးအောင် ကျွန်တော်က ဘာတွေများ လုပ်မိလို့လဲ"

"ဘာတွေလုပ်မိတယ်ဆိုတာ ရှင် မသိဘူးလား၊ လူဆိုတာ ကိုယ့်အပြစ်ကို ကိုယ်သိရတယ်ရှင့်"

"ဒါမှန်တာပေါ့၊ လူမှန်ယင် ကိုယ့်အပြစ်ကို ကိုယ်သိရတယ်၊ ဝန်လဲ ဝန်ခံရဲရတယ်၊ ဒီလိုမဟုတ်ပဲ ဘူးတလုံးဆောင်နေမယ် ဆိုယင် ဒီလူဟာ လူမဟုတ်ဘူး၊ တိရစ္ဆာန်ဖြစ်သွားမှာပေါ့"

"ဩော်....ဒါတွေလဲ ရှင်အသိသားပဲကိုး၊ ဟဲဟဲ"



စုရည်မွန် သရော်သံကလေးဖြင့် ပြန်ပြောသည်။

"သိတာပေါ့ဗျို၊ ကျုပ်က လူပဲဟာ...."

"သိယင် ရှင်ဟာ ဘာဖြစ်လို့ ပေးထားတဲ့ ကတိကို ချိုးဖောက်ရတာလဲ"

"ဗျာ"

ချစ်ဝင်းနိုင် ပါးစပ်ကြီး အဟောင်းသားဖြင့် အာမေဍိတ်သံကြီး ပေးမိသည်။

"ဗျာမနေနဲ့၊ ရှင်ဟာ ယောကျ်ားဖြစ်ပြီး ကတိမတည်တဲ့လူ၊ သိလား"

"နေဦး နေစမ်းပါဦး၊ ကျွန်တော်က ဘာတွေများ ကတိမတည်လို့လဲ၊ ဒေါသထွက်ပြီး ခင်ဗျားက လျှာရှည်ပြပါဦး၊ အဲအဲ ရှင်းပြစမ်းပါဦး"

"ပြောခန့်ပိုလိုသေးသလား၊ ဟိုတနေ့တုန်းက ကျွန်မကို ရှင်ဟာ ဘာကတိ ပေးခဲ့သလဲ"

ချစ်ဝင်းနိုင် တွေးနေဟန်ဖြင့် သူ၏မျက်စိများကို မှိတ်ကာ ထားသည်။

သူ့ရှေ့တွင် မုန့်ဟင်းခါးစားနေသူကတော့ သူတို့နှစ်ဦးကို ကြည့်၍ ထပဲ ပြေးရမည်လော၊ ဆက်၍ပဲ စားနေရမည်လော ဟူ၍ ဒွိဟစိတ်ဖြင့် အကဲခတ်နေသည်။

"ဩော်ဩော်....သိပြီသိပြီ၊ ခင်ဗျားစာကျက်တာ အနှောင့်အယှက် မဖြစ်ရအောင်လို့ ကျွန်တော့်နှဲကြီးကို မမှုတ်တော့ပါဘူးဆိုတာ၊ မဟုတ်လား"

"အဟဲ.... ဒီလိုတော့လဲ ရှင် မှတ်ဉာဏ်ကောင်းသားပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတာပေါ့ဗျာ၊ မှတ်ဉာဏ်ကောင်းလို့လဲ ဆယ်တန်းစာမေးပွဲတုန်းက ကျွန်တော်ဟာ 'ဒီသုံးလုံး' ရခဲ့တာပေါ့"

"အံမာ....ဖင်ခေါင်းကဖြင့် ကျယ်လိုက်တာ၊ ဘာ'ဒီ'တွေ ရတာလဲ၊ ပြောစမ်းပါဦး"

"ဟဲဟဲ ကျွန်တော်ရခဲ့တဲ့ 'ဒီ' ဟာ 'ဒစ်တဲင်းရှင်း' ဆိုတဲ့ ဂုဏ်ထူးကို ပြောတာ မဟုတ်ပါဘူးလေ"

"ဒါဖြင့် ဘာ'ဒီ'တွေလဲ"

"ခင်ဗျား တော်တော် စိတ်ဝင်စားနေပြီ ထင်တယ် အဟဲ၊ သိချင်ယင်ပြောပြပါ့မယ်၊ ကျွန်တော်ရတဲ့ 'ဒီသုံးလုံး' ဆိုတာကတော့ 'ပထမဒီ'ဖြစ်တဲ့ ကျွန်တော့်အဒေါ်က 'ဒုတိယဒီ' ဖြစ်တဲ့ ဒိုက်ဦးက နေပြီး 'တတိယဒီ' ဖြစ်တဲ့ ဒူးရင်းသီးတွေကို ဆယ်တန်းအောင်တဲ့ အထိမ်းအမှတ်နဲ့ ဝယ်ကျွေးတဲ့ 'ဒီသုံးလုံး'ပါဗျာ၊ ဟဲ ဟဲ ဟဲ"

"ဘာလဲ ရှင်က ကျွန်မကို နောက်တာလား"

"မဟုတ်ပါဘူးဗျာ၊ ပြောင်တာပါ"

"ဘာရှင့်"

"အဟဲ....နောက်တာလဲ မဟုတ်ဘူး၊ ပြောင်တာလဲ မဟုတ်ဘူး၊ ခင်ဗျားက စိတ်ဝင်စားနေလို့ ကျွန်တော်က ရှင်းပြနေတာပါလေ၊ အဟဲ"

"တော်၊ အပိုတွေ ပြောမနေနဲ့၊ ရှင်ဟာ ပေးထားခဲ့တဲ့ ကတိကို ဘာလို့ ယောကျ်ားတန်မဲ့ ချိုးဖောက်ခဲ့တယ် ဆိုတာကိုသာ ပြောစမ်းပါ"



"ကျွန်တော် ဘယ်မှာ ကတိကို ဖောက်ဖျက်ခဲ့လို့လဲ၊ မဖောက်ပါဘူးဗျာ"

ချစ်ဝင်းနိုင် စကားကြောင့် စုရည်မွန်မှာ ပိုမို၍ ဒေါသဖြစ်သွားတော့သည်။

"ဟင်၊ နဲ့ကြီးကို မမှတ်တော့ပါဘူးလို့ ဟိုနေ့က ကျွန်မကို ကတိပေးထားခဲ့တယ် မဟုတ်လား၊ အခု ဒီနဲ့ကြီးကို ပြန်မှတ်တာဟာ ကတိတည်တယ်လို့ ပြောရမှာလား"

"ဟဲဟဲ၊ ကျွန်တော် ရှင်းပြတာ ကလေးကို နားဆင်ပါဦးလေ၊ ခင်ဗျားကို ဟိုနေ့က ကျွန်တော်ပြောခဲ့တာက ခင်ဗျားတိုက်ရှေ့မှာ နဲ့ကို မမှတ်ပါဘူးလို့သာ ပြောခဲ့တာပဲ၊တသက်လုံး ဒီနဲ့ကြီးကို မမှတ်ဘူးလို့ ကတိပေးခဲ့တာမှ မဟုတ်တာ၊ပြီးတော့ ကျွန်တော် အခုမှတ်နေတဲ့ နေရာက ခင်ဗျားတိုက်ရှေ့မှာ မဟုတ်ဘူးလေ၊ သုံးလေးတိုက်ကျော် နေရာကနေ ဒီနဲ့ကို မှတ်နေတဲ့ဟာ၊ ဒီတော့ ကျွန်တော်ဟာ ဘယ်မှာ ကတိကို ချိုးဖောက်တယ်လို့ ဆိုနိုင်မှာလဲဗျာ၊ မဟုတ်ဘူးလား၊ မုန့်ဟင်းခါး သုံးဆောင်နေတဲ့ မိတ်ဆွေရယ်"

ချစ်ဝင်းနိုင်မှာ စုရည်မွန်ကို ပြောနေရာမှ မုန့်ဟင်းခါး စားနေသူကိုပါ စစ်ကူတောင်းနေသည်။

မုန့်ဟင်းခါး စားနေသူကလည်း ယောင်ယောင်မှားမှားဖြင့် ပြန်ပြောသည်။

"အာ....ဟုတ်တာပေါ့ဗျာ၊ အဟဲ"

"ဘာဟုတ်တာလဲ၊ ရှင်က ဘာသိလို့ ဟုတ်နေတာလဲဟင်"

www.burmeseclassic.com

www.burmeseclassic.com



စုရည်မွန် ဒေါသသံဖြင့် မုန့်ဟင်းခါး စားနေသူ လူရွယ်အား လှမ်းရန်တွေ့သည်။

"အယ် အယ်.... သိဘူးလေ၊ သူက မဟုတ်ဘူး မေးလို့ ကျွန်တော်က ဟုတ်တယ်ဆိုပြီး ပြန်ဖြေမိတာပါ၊ တခြားကိစ္စတော့ ကျွန်တော် မသိဘူး ခင်ဗျ"

"မသိယင် ရှင့်ပါးစပ်ကို ပိတ်ထားလိုက်စမ်း"

"ဟာဗျာ၊ အဲဒါတော့ မဖြစ်ဘူး ခင်ဗျ"

"ဘာကြောင့်"

"ကျွန်တော်က မုန့်ဟင်းခါး စားနေတဲ့သူဆိုတော့ ပါးစပ်ကို ပိတ်ထားယင် မုန့်ဟင်းခါးကို ဘယ်လိုလုပ် စားရတော့မှာဟာ၊ ဒီတော့ ပါးစပ်ကလေးတော့ ဖွင့်ထားပါရစေ၊ ခင်ဗျားတို့ နှစ်ယောက်ကြားမှာ မပါယင် ကျေနပ်ပေါ့၊ အဟီး"

မုန့်ဟင်းခါးစားနေသူက ပြောယင်း စားလက်စ မုန့်ဟင်းခါးကို ဆက်စားနေတော့သည်။

စုရည်မွန်ကတော့ ထိုသူအား မျက်စောင်းတိုး ကြည့်နေသည်။

ပြီးမှ ချစ်ဝင်းနိုင်ဘက်သို့ လှည့်ကာ ပြောနေပြန်သည်။

"ဒီမယ်....မုန့်ဟင်းခါးသည်ရဲ့၊ ရှင်ဟာ ကျွန်မ တိုက်ရှေ့မှာ နှဲကို မမှုတ်ပေမယ့် ဒီနေရာမှာ နှဲကို မှုတ်နေတဲ့အတွက် ရှင့်နှဲသံဟာ လေမှာပျံ့ပြီး ကျွန်မ နားထဲကို ရောက်လာနိုင်တယ် ဆိုတာကို ရှင် စဉ်းစားမိရဲ့လားဟင်"

"ဒါကတော့ ခင်ဗျားဟာ အကဲပါလွန်းလှပါတယ်ဗျာ၊ ကျွန်တော့် နှဲသံဟာ အခုဆိုယင် ခင်ဗျားတိုက်နဲ့ အဝေးကြီး



ဖြစ်ပြီပဲ၊ ရောက်လဲ အယင်ကလို နီးနီးကပ်ကပ် မရောက်တော့ပါဘူးလေ၊ အသံ သဲ့သဲ့ကလေးပဲ ရောက်မှာမို့ ခင်ဗျား စာကျက် မပျက်နိုင်ပါဘူး"

"ပျက်နိုင်လို့ ပြောနေတာရှင့်၊ မုန့်ဟင်းခါး ရောင်းယင် မုန့်ဟင်းခါးပဲ ရောင်းနေပါလား၊ ဘာဆိုင်လို့ ဒီနှဲကြီးကို တတီတီနဲ့ မှုတ်ချင်ရဘာလဲ၊ မှုတ်ချင်ယင် ရှင့်အိမ် ကျမှ ဖင်ထဲက လိပ်ခေါင်း ထွက်ကျအောင် မှုတ်ပေါ့"

"အဟီး ကျွန်တော့်မှာ လိပ်ခေါင်း မရှိပါဘူးဗျာ၊ မယုံယင် စမ်းကြည့်နိုင်ပါတယ်"

ချစ်ဝင်းနိုင်၏ စကားကို ကြားရလျှင် စုရည်မွန်မှာ တကိုယ်လုံး တုန်တက်မတတ် ဒေါသထွက်သွားသည်။

"ဘာ.... ဘာ ပြောတယ်၊ ရှင်နော် စကားပြောတာ ကြည့်ပြော၊ လူပါးမဝနဲ့....ဟွန်း၊ လူပုံကိုက အောက်တန်းစား မုန့်ဟင်းခါးသည် ပီပီ ပြောပုံဆိုပုံ အင်မတန် ရိုင်းတယ်"

"မရိုင်းပါဘူး၊ ခင်ဗျားက ပြောလို့ ဒီက လိပ်ခေါင်းမရှိကြောင်း ရှင်းပြနေတဲ့ ဟာ၊ ခင်ဗျားကလဲ သဌေးသမီးရယ်လို့ မပြောရဘူး၊ စကားပြောယင် အောက်တန်းတွေ အထက်တန်းတွေ တယ်သုံးတာပဲ၊ ဒီခေတ်ကြီးမှာ ဒါမျိုးတွေ မရှိတော့ပါဘူးလေ၊ လူလူချင်းပဲဟာ ဘာဆိုင်လို့ အဆင့်အတန်း ခွဲခြား နေချင်ရတာလဲ"

"ခွဲရမယ်၊ လူချင်း တူပေမယ့် အသက်ရှူချင်း ကွဲနေတာပဲ၊ အခုကြည့်လေ၊ ရှင်က လမ်းဘေးက မုန့်ဟင်းခါးသည်ဆိုတော့ စကားပြောတဲ့ နေရာမှာ ယဉ်မကျေးဘူး၊ ရိုင်း

www.burmeseclassic.com

www.burmeseclassic.com



စိုင်းတယ်....၊ ကျွန်မတို့ အထက်တန်းလွှာတွေက... ဒါမျိုးမပြောဘူး”

“ဟာ ဟာ ဟ... ခင်ဗျားက အထက်တန်းလွှာ ဆိုတော့ မိုးပေါ်တက်ပြီး တိမ်ညွန့်တွေကို စားနေတဲ့ စုံးမကြီးများလားဗျာ၊ ဟား ဟား ဟား”

စုရည်မွန်မှာ သူ့အား စုံးမနှင့် အနှိုင်းခံလိုက်ရ၍ ဆတ်ဆတ်ခါမျှ နာကျည်းသွားသည်။

“ဟင်....ရှင်ကလား လူကို စုံးမလို့ပြောတာ၊ ရှင်သာ စုံးထီး။ သိရဲ့၊ ပြိတ္တာ၊ သိလား”

“ဟိုးဟိုး....ဆပ်ဘွတ်ကရိုး၊ ဒေါ်စမကီးနဲ့လေ၊ ခင်ဗျားက အထက်တန်းလွှာ ဆိုလို့ ပြောရတဲ့ဟာ၊ ခင်ဗျားကလဲ ရုပ်ကလေး ချောသလောက် ဒေါသက ကြီးသကိုး၊ မဟုတ်ဘူးလား မိတ်ဆွေရယ်”

ချစ်ဝင်းနိုင်မှာ မုန့်ဟင်းခါး စားနေသူကို လှမ်း၍ အဖော်ညီပြန်သည်။

“ဟုတ်တယ်ပေါ့ဗျာ....”

“ဟင်... ရှင် ဝင်ပြောပြန်ပြီလား”

စုရည်မွန် လှမ်းမာန်သည်။

“အဲ..ဟုတ်သားပဲ၊ မဟုတ်ပါဘူးဗျာ၊ သူက ဒေါသကြီးနေတာ မဟုတ်ပါဘူး၊ သဘောကောင်းပြနေတာပါ၊ အဟီး”

မုန့်ဟင်းခါး စားသူမှာ အမြန်ဆုံးပင် စကားကိုပြင်၍ ပြောလိုက်ရသည်။



ယင်းအခိုက်မှာပင် သူတို့အနီးသို့ မစ်စုဘီရှိ ကုမ္ပဏီလုပ် ‘လင်ဆာ’ကားကလေးမှာ ဆိုက်ရောက်လာသည်။

သူတို့အားလုံး ကားဆီသို့ တပြိုင်တည်း လှမ်းကြည့်ကြသည်။

ကားတွင်းမှ စုရည်မွန်၏ မိခင် ဒေါ်ရွှေဝင်း အသံ ပေါ်လာသည်။

“ဟဲ့ သမီး၊ ဘာလာလုပ်နေတာလဲ၊ မုန့်ဟင်းခါး လာစားနေတာလား”

“အာ....မေမေကလဲ၊ သမီး ဘယ်တုန်းက မုန့်ဟင်းခါး စားဖူးလို့လဲ၊ စားဖို့ဖယ်ထား၊ အနံ့တောင် မခံချင်ဘူး”

“နို့ ဘာလို့ ဒီကို ရောက်နေတာလဲ”

“ရောက်နေဆို....ဒီမုန့်ဟင်းခါးသည်ပေါ့၊ သူကတိကို ဖျက်လို့၊ သမီး လာပြီး ဆူနေတာလေ”

စုရည်မွန်၏ စကားအဆုံး၌ ကားပေါ်မှ ဒေါ်ရွှေဝင်း ဆင်းလာသည်။

ဒေါ်ရွှေဝင်း နောက်မှ စုရည်မွန်၏ ဖခင် ဦးကံသာလှ ပါလာသည်။

မုန့်ဟင်းခါး စားနေသူကတော့ ချစ်ဝင်းနိုင်အား ကျသင့်သော မုန့်ဟင်းခါးဖိုးကို အမြန်ပေးကာ ထိုနေရာမှ လစ်ပြေးသွားတော့သည်။

သူ့အဖို့ မုန့်ဟင်းခါးသည်နှင့် စုရည်မွန်တို့ ပြဿနာဖြစ်ကြည့်နေရာတွင် ဓားစာခံအဖြစ် ပါသွားမည်ကို လန့်၍ပင်။

www.burmeseclassic.com

www.burmeseclassic.com



ချစ်ဝင်းနိုင်ကတော့ စုရည်မွန်၏ မိဘနှစ်ပါးအား မသိမသာ အကဲခတ်ကာ ကြည့်ရှုနေသည်။

စုရည်မွန်၏ ဖခင်မှာ အသက်ငါးဆယ်ကျော်ကျော်ခန့်ရှိပြီး အသား ညိုညို၊ အရုပ်အမောင်းကောင်းထဲက ဖြစ်သည်။

ဒေါ်ရွှေဝင်းကတော့ ငါးဆယ်ခန့်သာ ရှိဦးမည်။

အသားဖြူဖြူ ဝဝဖိုင့်ဖိုင့်ထဲကပင်။

သူတို့၏ မျက်နှာပေါ်တွင် ချစ်ဝင်းနိုင်အား အထင်သေးရှုတ်ချလိုသည့် အသွင်သဏ္ဍာန်တွေ ပေါ်နေသည်။

"အော်... ဒီလူကြီးနဲ့ မိန်းမကြီးကြည့်ရတာ မာနတော့ တော်တော် ကြီးပုံရတယ်"

ချစ်ဝင်းနိုင် စိတ်တွင်းမှ မှတ်ချက်ချမိသည်။

ဒေါ်ရွှေဝင်းက ချစ်ဝင်းနိုင် ဘက်သို့ မျက်နှာထားဖြင့် တချက် လှမ်းကြည့်ပြီး စုရည်မွန်ကို မေးသည်။

"သမီးပြောတဲ့ နှုတ်မှတ်တဲ့ မုန့်ဟင်းခါးသည်ဆိုတာ သူလား"

"အစစ်ပေါ့၊ မေမေ"

စုရည်မွန်က ပြန်ဖြေသည်။

ချစ်ဝင်းနိုင်မှာ သူတို့အား မသိဟန်ဆောင်ကာ ဤသို့ လှမ်းပြောနေသည်။

"ကြွကြွပါ ခင်ဗျာ၊ ကျွန်တော့်ရဲ့ လမ်းဘေး မုန့်ဟင်းခါးဆိုင်ကို အခုလို သိန်းကျော်တန် နောက်ဆုံးပေါ် ကားကြီးနဲ့ လာအားပေးတာကို တွေ့ရလို့ ဂုဏ်ယူမဆုံးပါဘူး ခင်ဗျာ၊ ...ကဲ ဘာများ သုံးဆောင်ကြမလဲ၊ မိန့်တော်မူပါခင်ဗျာ၊ ဟဲဟဲ"



"ဟော့ကောင် တိတ်လိုက်စမ်း၊ ငါတို့လာတာ မင့်မုန့်ဟင်းခါးကို စားမလို့ လာကြတာ မဟုတ်ဘူး၊ မင်းလို လမ်းဘေး မုန့်ဟင်းခါးမျိုးကို စားတဲ့ အောက်ဘန်းစား မဟုတ်ဘူးကွ"

ဦးကံသာလှက မာနကြီး တခဲ့သားဖြင့် ပြန်ပြောသည်။

"ဪ ဟုတ်ကဲ့၊ ကျွန်တော်လဲ ဦးတို့လိုအထက်တန်းလွှာတွေ လာစားနိုင်အောင် ကြိုးစားနေပါတယ် ခင်ဗျာ၊ စောင့်[illegible]သာ ကြည့်နေကြပါ၊ ကျွန်တော် အခု လက်ထဲမှာ စုဆောင်းထားတာ တသိန်းနား နီးနေပါပြီ၊ မကြာခင် ဟိုင်းလပ်ခ်ိကား [illegible] ဝယ်ပြီး လမ်းဘေး အထမ်းသမား မုန့်ဟင်းခါးသည် ဘဝ ကနေ ဟိုင်းလပ်ခ်ိကားကြီးနဲ့ စမတ်ကျကျ ရောင်းချနိုင်မယ့် မုန့်ဟင်းခါးသည် ဘဝကို တက်လှမ်းဖို့ လက်ဘကမ်းပဲ လိုပါတော့တယ်၊ အဲဒီအခါကျယင် ဦးလေးတို့က လာပြီး အားပေးမယ်ခနော်၊ အားမပေးယင်တော့ အားကြီး ကျိတ်ကျိုးမှာပဲ ခင်ဗျ၊ အဟီး"

ချစ်ဝင်းနိုင်က နောက်သလိုလို ပြောသလိုလိုဖြင့် ပြောနေသည်။

စုရည်မွန်တို့ မိသားစုမှာတော့ ချစ်ဝင်းနိုင်စကားတွေကြောင့် နှာခေါင်းကာ ဒေါကန်ကုန်ကြတော့သည်။

"ဟော့ကောင် မုန့်ဟင်းခါးသည် မင့်စကားပြောပုံကြီးက ကြီးကျယ်လှ ချည့်လားကွ ဟေ့၊ လူနေခိုးကြား စိတ်နေဘုံဖွဲ့ဆိုတာ မင်းလိုကောင်မျိုးနဲ့ တူတယ်"

"အစစ်ပေါ့ ဦးလေးရယ်၊ လူဆိုတာ အမြင့်ကို ကြံနိုင်မှ တော်ကာကျတာပဲ၊ လူငယ် ဆိုတာမျိုးကလဲ တက်စိတ်ကိုသာ

www.burmeseclassic.com

www.burmeseclassic.com



မွေးရတာပဲ၊ ကျစိတ်ကို မမွေးရဘူး၊ ဒါမှလဲ ကျွန်တော်တို့ရဲ့ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ကြီးမှာ လူကောင်းလူတော် ကလေးတွေ ပေါ်များလာမှာပေါ့ ခင်ဗျာ၊ အဟဲ”

ချစ်ဝင်းနိုင်၏ စကားတွေမှာ ကြားနေရသော ဦးကံသာလှတို့ မိသားစုအတွက် ပျားသကာလို မချိုပဲ ခါးတမာလို ဖြစ်နေတော့သည်။

“တော်ဗမ်းကွာ၊ တော်စမ်း၊ ခွေးပါးစပ်က နတ်စကားထွက် ဆိုတာမျိုးလို မင့်လို လမ်းဘေး မုန့်ဟင်းခါးသည်က ဒီစကားတွေနဲ့ မထိုက်တန်ပါဘူးလေ၊ ကဲ သမီး ကားပေါ်တက်၊ ဒီအကောင်နဲ့ အဖက်လုပ်ပြီး ပြောမနေနဲ့”

ဦးကံသာလှ ပြောယင်း ကားပေါ်သို့ သူက ဦးဆောင်၍ ပြန်တက်သွားသည်။

ဦးကံသာလှ တက်အပြီး ဒေါ်ရွှေဝင်းက လိုက်တက်သွားသည်။

စုရည်မွန်မှာမူ ကားပေါ်သို့ လိုက်မတက်သေးပဲ ချစ်ဝင်းနိုင်အား ရွံရှာမုန်းတီးသော အကြည့်ဖြင့်ကြည့်ယင်း လှမ်းပြောသည်။

“ဒီမယ်...မုန့်ဟင်းခါး ရောင်းယင် ရိုးရိုးရောင်းပါ၊ ရှင့် အမင်္ဂလာသံ နှဲကြီးကို မှုတ်ပြီးတော့ဖြင့် မရောင်းပါနဲ့၊ ဒါပဲ ပြောချင်တယ်”

စကားအဆုံးတွင် စုရည်မွန်မှာ သူ့မိဘများရှိရာ ကားပေါ်သို့ တက်သွားသည်။



ချစ်ဝင်းနိုင်မှာ မာနတံခွန်တွေ ထူလှသော စုရည်မွန်တို့ မိသားစုအား လှမ်းကြည့်ပြီးနောက် အောက်ပါအတိုင်း လှမ်း၍ ပြောသည်။

“ကတည်းဗျာ၊ နှဲကလေး မှုတ်တာ ရာဇဝတ် ဖြစ်မှုကြီး ကျူးလွန်တာကျနေတာပဲ၊ အို... ရှုပ်တယ်၊ ဘယ်သူ့ကိုဂရုစိုက်ရမှာလဲ၊ ငါ့ဟာငါ မှုတ်တာ ဘာဖြစ်သလဲ၊ ဘာဖြစ်သလဲ၊ ငါ့ဟာငါ မှုတ်တာ ဘာဖြစ်သလဲ၊ ဘာဖြစ်သလဲ၊ တီ တီ တီ... တော် တော်...တီ တီ...တော် တော်...တီး”

ချစ်ဝင်းနိုင်စကားအဆုံးတွင် စုရည်မွန်တို့ ကားရှိရာသို့ သူ၏ နှဲကြီးကို ပါးစပ်တွင်တပ်ကာ တအားကြုံး၍ မှုတ်နေတော့သည်။

ချစ်ဝင်းနိုင်၏ နှဲမှုတ်သံကြောင့် ကားတွင်းရှိ စုရည်မွန်တို့ မိသားစုမှာ နားတွင်းသို့ စူးရှရှ နှဲသံကြီး ဝင်လာသဖြင့် သူတို့ အားလုံး နားတွေကို ပြိုင်တူပိတ်ထားလိုက်ကြရသည်။

ချစ်ဝင်းနိုင်ကိုလည်း ဒေါသတော့ဖြင့် ငိုင်း၍ ကြည့်နေကြသည်။

ချစ်ဝင်းနိုင် ကတော့ သူတို့ကား မထွက်မချင်း နှဲကိုသာ အားရပါးရ မှုတ်နေတော့သည်။

သူတို့ကား ထွက်သွားတော့မှ ချစ်ဝင်းနိုင်လည်း နှဲမှုတ်ခြင်းကို ရပ်ထားတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

(၇)

## အောင်ဘာလေ မဲပေါက်သူ

နောက်ဆုံးပေါ် ရွှေဝါရောင် တိုယိုတာ ကိုရိုလာ ကား ကလေးတစီးမှာ စုရည်မွန်တို့ ခြံတွင်းသို့ ဖြည်းညင်းစွာ မော ဝင်လာသည်။

ကားထဲတွင်တော့ ကားမောင်းသူ တဦးသာ ပါသည်။

အသားဖြူဖြူ၊ အရပ်ရှည်ရှည်၊ ဝတ်စုံက အနောက်တိုင်းဝ ကို ဝတ်ထားသည်။

မျက်နှာပေါ်တွင်လည်း အပုံစားနေကာမျက်မှန် Polor ကို တပ်ထားသည်။

သူကား စုရည်မွန်အား အသေအလဲ ပိုးပန်းကာ နေ ကိုကိုဇော် ဆိုသပင်။



စုရည်မွန်တို့....ဆင်ဝင်အောက်သို့ ရောက်လျှင် ကားကို ညင်သာစွာ ထိုးရပ်သည်။

ကားရပ်ပြီးနောက် ကားဟွန်းသံကို တီကနဲ တချက်တီး သည်။

သူ၏ ဟွန်းသံကြောင့် တိုက်တွင်းမှနေ၍ စုရည်မွန် အပြေး ကလေး ထွက်လာသည်။

"ဟေး ကိုကိုဇော်၊ ဒါ ဘယ်က ပြန်လာတာလဲဟင်"

ပြုံးစစ မျက်နှာကလေးဖြင့် စုရည်မွန်က လှမ်းမေးသည်။

ကိုကိုဇော် ဆိုသူက သွားဖုံးများ ပေါ်အောင် ပြုံးပြယင်း ပြန်ပြောသည်။

"ဘယ်ကမှ ပြန်လာတာ မဟုတ်ပါဘူး၊ စုဆီကို တမင် လာခဲ့တာပဲ"

"ဘာကိစ်"

"ဘာကိစ်ရမှာလဲ၊ ဒီကနေ့ ကျောင်းအားလို့ စုကို ရုပ်ရှင် ရယ်....ဟိုတယ်တခုခုမှာ အဝကျွေးချင်လို့ရယ်ပေါ့၊ လိုက်မယ် မဟုတ်လား"

"ဟာ....ကိုကိုဇော် နောက်ကျသွားပြီ"

"ဟင်....ဘာကြောင့်လဲ စုရယ်"

ကိုကိုဇော့်မျက်နှာမှာ ချက်ချင်းပင် ညှိုးကျသွားသည်။

"ခုနင်ကလေးကပဲ အစ်ကို ညီညီမောင်က ဖုန်းနဲ့ စုဆီကို

www.burmeseclassic.com

www.burmeseclassic.com



“ဟောဗျ၊ ဒီလိုဆို အကြံတူ နေကြ ပြီကော၊ ဒါပေမယ့် စုအနေနဲ့တော့ ညီညီမောင်ထက် ကိုကိုဇော်ကို ဦးစားပေးသင့်ပါတယ်ကွာ”

“ဟာ ဟ၊ ဘာဆိုင်လို့ ကိုကိုဇော်ကို ဦးစားပေးရမှာလဲ၊ ဟိုက အယင်ဦးနေတဲ့ဟာ”

“သူ အယင်ဦးတာက လူကိုယ်တိုင် လာတာမှ မဟုတ်ပဲ၊ ဖုန်းနဲ့ဆက်တဲ့ဟာ၊ ဒီက အကောင်ကတော့ ကိုယ်တိုင်ကိုယ်ကျ စုကို လာခေါ်နေတာပဲ၊ ဒီတော့ ကိုကိုဇော်ကို ဦးစားမပေးသင့်ဘူးလားလို့၊ ပြောစမ်းပါဦး ဟဲ ဟဲ ဟဲ”

“အို... စုအနေနဲ့တော့ ဘယ်သူ့ကို ဦးစားပေးရမယ် မပေးရဘူးဆိုတာ အဆုံးအဖြတ်မပေးချင်ဘူး၊ ကိုညီညီမောင်လဲ မကြာခင်ရောက်လာတော့မယ်မို့ ကိုကိုဇော်တို့ နှစ်ယောက် မျက်နှာစုံညီဆွေးနွေးပြီး ဆုံးဖြတ်ကြပေတော့၊ ဟုတ်လား”

“ဟာကွာ... စုကလဲ မဟုတ်တဲ့ဟာ၊ ကာယကံရှင်ဖြစ်တဲ့ စုက ဆုံးဖြတ်ပေးမှ ဖြစ်မယ်ဟာ...၊ ကိုယ်တို့နှစ်ယောက် ဆုံးဖြတ်နေယင် ကိစ္စက ပြီးတော့မှာမှ မဟုတ်ပဲ”

“မကြီးယင်လဲ စုကတော့ ဘယ်သူနဲ့မှ မလိုက်တော့ဘူး၊ ဟုတ်တယ်လေ... ကိုကိုဇော်ခေါ်ရာကို လိုက် သွား ယင် လဲ ကိုညီညီမောင်က ကျေနပ်မှာ မဟုတ်သလို ကိုညီညီမောင် နောက်ကို လိုက်ယင်လဲ ကိုကိုဇော်က ကျေနပ်မှာ မဟုတ်ဘူး၊ ဒီတော့ ကြားနေရေးဝါဒကို လက်ကိုင်ထားပြီး စုတော့ ဘယ်သူ့ နောက်မှ မလိုက်ဘူး”



စုရည်မွန်၏ စကားကြောင့် ကိုကိုဇော်မှာ စိတ်ပျက်သွားတော့သည်။

“တောက်၊ ဒီညီညီမောင်ဆိုတဲ့ ကောင်ကလဲ တမျှော့ပဲ၊ နေ့လည်ပတ်ဖို့ချိန်းတိုင်း ဒီအကောင်နဲ့ချည်း ဆုံဆုံနေတာပဲ၊ တွန်း”

“ကဲပါ၊ ညည်းညည်းညူညူ လုပ်မနေစမ်းပါနဲ့၊ စုတို့ဆီ ရောက်မှတော့ အိမ်ထဲဝင်ပြီး လက်ဖက်ရည်ကလေး ဘာကလေး သုံးအောင်ပါဦးလေ၊ စုနဲ့လျှောက်မလည်ရပေမယ့် စုနဲ့ထိုင်စကားပြောရယင် ကျေနပ်ပေါ့၊ ဟုတ်ပြီလား”

စုရည်မွန်က ချစ်ဖွယ်အပြုံးကလေးဖြင့် ပြန်ပြောနေသည်။

ကိုကိုဇော်မှာ စုရည်မွန်အား အလွမ်းမင်းသားဟန်မျိုးဖြင့် လှမ်းကြည့်ယင်း ကားပေါ်မှ ဆင်းလာခဲ့သည်။

စုရည်မွန်က ကိုကိုဇော်အား လက်ဖက်ရည်ခန်းတွင်းသို့ ခေါ်သွားသည်။

အခန်းထဲတွင် စုရည်မွန် မိဘများလည်း ရှိနေကြသည်။

“ဟာ... ကိုကိုဇော် လာဗျော့၊ လက်ဖက်ရည်သောက်ရအောင်”

ဦးကံသာလှက ကိုကိုဇော်အား လှမ်းခေါ်သည်။

“မောနင်းအန်ကယ်...”

ကိုကိုဇော် အင်္ဂလိပ်ဘာသာဖြင့် နှုတ်ဆက်ယင်း လွတ်လပ်ကုလားထိုင်တလုံးတွင် ဝင်ထိုင်သည်။

ဒေါ်ရွှေဝင်းကလည်း ကိုကိုဇော်အား ကျေနပ်သောအပြုံးကလေးဖြင့် လှမ်းကြည့်ယင်း ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com

"စောစောတုန်းကတော့ မောင်ညီညီမောင်က မင့်ညီမဆီ ဖုန်းလှမ်းဆက်သေးတယ်ကွယ့်"

ကိုကိုဇော်မှာ မျက်နှာမသာမယာဖြင့် ဒေါ်ရွှေဝင်းအား ပြန်ပြောသည်။

"ဒီကောင်ကတော့ တဆိတ်ရှိ ဖုန်းကိုပဲ အားကိုးတဲ့ကောင် အန်တီရဲ့၊ လူက ပျင်းဆိုတော့ ဘယ်တော့မှ ကျွန်တော့်လို တကူးတက စုဆီကို လာတာမဟုတ်ဘူး"

ကိုကိုဇော်စကားများကို နားထောင်ကြယင်း စုရည်မွန်တို့မှာ ပြုံးနေကြသည်။

ယင်းအခိုက် သူတို့အားလုံးအိမ်ရှေ့မှ ကားဟွန်းသံတချက်ကို ကြားလိုက်ကြရသည်။

"ဟော.... ကိုညီညီမောင်လာပြီထင်တယ်၊ ကဲ ကိုကိုဇော် ဆွေးနွေးယင် ကောင်းကောင်း ဆွေးနွေးနော်၊ ရန်တော့ မဖြစ်ကြနဲ့၊ သိလား၊ ခိခိခိ"

စုရည်မွန်ပြောယင်း ညီညီမောင်အား ကြိုဆိုရန် အိမ်ရှေ့သို့ ပြေးထွက်သွားသည်။

ညီညီမောင်မှာ ကိုကိုဇော်၏ကား နောက်တွင် သူ့ကားကို အသာထိုးရပ်သည်။

"ဟေးစု မကောင်းဆိုးဝါးကောင်ရောက်နေပြီလားဟင်"

ညီညီမောင် ကားပေါ်မှ ဆင်းယင်း စုရည်မွန်ကို လှမ်းမေးသည်။

"ဟာကွာ.... အစ်ကိုညီကလဲ ဒီလိုမပြောနဲ့လေ၊ ကိုယ့်သူငယ်ချင်းချင်းပဲဟာ"



စုရည်မွန်က နှုတ်ခမ်းကလေး အသာထော်ပြယင်း ပြန်ပြောသည်။

"မပြော လို့ဖြစ်မလား၊ စုကို လည်ဖို့ ပတ်ဖို့ ခေါ်တိုင်း ဒီကောင်က ရောက်ရောက်နေတဲ့ဟာ"

"အင်း....အစ်ကိုညီပြောသလိုပဲ စောစောကလဲ ကိုကိုဇော်က အဲဒီအတိုင်းပဲ ပြောနေတယ်လေ၊ အစ်ကိုတို့နှစ်ယောက်ကလဲ အကြံတူကြသကိုး၊ ခိ ခိ ခိ"

"အကြံတူဆို.... ဟောဒီက ဟန်မူပိုနေတဲ့ စုကြောင့်ပေါ့၊ စုသာ ပြတ်ပြတ်သားသား အစ်ကိုညီဘက်ကို အလေးပေးလိုက်ယင် ဟိုအကောင် ခွေးပြေးကိုပြေးရပြီးသားပဲ၊ အစ်ကိုပြောတာ မဟုတ်ဘူးလားကွာ၊ အဟီး"

"အို.... တော်စမ်းပါ၊ စုကတော့ အစ်ကိုတို့ နှစ်ယောက်လုံးကို ခင်မင်နေတာမို့ ဘယ်သူ့ကိုမှ အလေးမပေးနိုင်ဘူး၊ ချစ်ပန်းကို တကယ်ဘမ်း ဆင်မြန်းချင်တယ်ဆိုယင်တော့ ပထမပန်းဝင်နိုင်အောင် ကြိုးစားကြပေါ့"

"စိတ်ချ၊ ဒီက အကောင်က သက်လုံ အပြည့်အဝရှိတာမို့ အရှည်သာပြေးကြယင် အစ်ကိုညီက ပထမပန်းဝင်မှာပါကွာ၊ ဟဲ၊ ဩော်.... မေ့နေလိုက်တာ၊ စုအတွက် ကိုယ်လက်ဆောင် ယူလာခဲ့တယ်...."

ညီညီမောင်ပြောယင်း ကားဆီသို့ ပြန်သွားသည်။

နောက်ချက်ချင်းပင် အထုပ်တထုပ်ကို ကားတွင်းမှ ယူလာသည်။

"ရော့.... ဟောသဟာပဲ အစ်ကိုညီရဲ့လက်ဆောင်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာမျှားလဲ အစ်ကိုညီရယ်…"

စုရည်မွန် လှမ်းယူယင်း ပြန်မေးနေသည်။

"သိချင်ယင် ဒီအထုပ်ကို ဖြေကြည့်ပေါ့စုရာ၊ ဟဲဟဲ"

"ဒါဆိုယင် လက်ဖက်ရည် ခန်းထဲကို လိုက်ခဲ့၊ ဟိုမယ် ဖေဖေရော မေမေရော အစ်ကို ကိုကိုဇော်ကြီးရော ရှိနေတယ် လာသွားကြမယ်"

စုရည်မွန်က ညီညီမောင်လက်ကို ဆွဲကာ လက်ဖက်ရည်ခန်း တွင်းသို့ ခေါ်သွားသည်။

လက်ဖက်ရည်ခန်းတွင်းမှ လူတွေကတော့ သူတို့ဝင်လာ ကြားကြလျှင် လှမ်းကြည့်နေကြသည်။ ညီညီမောင်က သူ့အယ ရောက်နှင့်နေသော ကိုကိုဇော်အား မျက်စောင်းထိုးကြည့်သ ကိုကိုဇော်ကလည်း ညီညီမောင်အား မျက်မှောင်ကြီးကြုတ်က ပြန်ကြည့်နေသည်။

ဒေါ်ရွှေဝင်းက ညီညီမောင်အား ပျာပျာသလဲ လှမ်းခေါ် သည်။

"လာဟေ့… မောင်ညီညီမောင်၊ လက်ဖက်ရည်သောက် ရအောင်"

"ကျွန်တော် မသောက်တော့ဘူး ဒေါ်ဒေါ်၊ အိမ် သောက်ပြီးပါပြီ"

ညီညီမောင် ပြောယင်း ကိုကိုဇော်နှင့် မျက်နှာချင်းဆို နေရာတွင် ဝင်ထိုင်သည်။

စုရည်မွန်ကတော့ ညီညီမောင် ယူလာသော အထုပ်က ကို ဖြေနေသည်။



"ဟယ်…လှလိုက်တာ၊ အဲဒါ အစ်ကိုညီ ဘယ်က ဝယ်လာ တာလဲဟင်"

စုရည်မွန်က အထုပ်ပြေသွားလျှင်သွားချင်း လှမ်းမေးသည်။

ညီညီမောင် ရုတ်တရက် ပြန်မဖြေသေးပေ။

ကိုကိုဇော်ရှိရာသို့ ခပ်ကြွားကြွားကလေး တချက်လှမ်းကြည့် နေသေးသည်။ ပြီးမှ ပြန်ပြောသည်။

"ဝယ်လာတာ မဟုတ်ဘူး စုရဲ့၊ အဲဒါ အစ်ကိုညီရဲ့မိတ်ဆွေ တယောက် ဂျပန်ပြည်က ပြန်လာလို့ ယူလာတဲ့ ကီမိုနိုအစပဲ၊ ဒီ အစကလေးကို မြင်လိုက်ရတော့ စုနဲ့ သိပ်လိုက်မှာပဲလို့ တွေးမိတာနဲ့ အစ်ကိုညီလေ သူ့ဆီက မရမက မတန်တဆ ဈေးကြီးပေး ဝယ်လိုက်တာပဲ၊ စု သဘောကျတယ် မဟုတ် လားဟင်"

"ဟာ… သဘောကျပြီလား၊ ဒီ အစကလေးက သိပ်ကို လှတာပဲ"

စုရည်မွန်ကလည်း ဝမ်းသာ အားရ ပြန်ပြောနေသည်။

မိဘနှစ်ပါးကလည်း ဘေးမှ တပြုံးပြုံးဖြင့် နားထောင် နေသည်။

ဘဝင်မကျ ဖြစ်နေရသူကတော့ ကိုကိုဇော်ပင်။

"ဒီမယ် စု ခဏပြစမ်းပါဦး၊ ဒီ ကီမိုနိုဆိုတဲ့ အစကြီးကို"

ကိုကိုဇော်က ပြောသဖြင့် စုရည်မွန်က လက်ထဲတွင်ကိုင် ထားသော ဂျပန် ကီမိုနိုအထည်စကလေးကို သွားပြသည်။

"ဟာ… အဲဒါ ကီမိုနိုအစစ် မဟုတ်ပါဘူးလေ၊ အတု ကြီးပါ၊ ဒီမယ်…ကီမိုနိုစတွေဟာ ဗိုလ်ချုပ်ဈေးကြီးနဲ့ ဗိုလ်

www.burmeseclassic.com

www.burmeseclassic.com

ချုပ်ဈေးသစ်မှာ ချေးပေါ သေးပေါပါကွာ၊ ဒီအစက အတု၊ အတုဆိုတော့ တစကို အများဆုံးပေးရ တရာ ကိုးဆယ်လောက်ပဲ ရှိတယ်၊ အဲ.... ဂျပန်ကီမိုနို အထည်စ အစစ်ကတော့ အနည်းဆုံး လေးရာငါးဆယ် ဈေးရှိတယ်၊ အသားကလည်း ဒီထက်ကောင်းတယ်၊ အရောင်ကလဲ ပိုတောက်တယ်၊ ဟဲ ဟဲ”

“ဟာ....ဟော့ကောင်၊ မင်း မသိပဲနဲ့ ရမ်းမပြောနဲ့ကွ၊ ဒါ အတု မဟုတ်ဘူး၊ အစစ်ကွ....အစစ်၊ မင်း မသိယင် ပါးစပ်ကို ပိတ်နေစမ်း”

ညီညီမောင် ဒေါသတကြီးဖြင့် ကိုကိုဇော်ကို လှမ်းပြောလိုက်သည်။

“ဒီမယ် ညီညီမောင်၊ အတုလား အစစ်လားဆိုတာ ကွဲကွဲပြားပြား သိရအောင် ဗိုလ်ချုပ်ဈေးကို သွားကြမယ်လေ၊ စုကိုပါ ခေါ်ခဲ့မယ်၊ ငါက ရှုံးယင် ငွေတထောင် ပေးမယ်၊ မင်းကရှုံးယင် ဒီကနေ့အဖို့ စုနဲ့ငါ လျှောက်လည်ဖို့ကို ခွင့်ပေးရမယ်၊ မင်း ဘာမှ မနှောင့်ယှက်ရဘူး၊ ဘယ်လိုလဲ”

ကိုကိုဇော် စိန်ခေါ်နေသည်။

ညီညီမောင်ကတော့ ကိုကိုဇော်၏ စကားတွေကြောင့် ဒေါပွမဆုံး ဖြစ်နေတော့သည်။

“အံမာ....စကားပြောတာ ကြီးကျယ်လိုက်တာကွာ၊ မင့်ငွေ တထောင် ငါက ဘာလုပ်ရမှာလဲ၊ ငါ့အတွက် ဒီငွေလောက်ဟာ တနာရီသုံးတောင် မခံဘူးကွ၊ သိလား၊ အဟင်း”

“အေးပါ၊ မင်းပိုက်ဆံချမ်းသာမှန်း သိပါတယ်လေ၊ မင်း ချမ်းသာ သလို ငါကလဲ မင့်ထက် ပိုပြီး ချမ်းသာ ပါတယ်။



ဒါပေမယ့် အခုဟာက အလောင်းအစား သဘောနဲ့မို့ ငါက ပြောနေရတာပါကွာ၊ ငွေမလိုချင်ယင်လဲ ရပါတယ်၊ ငါပြောသလို ရှုံးသူက နိုင်သူကို အနှောင့်အယှက် မပေးပဲ စုကို ကြည်ကြည်ဖြူဖြူ ထည့်ပေးလိုက်ပေါ့ကွာ၊ အဟိး”

“တော်စမ်းကွာ၊ မင်းစကားပြောပုံက တဘက်စီးနင်းကြီး ပြောနေတယ်၊ ဒီမှာကွ၊ ငါက စုအတွက်ဆိုယင် ငွေဘယ်လောက် ကုန်ကုန်၊ ဝယ်ပေးမယ့် ကောင်ပါ၊ အခုဟာကလဲ ပေါ်ဦး ပေါ်ဖျားဆိုပြီး ငါက ဝယ်ပေးတာ၊ အဲဒါကို မင်းက မနာလို ဖြစ်ပြီး အတုလေး ဘာလေးနဲ့ ဝင်ရှုပ်တာ ကောင်းသလားကွ၊ မင်းအနေနဲ့ ဘယ်နှစ်ခါများ စုကို ဝယ်ပေးဖူးသလဲ၊ ပြောစမ်းပါဦး”

“ငါဝယ်ပေးနေတာ၊ မင်းမှ မမြင်ပဲကိုး၊ ဟေးစု .. ပြောပြလိုက်စမ်း၊ သူ့လို အပေါ်စား ဝယ်ပေးနေတဲ့ ကောင်မျိုး မှတ်နေသလားမှ မသိတာ”

“ဟာ....မင်း စကားပြောတာ ပိုပြီး ရင့်သီးလာပြီနော်၊ တောက်”

လူငယ်နှစ်ဦး ထို၍ အချင်းများကြတော့မည်မို့ ဦးကံသာလှမှာ ဝင်၍ ဖျန်ဖြေပေးရတော့သည်။

“အို....မကိုက်ကြနဲ့လေ၊ အဲလေ....ရန်မဖြစ်ကြနဲ့လေ၊ မင်းတို့ဟာက တက္ကသိုလ်ကျောင်းတော်သားကြီးတွေပဲ ဖြစ်နေကြပြီဟာ၊ ကလေးငယ်ကလေးတွေလို ရန်ဖြစ်နေကြလို့ တော်မလားကွ၊ သဘောကြီးကြီး ထားမှပေါ့ ငါ့တူတို့ရဲ့၊ ဟယ်ဟာ”

www.burmeseclassic.com

ထိုစကားကို ညီညီမောင်က ချက်ချင်းပင် ပြန်လည်ချေ[illegible]သည်။

"ကျွန်တော်က သဘောထား ကြီးပါတယ် ဦးလေး[illegible] သဘောထားကြီးလို့လဲ သူနဲ့စုတို့ စကားပြောနေတာကို တွေ့[illegible]ယင် ကျွန်တော်က သူတို့အနားကို မကပ်ပဲ တခြားကို ရှော[illegible] နေခဲ့တာပါပဲ၊ ဒီကောင်ကတော့ ဒီလိုမဟုတ်ဘူး၊ သဘောထ[illegible] အင့်မတန် ပုပ်တာကလား"

"ဘာဘာ....ဘာကွ၊ ငါက သဘောထားပုပ်တယ်ဟုတ်လာ[illegible] ဟွန်း... ငါက မပုပ်ပါဘူးလေ၊ မပုပ်လို့သာ မင်းနဲ့စု ဆက်[illegible] နေတာကို ကြည်ကြည်ဖြူဖြူနဲ့ ကြည့်နေတာပေါ့"

ကိုကိုဇော်ကလည်း ဒေါသတကြီးဖြင့် ပြန်ပြောသည်။

စုရည်မွန်မှာ ကြားမှ ဝင်၍ ပြန်ပြောသည်။

"ကဲပါ တော်ကြပါတော့၊ အစ်ကိုတို့ဟာက သဘောထ[illegible] ကြီးတယ် ကြီးတယ်နဲ့ ပြောယင်းက ဒေါသတွေပါ ကြီးလာ[illegible] တာကိုး၊ စုကို တကယ်ချစ်ယင် ရန်မဖြစ်ရဘူး၊ တဦးကို တ[illegible] စိတ်ကောင်း စေတနာကောင်းတွေ ထားရမယ်၊ ကြားလား"

"အို....ကိုကိုဇော်က ဘယ်တုန်းက စိတ်ပုပ်တွေ ထားလို့လ[illegible] အခုလဲ ဒီကောင်လာမယ်ဆိုတာ သိသားနဲ့ စိတ်ကောင်းရှိသူ[illegible] တမင်ပဲ စုတို့အိမ်က စောင့်နေတာ မဟုတ်လား"

ညီညီမောင်ကလည်း ပြန်ပြောသည်။

"နို့....ငါကကော စိတ်ပုပ်ရှိလို့လား၊ မင်း ဒီမှာရောက်[illegible] မှန်း သိလျက်သားနဲ့ ငါ ဝင်လာတာကိုက ငါ့ သဘောထ[illegible]



[illegible]ယ့်ကလောက် ပြည့်ဝတယ် ဆိုတာ ထင်ရှား နေပြီ ပဲဟာ[illegible]ယ်"

"အိမ်း၊ မင်း တကယ်တမ်း သဘောထား ပြည့်ဝတဲ့သူ [illegible]ယောက်ဆိုယင် အခု အခန်းထဲကထွက်ပြီး အိမ်ပြန်သွားလေ၊ [illegible]ါဆိုယင် မင့် သဘောထား ကြီးကြောင်း ငါနှလုံးသားထဲမှာ [illegible]တ်တမ်းတင်ထားလိုက်မယ်၊ ဘယ့်နှယ်လဲ၊ အဟိ"

"အလယ်လယ်.... ဒီလိုလူလည်ကျလို့ ရရောလား၊ ဂနိုဇော်[illegible]ယ်...."

"ဘာကွ"

"အဲအဲ....ယောင်လို့၊ ကိုကိုဇော်ရယ်၊ ငါ့ကို အခုလို ပြော[illegible]နမယ့်အစား မင်းသဘောထားကြီးတာ ဟောဒီက စုသာမက [illegible]း၊ စုမိဘတွေပါ ထင်ထင်ရှားရှား သိသွားရအောင် စုကို [illegible]နှုတ်ထားပြီး မင်းအိမ်ကို ပြန်သွားပါလား၊ ဒါဆိုယင် မင်းဟာ [illegible]ထက် အပြန်တရာမက သဘောထား ကြီးပါတယ် ဆိုတာကို [illegible]က်သေသာဓက အထင်အရှားနဲ့ လူတွေအားလုံး မြင်သွား[illegible]ပြီးသား ဖြစ်မှာပေါ့၊ မဟုတ်ဘူးလားကွာ၊ အဟိ"

"မလိုပါဘူး၊ မင်းက အယင်ဦးအောင် သဘောထားကြီး[illegible]ကြောင်း ပြလေ၊ မင်းပြပြီးယင် ငါကလဲ ပြမှာပေါ့ကွာ...[illegible]ဟဲ"

ကိုကိုဇော်နှင့် ညီညီမောင်တို့ အချီအချ ပြောနေကြပြန်[illegible]ည်။

ထိုအခါတွင်တော့ ဒေါ်ရေဝင်းက ဝင်၍ [illegible]

www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း၊ မင်းတို့နှစ်ယောက် အတူတူ နေနေကြ ယင်တော့ အခုလိုပဲ တယောက်တပေါက် ငြင်းခုံနေကြဦးမှာပဲ၊ ဒီတော့ အန်တီ ပြောသလို လုပ်"

"ဘယ်လို လုပ်ရမှာလဲ အန်တီ၊ မိန့်ပါခင်ဗျာ"

ကိုကိုဇော်က ပြန်မေးသည်။

"ဒီလိုလေကွယ်၊ မင်းတို့နှစ်ဦးစလုံးကို သမီးစုက မေတ္တာ ရည်တူ မျှနေလေတော့ မင့်ဘက်ပါယင် မကောင်းသလို၊ဟိုဘက် ပါယင်လဲ မကောင်းဘူး၊အခု မင်းတို့ကလဲ စုကို လျှောက်လည် လာခေါ်တာချည်းပဲ၊ မဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျ"

ညီညီမောင်ရော ကိုကိုဇော်ပါ သံပြိုင်ဖြင့် ပြန်ပြောကြ သည်။

"ဒီလိုလာခေါ်နေကြတဲ့အတွက် မင်းတို့ဆန္ဒလဲပြည့်ဝအောင် သမီး စုစုအနေနဲ့လဲ တည့်မတ်တဲ့ ဝါဒလမ်းစဉ်တခုကို ချမှ ပေးသလို ဖြစ်အောင် မင်းတို့ နှစ်ဦးက အောင်ဘာလေမ နှိုက်ကြ၊ မဲပေါက်တဲ့သူက ဒီကနေ့အတွက် သမီးစုစုကို ခေါ် နိုင်ခွင့် ရှိတယ်"

"ဟင်...မဲမပေါက်တဲ့သူ ကျတော့ရော ဒေါ်ဒေါ်"

ညီညီမောင် ဖြတ်၍ မေးသည်။

"အခု မဲမပေါက်တဲ့ သူက နောက်တပတ်ကျ သမီးစုစု ခေါ်ပိုင်ခွင့် ရှိတယ်လေ၊ မဲပေါက်တဲ့ သူကတော့ ဒီတ ချမယ်၊ အန်တီပြောတာ သဘောကျကြသလား"



"ကျပါတယ် အန်တီ"

ညီညီမောင်ရော ကိုကိုဇော်ပါ ပြန်ပြောကြသည်။

ဒေါ်ရွှေဝင်လည်း ကျေနပ်သွားတော့သည်။

"ဟုတ်ပြီ၊ ဒီလိုဆို...အောင်ဘာလေ မဲနှိုက်ကြရအောင်၊ သမီးရေ...သွားစမ်း၊ ငွေခွက်ကလေးတခုထဲမှာ အောင်ဘာလေ မဲနဲ့ ဗလာမဲလိပ်ကို သွားလိပ်ပြီး ထည့်ယူခဲ့"

"ဟုတ်ကဲ့ မေမေ"

စုရည်မွန် ပြုံးချိုသော မျက်နှာဖြင့်ပြောယင်း အခန်းတွင်းမှ ထွက်သွားသည်။

နောက်ပိုးမောင် နှစ်ဦးကတော့ တဦးမျက်နှာ တဦး လှမ်း ကြည့်ယင်း အခန်းထဲတွင် ထိုင်ကျန်ရစ်သည်။

ညီညီမောင်ကတော့ အထက်သို့ လက်နှစ်ဘက်ကို ယှက်ကာ ကန့်တော့ယင်း ပါးစပ်တလှုပ်လှုပ်နှင့် ဆုတောင်းနေသည်။

ကိုကိုဇော်ကတော့ ငြိမ်ငြိမ်ကလေးသာ ထိုင်နေသည်။

နှစ်မိနစ်ခန့်အကြာတွင် စုရည်မွန်မှာ တပြုံးပြုံးဖြင့် မဲလိပ်များ ထည့်ထားသော ငွေခွက်ကိုယူ၍ ဝင်လာသည်။

"ကိုင်း....ပြောစမ်း၊ ဘယ်သူက အယင် စ,နှိုက်မှာလဲ"

စုရည်မွန်က မေးသည်။

ညီညီမောင်နှင့် ကိုကိုဇော် တဦးမျက်နှာကို တဦး လှမ်းကြည့် ကြသည်။

"မင်း အယင် နှိုက်လေကွာ...."

ကိုကိုဇော်က လှမ်းပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ....မဟုတ်တာပဲ၊ ဒီအိမ်ကို မင်းက အယင်ရောက်တာမို့ မင်း အယင်နှိုက်ပေါ့ကွ"

ညီညီမောင်က ငြင်းသည်။

စုရည်မွန်ကလည်း ထိုစကားကို ထောက်ခံသည်။

"ဟုတ်သားပဲ၊ ကိုကိုဇော်က အယင်ရောက်တဲ့ဟာ....ကိုကိုဇော်ပဲ အယင်နှိုက်"

စုရည်မွန် စကားကြောင့် ကိုကိုဇော် ငြင်းမနေတော့ပေ။ ထိုင်နေရာမှ ထကာ မဲကို နှိုက်ရန်အတွက် သူ့လက်နှစ်ဘက်ကို အားရပါးရ ပွတ်သပ်နေသည်။

ကျန်လူတွေကတော့ သူ့ အပြုအမူကို ပြုံးကြည့် နေကြသည်။

ကိုကိုဇော်သည် လက်ကို ပွတ်သပ် ပြီးနောက် မဲမနှိုက်မီ ဤသို့ ပြောနေတော့သည်။

"အဟမ်း... ဟောဒီက စုကလေးနဲ့ နောင်ခါမသေ့ အတူတွဲရအောင် အောင်ဘာလေမဲကို မလွဲအောင် တခါနှိုက်လိုက်မယ်၊ ငမိုက်သား ဟိုဂိုဟ်ကောင်ကို ငိုမယောင် ဖြစ်သွားစေဖို့၊ ဆောင် ဆောင် အိုး နဲ့ ဘိုးဘိုးအောင်တို့သာမက....အထက်ကနတ်တွေကပါ လာဘ် မစားပဲ ပြတ်ပြတ်သားသား မ,စမ်းပါဗျလို့ တအားကုန်ဟစ်ကာ အော်ယင်း အပိုင်တကယ် တိုင်တည်လိုက်မယ်၊ ဥုံဖွ....ချေးတုံး မတ်တတ်ထ၊ ဒစ္စကိုနဲ့ က၊ ဟာ ဟာ ဟ"

ကိုကိုဇော် ပြောင်တီးပြောင်ချော် ပြောယင်း ငွေခွက်ထဲမှ မဲလိပ်ကို နှိုက်ယူသည်။



"ဟော့ကောင်၊ ငါနှိုက်ပြီးပြီ၊ မင်းနှိုက်လေ"

ကိုကိုဇော်က မဲလိပ်ကို ဖြေမကြည့်သေးပဲ၊ ညီညီမောင်ကို လှမ်းပြောသည်။

"နှိုက်မှာပေါ့ကွ၊ မင်းနှိုက်ထားတဲ့ မဲကို အယင် ဖြေကြည့်ဦးလေ"

"ဖြေမယ်လေ၊ မင်းနှိုက်ပြီးတော့ ဖြေမှာပေါ့ကွ၊ နှိုက်စမ်း"

ကိုကိုဇော့်စကားကြောင့် ညီညီမောင်မှာ ရင်တထိတ်ထိတ်နှင့် ကျန်မဲတလိပ်ကို နှိုက်ရသည်။

"နှိုက်ပြီးယင် ဖြေကြည့်ကွာ"

"အာ.... ဘာရမလဲ ကိုကိုဇော်ရာ၊ မင်း အယင် ဖြေကြည့်မှပေါ့၊ မင်းက အယင်နှိုက်တဲ့ကောင်"

"အိုကေ.... ငါဖြေကြည့်မယ်၊ ငါ အောင်ဘာလေကျယင် မင်း မငိုရဘူးနော်၊ အဟီး"

"အပိုတွေ ပြောမနေစမ်းပါနဲ့ကွာ၊ မင့်လိုစိတ်ပုပ်ရှိတဲ့ကောင် အောင်ဘာလေ မကျနိုင်ပါဘူး...."

ညီညီမောင် မခံချင်သံနှင့် ပြန်ပြောသည်။

"အေးလေ.... အောင်ဘာလေကျမလား မကျဘူးလား ဆိုတာသိရအောင် မဲလိပ်ကို ဖြေကာ ကြည့်လိုက်မယ်.... လာသရော့ ဟယ်...."

ကိုကိုဇော်ပြောယင်း မဲလိပ်ကို ဖြေကြည့်သည်။

"ဟာ.... အောင် ဘာ လေ ကွ၊ အောင်ဘာလေ...၊ ညီညီမောင်ရေ.... အမျှကွာ အမျှ အမျှ၊ ငါပြုခဲ့သမျှ ကုသိုလ်တွေ

www.burmeseclassic.com

www.burmeseclassic.com



အတွက် မင့်ကို အဓိစိမရောက်အောင် အမျှဝေလိုက်ပါတယ် သူငယ်ချင်း၊ ဟား ဟား ဟား"

ကိုကိုဇော် ဝမ်းသာအားရ ထ က,နေတော့သည်။

စုရည်မွန်နှင့် မိဘတွေကတော့ ရယ်နေကြသည်။

ညီညီမောင်သာလျှင် မှိုင်ကျသွားတော့သည်။

ကိုကိုဇော်ကိုလည်း မနာလိုဝန်တိုသော မျက်နှာကြီးဖြင့် လှမ်းကြည့်နေသည်။

ဒေါ်ရွှေဝင်းက ညီညီမောင်အား လှမ်း၍ အားပေးစကား ပြောနေသည်။

"ဒီလောက်လဲ စိတ်မထိခိုက်ပါနဲ့ငါ့တူရယ်၊ ဒီအပတ် သမီး စုစုနဲ့ မလည်ရပေမယ့် နောက်အပတ်တော့ ငါ့တူ လည်ရလိ မပေါ့၊ ဒီတော့ ငါ့တူစိတ်အေးအေးထားလိုက်ပါကွယ်"

ကိုကိုဇော်ကတော့ အောင်ဘာလေမဲပေါက်သူပီပီ မြူးထူး ပျော်ရွှင်မဆုံးဖြစ်နေသည်။

"သူငယ်ချင်းရေ.... ဘာမှ 'ဂျဲလတ်စ်' ဖြစ်မနေနဲ့၊ ကိုယ့် ကုသိုလ်နဲ့ကိုယ်မို့ ငါပေးတဲ့ အမျှကိုသာ ခံယူလိုက်ပါကွယ် ဟား ဟား ဟား"

"ဟေ့ကောင်၊ ခွေးတီရစ္ဆာန်၊တိတ်လိုက်စမ်း၊ မင်း နော မနေနဲ့ကွ၊ ငါ ဒေါသတွေ အတုံးလိုက် အတစ်လိုက်ဖြ တယ်နော်၊ ဟွန်း"

ညီညီမောင် လှမ်း၍ ဟောက်သည်။

ထိုအခါတွင် စုရည်မွန်မှာ ကိုကိုဇော့်လက်ကို ဆွဲက ခေါ်ယင်း ပြောသည်။



"ဟုတ်သားပဲ၊ ကိုကိုဇော်ကလဲ ဘာလို့ သူ့ကို သွားနောက် နေရတာလဲ၊ ကဲ.... လာ၊ အောင်ဘာလေမဲရှင်ကြီးရဲ့စိတ်တိုင်းကျ ဆိုအပြင်သွားကြစို့၊ အစ်ကိုညီ သွားမယ်နော်၊ တာ့တာ ..."

စုရည်မွန်ပြောယင်း ကိုကိုဇော်၏ လက်ကို ဆွဲထွက်သွား သည်။

ကိုကိုဇော်မှာ စုရည်မွန်ခေါ်ရာသို့ ကောင်းကောင်း မွန်မွန် ကမသွားပေ။

ညီညီမောင်အား မခံချင်အောင် နောက်ပြောင်သွားသည်။

"သွားဦးမယ်သူငယ်ချင်း၊ငါကောင်းစားတာကို ဘာမှ မနာ ဖြစ်မနေနဲ့နော်၊ တရားနဲ့သာ ဖြေပေါ့ကွာ၊ ဟီး ဟီး ဟီး"

ညီညီမောင်ကတော့ ကိုကိုဇော်အား အံကြိတ်ကာ ကြည့်ယင်း ရစ်သည်။

*

www.burmeseclassic.com

www.burmeseclassic.com

## (၈)

## မမျှော်လင့်သောဖြစ်ရပ်များ

ကိုကိုဇော်နှင့် စုရည်မွန်တို့ ကားဖြင့် ထွက်သွားပြီး နှစ်မိ
ခန့်အကြာတွင် ညီညီမောင်လည်း စုရည်မွန်၏ မိဘများအ
နှုတ်ဆက်ကာ သူ၏ကားဖြင့် ထွက်လာခဲ့သည်။

ကားကို မောင်းနေယင်းမှ ညီညီမောင်း စဉ်းစားနေသည်
"ဒီကောင်.... ကိုကိုဇော်ဟာ စုကို ဘယ်ခေါ်သွားမ
အချိန်က စောနေသေးတော့ ရုပ်ရှင်ရုံတော့ ခေါ်သွားမ
မထင်ဘူး၊ စားသောက်ဆိုင် တဆိုင်ဆိုင်ကိုပဲ ခေါ်သွားမ
ကောင်၊ ဒီတော့ ဒီကောင့်ကို ငါ နောက်ကနေ လိုက်ချော
ရမယ်"

ညီညီမောင်စိတ်ကူးအတိုင်း သူ၏ကားကို ရန်ကုန်မြို့တွင်
မောင်းလာသည်။



ပထမ ဆူးလေဘုရားလမ်းမကြီး အတိုင်း ကားကို မောင်း
နေသည်။

ထိုလမ်းကမှ တဆင့် မဟာဗန္ဓုလ လမ်းအတိုင်း အရှေ့ဘက်
သို့ မောင်းပြန်သည်။

ပန်းဆိုးတန်းဘက်သို့ ရောက်လျှင် သူသည် ဇယ်ဘက်သို့
ကားကို ချိုးကွေ့ကာ မောင်းသည်။

ထိုလမ်းထဲတွင် စားသောက်ဆိုင်တွေကရှိသည် မဟုတ်လော။

သို့သော်....ထိုနေရာတွင် ကိုကိုဇော်၏ကားကို မတွေ့ရလျှင်
သူ စဉ်းစားခန်းဝင်ပြန်သည်။

"ဟ.... ဒီကောင်နဲ့စုစု ဘယ်ကိုများ သွားပါလိမ့်မလဲ၊
ပန်းဆိုးတန်းထဲမှာလဲ မတွေ့ဘူး၊ ဩော် ... သိပြီ၊ အောက်လမ်း
ဘက်မှာ နန်းယု စားသောက်ဆိုင်တဆိုင် ရှိနေသေးတာပဲ၊
ကောင် အဲဒီများ သွားသလားမသိဘူး"

ညီညီမောင်တွေးယင်း သူ၏ကားကို ပန်းဆိုးတန်း အထက်
လမ်းဘက်မှ ပြန်ကွေ့ကာ နန်းယု စား သောက် ဆိုင် ရှိ ရာ
အောက်လမ်းဘက်သို့ ပြန်ကွေ့ကာ မောင်းလာသည်။

မှန်ပေသည်။

သည်တကြိမ်တွင်တော့ ညီညီမောင်၏ တွေးချက်မှာ သေ့း
ချက်အောင် မှန်သွားတော့သည်။

ကိုကိုဇော်၏ တိုယိုတာ ကိုရိုလာ ရွှေဝါရောင်ကားကလေးမှာ
နန်းယုစားသောက်ဆိုင်ရှေ့တွင် ရပ်ထားသည်ကို မြင်ရသည်။

သူ မောင်းနေသော ကားကလည်း တိုယိုတာ ကိုရိုလာပင်။
သို့သော် သူ့အရောင်က ကြက်သွေးရောင် ဖြစ်သည်။

www.burmeseclassic.com



ညီညီမောင်မှာ ကိုကိုဇော်၏ကားကို မြင်ရလျှင် ကျေနပ်သွား ဟန်ဖြင့် ကျိတ်ပြုံးမိသည်။

"ဟဲဟဲ....ခွေးမသား၊ မင့်ကို ငါ စုနဲ့လွတ်လွတ်လပ်လပ်မ[တွေ့] ရအောင် ပညာခန်းပြရမယ်ဟေ့၊ ဟား ဟား ဟား"

ညီညီမောင် တကိုယ်တည်း သဘောကျနေသည်။

သူ၏ ကားကလေးအား ကိုကိုဇော်၏ ကားအနီးမှာ[ပင်] ရပ်ထားခဲ့သည်။

ပြီးတော့ နန်းယု စားသောက်ဆိုင်တွင်းသို့ ဝင်သွားသည်။

ဆိုင်ပြင်တွင်တော့ မတွေ့ရပေ။

ကိုကိုဇော်မှာ လူလည်တဦးမို့ စုရည်မွန်အား ဆိုင်အပြ[င်] စားပွဲတွင်တော့ စားစေမည် မဟုတ်။

ဆိုင်ထဲ အခန်းတွေမှာသာ စားစေပေမည်။

"ဆရာ.... ဘာစားမလဲ ခင်ဗျာ၊ ကြွပါ"

ဝတ်စုံကို အကျဝတ်ထားသော နန်းယု စားသောက်ဆိုင်[၏] စားပွဲထိုးတဦးက သူ့ကို လှမ်းမေးသည်။

သူက လက်ကို အသာ ကာပြယင်း ကိုကိုဇော်နှင့် စုရည်မွန်[တို့] စုံတွဲကို ရှာနေသည်။

အောက်ဘက်တွင်တော့ မတွေ့ရပေ။

သို့ဖြစ်၍ ...သူသည် အပေါ်အထပ်ခိုးတွင် တိုးချဲ့ထားသော အခန်းတွေဆီသို့ လှေကားအတိုင်း တက်သွားသည်။

စားပွဲထိုးနှင့် ငွေသိမ်းကောင်တာမှ မန်နေဂျာကတော့ သူ့ အပြုအမူကို နားမလည်ဟန်ဖြင့် ငေးကြည့်နေကြသည်။



အပေါ်ထပ်ရှိ အခန်း တခန်းတွင် ကိုကိုဇော်၏ အသံကို သူ ကြားမိသည်။

ညီညီမောင် ကျိတ်၍ ပြုံးယင်း ထိုအခန်းသို့ ခပ်တည်တည် ဝင်သွားသည်။

"ဟင်.... အစ်ကိုညီ"

စုရည်မွန်မှာ အခန်းဘက်သို့ မျက်နှာပြုထားသည်မို့ ညီညီ မောင်ကို စတင်၍ မြင်သွားသည်။

ကိုကိုဇော်လည်း စုရည်မွန်၏ အသံကြောင့် ဆတ်ကနဲ နောက် ဘက်သို့ လှည့်ကြည့်သည်။

အခန်းဝတွင် ပြုံးစိစိ မျက်နှာဖြင့် ရပ်နေသော ညီညီ မောင်ကို မြင်ရလျှင် ဒေါသူသွားတော့သည်။

"ဟေ့ကောင်.... မင်း ဘာလိုက်လုပ်တာလဲကွ ဟင်"

ကိုကိုဇော် ဒေါသသံဖြင့် လှမ်းမေးသည်။

"မလုပ်ပေါင်ဗျာ၊ ငါလဲ စားချင် သောက်ချင်လို့ ဒီဆိုင်ကို လာခဲ့တာပေါ့"

"စားချင်ယင် မင့်ဟာ မင်း အောက်ထပ်မှာ စားပါလားကွ၊ ဘာလို့ ငါတို့ရှိရာ အပေါ်ထပ်ကို တက်လာရတာလဲ"

"ဟဲဟဲ.... ငါလဲ မင်းတို့လိုပဲ အောက်ထပ် မစားချင်လို့ အပေါ်ကို တက်လာတာပေါ့၊ နို့.... မင်းတို့ကရော ဘာလို့ အောက်ထပ်မှာ မစားတာလဲ၊ အောက်ထပ်မှာ စားပွဲတွေ အများကြီးပဲ၊ လွတ်နေသားပဲ"

"အဲဒါ မင်းနဲ့ မဆိုင်ပါဘူး၊ တို့ဟာ တို့ ဘယ်မှာ စားစား ပေါ့၊ မင်းသာ အောက်ထပ်ကို ပြန်ဆင်းပြီး စားချေ... ငါတို့ကို

www.burmeseclassic.com

www.burmeseclassic.com



လာမနှောက်ယှက်ပါနဲ့၊ ငါက အောင်ဘာလေ မဲပေါက်ထား တာ ဆိုတာကိုလဲ မင်း သတိထားပါဦး၊ ဟဲဟဲ”

“ဟာ.... ငါလဲ ငါ့ပိုက်ဆံနဲ့ ငါ ပေးစားတာ၊ ဘယ်နေရာမှာ စားစားပေါ့ကွ၊ အဟဲ”

“ဒါဖြင့် .ဘာကိစ္စ ငါတို့ရှိရာ အခန်းထဲကို ဝင်လာတာလဲ”

“အဲဒါက မင်းတို့ရှိနေမှန်း မသိလို့ပေါ့၊ ငါက အခန်းလွတ် မှတ်ပြီး ဝင်လာတာပါကွာ”

“အိမ်း၊ အခု အခန်းမလွတ်မှန်း မင်း သိပြီ မဟုတ်လား၊ ဒီတော့ အပြင်ကို ပြန်ကြွပါ”

“ဟာကွာ... အခန်းမလွတ်ပေမယ့် ဒီမှာက တခြားလူတွေမှ မဟုတ်ပဲ၊ မင်းတို့ပဲဟာ၊ ဒီတော့ ငါပါ တခါတည်း စားမှာ ပေါ့၊ မဟုတ်ဘူးလား စုရာ....”

ညီညီမောင် ပြောယင်း စုရည်မွန်၏ ဘေးတွင်ရှိ ကုလား ထိုင်တွင် ဝင်ထိုင်သည်။

ကိုကိုဇော်မှာမူ သဘောမကျဟန်ဖြင့် မျက်နှာကြီး စူပုပ်နေ တော့သည်။

“မင်းဟာ ပေးထားတဲ့ကတိကို မတည်ဘူး၊ အေး.... ငါ့ အလှည့်ကျယင်လဲ မင့်လိုပဲ လိုက်ရှုပ်မှာပဲဆိုတာ မင်း မှတ် ထားစမ်းပါ”

“ဩော်.... ကိုကိုဇော်ရာ၊ ငါက ဘယ်မှာ ကတိမတည် လို့လဲ၊ အခုဟာက မတော်တဆ တိုက်ဆိုင်မှုဖြစ်ပြီး မင်းတို့ တွေ့ရတဲ့ဟာ၊ ကဲပါကွာ....ဒီလောက်လဲ မင်းဟာ ကျွမ်းတိုမနေ စမ်းပါနဲ့၊ အခု စားသောက်လို့ ကျသမျှကို ငါကပဲ တာဝန်ခံပါ့ မယ်၊ ဟုတ်ပြီလား၊ ဟဲဟဲ”

ညီညီမောင် တပြုံးပြုံးဖြင့် ပြောနေသည်။

စုရည်မွန်ကလည်း ဝင်၍ ထောက်ခံသည်။

“ဟုတ်သားပဲ ကိုကိုဇော်ရယ်၊ သူက တမင်ရောက်လာတာမှ မဟုတ်ပဲ၊ တိုက်ဆိုင်လို့ ရောက်လာတာပဲဟာ၊ ဒါကြောင့် စုပြော သားပဲ၊ ရန်ကုန်ထဲက ဆိုင်တွေ မသွားနဲ့၊ ရွှစ်မိုင် အဝေးပြေး နားက နဂါးနီ စားသောက်ဆိုင်ကို သွားရအောင်လို့၊ ဒါကို ကိုကိုဇော်က နားမှ မထောင်တာကိုး”

စုရည်မွန် ပြောနေခိုက် အခန်းတွင်းသို့ စားပွဲထိုး တဦးက ကိုကိုဇော်တို့ မှာထားသော စားသောက်ဖွယ်ရာများကို ယူလာ သည်။

“ဟ၊ မင်းတို့ မှာထားတာ ဒါတွေပဲလား၊ ကပ်စေးကလဲ နဲလိုက်တာကွာ၊ ဒီမယ် ဝိတ်ဘာ နောက်ထပ် ကြက်ကောင်လုံး ကြော်ရယ်၊ ဘဲပေါင်း ကျုန်မဆိုင်ဟင်းချိုရယ် ထပ်ယူလာဦး ဗျာ၊ အဲ....ပြီးတော့ ပင်မှည့် လိမ္မော်ရည် သုံးပုလင်းနဲ့ ရေခဲပါ ယူခဲ့ဗျာ”

ညီညီမောင်က .စားပွဲထိုးကို ပြောနေသည်။

စားပွဲထိုးက ညီညီမောင် ပြောပြနေသည်ကို စာရွက်တရွက် တွင် ရေးမှတ်ကာ အခန်းတွင်းမှ ပြန်ထွက်သွားသည်။

ညီညီမောင် ပျော်နေသလောက် ကိုကိုဇော်ကတော့ စိတ် ညစ်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မြှေမြှေချင်း ခြေမြင်ဟူသော စကားအတိုင်း ညိုညိုမောင်၏ အတွင်းစိတ်ကို ကိုကိုဇော် သိနေ၍ပင်။

အမှန်တော့ ညိုညိုမောင်သည် သူတို့ထံသို့ မတော်တဆ ရောက်လာခြင်း မဟုတ်။

တမင် နောက်ယောင်ခံလိုက်ကာ ရောက်လာခြင်းပင်။

အကယ်၍ မတော်တဆ ရောက်လာသူဖြစ်လျှင် သူတို့ရှိရာ အပေါ်ထပ်အခန်းသို့ အဘယ်ကြောင့် တက်လာမည်နည်း။

သူ့ဘာသာ သူ အောက်ထပ်စားပွဲတွင်သာ ထိုင်၍ စားနေမည် မဟုတ်ပါလော။

"တောက်၊ ဒီသေခြင်းဆိုးကို ဘယ်လို 'ပ'ထုတ် ရပါ့မလဲ၊ ဒီကောင်ဟာ စိတ်ပုပ်တော့ တော်တော်ရှိတဲ့ကောင်၊ မဲမနိုက်ခင်ကတော့ ကောင်းပြီကောင်းလျက်နဲ့၊ အခုတော့ စည်းကမ်းကို ချိုးဖောက်တယ်၊ စုံရည်မွန်နားက ခွာမယ့်ပုံလဲ မပေါ်ဘူး၊ ဒီအကောင်မခွာယင် ငါ အောင်ဘာလေ မဲပေါက်တာ ဘယ်မှာ အဓိပ္ပာယ် ရှိတော့မလဲ၊ ဒီတော့ ဒီကောင့်ကို စားပြီးတာနဲ့ အမြန်နှင်မှ ဖြစ်တော့မယ်"

ကိုကိုဇော် စိတ်တွင်းမှ တွေးနေသည်။

ညိုညိုမောင်နှင့် စုံရည်မွန်တို့ကတော့ စကားတပြောပြောနှင့် နေကြသည်။

"စုတို့ ဒီဆိုင်မှာ စားပြီးယင် ဘယ်သွားကြမှာလဲဟင်"

ညိုညိုမောင်က စုံရည်မွန်ကို မေးနေသည်။



"အဲဒါ စုကို မမေးနဲ့လေ၊ အောင်ဘာလေ မဲပေါက်ထားတဲ့ ကိုကိုဇော်ကို မေးပေါ့၊ ကဲ....ကိုဇော် စုတို့ ဒီက ပြီးယင် ဘယ်သွားကြမှာလဲတဲ့"

ကိုကိုဇော်မှာ ညိုညိုမောင်အား မျက်နှာထား တင်းတင်းနှင့် လှမ်းကြည့်ယင်း ပြန်ပြောသည်။

"ဘယ်သွားသွား၊ သူ့ ဘာလို့ပြောရမှာလဲ စုရ၊ ဒီကောင်က တမင်လိုက်ပြီး အနှောင့်အယှက် ပေးနေမယ့်ဟာ"

ညိုညိုမောင်ကမူ သူတော်ကောင်းမျက်နှာမျိုးလေးဖြင့် ဤသို့ ပြန်ပြောသည်။

"ဟာ... သူငယ်ချင်းရာ၊ ငါ့အပေါ်မှာ မင်း အထင်လွဲနေတန်းပဲကိုး၊ ငါက နှောင့်ယှက်မလို့ မေးတာမှမဟုတ်ပဲ၊ သိချင်လို့ပါ ဟဲ ဟဲ"

"မင်းက ဘာဆိုင်လို့ သိချင်ရတာလဲ၊ ငါတို့ဟာငါတို့ ဘယ်သွားသွား၊ မင်း အနေသာကြီးပါ၊ ဒီတော့ မင်းကို ငါ နောက်ဆုံး ပြောချင်တာက ဒီဆိုင်မှာ စားသောက်လို့ပြီးယင် မင်းတခြားကို ကြွပါတော့၊ ငါတို့နားမှာ ဆက် မနေစေချင်ဘူး"

"ကြွမှာပါကွာ၊ ဒါပေမယ့် မင်း နားလည် ထားရမှာက စုကို ဒီကနေ့အဖို့သာ မင်းက ပိုင်တာပါ၊ ထာဝရပိုင်တာမဟုတ်တဲ့အတွက် ငါ့အသက်လောက် မြတ်နိုးနေရတဲ့ စုအတွက် မဲ့ ပေါက် မစွန်းထင်းရအောင် ငါကစောင့်ရှောက် သင့်ဘူးလား၊ ဒါကလေးလဲ ဖြေစမ်းပါဦး...... လူးလဲ ဟဲ"

www.burmeseclassic.com



"အံမာ ကြီးကျယ်လိုက်တဲ့ ကောင်ကွာ၊ မင့်လို လူယုတ်မာများ မှတ်နေလို့လား၊ စိတ်ချ၊ စုကို ငါ လက်ဖျားနဲ့တောင် မထိဘူး၊ စုကလဲ အထိခံမယ့် မိန်းကလေး မဟုတ်ဘူး၊ ကဲ စုသူက စုကို အထင်သေးနေတယ်၊ တဆိတ် ရှင်းပြလိုက်စမ်းပါလေ....ဟဲဟဲဟဲ"

ကိုကိုဇော်က စုရည်မွန်နှင့်လှည့်၍ ညီညီမောင်အား ရန်တိုက်ပေးတော့သည်။

စုရည်မွန်မှာလည်း သူ့ အကျင့် သိက္ခာကို ထိပါးရိပါး အပြောခံရ၍ မခံချင်ဖြစ်သွားသည်။

"ဟုတ်သားပဲ၊ ဒီစကားကတော့ အစ်ကိုညီဟာ စု သိက္ခာကို စော်ကားလိုက်တဲ့ စကားပဲ၊ စုကိုများ အညာလွယ်တဲ့ မိန်းကလေး မှတ်နေလို့လား ဟင်"

ညီညီမောင်ခမျာ ပျာပျာသလဲ ပြန်၍ စုရည်မွန်ကို တောင်းပန် နေရတော့သည်။

"အို အို....မဟုတ်ရပါဘူး စုရယ်၊ အစ်ကိုညီက ဒီသဘောမျိုးနဲ့ ပြောနေတာ မဟုတ်ပါဘူး၊ စုကို ချစ်လွန်းလို့ အစိုးရိမ်လွန်ပြီး ပြောမိတာပါ၊ ဟေ့ကောင် ကိုကိုဇော်.... မင်းအကျင့်က ဘာလဲကွ၊ ယောကျ်ားဟာ ယောကျ်ားပီပီ ပြောပါလား၊ အခုတော့ မင့်စကားက ဂန်ဒူးတွေလို စုနဲ့လှည့်ပြီး ရန်တိုက်ပေးတာတော့ ယောကျ်ားမပီသဘူးကွာ၊ ဟွန်း"

"ဟ၊ ငါက ယောကျ်ားပီပီ အရှိကို အရှိအတိုင်း အမြင်ကို အမြင်အတိုင်း အမှန်ကို အမှန်အတိုင်း မဆုတ်ဆိုင်းပဲ ဟုတ်တိုင်း မှန်ရာတွေကို ပြောနေတာပဲဟာ၊ ရန်တိုက် ပေးနေတာ



မဟုတ်ဘူး၊ ငါပြောတဲ့အတိုင်း မင်းဟာ စုကိုမယုံလို့ အခုလို ငါတို့နောက်က လိုက်ချောင်းနေတာ မဟုတ်လား၊ ပြောစမ်းပါဦး ဟဲ ဟဲ"

"ချောင်းတာ မဟုတ်ဘူးကွ၊ လူယုတ်မာလက်မှာ ရေတိမ်မနစ်ရအောင် ငါက လိုက်ပြီး စောင့်ရှောက်နေတာ၊ သိပလား"

"ဟေ မင်းကလားကွ၊ ငါ့ကို လူယုတ်မာဆိုတာ၊ မင်းသာ လူယုတ်မာပါကွာ၊ မင့်အကြောင်းတွေကို စုရှေ့ ဖော်ထုတ်လိုက်ရယင် ဟွန်း....မင်းမှာ ရှိသမျှ သိက္ခာတွေကျပြီး မဟာအရှက်တော်ကြီး ကွဲသွားမယ်နော်၊ ဒါကိုကော မစိုးရိမ် ဘူးလား ဟွန်း"

"အိမ်း....မင်းက ဖော်တော့ ငါကလဲ မဖော်ပဲ နေမလား၊ ပါးကိုက်ယင် နားပြန်ကိုက်ရမှာပဲ၊ မင်းလဲ သူတော်ကောင်း မဟုတ်ပါဘူးလေ၊ မင်း ဘယ့်လောက် ရှုပ်တယ် ပွေတယ်ဆိုတာ သက်သေသာဓကနဲ့တောင် ပြနိုင်သေးတယ် သိလား"

စုရည်မွန်မှာ ကြားမှ ငြိမ်၍ မနေသာတော့ပေ။

ကြာကြာနေလျှင် ယောကျ်ားနှစ်ဦး ထ၍ နောင်ဂျိန်ပလေး ကြတော့မည်မို့ ဥာဏ်သို့ဝင်၍ ဖျန်ဖြေရတော့သည်။

"အို....တော်ကြပါတော့လေ၊ စားသောက်ဆိုင်မှာ လာပြီး တဦးကိုတဦး အပုပ်ချနေကြရသလားလို့၊ အစ်ကိုလို့ဟာ ကလေး ငယ်တွေကျနေတာပဲ၊ ဒီစကား ဒီတင် ရပ်ကြပါတော့၊ ဟော.... ပြောယင်းဆိုယင်း စားစရာတွေသဲ ထပ်ရောက်လာပြီ စားကြစို့လား"

www.burmeseclassic.com

www.burmeseclassic.com



စုံရည်မွန်စကားအတိုင်း ညီညီမောင်နှင့် ကိုကိုဇော်တို့နှစ်ဦးမှာ အသံတိတ်သွားကြသည်။ အသံက တိတ်သော်လည်း စိတ်ထဲတွင်တော့ တဦးကိုတဦး အခဲမကြေဖြစ်နေကြသည်။ ဒေါသတွေ ကိုယ်စီဖြစ်နေကြ၍လားမသိ၊ သူတို့နှစ်ဦးစလုံး စားစရာတွေကို ဟုတ်တိပတ်တိ မစားနိုင်ကြပေ။

စုံရည်မွန်သာလျှင် မြိန်ရည်ယှက်ရည် စားသောက်နိုင်သည်။

"ကဲ စု၊ စားလို့ပြီးသွားပြီမို့ ဟိုကောင်ကို စုကပဲ နှင်ပေတော့၊ ကိုယ်တို့နောက် လိုက်ပြီးနေတာကိုတော့ အစ်ကိုဇော်သဘောမကျဘူး...."

စားသောက်၍အပြီး ကိုကိုဇော်က ၍ ပြောသည်။

စုံရည်မွန်မှာ ညီညီမောင်ဘက်သို့ အားနာဟန်ဖြင့် လှမ်းကြည့်ယင်း ပြောသည်။

"အင်း၊ အစ်ကိုညီကို ပြောရမှာ အားတော့နာပါတယ်လေ။ ဒါပေမယ့် အိမ်မှာတုန်းက ဖားကြတဲ့ကတိအတိုင်း ဒီကနေ့အဖို့ ကိုကိုဇော်နဲ့စုက လျှောက်လည်ရမှာမို့ အစ်ကိုညီဟာ စုတို့နောက် လိုက်မနေပါနဲ့တော့၊ ဟုတ်လား၊ လာမယ့် ဆန်းဒေးကျတော့ အစ်ကိုညီနဲ့စုဟာ အခုလိုပဲ လျှောက်လည်ကြတာပေါ့"

ညီညီမောင်မှာ မငြင်းသာတော့ပေ။

ကိုကိုဇော်ဘက်သို့သာ မနာလိုသော အကြည့်ဖြင့် တချက်လှမ်းကြည့်ပြီး ပြန်ပြောသည်။



"အိုကေ ...အစ်ကိုညီနာခံပါ့မယ်လေ၊ အဲ လာမယ့်ဆန်းဒေးကျယင်သာ ဒီကောင်ဟာ အစ်ကိုတို့နောက်ကို မလိုက်စေနဲ့ပေါ့..."

"ဟေ့ကောင်၊ ငါက မင့်လို စိတ်ပုပ်မရှိပါဘူး၊ စိတ်ချ၊ ဒီကနေ့ ငါတို့ကို ထပ်ပြီး အနှောင့်အယှက်မပေးယင် ငါကလဲ မင်းတို့ကို လာမယ့်ဆန်းဒေးမှာ ဘာအနှောင့်အယှက်မှ မပေးဘူး၊ အိမ်း ဒါပေမယ့် ဒီနေ့အဖို့ မင်းက အခုလိုပဲ နောက်ကကောက်ကောက် လိုက်ပြီး နှောင့်ယှက် နေမယ်ဆိုယင်တော့ မင်းနဲ့စုတို့ လည်ပတ်ကြရမယ့်နေ့ကျတော့လဲ ငါက လိုက်ပြီး နှောင့်ယှက်ရမှာပဲ...."

ကိုကိုဇော်ပြောအပြီး စုရည်မွန် ဝင်ပြောရပြန်သည်။

"အို... ကိုဇော်ကလဲ သူ ထပ်ပြီး မနှောင့်ယှက်ပါဘူး ဆိုနေမှတော့ ကိုဇော်က ဘာပြောနေဖို့လိုသေးသလဲ၊ ကဲ....စားပြီးယင် သွားကြစို့၊ အစ်ကိုညီ အခု စားသောက်တာတွေကို အစ်ကိုညီက ပေးမှာလား၊ ကိုဇော်က ပေးမှာလား"

"အစ်ကိုညီကပဲ ပြောထားတဲ့ စကားအတိုင်း ပေးပါ့မယ်ကွာ၊ ကြွမှာသာ ကြွကြပါ"

ညီညီမောင်က မျက်နှာမကြည်မသာဖြင့် ပြန်ပြောသည်။

ကိုကိုဇော်ကတော့ လှောင်ပြုံးကလေး ပြုံးပြယင်း အခန်းတွင်းမှ အယင် ထွက်သွားသည်။

သူ၏နောက်မှ စုရည်မွန်က လိုက်သွားသည်။

ညီညီမောင်သာလျှင် အခန်းထဲတွင် လင်းတမှိုင် မှိုင်ကျန်ရစ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်သို့ အရောက်တွင် ကိုကိုဇော်က စုရည်မွန်ဧ
မေးသည်။

"ကဲ စု ဆယ့်တနာရီလဲ ထိုးတော့မယ်၊ ကိုယ်တို့ ဘယ်
ကြည့်မလဲ"

ဂုဏ်ရုံက အမေရိကန်ကားကို ကြည့်ကြရအောင်၊ စု မကြ
ရသေးဘူး၊ ဒီကား တော်တော်ကောင်းတယ်လို့ ပြောကြတယ်

"အိုကေ.... စုကြည့်ချင်တဲ့ ကားဆိုယင် ကိုဇော်ကြည့်ချင်
ကားပဲပေါ့၊ ဟဲ ဟဲ...."

ကိုကိုဇော်ပြောယင်း ကားစက်ကို နှိုး၍ နန်းယုစားသော
ဆိုင်ရှေ့မှ မောင်းထွက်လာသည်။

ဂုဏ်ရုပ်ရှင်ရုံရှေ့သို့ ရောက်လျှင် ကိုကိုဇော်က မောင်းလ
သောကားကလေးကို ပလက်ဖောင်းဘေးတွင် အသာ ရပ်သည်

"ကား ထားမလား ခင်ဗျာ"

"ဟုတ်တယ်"

ကိုကိုဇော့် ပြောအပြီး ကားစောင့်က လက်မှတ်ကလေ
တခုကို ထုတ်ပေးသည်။

ကိုကိုဇော် လက်မှတ်ကို ယူယင်း ကားပေါ်မှ ဆင်းလ
သည်။

တဘက်မှလည်း စုရည်မွန် ကားတံခါးကို ဖွင့်၍ ဆင်းလာ
ခဲ့သည်။

ငါးကျပ်တန်းလက်မှတ်ပေါက်သို့ ရောက်လျှင် ကိုကိုဇော်
လက်မှတ်နှစ်စောင် ယူသည်။



ရုပ်ရှင်ကားမှာ ကားကောင်းတကားဖြစ်သော်လည်း ပြနေ
သည်မှာ နှစ်လခန့်ရှိပြီမို့ လူကတော့ သိပ်မများလှပေ။

ခပ်ကြဲကြဲသာ ရှိသည်။

စုရည်မွန်နှင့် ကိုကိုဇော်တို့မှာ ပြရန် အချိန် ငါးမိနစ်ခန့်လို
နေသေး၍ အပေါ်ထပ်သို့ မတက်သေးပေ။

နံရံတွင် ချိတ်ဆွဲထားသော ရုပ်ရှင်ပိုစတာများနှင့် ဓာတ်ပုံ
များကို ခေတ္တကြည့်နေကြသည်။

ထိုစဉ် စုရည်မွန်မှာ တစုံတဦးကို မြင်လိုက်မိ၍ ဟင့်ကနဲ
အာမေဋိတ်သံ ထွက်သွားသည်။

ကိုကိုဇော်က ကြားလိုက်၍ ပျာပျာသလဲ ပြန်မေးသည်။

"ဘာလဲစု၊ ဘာဖြစ်တာလဲ၊ ဟိုအကောင် ကိုယ်တို့နောက်ကို
လိုက်လာပြန်ပြီလား"

"မဟုတ်ပါဘူး၊ မလိုက်ပါဘူး...."

"ဒါနဲ့များ 'ဟင်' ဆိုတာက ဘာလို့ဖြစ်ရတာလဲ"

"အို.... ဘာလို့ဖြင့်ဖြစ် လျှာရှည်မနေစမ်းပါနဲ့၊ ကဲ လာ၊
အပေါ်ထပ်ကို တက်ကြစို့"

စုရည်မွန်ပြောယင်း ကိုကိုဇော်နှင့်အတူ အပေါ်ထပ် 'ဒီစီ' သို့
တက်သွားကြသည်။

စုရည်မွန်တွေ့လိုက်ရသူကား အခြားသူ မဟုတ်ပေ။
ချစ်ဝင်းနိုင်ကို တွေ့မြင်ရခြင်းပင်။

စုရည်မွန်တွေ့သလို ချစ်ဝင်းနိုင်ကလည်း သူတို့ကို ခပ်စော
စောကတည်းက တွေ့နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချစ်ဝင်းနိုင်မှာ တနင်္ဂနွေနေ့တိုင်း မုန့်ဟင်းခါးရောင်းခြင်း အနားယူလေ့ရှိလည်း။

ထိုနေ့တွင် သူသည် ရုပ်ရှင်ကြည့်လျှင် ကြည့်၊ မကြည့်လျှင် သူငယ်ချင်းအိမ်များသို့ အလည်သွားခြင်း၊ သို့မဟုတ် ရွှေတိဂုံစေတီတော်ကြီးသို့ သွားရောက်၍ ဖူးမြော်ခြင်းတို့ကို လုပ်လေ့ရှိသည်။

ယနေ့တွင်တော့ သူ့မှာ ဂုဏ်ရုံမှ ရုပ်ရှင်ကားကို ကြည့်ချင်ရှိသဖြင့် လာ၍ကြည့်ရာ၊ ယခုလို ခဲဗျော်လင့်ပဲ စုရည်မွန်နှင့် ပက်ပင်း တွေ့နေရခြင်းပင်။

သူသည် စုရည်မွန်နှင့် ကိုကိုဇော်တို့ အတူတွဲ၍ တက်သွားသည်ကို အောက်မှ ငေးကြည့်နေသည်။

နောက် ရုပ်ရှင်ရုံမှ ရုပ်ရှင်ပြရန် အချက်ပေး 'ဘဲလ်'တီးသံကို ကြားရ၍ သူလည်း အပေါ်ထပ်သို့ တက်လာသည်။

သူ့လက်မှတ်မှာလည်း 'ဒီစီတန်း'ကပင် ယူထားသည်။

အဲ.... ဖြစ်ချင်တော့ သူထိုင်မည့် ဒီစီတန်းမှ ခုံအမှတ် ဒီ-၁၅ မှာ စုရည်မွန်တို့ စုံတွဲထိုင်နေကြသော ခုံအမှတ် စီ-၁၅ နှင့် ၁၆ နောက်တွင် ရောက်နေသည်။

စုရည်မွန်မှာ သူ့နောက်မှ ခြေသံကြား၍ လှည့်ကြည့်မိသည်။

ချစ်ဝင်းနိုင်တယောက် သူထိုင်နေသော ခုံတန်းနောက်တွင် အကျဝင်ထိုင်သည်ကို တွေ့ရသည်။

စုရည်မွန်စိတ်ထဲတွင် ဘဝင်မကျဖြစ်သွားသည်။



ချစ်ဝင်းနိုင်မှာလည်း ကြိုတင်စီစဉ်ထားသည့်အတိုင်း စုရည်မွန်၏ ခုံတန်းနောက်တွင် သူထိုင်ရသဖြင့် အံ့သြနေမိသည်။

စုရည်မွန်က သူ့ဘက်သို့လှည့်၍ မျက်စောင်းကြီးထိုးကာ ကြည့်သည်။

ချစ်ဝင်းနိုင်သူက သူ့အား ပြုံးပြသည်။

သူကတော့ မပြုံးပဲ ဘုကြည့်သော ပြန်ကြည့်နေသည်။

ချစ်ဝင်းနိုင်မှာ သူ့အား ဘုကြည့် ကြည့်နေမှန်း သိသော်လည်း သဘောထားဖြူစင်သူပီပီ ခပ်ပြုံးပြုံးကလေးဖြင့် စုရည်မွန်အား နှုတ်ဆက်သည်။

"ဪ .. ဒီကလဲရုပ်ရှင်လာကြည့်ကြတယ်ထင်တယ်၊ အဟဲ"

ချစ်ဝင်းနိုင်၏ မေးသံကြောင့် ကိုကိုဇော်ပါ လှည့်၍ ကြည့်သည်။

"ဟုတ်တယ်၊ ရှင်ကကော ဘာသဘောနဲ့ လာတာလဲ"

စုရည်မွန် ဘုကျကျပင် ပြန်မေးသည်။

"ဘာသဘောမှ မဟုတ်ပါဘူး ခင်ဗျာ၊ ကျွန်တော်လဲ ရှင်းလို့ လာကြည့်တာပါပဲ"

"ကြည့်ချင်ယင် အောက်ထပ်မှာ ကြည့်ပါလား၊ ဒီနေရာက 'တကယ့်ဂုဏ်ရှိတဲ့'တွေ ကြည့်တဲ့ နေရာရှင့်၊ လမ်းဘေးဈေးသည်တွေ ကြည့်ရတဲ့နေရာ မဟုတ်ဘူး"

"ဟာ . မဟုတ်တာဗျာ၊ ရုပ်ရှင်ပဲ ပိုက်ဆံပေး ကြည့်ယင်ကြည့်ယင် အတန်းက ဖြစ်ဖြစ် ကြည့်နိုင်တဲ့ဟာ၊ ကျွန်တော်လို လမ်းဘေးဈေးသည်မပြောနဲ့ သူတောင်းစားတွေတောင် ငွေပါးကျပ်ပေးယင် ကြည့်လို့ရပါတယ်လေ၊ ဟဲ ဟဲ ဟဲ"

www.burmeseclassic.com

www.burmeseclassic.com



စုရည်မွန်မှာ ချစ်ဝင်းနိုင် စကားကြောင့် ဒေါသထွက် သွားတော့သည်။

"တော်စမ်းရှင်၊ လူဆိုတာ တန်ရာတန်ရာလုပ်ရတယ်၊ ကိုယ်နဲ့ မတန်တာတွေ လျှောက်လုပ်ယင် ချေးပန်းပြီး သေတတ်တယ် သိလား၊ ဟွန်း"

စုရည်မွန်၏ စကားကို နားထောင်ယင်း ကိုကိုဇော်မှာ ချစ်ဝင်းနိုင်ကို အားနာသွားတော့သည်။

"ဟာကွာ…စုကလဲ ဘယ့်နှယ်ကြောင့် တဘက်သားကို ပြော နေရတာလဲ၊ ရုပ်ရှင်ပဲ ဘယ်သူဖြစ်ဖြစ် ပိုက်ဆံပေးကြည့်ယင် ရတဲ့ဟာ"

"ဟာ… လာပြန်ပြီ တယောက်က…၊ ပိုက်ဆံပေးပေမယ့် အောက်တန်းစားဆိုတာ အောက်တန်းမှာပဲ ကြည့်ရတယ် ရှင့်၊ ကိုယ်နဲ့ မတန်တဲ့နေရာကို မကြည့်ရဘူး၊ သိလား"

ချစ်ဝင်းနိုင်မှာ သဘောကောင်းသူ ဖြစ်သော်လည်း သူ့အား သူစိမ်းတွေရှေ့တွင် မတရား နှိမ့်ချနေရသဖြင့် ဒေါသအိုး ပေါက်ကွဲလုနီး ဖြစ်လာသည်။

ကြာကြာနေလျှင် သူ့စိတ်ကို သူ မထိန်းနိုင်တော့ပဲ သူ့ရှေ့တွင် ထိုင်နေသော စုမွန်ရည်၏ ခေါင်းကို ခြေနှင့် ကန်မိတော့မည်မို့ သူ့မှာ ထိုနေရာမှ အမြန် ထရတော့သည်။

ထိုနေရာမှနေ၍ အစွန်ဆုံးတန်းဖြစ်သော 'ဒီ နံပါတ် တစ်' ထိုင်ခုံသို့ သွား၍ ထိုင်နေရသည်။

တော်ပါသေးသည်။



ရုပ်ရှင်ရုံထဲတွင် လူက ခပ်ကြဲကြဲမို့ စုမွန်ရည်၏ ပြောဆိုသံတွေကို အခြားလူတွေ သိပ်မကြားမိပေ။

ကြားလျှင်တော့ သူ့မှာသာ ပိုမို၍ အရှက်ကွဲရဦးမည် မဟုတ်လော။

"စုကလဲကွာ…. သူ့ဘာသာ သူကြည့်တာကို ရန်တွေ့နေတော့ သူလဲ ရှက်ပြီး တခြားကို လစ်ပြေးသွားရတာပေါ့၊ သနားပါတယ်"

ကိုကိုဇော်က ချစ်ဝင်းနိုင် ထိုင်ခုံပြောင်းအပြီးတွင် စုရည်မွန်ကို ပြောနေသည်။

"ဘာ သနားစရာလဲ၊ ကိုကိုဇော်က သူ့အကြောင်း ဘာသိလို့လဲ၊ အင်မတန် လူဝါးဝတဲ့လူ သိလား"

"နေပါဦး၊ သူက ဘာတွေများ လူဝါးဝနေလို့လဲ၊ ကိုကိုဇော်ကို ရှင်းပြပါဦး"

"အမယ်လေး ရှင်းပြရယင် ဆုံးမှာ မဟုတ်ဘူး၊ ရုပ်ရှင်ကလဲ စတော့မှာမို့ တိုတိုနဲ့ လိုရင်းကို ပြောပြမယ်၊ သူက လမ်းဘေး ထမ်းသမား မုန့်ဟင်းခါးသည်၊ အဲ… မုန့်ဟင်းခါးရောင်းယင် ကောင်းကောင်း ရောင်းပါလား၊ မရောင်းဘူး၊ နဲ့ကြီးတလက်ကို မုန့်ဟင်းခါးရောင်းရာ ယူလာပြီး မမှတ်ဘတ် မှတ်တတ်နဲ့ တတော်တော် တတီတီနဲ့ လုပ်တတ်တယ်၊ ဒါကို စုက နားမခံ သာလို့ ပြောတဲ့အခါ… သူက ကိုယ့်ဟာ ကိုယ် မှတ်တာ ဘာ ဖြစ်လဲ ဘာဖြစ်လဲ ဆိုပြီး စုကိုသာ မကဘူး၊ စု ဖေဖေနဲ့မေမေ ကိုပါ ပြန်ပြောတယ်လေ"

www.burmeseclassic.com

"ဟင်....တော်တော်ရိုင်းတဲ့ လူပါလား၊ ဒီတုန်းက ကိုကိုဇော် မရှိလို့ပေါ့၊ ရှိယင် နားရင်းကို တီးပစ်တယ်၊ သိလား"

ကိုကိုဇော်က သူ့ကိုယ်သူ သူရဲကောင်းကြီး ဟန်မျိုးဖြင့် ပြန်ပြောသည်။

"တော်စမ်းပါ၊ သူလို ကလေကချေ ကောင်မျိုးနဲ့ ဘာလို့ ကိုကိုဇော်က ဖက်ဖြစ်ချင်တာလဲ၊ ခွေးရူးနဲ့ ခွေးကောင်းကိုက်ယင် ခွေးကောင်းမှာသာ နစ်နာမှာပေါ့ရှင့်"

စုရည်မွန် ပြောနေခိုက် ရုပ်ရှင်ရုံမှ မီးတွေမှိတ်ကာ နိုင်ငံတော် အလံ ပေါ်လာ၍ သူတို့လည်း စကားကို ဖြတ်ကာ အလံတော် အား ထ၍ အလေးပြုနေကြရသည်။

နိုင်ငံတော်အလံကို အလေးပြုကြပြီး နောက် တွင် လည်း ရုပ်ရှင်က ဆက်ပြနေသဖြင့် သူတို့မှာ ချစ်ဝင်းနိုင် အကြောင်းကို မဆက်နိုင်တော့ပေ။

သို့နှင့်ပင် ရုပ်ရှင်ပြီး၍ ရုံထဲတွင် မီးတွေ ပြန်လင်းလာသည်။

မီးတွေ လင်းလျှင် လင်းချင်း စုရည်မွန်က ချစ်ဝင်းနိုင်ရှိရာ ဘက်သို့ လှမ်း၍ ကြည့်မိသည်။

ချစ်ဝင်းနိုင်ကလည်း သူတို့ဘက်သို့ ပြန်အကြည့်မို့ မျက်လုံး ချင်း ခလုတ်တိုက်မိသွားကြသည်။

စုရည်မွန် ချက်ချင်းပင် နှုတ်ခမ်းကြီးကို စူပြယင်း တဘက်သို့ လှည့်သွားသည်။

ချစ်ဝင်းနိုင်ကလည်း သူတို့ရှိရာဘက်မှ မထွက်တော့ပဲ တဘက် အပေါက်မှ ထွက်ကာ လှေကားဆီသို့ ဆင်းသွားသည်။



ဂုဏ်ရုံတွင် အောက်ထပ်သို့ဆင်းသော လှေကားမှာ ဝဲယာ နှစ်ဘက်ရှိသဖြင့် ဝဲဘက်မှ ဆင်းလာသော ချစ်ဝင်းနိုင်နှင့် ယာ ဘက်မှ ဆင်းလာကြသော စုရည်မွန်တို့မှာ မျက်နှာချင်းဆိုင် ဆုံမိကြတော့သည်။

ကိုကိုဇော်မှာ ချစ်ဝင်းနိုင်ကို မမှတ်မိသဖြင့် မည်သို့မှ ထူးခြားဟန် မပြသော်လည်း စုရည်မွန်ကတော့ ချစ်ဝင်းနိုင် အား မြင်ရလျှင် တကယ့် ရန်သူကြီးသဖွယ် သဘောထားကာ မျက်စောင်းကြီး ထိုးကြည့်ခြင်းနှင့် မျက်နှာကြီး စူပုပ်ကာ ထားခြင်းတို့ကို လုပ်ကာ လှေကားကို ရိုးရိုး မဆင်းပေ။

ချစ်ဝင်းနိုင်အား မကျေနပ်ကြောင်း ဆန္ဒပြသည့်အနေဖြင့် ဖိနပ်ပင် ခြေကိုဆောင့်၍ ဆင်းလာခဲ့ရာ လှေကားတနေရာတွင် ထည်းမှဲ့ကမ်းမှဲ့ ပစ်ထားသော ဆီတွေလူးနေသည့် ပလတ်စတစ် အိတ်တခု တက်နင်းမိတော့သည်။

ပလတ်စတင်အိတ်ကလည်း ချောချော၊ စုရည်မွန်၏ ဒေါက် ဖိနပ်ကလည်း လျှောလျှောမို့ စုရည်မွန်မှာ ကိုယ်ကို မဟန်နိုင်ပဲ ခြေဘက် လျှောကနဲဖြစ်ကာ 'အမေ့' ဟူသော အော်သံ လေးနှင့်အတူ နောက်ဘက်သို့ လဲအသွား သူ၏ ညာလက်က အနားတွင် ပါလာသော ကိုကိုဇော်၏ ဖင်ကျပ်ဘောင်းဘီကို လှမ်းဆွဲရာ တအား ဆွဲလိုက်မိသည်။

စုရည်မွန် ဆွဲလိုက်သောနေရာမှာ ကိုကိုဇော်၏ ဘောင်းဘီ နောက်ပိုင်းရှိ အိတ်ကို ဆွဲမိသဖြင့် ဗြဲ ကနဲ မြည်သံနှင့်အတူ ကိုကို ဇော်၏ ဘောင်းဘီမှာ အိတ်သာ မကတော့ပဲ ဘောင်းဘီကြီးပါ ထွာကျော်ခန့် ပြဲသွားတော့သည်။

www.burmeseclassic.com



စုရည်မွန်လည်း လှေကားပေါ်တွင် ဖင်ထိုင်လျက် လဲကျ သွားသည်။

အနီးတွင် လိုက်ပါလာကြသော လူတွေ၏ နှုတ်မှလည်း ဟယ်ကနဲ အာမေဍိတ်သံတွေ ပေါ်လာကြသလို ကိုကိုဇော်၏ နှုတ်မှလည်း 'ဟာ.... ပြဲသွားပြီ' ဟူသော အသံမှာ ထွက်ပေါ် လာသည်။

စုရည်မွန်မှာတော့ သူ့ဖင်ပိုင်းနှင့် လှေကား တအားထိ သဖြင့် ဖင်ဘခုလုံး အခတ်ပင် နာကျင်သွားကာ ထိုင်ရာ တော်တော်နှင့် မထနိုင် ဖြစ်နေသည်။

ကိုကိုဇော်မှာမူ စုရည်မွန်ကို ထူမ ပေးရမည့်အစား သူ့ဖင် ပိုင်းမှ ဘောင်းဘီကြီး တထွာကျော်ခန့် အချောင် ပြဲသွား ကြောင့် သူ့မှာ ရှက်အားပိုပြီး ပြဲသွားသော ဘောင်းဘီကြီး လက်ဖြင့် ပိတ်ကာ ထားနေသည်။

စောစောက အာမေဍိတ်သံတွေ ပေးခဲ့မိသော ရုပ်ရှင်ရုံ လူတွေမှာလည်း သူတို့အဖြစ်ကြောင့် မရယ်ပဲ မနေနိုင် တော့ပေ။

"ဟား ဟား ဟား ဟား ဟား...."

ထို ရယ်သံတွေထဲတွင် ချစ်ဝင်းနိုင်လည်း ရှေ့တန်းက သည်။

ချစ်ဝင်းနိုင်မှာ ရယ်ချင်သည်က နည်းနည်း၊ စုရည်မွန်တို့အား လှောင်လိုစိတ်က များများမို့ သူများတွေထက် အသံ ပိုကျယ် ကာ လှောင်ရယ်ကလေး ရယ်နေမိသည်။



စုရည်မွန်မှာ ချစ်ဝင်းနိုင်က သူ့အား လှောင်ရယ်မှန်း သိသော်လည်း ဖင်တပိုင်းလုံး နာကျင်နေသည်က တကြောင်းမို့ ရှက်စိတ်ဖြင့် သူ့အား ရန်ပြန်မတွေ့နိုင်တော့ပေ။

စုရည်မွန်နည်းတူ ကိုကိုဇော်မှာလည်း သူ၏ အဖိုးတန် ဘောင်းဘီကြီးမှာ စုရည်မွန်ကြောင့် မဆီမဆိုင် ပြဲသွားပြီး ပြဲသည်လည်း လူပုံအလယ်တွင် ရယ်ဖွယ် ဖြစ်နေခြင်းကြောင့် ရှက်လည်း ရှက်၊ ဒေါသလည်း ဖြစ်နေတော့သည်။

"စုရယ်.... ဘယ်လို လုပ်လိုက်တာလဲကွယ်၊ ကိုကိုဇော့် ဘောင်းဘီ ပြဲသွားပြီ၊ ရှက်စရာ ကောင်းလိုက်တာ"

ကိုကိုဇော်က ပြဲနေသော သူ၏ ဘောင်းဘီကို လက်ဖြင့် အသာ ပြန်ထိန်းထားယင်း....

စုရည်မွန်ကို အပြစ်တင်နေသည်။

"အို ... ကိုကိုဇော်ကလဲ စုလဲ ခြေချော်ပြီး လဲကျသွားသလို ဆိုမိဆဲ့ရာ ဆွဲမိတဲ့ဟာ သူများကိုတော့ လာထူပေးမရဘူး၊ အပြစ်ပဲ တင်နေတာကိုး"

"အပြစ်တင်တာ မဟုတ်ဘူးလေ၊ ကိုကိုဇော်လဲ စုနည်းတူ လူပုံအလယ်မှာ အကြောင်းမညီပဲ ဘောင်းဘီအဖြဲခံရလို့ အသည်း ယားမတတ် အရှက်ကွဲခံရပြီ မဟုတ်လား၊ ဒီအပြဲကြီးနဲ့ ဘယ်လို လုပ်ပြီး ရှေ့ဆက်သွားရမှန်းတောင် မသိဘူး၊ တောက်...."

"အံမယ်၊ ဘောင်းဘီပြဲတာကလေးကို ဇာချဲ့နေလိုက်တာ၊ စုမှာလဲ လူပုံအလယ်မှာ ခြေချော်လဲလို့ နာလဲနာ၊ အရှက်လဲ ကွဲတာကိုကော စဉ်းစားမိရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါက စုဟာ ဆင်းရိုးဆင်းစဉ်မဆင်းပဲ ဘာဖြစ်လို့ခြေကို ဆောင့်ဆင်းရတာလဲ၊ ဒီနေရာဟာ 'တက်ပ် ဒန့်စ်' ဆိုတဲ့ ခြေက ကရတဲ့ နေရာမှ မဟုတ်ပဲ"

ကိုကိုဇော် ပြောနေစဉ် သူတို့အား မလှမ်းမကမ်းမှ ကြည့် နေသော ချစ်ဝင်းနိုင်က မကြားတကြား လှမ်း၍ ပြောသွား သည်။

"အဲဒါ 'တက်ပ် ဒန့်စ်' ကတာ မဟုတ်ဘူးဗျို့၊ အာသာတ စိတ်တွေ လျှံထွက်ပြီး... ဒေါသကြီးလို့ အခုလိုဖြစ်တာပဲ၊ ဒါမျိုး ပေါ့ 'ဒေါသကြီးသူ အရှုံးနဲ့တူ' ဆိုတာ ဟား....ဟား... ဟား...."

ချစ်ဝင်းနိုင်စကားအဆုံးတွင် သူတို့အနီးမှ ထွက်သွားတော့ သည်။

စုရည်မွန်မှာ ချစ်ဝင်းနိုင် စကားကြောင့် ဒေါသထွက်ကာ တခုခုဖြင့် ကောက်ပေါက်ရန် လိုက်ရှာသည်။

မည်သည့်အရာကိုမှ မတွေ့ရလျှင် သူသည် ဘာဘာညာညာ စဉ်းစား တွေးတော မနေနိုင်တော့ပဲ သူ့ ဒေါက်ဖိနပ်ဖြင့်ပင် တအားဆွဲကာ ချစ်ဝင်းနိုင်၏ ကျောကို လှမ်းပေါက်သည်။ သို့သော် ချစ်ဝင်းနိုင်ကို မထိပဲ အခြားလူကြီးနောက်စေ့ကို သွား ၍ စုရည်မွန် ဒေါက်ဖိနပ်က မိတ်ဆက်လိုက်တော့သည်။

"ဒေါက်"

"အား"

ဒေါက်ဖိနပ် အမှန်ခံလိုက်ရသော လူကြီးခမျာ နာကျင်သံ ဖြင့် အော်ယင်း သူ့နောက်စေ့ကို လက်ဖြင့် ပိတ်ကာ လှည့် ကြည့်သည်။



စုရည်မွန်ရော ကိုကိုဇော်ပါ မျက်လုံးပြူးသွားတော့သည်။ အခြားလူတွေကတော့ ဝိုင်းရယ်နေကြသည်။ ချစ်ဝင်းနိုင်ကတော့ ထိုအဖြစ်ကို မသိပေ။ ရှပ်ရှင်ရုံမှ ထွက်သွားခဲ့ပြီဖြစ်သည်။

ဒေါက်ဖိနပ် အမှန်ခံရသော လူကြီးမှာမူ စုရည်မွန်အား ဒေါသထွက်သော မျက်နှာဖြင့်ကြည့်ကာ လှမ်းမေးသည်။

"ဟေ့ ဒါက ဘာလုပ်တာလဲ ကလေးမ"

"ကျွန် ကျွန်မ... ပေါက်လိုက်တာပါရှင်"

စုရည်မွန် တုန်လှုပ်သံကလေးဖြင့် ပြန်ပြောသည်။

"ဘာသဘောနဲ့ ပေါက်လိုက်တာလဲ၊ မင့် အကျင့်က ဒီလိုပဲ ဖိနပ်တွေကို လူတွေ နောက်စေ့ မှန်းပြီး ပေါက်တတ်တဲ့အကျင့်ရှိ သလား"

"မ....မဟုတ်ပါဘူးရှင်၊ ကျွန်မပေါက်တာက တယောက် ပါ၊ အဲဒါ ဦးလေးကို မတော်တဆ ထိသွားတာပါ၊ တောင်း ပန်ပါတယ်၊ ကျေနပ်ပါနော်"

"မင်းက ကျေနပ်ခိုင်းပေမယ့် ငါ့မှာတော့ သေမတတ် နောက်စေ့မှာ နာသွားလို့ မကျေနပ်နိုင်ဘူး"

ကိုကိုဇော်မှာ မနေသာတော့ပဲ ဝင်၍ တောင်းပန် ပေးရ သည်။

"ကျွန်တော်လဲ ဦးလေးကို သူ့ကိုယ်စား တောင်းပန်ပါ တယ်ဗျာ၊ ဒါဟာ မတော်လို့ ဖြစ်သွားတာပါ၊ ကျေနပ်ပါ နော်"

www.burmeseclassic.com

www.burmeseclassic.com



“အာ.... ဘယ်ဖြစ်မလဲ၊ နောက်ကို ဖိနပ်ပစ် မလေ့ကျ
ရဲအောင် လုပ်ရလိမ့်မယ်”

“ဦးလေးက ဘယ်လိုလုပ်မှာလဲ ခင်ဗျာ”

ကိုကိုဇော်မှာ စုရည်မွန်အား ရန်ပြုမည်ထင်သဖြင့် စိုးရိမ်
ဖြင့် မေးနေသည်။

“ဘယ်လိုလုပ်မှာလဲ ဆိုတော့.... ငါ့နောက်စေ့ကို ဇော်
ကားကား ကျူးကျူး ကျော်ကျော် လာမှန်တဲ့ ဒေါက်ဖိနပ်
ကို အပိုင်သိမ်းသွားရမှာပဲ၊ အဲဒါ မကျေနပ်ယင် ဆိုင်ရာက
တရားစွဲပေါ့ကွာ၊ ငါကတော့ ပြန်မပေးသေးထဲကပဲ”

လူကြီးပြောယင်း စုရည်မွန်၏ ဒေါက်ဖိနပ်ကို ကောက်
ကာ စိတ်ဆိုးမာန်ဆိုးနှင့် ထွက်သွားတော့သည်။

“ဟောတော့.... ဒုက္ခပါပဲ၊ စုဖိနပ်တဘက်ကို ယူသွား
ဘယ်လိုလုပ်မလဲ ကိုကိုဇော်၊ ဖိနပ်တဘက်တည်းနဲ့ အိမ်ပြန်
တော့မှာလားဟင်၊ ပြန်တောင်းပေးပါ”

စုရည်မွန် ငိုသံပါလေးဖြင့် ပြောနေသည်။

“အခုတော့ မဖြစ်ဘူးစု၊ ကိုယ်လဲ ပြန်မတောင်းရဲဘူး၊ဟို
ကြီးက တော်တော်ဒေါသဖြစ်နေတာ၊ လူကို ဘာမှ မလုပ်
ဖိနပ်တဘက်တည်း ယူသွားတာပဲ တော်လှပြီ၊ နို့ စုက
ဘာစိတ်ကူးပေါက်ပြီး ဒေါက်ဖိနပ်ကို လွှင့်ပစ်ရတာလဲလို့”

“အို....လွှင့်ပစ်တာမှ မဟုတ်ပဲ၊ ဟို သေနာကျကို ဒေါ
ဖြစ်ဖြစ်နဲ့ ကောက်ပေါက်တဲ့ဟာ”

“ဟ၊ ပေါက်ယင်လဲ အဲဒီလူကို ထိအောင်ပေါက်ပါလာ
အခုတော့ ကြားက မသက်ဆိုင်တဲ့လူကို သွားထိတော့ ပြဿနာ



က်ကုန်တာပေါ့၊ဒီတော့ ကိုယ့်အပြစ်နဲ့ကိုယ် ဖိနပ်တဘက်တည်း
ပြန်ပေတော့၊ ကိုယ်လဲ စုကြောင့် ဘောင်းဘီ ဖင်ပြဲနဲ့ပြန်ရ
ယ်ဟာ၊ တောက်.. ဒီကနေ့ပေါက်တဲ့ အောင်ဘာလေမကြီးက
မနိုင်လိုက်တာ ဟိုသေနာကျ ညီညီမောင်က နှောင့်ယှက်
က်၊ ရုပ်ရှင်ရုံကျတော့လဲ စုက ပြဿနာမရှိ ပြဿနာရှာလို့
တ်တာတွေဖြစ်လိုက်နဲ့ ဝိုး....လူကို ရှူးခုင်သွားတာပဲ ဟွန်း”

ကိုကိုဇော် မျက်နှာကြီး မသာမယာဖြင့် ညည်းညူပြနေ
သည်။

“တော်စမ်းပါ၊ အရေးဆို သူ့မှာ ညည်းဖို့ပဲ တတ်တယ်၊
မှ အားမကိုးရဘူး၊ ကဲ..လာ၊ သွားကြစို့”

စုရည်မွန် ပြောယင်း လဲကျနေသော လှေကားပေါ်မှ
ပ်သည်။

ရပ်သာရပ်လိုက်ရသည်၊သူ့ဖင်ပိုင်းကတော့ အတော်ကလေး
နေ၍ လမ်းလျှောက်ရ ခက်နေသည်။ သည်အထဲ ဖိနပ်တဘက်
သည်း မရှိတော့၍ စုရည်မွန်မှာ ဘက်ပဲ့နေသော ကျန်
ဘက်ကိုပါ ချွတ်ထားလိုက်ရသည်။

ကိုကိုဇော်မှာလည်း စုရည်မွန်ကို တွဲမခေါ်နိုင်။

သူ့မှာလည်း ဘောင်းဘီတခုလုံး ပြဲနေသဖြင့် လက်တဘက်
ပြဲနေသောနေရာကို လက်ဖြင့် ကာထားရသည်။

ဖြစ်၍ နှစ်ဦးစလုံးမှာ တဦးက ဘောင်းဘီဖင်ပိုင်းကို လက်
ကာလျက်လည်းကောင်း၊ ကျန်တဦးမှာ ဖိနပ်မပါပဲ ထော့

www.burmeseclassic.com

www.burmeseclassic.com



နင်း ထော့နင်းလုပ်၍လည်းကောင်း၊ ရုံထဲမှနေ၍ ရှက်ကိုး ရှ
ကန်းဖြင့် ထွက်လာခဲ့ကြရသည်။

အပြင်ဘက်မှ လူတွေမှာလည်း ပုံပန်းသဏ္ဌာန်တွေ ပျက်
ကြသော သူတို့အား ကြည့်ယင်း တအံ့တဩ ဖြစ်နေကြသည်

ကိုကိုဇော်ကတော့ ရပ်ထားသော သူ့ကားရှိရာသို့ အ
ပြေးသွားသည်။

ကားအနီးသို့ ရောက်သည်နှင့် ကားတံခါးကို ဖွင့်ကာ ကာ
တွင်းသို့ ဝင်ထိုင်နေသည်။

ကားတွင်းသို့ရောက်မှ သူ့မှာ အနည်းငယ် သက်သာ
သွားသည်။

စုရည်မွန်မှာလည်း ကိုယ်ပေါ်တွင် အပုံးစားတွေ ဝတ်ထ
ပြီး ခြေထောက်၌ ဖိနပ်မပါပဲ လာနေရ၍ လူတွေ၏ အကြ
ကို ခံယင်း ရှက်မဆုံး ဖြစ်နေတော့သည်။

ကိုကိုဇော်၏ ကားအနီးသို့ ရောက်၍ကားတွင်းသို့ အမြန်
ထိုင်ပြီးမှ သူ့မှာ သက်ပြင်းချနိုင်ရှာသည်။

ကိုကိုဇော်မှာ ကားစောင့်အား ကျပ်တန်တရွက် ထုတ်
ပြီးနောက် ကားကို ဂုဏ်ရုံရှေ့မှ အမြန် မောင်းထွက်လာခဲ့သည

စုရည်မွန်မှာလည်း ကားထွက်တော့မှ အောင့်ထားခဲ့ရ
တွေကို အတိုးချကာ ငိုနေတော့သည်။

"ဟာ..စု ဘာလို့ ငိုနေရတာလဲ၊ မငိုပါနဲ့လေ၊ ဟော
လူတွေ ကြည့်နေကြတယ်၊ ရှက်စရာကြီး"



ကိုကိုဇော်က ရှက်သံကလေးဖြင့် လှမ်းသတိပေးသည်။

"ငို ဘာဖြစ်လဲ၊ ဒီကနေ့ ကိုကိုဇော်နဲ့ လိုက်လာမိတာ စု
တာပဲ"

"ဟိုက်....ဘာ့ကြောင့်"

"ဘာ့ကြောင့်ရမှာလဲ၊ ကိုကိုဇော် ဒီကနေ့ဆွဲတဲ့ 'ပရိဂရမ်'
ဟာ မကောင်းလို့ စုမှာ အခုလို အရှက်ကွဲခဲ့ရတာပေါ့"

"ဟာ....မဆိုင်တာပဲ စုရာ၊ အခုဖြစ်ခဲ့ရတာက စု ဒေါသကြီး
"

"ဟင့်အင်း၊ မဟုတ်ဘူး၊ ကိုကိုဇော် မကောင်းလို့ဖြင့်ရတာ၊
နေ့သာ အစ်ကိုညီနဲ့ စု လျှောက်လည်ယင် အခုလို ဖြစ်မှာ
တ်ဘူး"

"အဲဒါကတော့ စု မတရားပြောတာပဲ၊ ကဲပါလေ....ပြီးတာ
ပြီးသွားပြီပဲဟာ၊ တရားနဲ့သာ ဖြေလိုက်ပေါ့"

"ဘာပြောတယ်"

"အဲ အဲ၊ စိတ်ထဲကနေ ဖျောက်ထား လိုက်ပါ၊ နောက်
ိုးမဖြစ်အောင် သတိဆောင်ပေါ့၊ အခုဟာက စုတယောက်
း အရှက်ကွဲတာ မဟုတ်ပါဘူး၊ အစ်ကိုဇော်ပါ အရှက်ကွဲ
ဟာ"

"ကွဲမှာပေါ့၊ အစ်ကိုဇော်က ဘာဖြစ်လို့ ဖင်ကျပ်ဘောင်းဘီ
ကို ဝတ်ခဲ့ရတာလဲ၊ အစ်ကိုညီလို လုံချည် ဝတ်ပါလား"

www.burmeseclassic.com



"ရော်....ဘောင်းဘီဝတ်ထားလို့ အခုလောက်ပဲ အရှက် တာပေါ့၊ လုံချည်သာ ဝတ်လာမိယင် စုလုပ်ပုံကြောင့် လူ အလယ်မှာ အူတုန်ဖွယ်အခင်းပေါ်ပြီး သတင်းတွေ ကျော်သွာ မှာပေါ့ အစ်မလေးရဲ့၊ ဟား ဟား ဟား"

ကိုကိုဇော် ပြောပြီး ရယ်နေတော့သည်။

စုရှည်မွန်ကတော့ သူ့အား နှုတ်ခမ်းကြီးစူကာ ကြည့်ယ် နေတော့သည်။

* * *

(၉)

## တွန်းဒါးဆိုင်ကယ်များနှင့် သရုပ်ပျက်လူငယ်များ

---

စုရှည်မွန်ကို သူ့မိဘတွေက တဦးတည်းသောသမီးကလေးမို့ စအရာရာ အလိုလိုက်ထားကြသည် ဆိုသော်လည်း တခုကို တော့ အလိုမလိုက်ကြပေ။

ယင်းတခုဆိုသည်မှာ အခြား မဟုတ်။

ကိုယ်တိုင် ကားမောင်း၍ ကျောင်းတက် ခြင်းကို ဆိုလိုပေ သည်။

ဒါကိုတော့ သူ့မိခင်ထက် ဖခင်ဖြစ်သူ ဦးကံသာလှက ပိုမို၍ င်းကျပ်စွာ တားမြစ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းကိုလည်း လုံးဝ သင်မပေးပေ။

ဦးကံသာလှ ခံယူထားသည်က အပျိုရွယ်ကလေးတဦး ကားမောင်းတတ်သွားလျှင် စာဘက်တွင် စိတ်မပါဝင်တော့ပဲ ကားတစီးဖြင့် သွားလိုရာ လျှောက်သွားခြင်းအားဖြင့် အကျင့်စာရိတ္တပါ ထိခိုက်နိုင်သည် ဟူ၍ပင်။

ပြီးတော့လည်း ရန်ကုန် မြို့တော်ကြီးတွင် ကားစင်းရေက တနေ့တခြား ဒီရေအလား တိုးပွားလာနေသဖြင့် သူ့သမီး၏ အသက် အန္တရာယ်ကိုလည်း စိုးရိမ်သောကြောင့် ဖြစ်သည်။

သို့သော် စုရည်မွန်ကတော့ ကားကို အလွန် မောင်းချင်သည်။

သူ့အနေဖြင့် မိဘနှစ်ပါးက တင်းကျပ်စွာ တားမြစ်ထားမှုကြောင့် အိမ်က ကားကို မမောင်းရသော်လည်း အခြားကားကိုတော့ ခိုးမောင်းကာ သင်ယူခဲ့သည်။

အခြားကား ဆိုသည်မှာလည်း ချစ်စွာသော စာဖတ်သူများ အထက်တွင် ဖတ်ရှုပြီးကြသည့် အတိုင်း ညီညီမောင်နှင့် ကိုကိုဇော်၏ ကားများအား ခိုးမောင်းနေခြင်းပင်။

ကားမောင်း အတတ်ကိုလည်း စုရည်မွန်အား ကိုကိုဇော်က တလှည့်၊ ညီညီမောင်က တလှည့် သင်ပေးခဲ့ကြသည်။

ယခုဆိုလျှင် စုရည်မွန်မှာ အတော်အသင့် ကားမောင်းတတ်နေလေပြီ။



ကားမောင်းတတ်နေသော်လည်း စုရည်မွန်မှာ မိဘများအား အသိ မပေးရဲပေ။

အိမ်က ကားကို မောင်းလိုသော်လည်း သူ့မှာ မမောင်းဝံ့သေး။

ကိုကိုဇော်နှင့် ညီညီမောင်တို့၏ ကားကိုသာ ခိုး၍ မောင်းနေရသည်။

ယနေ့ ညနေဘက်တွင်လည်း စုရည်မွန်မှာ ညီညီမောင်၏ တိုယိုတာ ကိုရိုလာ ကားကလေးကို ငှားကာ တကိုယ်တည်း မောင်းနှင်နေသည်။

ပထမ မောင်းသည့် နေရာမှာ ကားအသွားအလာ ရှင်းလင်းသော အင်းလျားဘက်တွင် ဖြစ်သည်။

ညီညီမောင်မှာ စုရည်မွန် တဦးတည်းကို ကားငှားရမည်ကို စိတ်မချ၍ သူပါ လိုက်ရန်ပြင်သေးသည်။

"ဟာကွာ....အစ်ကိုညီကလဲ စုတယောက်တည်း မောင်းချင်တယ်ကွာ၊ ဘေးက အစ်ကိုညီ ပါလာယင် အစ်ကိုညီတို့က ကားမောင်း သင်ပေးတဲ့ ဆရာတွေမို့ အမိန့်တွေက အမျိုးမျိုးပေးတတ်လို့ စု ကားမောင်းရမဖြောင့်ဘူး၊ ဒါကြောင့် စုတယောက်တည်း မောင်းပါရစေ"

စုရည်မွန်က ကန့်ကွက်နေသည်။

"စုကလဲ အစ်ကိုညီက အမိန့်ပေးတာမဟုတ်ပါဘူး၊ စု ကားမောင်းပုံမှားနေယင် မမှားအောင်လို့ ဘေးကနေပြောပေးတဲ့ဟာ၊

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ စုတယောက်တည်း ကားမောင်း လွတ်ရမှာကို အစ်ကိုညီ စိတ်မချဘူး''

''ဘာကို စိတ်မချတာလဲ၊ စု ကားမမောင်းတတ်သေးဘူး ထင်လို့လား''

''ဒါကြောင့် မဟုတ်ပါဘူး၊ မပြောကောင်း ပြောကောင်း လမ်းမှာ 'အက်စီဒင့်' တွေ ဘာတွေ ဖြစ်မှာ စိုးလို့ပါ''

''ဖြစ်တော့ အစ်ကိုညီရဲ့ ကားပျက်စီးသွားမှာ နှမြောလို့လား စိတ်ချ၊ မနှမြောနဲ့၊ အစ်ကိုညီရဲ့ ကားအတွက် စု လျော်ပေးပါ့မယ်၊ ဖြစ်လာမှတော့ စု ဖေဖေ့ကို ဖွင့်ပြောပြီး အစ်ကိုညီ့ ကားဖိုး အလျော်ခိုင်းရမှာပေါ့''

''ဟ၊ အစ်ကိုညီပြောနေတာက ကားပျက်စီးမှာကို နှမြောလို့ မဟုတ်ပါဘူးလေ၊ စုအတွက် စိုးရိမ်လို့ပါ၊ အစ်ကိုညီဟာ စုကို အသက်ပေးချစ်နေတဲ့ သူမို့ ကား ဘယ်လောက်ပဲ ပျက်စီး ပျက်စီး အလျော်မတောင်းပဲ ကားအသစ်ကို ပြန်ဝယ်နိုင်ပေမယ့် စုတယောက် တစုံတခုဖြစ်သွားယင်တော့ အစားထိုးမရနိုင်တော့ ဘူးလေ၊ ဒါကို စိုးရိမ်လို့ပါစုရယ် ဟဲဟဲ''

ညီညီမောင်၏ အပြောကြောင့် စုရည်မွန် သဘောကျ သွားသည်။

''ဟဲဟဲ... အပြောကလေးတော့ တယ်ကောင်း၊ ဇာတ်မင်း သား ဝင်လုပ်ဖို့ကောင်းတယ်၊ တကယ်ပဲ ခိ ခိ ခိ''



''အပြောကောင်းတာ မဟုတ်ဘူး၊ ဟောဒီက အချောတွေ ဆောင်းထားတဲ့ သဘောကောင်း မကလေးကို ကြံတောဆီ ချောင်းသွားမှာ စိုးလို့ ပြောနေတာခင်ဗျ၊ ဟားဟားဟား''

''ကြည့်စမ်း၊ ကြည့်စမ်း၊ သူများကို မဦးမချွတ် ကြံတော ချောင်းမလေး ဘာလေးနဲ့၊ သူသာ ရေခဲတိုက် မြန်မြန်ရောက်မယ့် ထိုကြီး၊ ဟွန်း''

စုရည်မွန်က သဘောမကျဟန်ဖြင့် နှုတ်ခမ်းကလေး စူပြယင်း ပြန်ပြောနေသည်။

ညီညီမောင် တဟားဟား အော်ရယ်နေရာက ပြန်တောင်း ပန်နေရသည်။

''ဆောရီးပဲစုရာ၊ အစ်ကိုညီက နဘေထပ်ယင်းနဲ့ မသေသပ် တော့ အခုလို စုကို နောက်လိုက်မိတာပါ၊ စိတ်မဆိုးပါနဲ့....''

''စိတ်မဆိုးစေချင်ယင် နိမိတ်ဆိုးတွေပြောမနေနဲ့၊ ကားကို သာ ပေးလိုက်၊ နို့မို့ အစ်ကိုညီကို တလတိတိ 'ဘွိုင်းကော့တ်' လုပ်ရလိမ့်မယ်၊ သိလား''

''အောင် မယ် လေး လေး၊ ဒီလိုတော့ မလုပ်လိုက်ပါနဲ့ ခင်ဗျာ၊ စုနဲ့ဆိုယင် တလမပြောနဲ့ ဒီအကောင်ဟာ တရက်တောင် မခွဲနိုင်တဲ့ဟာ၊ ဒီတော့ စုသဘောကျယူစေဗျာ၊ ကားကိုသာ မဟုတ်ဘူး၊ လူကို ယူချင်သပါ့ဆိုယင်လဲ ယူပါ၊ အားမနာနဲ့နော် ဟီး''

ညီညီမောင် ပြောင်ချော်ချော်နှင့် ပြောနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း တော်ပါ၊ လူကိုတော့ မယူချင်ပါဘူး၊ မုန့်းပါတယ်
ကဲ.... ပေး၊ ကားသော့"

ညီညီမောင်မှာ နောက်ထပ်၍ မပြောဝံ့တော့ပဲ သူ၏တိုယိုတာ ကိုရိုလာကားကလေးကို စုရည်မွန်လက်သို့ ရက်ရက်ရောရော လွှဲအပ်ကာ ပေးလိုက်ရသည်။

စုရည်မွန်ကလည်း ကားသော့ကို ရလျှင် ညီညီမောင်၏ တိုယိုတာ ကိုရိုလာ ကားပေါ်သို့ ဝမ်းသာအားရ တက်ကာ ကားစက်ကို နှိုးနေသည်။

"ဟေး စု ကားကို ဖြည်းဖြည်း မောင်းနော်၊ လမ်းချိုးတွေ ဘာတွေ ကျယ်လဲ သတိထားဦး၊ ဟွန်းမတီးပဲ အရှိန် စွတ်မကွေ့လိုက်နဲ့၊ ကြားလား"

ညီညီမောင်က စိတ်မချသဖြင့် မှာနေသည်။

"ဒုန်းဝါရီပါ အစ်ကိုညီရာ၊ စုနားလည်ပါတယ်၊ သွားမယ် နော်၊ ညနေကျမှ ပြန်ပို့မယ်၊ စိတ်ပူမနေနဲ့၊ တာ့တာ"

စုရည်မွန်ပြောယင်း ကားကို ညီညီမောင်၏ ခြံတွင်းမှ မောင်းထွက်ခဲ့သည်။

ညီညီမောင်တို့ နေထိုင်သောခြံမှာ ပါရမီရိပ်သာဘက်တွင် ဖြစ်သည်။

စုရည်မွန်မှာ ပါရမီ ရိပ်သာ ဘက်မှ မောင်းထွက်လာပြီး နောက် ကမ္ဘာအေး လမ်းမကြီးဘက်သို့ အရောက်တွင် ကား တောင်ဘက်သို့ ဦးတည်ကာ မောင်းလာသည်။



ကုတ်ကိုင်းဘက်သို့ ရောက်လျှင် ကားကို ညာဘက်သို့ ချိုးကွေ့ကာ အင်းလျားလမ်းဘက်သို့ သွားရန် မောင်းနေသည်။

ကားမောင်းနေရာမှ စုရည်မွန်သည် ဘယ်ဘက် လက် တွင် ပတ်ထားသော စီတီဇင် ကွပ်ဒ် လက်ပတ်နာရီကလေးကို အသာ ငုံ့ကြည့်သည်။

ညနေသုံးနာရီသို့ ညွှန်ပြနေသည်ကို တွေ့ရသည်။

"အင်း.... သုံးနာရီထိုးတော့မယ်ဆိုတော့ အစ်ကိုညီရဲ့ကားကို ငါဟာ ညနေ ခြောက်နာရီထိအောင် မောင်းရမှာပဲ၊ အင်းလျား ဘက်ကို မောင်းပြီးယင် ဘယ်ကို ဆက်မောင်းရပါ့မလဲ...."

စုရည်မွန် တွေးနေသည်။

တွေးနေသော်လည်း မည်သည့်နေရာကို မောင်းရမည်ကို စဉ်းစားမရသဖြင့် အင်းလျားဘက်သို့ ရောက်လျှင် အင်းလျား ကန်ရှိရာသို့ ဆက်မောင်းသွားသည်။

လမ်းတဝက်သို့ အရောက်တွင် သူ၏မျက်နှာတူရူမှ ဆိုင်ကယ် သမားများကို စုရည်မွန် တွေ့ရသည်။

ဆိုင်ကယ်မှာ ဂျပန်ပြည်လုပ် 'ဟွန်းဒါး ဆိုင်ကယ်'များပင်။

စုစုပေါင်း ဆိုင်ကယ်က နှစ်စီး။

ဆိုင်ကယ်တစီးလျှင် လူနှစ်ဦးကျ စီးလျက် ရှိသည်။

ဆိုင်ကယ်နှစ်စီးဆိုတော့ လူလေးဦး။

www.burmeseclassic.com

www.burmeseclassic.com



လေးဦးစလုံး ဖိုင်ဘာ ဦးထုပ်တွေ ကိုယ်စီဆောင်းထား ကြသည်။

ဝတ်စားထားပုံကလည်း သရုပ်ပျက် အဝတ်အစားတွေ။

စပို့ရှပ် ကြောင်ကြောင် ကျားကျားတွေကို ဝတ်ထားကြ သည်။

ဘောင်းဘီတွေကလည်း ဖင်ကျပ်ဘောင်းဘီတွေကို အရောင် မျိုးစုံ ဆိုး၍ထားကြသည်။

သူတို့တတွေကို ကြည့်၍ မည်သည့်လူမျိုးဟူ၍ မှည့်ခေါ် ရမည်ပင် ခပ်ခက်ခက်။

စုရည်မွန်သည် ဟွန်း ဒါး ဆိုင် ကယ် ဖြင့် လူငယ်များကို ကြည့်၍ ကားမောင်းနေရာမှ နှာခေါင်းရှုံ့လိုက်မိသည်။

ဟွန်းဒါးဆိုင်ကယ်နှင့် သရုပ်ပျက်လူငယ်တွေမှာ သူတို့နှင့် မျက်နှာချင်းဆိုင်နေရာမှ ကားမောင်းသွားသော စုရည်မွန်အား လှမ်းကြည့်လိုက်ကြသည်။

စုရည်မွန်မှာလည်း အမှတ်တမဲ့ပင် သူတို့အား ကြည့်ကာ ကားကို ဂရုမစိုက် ဆက်မောင်းနေသည်။

တမိနစ်ခန့်အကြာတွင် သူမောင်းနေသော နောက်ဘက်မှ ဆိုင်ကယ်သံတွေကြောင့် စုရည်မွန်မှာ နောက်ကြည့်မှန်မှနေ၍ လှမ်းကြည့်မိသည်။



စောစောက သရုပ်ပျက်လူငယ်တွေမှာ သူ၏ ကားနောက်မှ နှင့်မောင်းလာသည်ကို မြင်ရသည်။

သူ၏ ကားအနီးသို့ ရောက်လာလျှင် ဆိုင်ကယ်မောင်းတွေက 'အတီတီ' နှင့် ဟွန်းသံပေးနေကြသည်။

စုရည်မွန်မှာ ဆိုင်ကယ်သမားများ သူ့ကားကို ကျော်တက် ရည်မှတ်သဖြင့် မောင်း နေ သော ကားကို အရှိန်လျှော့ကာ ဘေးသို့ အနည်းငယ်တိမ်းပေးထားသည်။

ဟွန်းဒါး ဆိုင်ကယ်များနှင့် သရုပ်ပျက် လူငယ်တွေမှာ စုရည်မွန်၏ကားကို ကျော်မတက်ကြပေ။

စုရည်မွန်မောင်းနေသော ကားနှင့် သူတို့ဆိုင်ကယ်များကို ဘေးချင်း ယှဉ်ကာ 'ခေါ်တော တထောင်အား' ရှိသော မျက်လုံးတွေဖြင့် ဝိုင်းငမ်းနေကြသည်။

စုရည်မွန် ဒေါပွသွားသည်။

သူတို့အား မျက်နှာထားတင်းတင်းဖြင့် ကားမောင်းနေရာမှ ပြန်ကြည့်မိသည်။

ဒါကိုပင် သရုပ်ပျက်လူငယ်တစု ပွဲကျသွားကြသည်။

"ဟား ဟား ဟား.... လှသူဇာကလေးက ငါတို့ကို မကြည့် ချင်သတဲ့ မျက်စောင်းကလေး ထိုးကြည့်လိုက်ပုံကတော့ ... ကိုယ်ကယ်ဒမိရှော့' ပဲဟေ့၊ ဟား ဟား ဟား"

တဦးသော ဆိုင်ကယ်သမားက ပြောရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်တဦးကလည်း ဆက်ပြောနေပြန်သည်။

"အကယ်ဒမီရွှေဒင်္ဂါး... သူ့ရုပ်ကလေးကလဲ ရုပ်ရှင်မင်းသမီး ရုပ်ပေါက်နေတာကိုးကွ၊ ကြည့်ပါလား... သူ့ရုပ်ကလေးကို ခိုင်ခင်ဦးလိုလို မို့မို့မြင့်အောင်လိုလိုနဲ့၊ ဟားဟားဟား"

စုရည်မွန်ကတော့ သူ့ကားဘေးမှ လိုက်၍ သူ့အားနောက် ပြောင်နေကြသော သရုပ်ပျက်လူငယ်များအား ဒေါသအမျက် ခြောင်းခြောင်းထွက်နေတော့သည်။

ခွေးပြောသလို ပြောပစ်ချင်သော်လည်း သူက တဦးတည်း

သူတို့က လေးဦး။

ပြီးတော့ လူပြတ်နေသော အင်းလျားကန်အနီးက လမ်းမှာ ဖြစ်၍ သူ့မှာ မပြောရဲပေ။

ထိုသူ ပြောပြီး ကျန်တဦးက ပြောနေပြန်သည်။

"မင်းတို့နှယ်ကွာ၊ ဒီလောက်ချောလှနေတဲ့ သူကလေးကို ခိုင်ခင်ဦးတို့ မို့မို့မြင့်အောင်တို့နဲ့ နှိုင်းရသလား၊ သူက အဲ မင်းသမီးတွေထက် ပိုလှပါတယ်၊ သူ့ရုပ်ကို သေသေ ချာချာ ကြည့်ကြစမ်း၊ ငါတို့တီဗွီထဲမှာ မကြာခဏ ကြည့်နေကြရ 'ချာလီအိန်းဂျယ်' ထဲက မင်းသမီးတလက်ဖြစ်တဲ့ 'ဖာရာ ဖော ဆက်'နဲ့ မတူဘူးလားကွ၊ အဟဲ"

"မတူဘူးကွ၊ မင့်'ဖာရာဖောဆက်'က သူ့လောက် မလှဘူး သူ့ရုပ်ကလေးက 'လေဒီဒိုင်ယာနာ'နဲ့မှတူတာကွ၊ မယုံ သေသေ ချာချာ ကြည့်စမ်း၊ ဟား ဟား ဟား"



ထိုသူ ပြောအပြီး ကျန်တဦးက ထပ်နောက်နေပြန်သည်။

"ဟေ့ ကောင်တွေ၊ မင်းတို့ပြောနေတာတွေ အကုန် မှားတယ်ကွ၊ အမျိုးသမီးကလေးလှတာက လောကမှာ ဩချယူရအောင် လှတာမို့ သူ့အလှနဲ့နှိုင်းလို့ရတာ တဦးတည်းပဲ ရှိတယ်ကွ၊ သိလား"

"ဟေ...ဘယ်သူနဲ့နှိုင်းရမှာလဲ၊ ပြောပါဦး၊ ဖင်မှာ အနာ ရှိကြီးရယ်...အဟီး"

"ဟယ်...ပညာရှိကြီးလို ပြောစမ်းပါကွ၊ ဘယ့်နှယ် ဖင်မှာ အနာရှိကြီးလို့ ပြောနေရတာလဲ၊ နွားထောင်၊ မင်းတို့လဲ မြန်မာ ရာဇဝင် သင်ခဲ့ဖူးသားပဲ၊ ငါတို့ မြန်မာ ရာဇဝင်ထဲက အလှမှာ တင်ထားရတဲ့သူ ဘယ်သူလဲကွ..."

"ဟင့်အင်း၊ သိပါဘူး၊ ဒါတွေ ကျောင်းပြန် ရောက်ကုန် ပြီ၊ မင်းသိယင် ပြောစမ်း"

"အိမ်း မှတ်ထား၊ ဒီအမျိုးသမီးအလှဟာ ပုပ္ပားတောင်က ပန်းစားဘီလူးမ မယ်ဝဏ္ဏနဲ့ တူတာကွ၊ ဟား ဟား ဟား"

ထိုလူငယ် ပြက်လုံးအဆုံးတွင် ကျန်လူတွေမှာ တအားအော် ကာ လှောင်ရယ်တွေ ရယ်နေကြတော့သည်။

ရယ်နေကြရုံမက ဆိုင်ကယ် မောင်းနေသူတွေက ဆိုင်ကယ် တွန်းသံတွေကို ဆူညံစွာတီးနေကြသေးသည်။

စုရည်မွန်ကတော့ ထိုသရုပ်ပျက် လူငယ်တွေလက်မှ လွတ် အောင် မည်သို့ပြုရမည်ကို စဉ်းစားနေသည်။ အားကိုးစရာမျှော် ကြည့်ပြန်တော့လည်း တဦးမှ မတွေ့ရပေ။

www.burmeseclassic.com



ထိုစဉ် ဆိုင်ကယ် မောင်းနေသူတဦး၏ အသံပေါ်လာပြန်သည်။

"မင်းပြောသလို မောင်ဝဏ္ဏ....အဲ ဟုတ်ပါဘူး၊ မယ်ဝဏ္ဏဆိုယင် သူ့အတွက် ကိုဗျတ္တ လိုနေပြီပဲကွ....ဟား ဟား ဟား"

"အေးပေါ့ကွ၊ ဒါမှ မယ်ဝဏ္ဏဘေးမှာ ကိုဗျတ္တက လိုက်ပါပြီး တူစုံတွဲနိုင်မှာပေါ့၊ ဘယ်လိုလဲ အချစ်ကလေးရဲ့၊ ကိုဗျတ္တ မလိုချင်ဘူးလားဟင်၊ ဟား ဟား ဟား"

စုရည်မွန်သံသို့ တဦးက လှမ်းမေးသည်။

စုရည်မွန်က ထိုကနဲ တံတွေးတချက်ကိုထွေးပြယင်း မောင်းနေသော ကားအရှိန်ကို မြှင့်တင်လိုက်တော့သည်။

ကားကလေးမှာ မောင်းလျှင် မောင်းသလို ပြေးသည်မို့ စုရည်မွန်က အရှိန် မြှင့်လိုက်လျှင် ကားကလေးသည် ဝူးကနဲ မြည်သံနှင့်အတူ ဆိုင်ကယ် သမားများနှင့် ဝေးရာသို့ ရောက်တော့သည်။

"ဟေ့ဟေ့၊ ဟိုမယ်....ကားကို မောင်းပြေးပြီဟေ့၊ မလွတ်စေနဲ့ကွ၊ လိုက်ဟေ့ လိုက်ဟ"

ထွန်းဒါးဆိုင်ကယ်နှင့် သရုပ်ပျက်လူငယ်တစု ညာသံပေးကာ စုရည်မွန်၏ ကားနောက်သို့ မောင်းလိုက်လာကြပြန်သည်။

စုရည်မွန်၏ ကားကို မီလာကြသောအခါ အောက်ပါအတိုင်း ဝိုင်း၍ ဆိုနေကြပြန်သည်။



"အရွယ်လှတဲ့ မယ်ပပ ကညာပျိုရယ်၊ မင်း ဘယ်ကို ပြေးပြေး၊ တို့တတွေ မိအောင်လိုက်မယ်ကွယ်၊ ဟား ဟား ဟား"

စုရည်မွန်မှာတော့... အကြီးအကျယ် စိတ်ညစ်နေရှာတော့သည်။

သူ့ဘေးတွင် ညီညီမောင် ပါလာလျှင် ယခုလို သရုပ်ပျက်လူငယ်တစုက လိုက်လံ၍နှောက်ယှက်ပုံမည် မဟုတ်ပေ။

ယခုတော့ မိန်းမသားဖြစ်သော သူတဦးတည်းမို့ အနှောက်အယှက် ခံနေရခြင်းဖြစ်ပေသည်။

စုရည်မွန်မှာ တောင်တွေးမြောက်တွေးဖြင့် ကားကို မောင်းလာခဲ့ရာ ကမာရွတ်လှည်းတန်းတွင်ရှိ မီးပွိုင့်နေရာသို့ ရောက်မှ ကားတွေးကို ရပ်ထားပါသည်။

မီးပွိုင့်မှ မီးနီနေ၍ စုရည်မွန်က ကားကို ရပ်ထားသလို သူ့နောက်မှ သရုပ်ပျက်တွေကလည်း သူ့ကားနောက်တွင်ရပ်ထားသည်ကို တွေ့ရသည်။

"ခက်ဘာပဲ၊ နောက်က သေခြင်းဆိုးတွေဟာ ငါ့ကိုဘယ်ထိအောင် လိုက်ပြီး နှောင့်ယှက်ကြဦးမယ် မသိဘူး၊ ငါ ဘယ်ကို ဆက်မောင်းရပါ့မလဲ"

စုရည်မွန် တွေးနေသည်။

သူတွေးနေခိုက် မီးမှာ စိမ်းသွားသည်။

စုရည်မွန်လည်း ရည်ရွယ်ချက်မရှိပဲ ကားကို ဆက်၍မောင်းလာခဲ့ရာ ပြည်လမ်းအတိုင်း ရန်ကုန်ဘက်သို့ ဦးတည်ကာ မောင်းနေသည်ကို သူ သတိပြုမိသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်မှ သရုပ်ပျက် ဆိုင်ကယ်မောင်တွေကလည်း သူ့နည်းတူပင် နောက်မှ ပါလာကြသည်။ အသံလွှင့်ရုံအနီးသို့ ရောက်လျှင် ဆိုင်ကယ်သမားတွေမှာ သူ့ကားနှင့် ဝဲယာ တဘက်စီ ယှဉ်လျက် စောစောကလိုပင် သီချင်းတွေ ဆိုကြပြန်သည်။

"အရွယ်လှတဲ့... မယ်ပပ ပျိုကညာရယ်....မင်း ဘယ်ကို ပြေးပြေး၊ တို့တတွေ မိအောင်လိုက်မယ်ကွယ် ... တီတီတီ... တူတူတူ....ဘော်ဘော်ဘော် .. ညူညူညူ...."

သီချင်းအဆုံးတွင် ဟွန်းသံများနှင့် ပါးစပ်မှ တီးသောအသံတွေမှာ ဆူညံနေတော့သည်။

စုရည်မွန် ဒေါသတွေ အလွန်ထွက်နေသည်။

ရှက်လည်း အလွန်ရှက်မိသည်။

သို့ဖြစ်၍ သူသည် ကားကို အခြားနေရာသို့ မောင်းနေမည့်အစား မြေနီကုန်းဘက်ရှိ မိမိ၏တိုက်သို့ ပြန်သည်က သရုပ်ပျက် လူငယ်တွေ၏ ရန်မှ ဝေးတော့မည်ဟူ၍ စဉ်းစားမိသည်။

ယခုအချိန်တွင် အိမ်၌ သူ့ဖခင်ကြီး ကုန်ရုံမှ ပြန်ရောက်ဦးမည် မဟုတ်ပေ။

မိခင်ကြီးသာလျှင် ရှိသည်။

မိခင်ကိုတော့ သူက ချော့မော့ပြီး သူ့ကားမောင်းသည်ကို ဖခင်အား မပြောရန် ပိတ်ထားလျှင် ရနိုင်သည်။

သည်တော့ အိမ်ကိုပဲ ကားကို မောင်းသွားမည်။



အိမ်ကျမှ ညီညီမောင်ထံသို့ ဖုန်းလှမ်းဆက်ကာ သူ့ကားကို လာအယူခိုင်းမည်။

စုရည်မွန် ယင်းသို့ တွေးပြီးလျှင် သူ၏ကားကို ပြည်လမ်းမှနေ၍ ဦးဝိစာရလမ်းဘက်သို့ ဟံသာဝတီ အဝိုင်းကြီးအတိုင်း ကွေ့ကာ အမြန်မောင်းနေတော့သည်။

ဘာရမလဲ....

နောက်မှ သရုပ်ပျက်လူငယ်တစုကလည်း သူ့ကိုပင် နောက်မှ ထိုက်ပါမြဲ လိုက်ပါလာသည်။

"လိုက်ခဲ့ကြ လိုက်ခဲ့ကြ၊ ငါ့ခြံထဲရောက်မှ နင်တို့ကို ရဲစခန်း ပို့ပစ်မယ်၊ သေခြင်းဆိုးတွေ"

ကားမောင်းနေရာမှ စုရည်မွန်က ဆိုင်ကယ်သမားများအား ကြိမ်ဆဲနေသည်။

ကားကိုလည်း ပိုမို၍ အရှိန်မြင်းစွာ မောင်းနေတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com

(၁၀)

## ကားတိုက် ခံရခြင်း

ထိုအချိန်တွင် ကျွန်တော်တို့၏ နတ်သုဒ္ဓါ အမည်ပေးထားသော အထမ်းသမား မုန့်ဟင်းခါးသည်ကလေး ချစ်ဝင်းနိုင်မှာ ဦးဝိစာရလမ်းဘက်တွင် ရောက်နေသည်။

အချိန်မှာ ညနေ လေးနာရီ ထိုးလုချိန်မို့ သူသည် မြေနီကုန်း လဟာပြင်ဈေးဘက်သို့ မသွားမီ ထိုလမ်းတလျှောက်တွင် ဖောက်သည်များ ဝယ်စားနိုင်ရန် ရောက်နေခြင်းပင်။

သူရောက်နေကြောင်း သူ့ မုန့်ဟင်းခါး ဖောက်သည်များ သိရှိစေရန် အောက်ပါအတိုင်း သူက အော်ဟစ်နေသည်။



"အမြတ်ထုတ်ကာ တကယ် မကြွားပါဘူး၊ ပါးစပ်လှုပ်ကာ ဝယ်စားကြရမှာကတော့ (ဟောဒီမယ်....) နတ်သုဒ္ဓါ မုန့်ဟင်းခါးသည် လာပြီဗျို၊ အမြဲပင် တကျော်ကျော်နဲ့ ထပ်ပြောချင်တာကတော့ တပွဲလျှင် အကြော်နဲ့ တကျပ်ခွဲပါခင်ဗျ၊ မပြတ်မလွဲ စားလိုကြယင်ဖြင့် ဟောဒီက မုန့်သည်ကို အဟုတ်တကယ် ခေါ်ကြပြီး အဖော်များနဲ့ ပျော်ပျော်ပါးပါး ဝယ်စားကြပါဗျိုလို့ နတ်သုဒ္ဓါ မုန့်ဟင်းခါးသည်ကလေးက ပါးစပ်ပုပ်မတတ်.... အဲ ဟုတ်ပါဘူး၊ ပါးငင်လှုပ်ကာ အော်၍ ရောင်းနေပါသဗျို၊ တပါးခင်တို့.... စားချင်ယင် တအားပင် ခေါ်လိုက်စမ်းပါဗျို၊ မုန့်ဟင်းခါး...."

ယခင်ကဆိုလျှင် သူ့ အော်သံအဆုံး တပြုံးပြုံးဖြင့် မိန်းမပျိုလေးတွေ ထွက်ကာ ခေါ်စားကြသည်။

ယနေ့တော့ မည်သူမျှ တုတ်တုတ်မှ မလှုပ်ကြပေ။

"ဟ.... ဒါက ဘယ်လိုဖြစ်ကြတာလဲ၊ ဘယ်သူမှလဲ မခေါ်ကြပါကလား၊ ကေန္တ ငါ့ ဖောက်သည်တွေ နေ့တိုင်း စားနေတဲ့ မုန့်ဟင်းခါးကို ငြီးငွေ့သွားပြီလား၊ ဒါမှမဟုတ် ဘိုင်ပြတ်နေကြလို့လား"

ချစ်ဝင်းနိုင် မုန့်ဟင်းခါး အထမ်းကို ထမ်းယင်း တွေးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခေါ်စားမည့်သူ ရှိလျှင်တော့ ချစ်ဝင်းနိုင်မှာ ခါးကြား တွင် ထိုးထားသော နှဲကလေးထုတ်ကာ သူမှုတ်နေကျ ရွှေကျီး သီချင်းကလေးကို အောက်ပါအတိုင်း မှုတ်နေတော့သည်။

"တော်တီတီ တော်တီ.... တော်တော်တီတီး.... တော်တီ တော်တော်....တီတီတီး .. တော်တော်တီ....တော်တော်တီ....တော် တီ တီးတီး.... တော်တီး တော့်တီတီ...."

ချစ်ဝင်းနိုင် နှဲမှုတ်နေခိုက် သူ့နောက်မှ စုရည်မွန်၏ ကား ကလေးမှာ ရောက်လာသည်။

စုရည်မွန်မှာ ရှေ့မှ မုန့်ဟင်းခါး ရောင်းနေသော ချစ်ဝင်း နိုင်ကို မြင်ရလျှင် သူ၏ ကားဟွန်းကို နှိပ်ကာ ဘေးသို့ဖယ် အချက်ပေးသည်။ သို့သော် ချစ်ဝင်းနိုင်က သူ့နှဲသံနှင့် သူ့ ဟွန်းသံကို မကြားမိပေ။

ချစ်ဝင်းနိုင်အတွက် ကံဆိုးချင်တော့ တဘက်မှလည်း ဖော လီကားတစီး ဝင်လာသည်ကို တွေ့ရ၍ သူက တဘက်သို့ မုန့် ဟင်းခါး အထမ်းကို ထမ်းကာ အရှောင်.... နောက်မှ လာ သော စုရည်မွန်၏ ကားဖြင့် မရှောင်သာပဲ ဝင်တိုက်မိတော့ သည်။

"ဂျိန်း.... ဒိုင်း .. အောင်မယ်လေးဗျ"

ချစ်ဝင်းနိုင်၏ မုန့်ဟင်းခါး အထမ်းကို စုရည်မွန် မောင်း လာသော ကားမှ ဘန်ပါဖြင့် ဝင်တိုက်မိလျှင် တိုက်မိချင်း အထက်ပါအတိုင်း အသံတွေ ပေါ်လာတော့သည်။



ချစ်ဝင်းနိုင်မှာ လူတခြား သူ ထမ်းနေသော မုန့်ဟင်းခါး အထမ်း တခြား ဖြစ်ကာ တဘက်သို့ လွင့်စဉ်ကာ လဲကျသွား သည်။

စုရည်မွန်မှာလည်း ကြောက်စိတ်ကြောင့် တုန်ယင်နေရှာ သည်။

သူ့နောက်မှ နေ၍ လိုက်လံ နှောင့်ယှက်နေကြသော သရုပ် ပျက် လူငယ်တစုမှာတော့ စုရည်မွန်၏ ကားနှင့် မုန့်ဟင်းခါး သည် ချစ်ဝင်းနိုင်ကို တိုက်မိလျှင် တိုက်မိချင်း သူတို့လည်း တခြားသို့ လစ်ပြေးသွားကြတော့သည်။

စုရည်မွန်မှာ သတိလက်လွတ်ဖြစ်ကာ ကားပေါ်တွင် ငူငူကြီး ထိုင်နေမိသည်။

ကားတိုက်သံကြောင့် အနီးအပါးရှိ အိမ်များမှ လူတွေနှင့် လမ်းသွား လမ်းလာများမှာ စုပြုံကာ ရောက်လာကြသည်။

ချစ်ဝင်းနိုင်မှာ တဘက် မြောင်းဘေးနားတွင် ခွေခွေကလေး သတိမေ့ကာ လဲကျနေရှာသည်။

သူ၏ မုန့်ဟင်းခါးတွေကတော့ လမ်းပေါ်တွင် ပြန့်ကျဲနေပြီး မုန့်ဟင်းခါး အိုးကြီးမှာလည်း ဖင်ထောင်ကာ ဟင်းရည်တွေ ဖိတ်ကျနေတော့သည်။

သူ၏ နှဲကလေးသာလျှင် မည်သို့မျှ မဖြစ်ပဲ ချစ်ဝင်းနိုင် ဘေးတွင် တုံးလုံးပက်လက်ကလေး ကျနေရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့.... ကလေးမ၊ တိုမယ်....မင်းကားနဲ့ တိုက်မိလို့ မုန့်ဟင်းခါးသည်ကလေး လဲနေရှာပြီလေ၊ ဒါကို.... မင်းက ဘာမှ အကူအညီ မပေးပဲ ကားပေါ်မှာ ထိုင်နေရသလား၊ သွားကြည့်ဦးမှပေါ့"

လူကြီးတဦးက စုရည်မွန် အနီးသို့ ရောက်လာပြီး ပြောနေသည်။

သည်တော့မှ စုရည်မွန်လည်း သတိဝင်ကာ ယောင်ယောင်မှားမှားနှင့် ကားပေါ်မှ ဆင်းလာခဲ့မိသည်။

ကားပေါ်မှ ဆင်းပြီးနောက် ချစ်ဝင်းနိုင် လဲကျနေရာသို့ လှမ်းကြည့်မိသည်။

လူတွေက ဝိုင်းနေ၍ စုရည်မွန်မှာ မမြင်ရပေ။

သို့ဖြစ်၍ ချစ်ငင်းနိုင် အနီးတွင် ဝိုင်းနေသော လူအုပ်ကြီးအား တွန်းဖယ်ကာ ကြည့်မိသည်။

ချစ်ငင်းနိုင်မှာ သတိမေ့နေသည်ကို တွေ့ရသည်။

သူ့အား အခြားလူတဦးက ပွေ့ဖက်ကာ သတိရအောင် လုပ်ပေးနေသည်ကိုလည်း စုရည်မွန် မြင်နေရသည်။

ချစ်ဝင်းနိုင်၏ တကိုယ်လုံးတွင် သွေးစသွေးနများနှင့်တကွ မုန့်မှုန့်တွေ ပေကျံနေသည်။

စုရည်မွန် မြင်ရလျှင် စိတ်မကောင်းဖြစ်သွားသည်။



ယခင်က ချစ်ဝင်းနိုင်အား ကြည့်မရအောင် မုန်းမိသော်လည်း ယခုမူ သူ၏ကားဖြင့် တိုက်လိုက်မိ၍ မုန့်တွေလည်းမှောက်၊ လူလည်း သတိမေ့နေသည်ကို မြင်မိသဖြင့် နှလုံးသားနူနယ်ရှာသော မိန်းမသားပီပီ ကရုဏာစိတ်တွေ ဝင်လာမိခြင်းပင်။

ထို့နောက် မတော်တဆများ ချစ်ဝင်းနိုင် သေဆုံးသွားခဲ့လျှင် သူသည်လည်း ထောင်နန်းစံရတော့မည်မှာ မလွဲတော့ပေ။

ထိုအကြောင်းကို တွေးမိလျှင် စုရည်မွန်မှာ ကြောက်စိတ်တွေ ဝင်လာမိတော့သည်။

"ဘုရား၊ ဘုရား၊ မုန့်ဟင်းခါးသည်ကလေး မသေပါစေနဲ့၊ သူသေယင် ငါတော့ ထောင်ကျရတော့မယ်၊ ငါကိုယ်က မိုက်ပါတယ်လေ၊ ဖေဖေနဲ့ မေမေက ကားမမောင်းဖို့ တားထားကြသားနဲ့ ငါက နားမထောင်ပဲ ခိုးမောင်းမိလို့ အခုလို ဒုက္ခတွေ့ရတာပဲ၊ မိဘစကားနားမထောင်ယင် အခုလိုပဲ ဒုက္ခရောက်ရမှာပဲ"

စုရည်မွန်မှာ ယခုမှပင် နောင်တရနေတော့သည်။

သူ့နောင်တမှာ နောက်ကျနေပြီဆိုသည်ကိုတော့ သူ မတွေးမိပေ။

ထိုအခိုက်မှာပင် ချစ်ဝင်းနိုင်မှာ သတိရလာပြီး အနောက်နာကျင်သံကလေးဖြင့် ညုတ်သပ်နေမိသည်။

စုရည်မွန် ရပ်မနေနိုင်တော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



ချစ်ဝင်းနိုင် လဲကျနေရာသို့ သွားကာ စိတ်မကောင်းသံကလေးဖြင့် မေးနေသည်။

"ဒီမှာရှင့်....ရှင် ဘယ်လိုနေသေးသလဲဟင်"

ချစ်ဝင်းနိုင်မှာ မျက်စိကို မဖွင့်သေးပဲ ပြန်ဖြေသည်။

"မေးမှ မေးရက်ပလေတယ်ဗျာ၊ ကားနဲ့ အတိုက်ခံရတာ ဘယ်လိုနေရမှာလဲ၊ အာကာသယာဉ်ကြီးပေါ်ကနေ အောက်ကို လွင့်ကျလိုက်သလို အေးကနဲ နွေးကနဲဖြစ်ပြီး သေးတွေပါခဲ့လို့ သေမတတ် ဝေဒနာကို ခံစားလိုက်ရတာပေါ့ဗျာ၊ ကျွတ် ကျွတ် ကျွတ်...."

ချစ်ဝင်းနိုင်သည် ညောင်နာနာ သံကလေးဖြင့် ပြောယင်း မှိတ်ထားသောမျက်စိကို ဖွင့်ကြည့်မိသည်။

စုရည်မွန်ကို မြင်သွားသည်။

"ဟင်....ခင်....ခင်ဗျား၊ ရောက် ရောက်နေတယ်"

ချစ်ဝင်းနိုင် အံ့သြသံဖြင့် မေးနေသည်။

သူ့အနေဖြင့် သူ့အား ကားဖြင့်ဝင်တိုက်သူမှာ စုရည်မွန် ဖြစ်မှန်း မသိသေးပေ။

"ဟုတ်ပါတယ်ရှင်၊ အခုလိုဖြစ်ရတာ စိတ်မကောင်းပါဘူး။ ခွင့်လွှတ်ပါနော်"

"ဗျာ....ခင်ဗျားက ဘာဆိုင်လို့ ခွင့်တောင်းနေရတာလဲ"

ချစ်ဝင်းနိုင် နားမလည်ဟန်ဖြင့် ပြန်မေးနေသည်။



"ခွင့်တောင်းဆို.... ရှင့်ကို ဝင်တိုက်တဲ့ ကားဟာ ကျွန်မမောင်းတဲ့ ကားမို့လို့ပဲ"

"ဟင် - - -"

ချစ်ဝင်းနိုင် နှုတ်ဖျားမှ အာမေဋိတ်သံ ပေါ်ထွက်လာသည်။

စုရည်မွန်မှာမူ ချစ်ဝင်းနိုင်မျက်နှာကို စိတ်မကောင်းဟန်ဖြင့် ငေးကြည့်နေသည်။

"ခင်ဗျားက ကျွန်တော့်ကို တိုက်တယ်ဆိုတော့ မတော်တဆတော့ မဖြစ်နိုင်ဘူး၊ အမြင်ကတ်ကတ်နဲ့ တမင်ဝင်တိုက်လိုက်တာပေါ့လေ၊ ကောင်းပါပေ့ဗျာ၊ ကောင်းပါပေ့၊ ဟွန်း"

ချစ်ဝင်းနိုင်က ပြောလျှင် စုံရည်မွန်မှာ ပျာပျာသလဲ တောင်းပန်နေရတော့သည်။

"အို အို.... မ မ မဟုတ်ရပါဘူးရှင်၊ ကျွန်မ တမင်မုန်းလို့ တိုက်တာ မဟုတ်ပါဘူး"

"ဒါဖြင့် ဘာကြောင့် နောက်ကနေ ဝင်တိုက်ရတာလဲ၊ ဒီနေရာဟာ ကားလဲ မရှုပ်ပါဘူးဗျာ"

"မရှုပ်ပေမယ့် ဖြစ်ရတာက ဒီလိုပါရှင်၊ ကျွန်မ ကားမောင်းနေတဲ့နောက်ကို လမ်းသရဲကောင်တွေက မော်တော်ဆိုင်ကယ်တွေနဲ့လိုက်ပြီး နောက်လား ပြောင်လား လုပ်နေတယ်၊ ဒါနဲ့ ကျွန်မဟာ ရှက်လဲရှက်၊ ဒေါသလဲထွက်ပြီး အိမ်ကို မောင်းပြေးလာမှာ အခုလို ရှင့်ကို ဝင်တိုက်မိတာပါပဲ၊ ဒါတောင်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မဟာ ရှင်နဲ့လွတ်အောင် ကားကို တတ်နိုင်သမျှ ရှောင်ပြီး ဘရိတ်ကို တအားနင်းထားလိုက်ပါသေးတယ်ရှင်''

''အင်း....ခင်ဗျားက ကျွန်တော်နဲ့လွတ်အောင် ကားကိုလဲ ရှောင်၊ ဘရိတ်ကိုလဲ တအားအုပ်ထားလိုက်လို့သာ အခုလောက် ကျွန်တော်ခံရတာပေါ့၊ မရှောင်မျှား မရှောင်ယင်တော့ နေ့ရ တင် ကျွန်တော်ဟာ ပွဲချင်းပြီးပါပဲနော်''

''ဟုတ်တာပေါ့ရှင်''

စုရည်မွန်က ထောက်ခံစကား ပြောနေသည်။

''ဟုတ်တာပေါ့က အရေးမကြီးဘူး၊ ခင်ဗျား ကား မောင်းတာ လိုင်စင်ပါရဲ့လား''

''မမ မပါဘူးရှင့်၊ ကျွန်မက ကားကို သိပ်မမောင်းတတ် သေးဘူး''

''အင်း....ခင်ဗျားမှာ ကားမောင်းလိုင်စင်မရှိပဲ ကားမောင်း တာက တပြစ်၊ နောက် ကျွန်တော့်ကို ဝင်တိုက်တာက တပြစ် ဆိုတော့ အပြစ်က နှစ်ပြစ် ဖြစ်နေတယ်၊ ဒါဆိုယင် ခင်ဗျားဟာ အနည်းဆုံး ထောင်ထဲမှာ တနှစ်လောက်တော့ နေရလိမ့်မယ်ထင် တယ်၊ ဟဲ ဟဲ''

ချစ်ဝင်းနိုင်၏စကားကြောင့် စုရည်မွန်၏မျက်နှာကလေးမှာ ငိုမဲ့မဲ့ဖြစ်သွားတော့သည်။

ဘေးမှ လူတွေကတော့ မည်သို့မျှ ဝင် မပြောကြပေ။



ချစ်ဝင်းနိုင်နှင့် စုရည်မွန်တို့နှစ်ဦး ပြောဆိုနေကြသည်ကိုသာ နားထောင်နေကြသည်။

''ကျွန်မ...ကျွန်မ....တောင်းပန်တယ်ရှင်၊ ရဲကိုတော့ မတိုင် လိုက်ပါနဲ့၊ ရှင်ကျေနပ်သလို လုပ်ဆောင်ပေးပါ့မယ်၊ ပြီးတော့ ရှင့်မှာကလဲ ဘာမှ မဖြစ်ဘူး မဟုတ်လားလို့''

စုရည်မွန် ငိုသံကလေးဖြင့် ပြန်ပြောနေသည်။

''အလို လို လို.... လူတယောက်လုံး ကားနဲ့ အတိုက်ခံရတာ ဘာမှ မဖြစ်ပဲ နေမလားဗျ၊ သေမတတ် ဝေဒနာကို ခံစား လိုက်ရတဲ့ဟာ၊ မယုံယင် ခင်ဗျားကိုယ်တိုင် ကားတိုက် ခံကြည့် ပေါ့၊ ဒါမှ ခင်ဗျား ကိုယ်ချင်းစာနိုင်မှာပေါ့''

ချစ်ဝင်းနိုင် ဒေါပွကာ ပြောနေသည်။

''ကျွန်မ ကိုယ်ချင်းမစာတတ်လို့ ပြောနေတာ မဟုတ်ပါဘူး ရှင်၊ အခု ရှင့်ဝေဒနာဟာ ဆိုးဆိုးရွားရွားဖြစ်တာ မတွေ့ရလို့ပါ''

''ဆိုးရွားပြီလားဗျာ၊ ကျုပ် ညာခြေဘက် ထောက်မရ တော့ဘူး၊ ကျိုးသွားသလား ဘာလား မသိဘူး၊ ပြီးတော့ ခါးလဲ တော်တော် နာသွားတယ်၊ ကံကောင်းလို့ ခေါင်းတွေ ဘာတွေ မကွဲတာပေါ့ဗျာ၊ ပြီးတော့ ကျွန်တော့် မုန့်ဟင်းခါး တွေ ဆိုယင်လဲ ကုန်တာပဲ၊ ဒီတော့ ခင်ဗျားကို ဒီအတိုင်း အလွတ် ကြည့်နေလို့ ဖြစ်မလား၊ ရဲကိုတော့ တိုင်မှ ဖြစ်မယ်''

ချစ်ဝင်းနိုင်က ပြောလျှင် စုရည်မွန်မှာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ တောင်းပန်ပါတယ် အစ်ကိုရယ်၊ ရဲကိုတော့ မတိုင်ပါနဲ့၊ အစ်ကို ကျေနပ်သလို ဆောင်ရွက်ပေးပါ့မယ်ရှင်"

စုရည်မွန်မှာ မခေါ်စဖူး 'အစ်ကို' တွေ ဘာတွေပင် ခေါ်နေလေပြီ။

ချစ်ဝင်းနိုင်မှာ မာနတံခွန်မိုးလောက်ထူခဲ့သော သူကလေးက သူ့လို မုန့်ဟင်းခါးသည် ကလေးအား 'အစ်ကို' ဟူ၍ တောင်းပန်စကား ပြောကြားနေသည်ကို ကြည့်ယင်း ခံစားနေရသော ဝေဒနာကိုပင် မေ့ကာ ရယ်ချင်လာသည်။

ဘေးမှ လူအချို့ကလည်း စုရည်မွန်အား သနားသွားဟန်ဖြင့် ချစ်ဝင်းနိုင်အား ကူညီကာ တောင်းပန်ပေးနေကြသည်။

"ဟုတ်ပါတယ် ငါ့တူရယ်၊ မတော်တဆ ဖြစ်ရတာမို့ သူ တောင်းပန်တာကို ကျေနပ်လိုက်ပါကွာ၊ မင်းအတွက် နစ်နာကြေးတွေနဲ့ ဆေးကုခကိုလဲ သူ ခံလိမ့်မပေါ့၊ မဟုတ်ဘူးလား ကလေးမ"

"ဟုတ်ကဲ့ရှင့်၊ ကျွန်မလေ သူ့အတွက် အဘက်ဘက်က လုပ်ဆောင်ပေးပါ့မယ်ရှင်"

စုရည်မွန်က သူ့ဘက်မှ ကူပြောပေးသူ လူကြီးအား ပြန်ပြောနေသည်။

ပြီးတော့ ချစ်ဝင်းနိုင်ကိုလည်း ဆက်၍ ပြောနေပြန်သည်။

"ညီမ တောင်းပန်တာကို ကျေနပ်ပါ အစ်ကိုရယ်၊ အစ်ကို့အတွက် ဆရာဝန် ကောင်းကောင်းနဲ့ ကုသပေးပါ့မယ်၊ နောက် အစ်ကို ကျေနပ်သလို လျော်ကြေးကိုလဲ ပေးပါဦးမယ်၊ ညီမကိုသာ ရဲမတိုင်ပါနဲ့နော်"



သူ့အား ရှိခိုးမတတ် တောင်းပန်နေသဖြင့် ချစ်ဝင်းနိုင်မှာ စိတ်ကောင်းရှိသူပီပီ ကျေနပ်လိုက်ရတော့သည်။

"ကောင်းပြီလေ၊ ခင်ဗျားက ဒီလောက်တောင် တောင်းပန်နေမှတော့ ကျေနပ်ရမှာပေါ့ဗျာ၊ အဲ.... ခင်ဗျား အခု ပြောခဲ့တဲ့ စကားအတိုင်းတော့ လုပ်ရလိမ့်မယ်နော်၊ နောက်မှတော့ ကိုယ့် စကားကို ကိုယ် မဖျက်နဲ့"

ချစ်ဝင်းနိုင်ထံမှ စကားကြောင့် စုရည်မွန် ဝမ်းသာသွားတော့သည်။

"မဖျက်ပါဘူးရှင်၊ အခုလို အစ်ကိုက ကျေကျေအေးအေးနဲ့ ခွင့်ပေးတာကိုပဲ ညီမ ကျေနပ်လှပါပြီ၊ စိတ်ချပါရှင်"

"စိတ်တော့ မချနိုင်ပါဘူးဗျာ၊ ဘာလို့လဲဆိုတော့ ခင်ဗျားတို့ ငွေဆိုတဲ့ လူတန်းစားတွေဟာ ပိုက်ဆံကလေး နည်းနည်း ရှိလာယင် တိုကို ဆားထိသလို တွန့်လာတတ်လို့ပါ၊ ဒီတော့ ခင်ဗျားရဲ့ စကားနဲ့ ညီ မညီ စောင့်ကြည့်ရမှာပဲ"

"ကြည့်နိုင်ပါတယ်လေ၊ ညီမဟာ လူတယောက်ကို ကတိထားပြီးယင် ဘယ်တော့မှ မဖျက်တတ်ပါဘူး၊ ကဲ....ဒီလိုဆို ဆေးခန်းကို သွားကြစို့လား"

စုရည်မွန်က ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ.... ဆေးခန်းကို သွားရမယ် ဟုတ်လား"

"အင်းလေ.... အစ်ကို့ ဒဏ်ရာကို ကုရဦးမယ်လေ"

"ဆေးခန်းကို သွားမယ်ဆိုယင် ဘယ်ဆေးခန်း ပို့မှာလဲ ပြီးတော့ ဘယ်ကားနဲ့ သွားမှာလဲ"

"ညီမ ကားနဲ့ပဲ သွားရမှာပေါ့"

"ဗုဒ္ဓေါ"

ချစ်ဝင်းနိုင် လန့်ဖျပ် သွားတော့သည်။

"အလို.... အစ်ကိုက ဘာဖြစ်လို့ ဘုရား တ,နေရတာလဲ"

"ဘုရား တ,ဆို.... တပါးအစ်မရဲ့ ကားနဲ့ သွားရယင် မခြား အစဉ် ဆေးခန်းမရောက်ပဲ နောက်တကြိမ် ကားတိုက်မှုဖြစ် အအေးခန်း ရောက်သွားမှာ စိုးလို့ပါဗျာ...."

ချစ်ဝင်းနိုင်၏ စကားကြောင့် ဘေးမှ လူများမှာ ဝိုင်းရယ် နေကြသည်။

စုရည်မွန်လည်း ပြုံးနေမိသည်။

"အစ်ကိုကလဲ နိမိတ်မရှိ နမာမရှိတာတွေ ပြောနေရပြန် ပြီ၊ စိတ်ချပါ၊ ဒီတခါ ညီမ ကားကို ဂရုစိုက်ပြီး မောင်း မယ်"

"ဟင်.... ဒါဖြင့် ခင်ဗျား စောစောတုန်းကတော့ ဂရုမစိုက် ပြီး မမောင်းခဲ့ဘူးပေါ့"



"ဒီလိုလဲ မဟုတ်ပါဘူးလေ၊ စောစောကတော့ ဟို လမ်းသရဲ ကောင်တွေ နှောင့်ယှက်လို့ သတိ လက်လွှတ်ဖြစ်ပြီး အစ်ကို့ကို ိုက်မိခဲ့တာပါရှင်၊ အခုတော့ ဒီလို မဖြစ်စေရတော့ပါဘူး၊ တော့ ဆေးခန်းကိုသာ စိတ်ချလက်ချ လိုက်ခဲ့ပါရှင်"

စုရည်မွန်က ခေါ်နေသည်။

"ကောင်းပြီလေ၊ လိုက်ဆိုယင်လဲ လိုက်ရဘာပေါ့၊ နို့.... င်ဗျားက ကျွန်တော့် ကိုယ်ကြီးကို တွဲခေါ်နိုင်လို့လား"

"အာ.... ဘယ်မှာ တွဲခေါ်နိုင်ပါ့မလဲ၊ အစ်ကို့ 'ဝိတ်'က ည်းတာမှ မဟုတ်ပဲ"

စုရည်မွန် ပြောနေခိုက် ဗလကောင်းကောင်း လူကြီးတဦးက င်ပြောသည်။

"ဦးလေး လိုက်ပြီး ကူညီပါ့မယ်လေ၊ ကိုင်း ထ ငါ့တူ၊ ူငယ်မ ကားဆီကို သွားရအောင်"

"နေပါဦး ခင်ဗျ၊ မသွားခင် ကျွန်တော့် နဲ့ကလေး ရှာပါ ဦး"

ချစ်ဝင်းနိုင်က သံယောဇဉ်ဖြစ်နေသော သူ၏ နဲ့ကလေးကို ိုင်းနေသည်။

"ရှာမနေပါနဲ့ကွာ၊ ငါ စောစောကတည်းက ငါ့ ခါးကြား ထိုးပြီး သိမ်းထားပါတယ်၊ ရော့ ဒီမယ်.... မင့် နဲ့"

လူကြီးတဦးက ပြောယင်း နဲ့ကို ချစ်ဝင်းနိုင်ထံ လှမ်းပေး ည်။

www.burmeseclassic.com

www.burmeseclassic.com



ချစ်ဝင်းနိုင် နှဲ့ကို လှမ်းယူယင်း ပြောပြန်သည်။

"နှဲ့ကတော့ ဟုတ်ပါပြီ၊ မှောက်သွားတဲ့ ကျွန်တော့်မုန့်ဟင်းခါးအိုးနဲ့ မုန့်တောင်းတို့ အထမ်းတို့ကိုကော ဘယ်လို လုပ်မလဲ"

"ဒီအတွက်လဲ ပူမနေပါနဲ့ကွာ၊ ဦးလေးတို့ အားလုံး သိမ်းထားပါ့မယ်၊ မင်း ဒဏ်ရာသက်သာယင် လာယူပါ၊ ဦးလေး အိမ်က ဟိုနားမှာလေ၊ မင်းလဲ အသိသားပဲ"

ချစ်ဝင်းနိုင်နှင့် သိကျွမ်းနေသော လူကြီးတဦးက ပြော သည်။

"ကောင်းပြီ ဦးလေး၊ ကျွန်တော့်ပစ္စည်းတွေကို ဦးလေး သိမ်းထားလိုက်ပါလေ၊ ကျွန်တော် အခြေအနေ ကောင်း လာယူပါတော့မယ်...."

ချစ်ဝင်းနိုင် စကားအဆုံး၌ ထိုင်နေရာမှ ထရန် ပြင်သည်

သူ့အား ဗလကောင်းသော လူကြီးတဦးက ထူမပေးသည်

"အား.... ခြေထောက် ထောက်လို့ မရဘူးဦးလေး၊ ကျ သွားပြီထင်တယ်၊ ကျွတ် ကျွတ် ကျွတ်"

ချစ်ဝင်းနိုင်မှာ ညာဘက်ခြေထောက်ကို လက်ဖြင့် အ စမ်းယင်း ပြောနေသည်။

စုရည်မွန်မှာတော့ ဘေးမှ ရပ်ကာ ချစ်ဝင်းနိုင်အား က သက်သော အသွင်ဖြင့် ကြည့်နေမိသည်။



"ဒါဖြင့်ယင် မထောက်နဲ့လေ၊ ဦးလေး မင့်ကို ပွေ့ပြီး ကားပေါ် တင်ပေးပါ့မယ်ကွာ"

ဗလကောင်းသော လူကြီးက ပြောယင်း ချစ်ဝင်းနိုင်၏ ကိုယ်ကို ပွေ့ကာ ကားရပ်ထားရာသို့ ယူသွားသည်။

စုရည်မွန် အပြေးကလေးသွားကာ ကားတံခါးကို ဖွင့်ပေး နေသည်။

ဗလကောင်းသောလူကြီးမှာ ချစ်ဝင်းနိုင်အား ကားနောက် ဘက်တွင် တင်ပေးပြီးနောက် စုရည်မွန်ကို လှမ်းမေးသည်။

"ဦးလေး ဆေးခန်းအထိ လိုက်ပေးရဦးမလားကွယ့်"

"ဟာ.... လိုက်ပေးယင် သိပ်ကောင်းတာပေါ့ ဦးလေးရယ်၊ ကိစ္စပြီးယင် သမီးကားနဲ့ ဦးလေးကို ပြန်ပို့ပေးပါ့မယ်"

"ကိစ္စမရှိပါဘူးကွယ်၊ ပြန်တာကတော့ ဦးလေး ဘာသာ ပြန်ပါ့မယ်၊ ကဲ ဒီလိုဆို သွားကြစို့လား"

ဗလကောင်းကောင်းနှင့် လူကြီးက ပြောလျှင် စုရည်မွန်က ရှေ့ခန်းမှ ကားတံခါးကို ဖွင့်ပေးသည်။

ဗလကောင်းသောလူကြီးက ဝင်ထိုင်သည်။

ချစ်ဝင်းနိုင်ကတော့ ဝေဒနာခံစားနေရဟန်ဖြင့် စုတ်သပ်ကာ ညည်းတွားနေသည်။

စုရည်မွန်လည်း ကားမောင်းသောနေရာတွင် ဝင်ထိုင်ကာ ထိုင်နေရာမှ ကားကို မောင်းထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကားမှာ ချစ်ဝင်းနိုင်၏ မုန့်အိုးနှင့် ဝင်တိုက်မိသဖြင့် ရှေ့ပိုင်းအနည်းငယ်ပိန်သွားသည်မှ အပ အခြား ဘာမှ မပျက်စီးပေ။

သူတို့ကားထွက်သွားတော့မှ ဝိုင်းကြည့်နေကြသော လူအုပ်ကြီးမှာ လူစုကွဲသွားကြတော့သည်။

*   *   *

(၁၁)

## ပြေလည်သွားကြသူနှစ်ဦး

ချစ်ဝင်းနိုင်အား စုရည်မွန်က ရန်ကုန်မြို့လယ်ရှိ အရိုးနှင့်အကြောအထူးကု ဆရာဝန်ကြီးတဦးထံသို့ ခေါ်သွားသည်။

ကံအားလျော်စွာပင် ချစ်ဝင်းနိုင်၏ ညာဘက်ခြေထောက်မှာ အရိုးကျိုးမသွားပဲ အက်ရုံသာ အက်သွားသည်ကို တွေ့ရသည်။

ဆရာဝန်ကြီးက ဆေးပတ်တီးကို စည်းပေးယင်း ဆေးများထိုးပါ ဝေဒနာသက်သာစေရန် ထိုးပေးလိုက်သည်။

ဆရာဝန်က ဆေးပတ်တီးစည်းပေးပြီးလျှင်တော့ ချစ်ဝင်းနိုင်မှာ စောစောကလောက် အခြေအနေ မဆိုးတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



ဗလကောင်းသောလူကြီး၏ ပခုံးကို မှေးကာ လမ်းလျှောက်နိုင်သွားသည်။

ဆရာဝန်က သူ့ထံသို့ နှစ်ရက်လျှင် တကြိမ်ကျ ဆေးပတ်တီး လာစည်းရန် မှာလိုက်သည်။

ချစ်ဝင်းနိုင်က မည်သို့မှ ပြန်မပြောသော်လည်း စုရည်မွန်က လာပါမည်ဟူ၍ ပြန်လည်ပြောကြားခဲ့သည်။

ချစ်ဝင်းနိုင်အား ဗလကောင်းသောလူကြီးက ကားပေါ်သို့ ပြန်တင်ပေးအပြီးတွင် စုရည်မွန်အား လှမ်းပြောသည်။

"ကဲ.... တူမရေ၊ သူ့ကိုသာ အိမ်အရောက် လိုက်ပို့ပေးပေတော့၊ ဦးလေး ကိစ္စကလေးရှိလို့ သွားလိုက်ဦးမယ်"

"နေဦးလေး၊ သမီး လိုက်ပို့ပေးပါ့မယ်"

စုရည်မွန်က အားနာသံကလေးဖြင့် ပြောသည်။

"နေပေ့စေလေ၊ ဦးလေးသွားရမှာ ဒီနားတင်ပဲဟာ၊ မောင်ချစ်ဝင်းနိုင်အိမ်ကို ရောက်ယင်တော့ ငါ့တူမတွဲပို့ပေးလိုက်နော်၊ ဒီလောက်တော့ ဖြစ်တယ် မဟုတ်လား၊ ဟဲ ဟဲ"

"ဖြစ်ပါတယ် ဦးလေးရယ်၊ ဒီလောက်တော့ သမီးသူ့ကို ကူညီနိုင်ပါတယ်၊ အခုလို သမီးတို့အပေါ် စေတနာထားပြီး ကူညီတာ ကျေးဇူး အထူး တင်ပါတယ်ဦးလေး"

"မလိုပါဘူးကွယ်၊ ကူညီစရာရှိယင် စေတနာထားပြီး ကူညီတတ်တာဟာ ငါတို့ မြန်မာလူမျိုးတွေရဲ့ ချစ်စရာကောင်းတဲ့



ဓလေ့တခုပါကွယ်၊ ကိုင်းသွားပြီ၊ မောင်ချစ်ဝင်းနိုင် သွားမယ်ဟေ့"

"ဟုတ်ကဲ့ ဦးလေး"

ဗလကောင်းသော လူကြီးသည် သူတို့နှစ်ဦးအား နှုတ်ဆက်ကာ ထွက်သွားသည်။

စုရည်မွန်လည်း ကားတွင်း ဝင်ကာ ထိုင်သည်။

"ကဲ.... ပြောအစ်ကို၊ အစ်ကို့အိမ်က ဘယ်နားမှာဆိုတာ...."

စုရည်မွန်က ကားကို စက်နှိုးယင်း နောက်ဘက်ခုံတွင် ခပ်စောင်းစောင်း ထိုင်နေသော ချစ်ဝင်းနိုင်ကို လှမ်း မေးသည်။

"ဗားဂရာလမ်းဘက်ကိုသာ မောင်းပါ၊ အဲဒီကျတော့ ကျွန်တော် ထပ်ပြောပါ့မယ်"

"ကောင်းပြီ...."

စုရည်မွန်ပြောယင်း ကားကို မောင်းထွက်လာသည်။

ချစ်ဝင်းနိုင်မှာ ကားနောက်ဘက် ဆိုဖါပေါ် ထိုင်လျက် လိုက်ပါလာရာမှ သူ၏နဲ့ကလေးကို သတိရကာ သူထိုင်နေသော နေရာ နောက်ဘက် နေရာတွင် တင်ထားသော နဲ့ကလေးကို လှမ်းယူသည်။

နောက် နဲ့ကို ပါးစပ်တွင်တပ်ကာ တီကနဲ မှုတ်ကြည့်သည်။ သူ၏ နဲ့မှုတ်သံကြောင့် ရှေ့မှ ကားမောင်းနေသော စုရည်မွန်မှာ လန့်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်....အစ်ကို ဘာလို့ နှဲမှုတ်တာလဲ၊ ကိုယ့်မှာလဲ ဝေဒနာ ကြီးနဲ့ဟာ"

"အဟဲ၊ မှုတ်ဆို.... ကျွန်တော့် နှဲကလေး အယင် အတိုင်း ကောင်းပါသေးရဲ့လားလို့၊ စစ်ကြည့်ချင်လို့ပါဗျာ"

"စစ်ချင်ယင် အစ်ကို့ ဝေဒနာ ပျောက်မှပဲ စစ်စမ်းပါ နှဲကြီးကို မှုတ်မနေစမ်းပါနဲ့"

"ဘာလဲဗျ၊ ခင်ဗျားက နှဲမှုတ်တာကို မကြိုက်လို့လား"

"ညီမ မကြိုက်တာထက် အစ်ကို့ဝေဒနာ ပိုဆိုးလာမှာ စိုးလို့ စေတနာနဲ့ ပြောတာပါ"

"ကောင်းပါပြီဗျာ....၊သဟာလို ဆိုယင်လဲ မမှုတ်တော့ပါ ဘူး"

ချစ်ဝင်းနိုင် ပြန်ပြောယင်း နှဲကို သူ့ဘေးနားတွင် ချထား သည်။

"ဆရာဝန်ပြောလိုက်တာတွေ အစ်ကို မှတ်မိရဲ့လား"

စုရည်မွန်က မေးနေပြန်သည်။

"မှတ်မိပါတယ်ဗျာ၊အဲ....ဒါပေမယ့် သူ့ဆီကို နှစ်ရက်တခါ သွားဖို့ဆိုတာကတော့ မသွယ်ဘူးဗျ၊ ကျွန်တော့်မှာက ကိုယ်ပိုင် ကား ရှိတာမှ မဟုတ်ပဲ"

"ညီမတယောက်လုံး ရှိသားပဲ၊ ညီမ လာခေါ်မှာပေါ့ အစ် ကိုရ၊ ပူမနေပါနဲ့"



"ဟာဗျာ အားနာစရာကြီး၊ ခင်ဗျားမှာ တာဝန် ကြီးနေ မှာပေါ့ဗျ၊ ကျွန်တော့်ခြေထောက်က ဘယ်လောက် ကြာဦး မှာမှန်းမှ မသိတာ"

"ဘယ်လောက်ကြာကြာ၊ အခုလိုဖြစ်ရတာက ညီမကြောင့် ဖြစ်ရတာမို့ အစ်ကို ဘယ်လိုပဲတားတား ညီမကတော့ လာမှာ ပဲ၊ အစ်ကို့ဝေဒနာပျောက်သွားတော့မှပဲ ညီမလဲ စိတ်အေးရ မှာပေါ့"

"အလို့၊ ဒီလိုဆိုတော့လဲ ခင်ဗျားက ချစ်စရာ ကောင်း သားပဲ"

"ရှင် ..."

ချစ်ဝင်းနိုင် စကားကြောင့် စုရည်မွန်မှာ ရှက်သွားတော့ သည်။

"အဲ....ကျွန်တော်ဆိုလိုတာက ခင်ဗျားဟာ အခုလိုကျတော့ လဲ ချစ်စရာ ခင်မင်စရာ ကောင်းတဲ့ စိတ်နှလုံးသားလေးရှိသား ပဲလို့ ပြောတာပါဗျာ၊ အထင်မလွဲပါနဲ့ ဟဲဟဲ"

ထိုစကားကြားရမှ စုရည်မွန်မှာ အရှက်ပြေသွားသည်။

"ပြောပါဦး....၊ ဟိုတုန်းက ညီမအပေါ်မှာ အစ်ကိုက ဘယ်လို သဘောထားခဲ့လို့လဲ"

စုရည်မွန်က သိလိုဟန်ဖြင့် မေးနေပြန်သည်။

"ဟာဗျာ....ပြောရမှာ ရှက်ပါ...အားနာပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"နာမနေပါနဲ့လေ၊ အစ်ကို့စိတ်ထဲရှိတာတွေကိုသာ ပြောပြစမ်းပါ၊ ညီမ စိတ်မဆိုးပါဘူး၊ အခုဆိုယင် အစ်ကိုဟာ ညီမရဲ့ ကျေးဇူးရှင် ဖြစ်နေပြီပဲဟာ"

"အို...မဟုတ်တာပဲဗျာ၊ ကျွန်တော်က ဘာဆိုင်လို့ ခင်ဗျား ကျေးဇူးရှင် ဖြစ်ရမှာလဲ၊ ကျေးဇူးရှင် ဖြစ်ခြင်းဖြစ်ယင် ခင်ဗျားကသာ ဖြစ်ရမှာပေါ့၊ မဟုတ်ဘူးလား"

"ဘယ်ကလာ ဟုတ်ရမှာလဲ၊ အစ်ကိုသာ ညီမရဲ့ ကျေးဇူးရှင် အစစ်ပါ၊ ဘာဖြစ်လို့လဲဆိုတော့ အစ်ကိုရဲ့ သဘောထားကြီးမှုကြောင့် ညီမကို ရဲမတိုင်ပဲ ကျေကျေနပ်နပ် ဆေးကုတာ ခံခဲ့တယ်မဟုတ်လား၊ တကယ်လို့ အစ်ကိုကသာ ညီမကို မကျေနပ်လို့ ရဲစခန်းကိုတိုင်မယ်ဆိုယင် အခုလောက်ရှိယင် ညီမ အချုပ်ခန်းထဲ ရောက်နေပြီ မဟုတ်လား"

"ဟဲဟဲ... ဒီလောက်ကလေးနဲ့တော့ ကျေးဇူးရှင် မဖြစ်ထိုက်သေးပါဘူးဗျာ၊ ကျွန်တော် ရဲကိုမတိုင်တာက ခင်ဗျားပြောတာတွေကို ကျေနပ်လို့ မတိုင်တာပဲ၊ တရားလိုနဲ့တရားခံ ကျေအေးကြယင် အမှုဆိုတာ ဘယ်မှာရှိတော့မှာလဲဗျ၊ မဟုတ်ဘူးလား၊ ဒီတော့ ကျွန်တော့်ကို ကျေးဇူးရှင်ရယ်လို့ သဘောမထားပါနဲ့လေ"

"မဟုတ်သေးဘူးအစ်ကို၊ ညီမအနေနဲ့ အစ်ကို့ကို တောင်းပန်စရာတွေက ရှိနေသေးတယ်"

"ဘာတွေများ ရှိနေသေးလို့လဲဗျ"



"ရှိပြီလား၊ ဟိုတုန်းက အစ်ကို့ကို ညီမ စော်ကား မော်ကား ပြောမိခဲ့တာတွေကိုပေါ့၊ ဒါတွေကိုလဲ ကျေအေးပါလို့ ညီမ တလက်စတည်း တောင်းပန်ချင်ပါတယ်"

"ကိစ္စမရှိပါဘူးလေ၊ တယောက်နဲ့တယောက် အကြောင်း မသိလို့ ပြောမိဆိုမိကြတာတွေပဲဟာ၊ ကျွန်တော် ဖွဲမယူပါဘူးလေ၊ ဟား ဟား ဟား"

ချစ်ဝင်းနိုင် ပြောပြီး ရယ်နေသည်။

"အစ်ကိုဟာ သတ္တိလဲ အတော်ကောင်းတယ်နော်"

"ဟော လုပ်ပြန်ပြီ၊ ခင်ဗျားကတော့ ပိုက်ဆံ မပေးရတိုင်း အရမ်းပစ်တော်ပြီးကို ချီးမွမ်းနေတာပဲကိုးဗျ၊ ကျွန်တော်က ဘာတွေ သတ္တိကောင်းနေလို့လဲ"

"ကောင်းဆို အစ်ကို့မှာ သေမလောက် ဒဏ်ရာကြီး ရနေတာတောင် အရယ်မပျက် အပြုံးမပျက်ပဲ နေနိုင်တာကို တွေ့ရလို့ပါ"

"ဒါ သတ္တိကောင်းလို့မှ မဟုတ်ပဲ၊ ကျွန်တော်က မရယ်ပဲ ထိုင်ငိုနေလို့ကော ဒီဝေဒနာကြီးက ပျောက်သွားမှာတဲ့လားဗျာ၊ ဒီတော့ ပျော်ပျော်ပဲ နေလိုက်တာပေါ့ဗျ"

ချစ်ဝင်းနိုင် စကားများကို နားထောင်ယင်း စုရည်မွန်မှာ ကားမောင်းနေရာမှ ရယ်နေမိသည်။

သူတို့ ကားကလေးမှာလည်း စမ်းချောင်းဘက်သို့ ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲ အဲ....ဟိုရှေ့က လက်ဖက်ရည်ဆိုင်ကို တွေ့သလား"

ချစ်ဝင်းနိုင် နောက်မှနေ၍ လှမ်းပြောသည်။

"အင်း....တွေ့တယ်၊ အဲဒီဆိုင်နားမှာ ရပ်ရမှာလား"

"မဟုတ်ဘူးလေ၊ အဲဒီ လက်ဖက်ရည်ဆိုင်က လက်ဖက်ရည် သိပ်ကောင်းတယ်လို့ ပြောမလို့ပါ၊ ခင်ဗျား လက်ဖက်ရည် ကြိုက်တတ်ယင် လာသောက်ပေါ့၊ ဟဲ ဟဲ ဟဲ"

"ဟာ....အစ်ကိုကလဲ အရေးထဲ နောက်နေပြန်ပါပြီ၊ ဒီက အစ်ကို့အိမ်များ ရောက်ပြီလားလို့၊ ခိ ခိ ခိ"

စုရည်မွန်လည်း ရယ်နေမိသည်။

"မရောက်သေးပါဘူး၊ ဟိုရှေ့က လမ်းကျတော့ ဗယ်ဘက်ကို ကွေ့လိုက်ပါ၊ ဖြည်းဖြည်းလဲ ကွေ့ဦးနော်၊ နောက်တခါ တိုက်မိယင် ကျွန်တော့်မှာ တကျိုးကနေ နှစ်ကျိုးဖြစ်နေပါဦး မယ်၊ ဟား ဟား ဟား"

"အမယ်.... မဖြစ်တော့ပါဘူး၊ ညီမ သတိထားပြီး မောင်း နေပါတယ်လေ"

စုရည်မွန် ပြောယင်း မောင်းလာသော ကားကလေးကို ဗယ် ဘက်သို့ ကွေ့ဝင်သွားသည်။

တမိနစ်ခန့် မောင်းမိလျှင် ချစ်ဝင်းနိုင်၏ အသံမှာ ပေါ် လာသည်။

"ဟောဟို....ရှေ့က သောက်ရေစင်ကလေးနဲ့ အိမ်ပဲဗျို့၊ ရပ် ပေတော့"



ချစ်ဝင်းနိုင် စကားအတိုင်း စုရည်မွန်မှာ ကားကို ရေအိုး စင်ကလေးရှေ့တွင် ရပ်သည်။

ကားကို ရပ်ပြီးနောက် စုရည်မွန်သည် အိမ်ဘက်သို့ လှမ်း ကြည့်မိသည်။

အိမ်ကလေးမှာ သပ်သပ်ရပ်ရပ်နှင့် ဆောက်လုပ်ထားသော တထပ် ပျဉ်ထောင်ပျဉ်ခင်း အိမ်ကလေးပင်။

အိမ်ရှေ့ခန်းတွင် အသက်ငါးဆယ်ခန့်ရှိ အသားဖြူဖြူ၊ ရုပ် ရည်ချောချော၊ ကိုယ်ခန္ဓာ အနည်းငယ်ဝသော မိန်းမကြီးတဦး ဆေးပေါ့လိပ်သောက်ယင်း ထိုင်နေသည်ကို စုရည်မွန် တွေ့ရ သည်။

ထိုမိန်းမကြီးကလည်း သူ၏ အိမ်ရှေ့သို့ သစ်လွင်သော ကား တစီး ရပ်လိုက်မှုကြောင့် စူးစမ်းသော အသွင်ဖြင့် သူတို့ရှိရာသို့ ပြန်ကြည့်နေသည်ကို မြင်ရသည်။

စုရည်မွန်မှာ ကားကို ရပ်ပြီးနောက် ချစ်ဝင်းနိုင်အား တွဲခေါ်ရန် ရှေ့ခန်းမှ တံခါးဖွင့် ဆင်းသည်။

ပြီးတော့ ချစ်ဝင်းနိုင်ရှိရာ နောက်ဘက်ခန်းတံခါးကို ဖွင့် ယင်း မေးသည်။

"အစ်ကိုရေ... စုတယောက်တည်းနဲ့ အစ်ကို့ကို တွဲခေါ်လို့ ဖြစ်ပါ့မလားဟင်"

"ဖြစ်ပါတယ်ဗျာ၊ အဲ....တခုတော့ တောင်းပန်ဦးမယ်၊ ခင်ဗျားပခုံးကလေးကိုတော့ ကိုင်ခွင့်ပြုနော်၊ စိတ်မဆိုးနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အို.... အစ်ကိုကလဲ မဆိုးပါဘူး၊ ကြိုက်သလို ကိုင်ပါ အစ်ကို့မှာ ဒဏ်ရာရှိလို့ကိုင်တဲ့ဟာ ပြောနေစရာမလိုပါဘူးလေ"

"အယ်... ပြောရတာပေါ့ဗျာ၊ ခင်ဗျားက ဒေါသကြီးတယ် လို့၊ မတော် ကျွန်တော်က ပခုံးအကိုင်မှာ ဘာလို့ ကိုင်ရတာလဲ ဆိုပြီး တွန်းပစ်လိုက်ရယင် ဒီက ဒုက္ခတမှာ ဟုတ်တိပတ်တိ မရပ် နိုင်လို့ မတ်တတ်က ယိုင်လဲပြီး အိုင်ထဲကို ကျသွားမှာ စိုးလို့ပါ ဗျာ၊ ဟဲ ဟဲ....

"တော်စမ်းပါ၊ ညီမက ဒီလောက်လဲ မရိုင်းပါဘူး၊ ကဲ— လာ သွားကြစို့"

စုရည်မွန်က ခေါ်လျှင် ချစ်ဝင်းနိုင်မှာ ကားတွင်းမှ ကြို စား၍ ထနေရသည်။

စုရည်မွန်ကလည်း ချစ်ဝင်းနိုင်၏လက်ကို လှမ်းဆွဲကာ ကား အပြင်သို့ ဖြည်းညင်းစွာ ထုတ်ယူနေသည်။

ကားအပြင်သို့ ရောက်လျှင်တော့ ချစ်ဝင်းနိုင်က စုရည်မွန်၏ ပခုံးတဘက်ကို အားပြု၍ ကိုင်ယင်း သူ့အိမ်ဘက်သို့ ထော့နင်း ထော့နင်းနှင့် ဖြည်းဖြည်းချင်း လျှောက်သွားနေသည်။

စုရည်မွန်ကလည်း ဘေးမှ သူ့ကို ဖေးကူပေးနေသည်။

အိမ်ရှေ့ခန်းမှ မိန်းမကြီးကတော့ သူတို့နှစ်ဦးကို တွေ့ရလျှင် တအံ့တဩဖြစ်သွားတော့သည်။

ချက်ချင်းပင် ထိုင်နေရာမှ အမြန်ထကာ လှမ်းမေးသည်။



"ဟဲ့သား မောင်ချစ်ဝင်းနိုင်၊ ဒါက ဘယ်လိုဖြစ်လာရတာလဲ သားရယ်၊ ဟင်... ပြောစမ်းပါဦး၊ အမေ ရင်ထိတ်လိုက်တာ ...ယ်...."

မိန်းမကြီး စိုးရိမ်သံဖြင့် လှမ်းမေးယင်း အိမ်ပေါ်မှ အမြန် ...င်းလာသည်။

အိမ်နီးချင်းတွေကလည်း သူတို့အိမ်ပေါ်မှနေ၍ ချစ်ဝင်းနိုင် ...ို့ကို လှမ်းကြည့်နေကြသည်။

ချစ်ဝင်းနိုင်က မိခင်ဖြစ်သူ၏ မျက်နှာကို ခပ်ပြုံးပြုံးကလေး ...မ်းကြည့်ယင်း ပြန်ပြောသည်။

"အဖြစ်ကတော့ အမေ မြင်တဲ့အတိုင်းပဲလေ၊ ဟဲ ဟဲ"

"တယ်....ဒီကောင်လေးနှယ်၊ ငါမြင်တဲ့အတိုင်းတော့ ဟုတ် ...ာပေါ့၊ မင်း ဘာတွေဖြစ်လာတယ်ဆိုတာ သိချင်လို့ မေးနေ ...ာ၊ ဟဲ့သူငယ်မ သူ ဘာဖြစ်လာလို့လဲဟင်"

ချစ်ဝင်းနိုင်၏ မိခင်ကြီးမှာ တဆက်တည်းပင် စုရည်မွန်ကိုပါ ...းနေသည်။

"သူ....သူ....ကားတိုက်ခံရလို့ပါ ဒေါ်ဒေါ်"

စုရည်မွန်က ကတုန်ကယင်အသံကလေးဖြင့် ပြန်ပြောသည်။

"ဟောတော့....ဖြစ်မှ ဖြစ်ရပလေ သားရယ်၊ ဒီကားတွေ ...လဲ ရမ်းကို ရမ်းလွန်းပါတယ်တော်၊ တနေ့တနေ့ ကားတိုက်လို့ ...တဲ့လူတွေ....ဒဏ်ရာရသူတွေဟာ မနည်းတော့ဘူး၊ သင်းတို့ကို ...က်ညှာပဲ အပြစ်ကြီးကြီး ပေးသင့်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ချစ်ဝင်းနိုင်မိခင် ဒေါ်မြချစ်က သားဖြစ်သူ ကားတိုက်ခံ[illegible] သည်ဆို၍ ကားသမားတွေကို ဒေါပွနေသည်။

သားဖြစ်သူကိုလည်း စုရည်မွန်နှင့် အတူတွဲခေါ်ယင်း [illegible] ပြန်သည်။

"နို့....သားကို ကားနဲ့တိုက်သွားတဲ့သူကိုကော ရဲက မဖမ်း ဘူးလား၊ ဟွန်း ဒီလောက်ရမ်းတဲ့ ကားမောင်းသမားကို ရဲစခန်း[illegible] တိုင်ပြီး ထောင်ဒဏ် များများကျအောင် လုပ်သင့်တယ်"

ဒေါ်မြချစ်၏ စကားများကို နားထောင်ယင်း အနီး[illegible] စုရည်မွန်မှာ မျက်နှာပူနေတော့သည်။

ချစ်ဝင်းနိုင်မှာလည်း စုရည်မွန်ကို အားနာသွားသည်။

"ဟာ....မေမေကလဲဗျာ၊ အရမ်းပဲ ကားသမားကို အပြ[illegible] တင်နေတာကိုး၊ အခုဖြစ်ရတာက ကားမောင်းတဲ့သူ အပြစ်[illegible] ပါဘူးလေ၊ သားအပြစ်ပါ၊ သား လမ်းကူးတာ မှား[illegible] အတိုက်ခံရတာဗျာ"

ချစ်ဝင်းနိုင်က စုရည်မွန်အား အပြစ်မတင်နိုင်ရန် ကာကွယ်[illegible] ပြောနေသည်။

"အင်း ဒါကြောင့် သား မုန့်ဟင်းခါး အရောင်းထွက်[illegible] မေမေ တဖွဖွမှာနေတာပေါ့၊ ကားလမ်းကူးယင် နမော်[illegible] မကူးနဲ့၊ သတိထားကူးလို့၊ နို့....မုန့်အိုးတို့ မုန့်ဗန်းတို့ကော [illegible] မှာ ထားခဲ့သလဲ"



"ဟာဗျာ၊ အမေကလဲ ဘယ်မှာထားခဲ့ရမှာလဲ၊လူတယောက် လုံး ကားတိုက်ခံရမှတော့ မုန့်အိုးတို့မုန့်ဗန်းတို့တင်မကဘူး၊ ပန်း ကန် ခွက်ယောက်တွေနဲ့ ဇွန်းတွေပါ အနိစ္စသဘောနဲ့ ကိစ္စ ချောကုန်ပြီလေ...."

"အဲတော့....ရှိတာကလေးတွေတော့ ချောပါပြီ၊ဒါတွေဟာ တန်ဖိုးမနည်းဘူးသားရဲ၊ နို့....မင့်ကို တိုက်သွားတဲ့ကားကကော ဘာအကူအညီမှ မပေးဘူးလား"

"ပေးပါတယ်လေ"

ချစ်ဝင်းနိုင် ပြန်ပြောနေခိုက် သူတို့တတွေ အိမ်ပေါ်သို့ ရောက်လာကြသည်။

ချစ်ဝင်းနိုင်က အိမ်ပေါ်သို့ ရောက်လျှင် အိမ်ရှေ့ခန်းတွင် ခင်းထားသော ဖျာပေါ်သို့ အသာ ခြေကို ဆန့်၍ထိုင်သည်။

စုရည်မွန်ကတော့ မထိုင်သေးပဲ မတ်တတ်ရပ်နေသည်။

"ထိုင်လေဗျာ...."

ချစ်ဝင်းနိုင်က ပြောမှ စုရည်မွန်မှာ ဘေးတွင် အသာဝင်ထိုင် သည်။

"ဒီက သမီးက ဘယ်သူလဲကွယ့်၊ သား သူငယ်ချင်းလား ကွင်"

ဒေါ်မြချစ်က စုရည်မွန်ကို ကြည့်ယင်း မေးရှေ့ပြန်သည်။

www.burmeseclassic.com



"ဟုတ်ကဲ့၊ သူငယ်ချင်းပဲ ဆိုပါတော့အမေ၊ ဒါနဲ့ မမကော ကျောင်းက ပြန်မလာသေးဘူးလား"

"ပြန်လာပါပြီ၊ ဟိုဘက်လမ်းက သူ့သူငယ်ချင်းအိမ် ခဏ သွားနေလို့ပါ၊ ပြောစမ်းပါဦး၊ ကားတိုက်မိတဲ့ ဒဏ်ရာက စိုး ရိမ်ရ သလားဟင်"

"မစိုးရိမ်ရပါဘူး၊ ဒါကြောင့် သား အိမ်ကို ပြန်လာ နိုင် တာပေါ့၊ ခြေထောက်က အရိုး နည်းနည်း အက်သွားတယ်လို့ ဆရာဝန်က ပြောတာပဲ အမေ"

"အင်း၊ မသေကောင်း မပျောက်ကောင်းကွယ်၊ အမေတို့ မှာ အားကိုးစရာဆိုလို့ သားတယောက်ပဲ ရှိတဲ့ဟာ၊ မတော်တဆ များ သေသွားယင် အမေတော့ ရင်ကျိုးမှာပဲ"

ဒေါ်မြချစ် စိတ်ထိခိုက်သံဖြင့် ပြောနေသည်။

"ဟာ .. အမေကလဲဗျာ၊ စိတ်မကောင်းစရာတွေ ပြောမနေ ပါနဲ့၊ သား ဘာမှ ဖြစ်တာမှ မဟုတ်ပဲ၊ နောက်တလလောက် ဆိုယင် ခြေထောက် ပြန်ကောင်း သွားမှာပါ၊ ဪ.... ညီမ ခင်ဗျားလဲ ပြန်တော့လေ၊ တော်ကြာ မိုးချုပ်လို့ အိမ်က စိတ်ပူ နေလိမ့်မယ်"

ချစ်ဝင်းနိုင်က စုရည်မွန်အား လှမ်းပြောသည်။

ချစ်ဝင်းနိုင် စကားကြောင့် စုရည်မွန်မှာ လက်ပတ် နာရီ ကလေးကို ငုံ့ကြည့်မိသည်။



ညနေ ခြောက်နာရီ ကျော်လွန်နေသည်ကို တွေ့ရသည်။

"ဪ ဟုတ်ပါရဲ့၊ မိုးတောင်ချုပ်နေပြီ၊ ဒီလိုဆို ညီမကို ခွင့်ပြုပါဦး၊ မနက်ဖြန်ကျယင် အစ်ကို့ကို လာကြည့်မယ်နော်၊ မိုးတော့လဲ ငြိမ်ငြိမ်ကလေးနေပါ၊ တောင်သွား မြောက်သွား လုပ်မနေနဲ့၊ တော်ကြာ ခြေထောက် ပိုပြီးရောင်နေဦးမယ်"

စုရည်မွန် စိတ်မချသံဖြင့် ချစ်ဝင်းနိုင်ကို မှာနေသည်။

"စိတ်ချပါ၊ ကျွန်တော်ကလဲ ခြေထောက်အနာကို မြန်မြန် ပျောက်ချင်တဲ့ ကောင်မို့ ငြိမ်ငြိမ်ပဲ နေနေမှာပါ"

ချစ်ဝင်းနိုင် ပြောအပြီး၌ စုရည်မွန်မှာ သူ၏'စလင်းဘက်ဂ်' ထဲမှ ငွေစက္ကူများကို ထုတ်နေသည်။ သူ၏ အပြုအမူကို ချစ် ဝင်းနိုင်တို့ သားအမိက ငေးကြည့်နေကြသည်။

"ရော့ ... အစ်ကို့ကို အခု လောလောဆယ် သုံးဖို့ ငွေ ထောင် ယူထားလိုက်ပါ၊ မနက်ဖြန်ကျယင် ညီမ ထပ်ပေးပါ ဦးမယ်"

"ဟာ .. မဟုတ်တာပဲ၊ ခင်ဗျားက ဘာဖြစ်လို့ ဒီငွေတွေ ပေးနေရတာလဲ၊ မပေးနဲ့၊ ကျွန်တော် မယူဘူး"

ချစ်ဝင်းနိုင် ငြင်းနေသည်။

ဒေါ်မြချစ်ကတော့ မည်သို့မျှ ဝင်မပြောပဲ သူတို့ ပြောဆို နေကြပုံကို အဓိပ္ပာယ် နားမလည် ဟန်ဖြင့်သာ ငေးကြည့်နေ သည်။

www.burmeseclassic.com

www.burmeseclassic.com



“မယူလို့ဖြစ်မလား၊ညီမကြောင့် အစ်ကို့ပစ္စည်းတွေ အကုန် လုံး ဆုံးရှုံးကုန်တဲ့ဟာ”

“ကိစ္စမရှိဘူးလေ၊ မတော်လို့ဖြစ်ကြရတဲ့ဟာ ကျွန်တော်တို့ ဒီလောက်တောင် မမွဲသေးပါဘူးဗျာ၊ ဒီတော့ ကျွန်တော့်ကို တကယ်တမ်းခင်ယင် ဒီငွေတွေကို ပြန်ယူသွားပါ”

စုရည်မွန်မှာ တဘက်မှ အတွင်ပြင်းဆန်နေသဖြင့် ပေးရခက် နေတော့သည်။

“ကိုင်း၊ သွားမှာသာ သွားပါတော့၊ ဒီငွေတွေပေးမနေနဲ့ မိုးလဲ ချုပ်နေပြီလေ”

ချစ်ဝင်းနိုင်က ဆက်ပြောနေသည်။

စုရည်မွန်လည်း ချစ်ဝင်းနိုင်အား လေးစားသော မျက်နှာ ဖြင့် လှမ်းကြည့်ယင်း သူ၏ ငွေများ ‘စလင်းဘက်ဂ်’ထဲသို့ ပြန် ထည့်နေရသည်။

“ညီမ သွားမယ်နော်၊ ဩော်....ဒေါ်ဒေါ် သမီးကို ခွင့်ပြု ပါဦး”

“အေး အေး၊ အခုလို သားကို အိမ်တိုင်ရာရောက် လိုက်ပို့ ပေးတာ အဒေါ်ကလဲ သမီးကို ကျေးဇူးတင်ပါတယ်ကွယ်”

ဒေါ်မြချစ်မှာ သူ့သားအား ကားဖြင့်တိုက်သူမှာ စုရည်မွန် မှန်း မသိသေး၍ ကျေးဇူးတင်စကား ပြောနေသည်။



စုရည်မွန်လည်း သူတို့ကိုနှုတ်ဆက်အပြီးတွင် အိမ်ပေါ်မှ ပြန် လည်၍ ထွက်သွားသည်။

ချစ်ဝင်းနိုင်တို့သားအမိကတော့ စုရည်မွန်အား အိမ်ပေါ်မှ နေ၍ လှမ်းကြည့်နေကြသည်။

စုရည်မွန်လည်း ကားဆီသို့ ရောက်လျှင် ကားတွင်းသို့ဝင်ထိုင် သည်။

နောက် ကားစက်နှိုးကာ ကားအထွက်တွင် ချစ်ဝင်းနိုင်တို့ အား လက်ပြကာ နှုတ်ဆက်သွားသည်။

“ကလေးမလေးက ချစ်စရာလေးနော်၊ ရုပ်ကလဲ လှလိုက် တာ၊ ရွှေမင်းသမီးကလေး ကျနေတာပဲ၊ သားချစ်သူလားဟင် ဟဲဟဲ”

စုရည်မွန် ကားထွက် အသွား၌ ဒေါ်မြချစ်ကို လှမ်းမေး နေသည်။

ချစ်ဝင်းနိုင် မျက်နှာပေါ်တွင် ရှက်ရောင် သန်းသွားသည်။

“ဟာ မေမေကတော့ လုပ်ပြီ၊ မတော် မတည့်ဗျာ၊ သူလို ကျိုက်ကျိုတက်အောင် ချမ်းသာနေတဲ့ သဌေးသမီးက သားလို မုန့်ဟင်းခါးသည်ကို မှန်းပါ့မလား၊ သူ့မှာလဲ ချစ်သူတွေ ဘာတွေ ရှိပဲဟာ”

“သိဘူးလေ၊ သားကို သူက တယုတယနဲ့ အိမ်ကိုလိုက်ပို့ ပေးတယ်၊ မေတ္တာအပြည့်နဲ့လဲ သားကိုပြောဆိုနေတာတွေ ကြား လို့ ပြောမိတာပါ”

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတွေက သားကို ချစ်သူတယောက်အနေနဲ့ လုပ်ပေး တာမှ မဟုတ်ပဲ၊ သူ့မှာ အခုလို လုပ်ပေးရမယ့် တာဝန်ရှိလို့ လုပ်ပေးနေတဲ့ဟာ"

"ဘယ်လို တာဝန်တွေ ရှိနေလို့လဲ သားရဲ့၊ အမေ နားမလည်ဘူး"

"ကောင်းပြီ၊ သားရှင်းပြမယ်၊ အခု သားကားတိုက်ခံရတာ တခြားလူ့ကားမဟုတ်ဘူး အမေ၊ ခုနင်က သားဆီက ပြန်သွား တဲ့ အမျိုးသမီးရဲ့ကားပဲ၊ သူ့ကားနဲ့တိုက်မိလို့ သားကို ဆေးခန်း ကို လိုက်ပို့၊ နောက် ဒီအိမ်ကို ပြန်ပို့နဲ့ လုပ်ပေးခဲ့တာပေါ့"

"ဟောတော့.... ဒီအကြောင်းကို အခုမှ ဘာလို့ ငါ့ပြော တာလဲ၊ စောစောကတည်းက ဖွင့်ပြောရောပေါ့သားရယ်"

"စောစောက ဖွင့်ပြောယင် အမေက သူ့ကို ရန်တွေ့မှာ စိုးလို့ပေါ့"

"ဟဲ့ တွေ့ရမှာပေါ့၊ လူတယောက်လုံး ကားနဲ့ တိုက်တာ မတွေ့လို့ ဖြစ်မလား"

"ဟာ.... အမေကလဲဗျာ မတော်လို့ဖြစ်တဲ့ဟာ၊ ပြီးတော့ သူကလဲ သားအတွက် အဘက်ဘက်က တာဝန်ယူပြီးပြီပဲဟာ ကျေနပ်လိုက်ပါတော့၊ သားလဲ ဆိုးဆိုး ရွားရွား ဖြစ်တာ မဟုတ်ပဲ"

"ထားပါတော့ နို့စောစောက သူပေးတဲ့ ငွေကို မင်း ဘာလို့မယူတာလဲ၊ ကြေနွ ကောင်မလေးက ရှုပ်ချော်တာ မင်းက နောက်ပိုးပြီး မယူတာထင်တယ်"



"ဟာ.... အမေကတော့ လုပ်ပြီ၊ ဒီသဘောနဲ့မဟုတ်ပါဘူး အမေရာ၊ မိန်းကလေးတယောက်က ပေးတဲ့ငွေကို သားလို ယောကျ်ား တယောက်က မယူ ချင် လို့ပါ၊ ယူ လိုက် ယင် ယောကျ်ားသိက္ခာကျသွားမှာပေါ့...."

"တော်စမ်းပါ၊ နောက်ပိုးပြီး မယူယင် မယူဘူး ပြောစမ်း ပါ၊ သိက္ခာတွေဘာတွေ ပြောမနေစမ်းပါနဲ့...."

ဒေါ်မြချစ်ပြောယင်း ချစ်ဝင်းနိုင်အနီးမှ နောက်ဖေးဘက် သို့ ထွက်သွားသည်။

ချစ်ဝင်းနိုင်မှာတော့ မိခင်၏ စကားတွေကြောင့် ပြုံး၍ ကျန်ရစ်ခဲ့သည်။

*

BURMESE CLASSIC

www.burmeseclassic.com

(၁၂)

## ပြောင်းလဲနေသူ

စုရည်မွန်မှာ.... ချစ်ဝင်းနိုင်ထံမှ ထွက်ခဲ့ပြီးနောက် ညီညီမောင်၏ အိမ်သို့ တန်းမောင်းသွားသည်။

ညနေခြောက်နာရီခွဲကျော်ကျော်တွင် ညီညီမောင်၏အိမ်သို့ ရောက်သွားသည်။

ညီညီမောင်မှာလည်း စုရည်မွန်အား စောင့်မျှော်နေသူမို့ ကားရပ်လျှင် ရပ်ချင်း တိုက်တွင်းမှ ပြေးထွက်လာသည်။

"ဟာမယ်လေး.... စုရာ၊ ပြန်လာတာ မိုးချုပ်လှချည်လား၊ အစ်ကိုညီမှာတော့ စိတ်ပူလိုက်ရတာ၊ ဘယ်တွေများ သွားနေတာလဲ"



"အို.... ကားမောင်းလေ့ကျင့်တဲ့ဟာ ဘယ်သွားသွားပေါ့၊ ဒါထက် အစ်ကိုညီကို ပြောရဦးမယ်"

"ဘာလဲစုံ၊ ပြောလေ"

"ဩော်.... တခြားတော့ မဟုတ်ပါဘူး၊ စုလေ....အစ်ကိုညီရဲ့ကားကို မောင်းရာမှ လမ်းဘေးက တိုင်တတိုင်နဲ့ ဝင်တိုက်မိလို့၊ အစ်ကိုညီရဲ့ကားရှေ့ပိုင်း နည်းနည်း ပျက်သွားတယ်၊ အဲဒါ လျော်ကြေး ဘယ်လောက်ပေးရမယ်ဆိုတာ ပြောပါ"

"အဲ....လုပ်လိုက်ပြီ၊ ဒါကြောင့် အစ်ကိုညီ ပြောဘာပေါ့၊ ကားကို ကွေ့ယင် အရမ်းမကွေ့ရဘူးလို့၊ မှန်စမ်း ဘယ်လောက်များများ ပျက်သွားသလဲ မသိဘူး"

ညီညီမောင်ပြောယင်း ကားရှေ့ပိုင်းကို သွား၍ စစ်နေသည်။

"အယ်.... သိပ်မများပါဘူးလေ၊ တော်သေးတာပေါ့....၊ စုတာမှ မဖြစ်တာ ဟဲဟဲ"

"ဟဲဟဲ မနေနဲ့၊ ဘယ်လောက် လျော်ရမယ်ဆိုတာ ပြော"

"အိုး.... ဘယ့်နှယ်ကြောင့် လျော်စကားကို ပြောနေရတာလဲ၊ ချစ်သူချင်းပဲဟာ.... ဘာလျော်စရာရှိလို့လဲ၊ ဒီလောက်စီးတာ မပြောနဲ့၊ ကားတစီးလုံး ကြေမွသွားယင်တောင် အစ်ကိုညီ အလျော်မတောင်းပါဘူးတဲ့ ခင်ဗျာ၊ ဟား ဟား ဟား"

www.burmeseclassic.com
www.burmeseclassic.com

"ကိုင်း၊ အလျော်မတောင်းယင် စုကို အိမ်ပြန်ပို့ပေတော့ ဖေဖေ စိတ်ပူနေရော့မယ်"

"အဲဗျ.... စုဖေဖေအကြောင်း ပြောမှ သတိရတယ်၊ စော စောကပဲ စုံဖေဖေဟာ အစ်ကိုညိုဆီကို ဖုန်းဆက်တယ်လေ၊ စု အိမ်ကို ပြန်မလာလို့ အစ်ကိုညိုဆီမှာ လားတဲ့"

"ဟောတော့.... ဒီတော့ အစ်ကိုညိုက ဘာပြောလိုက်သလဲ စု ကားမောင်းထွက်သွားတယ်လို့ ပြောလိုက်ရောလား၊ ဒါဆို အဆူခံထိတော့မှာပဲ"

"ဟာ....စုရာ၊ ဒီလိုပြောပါ့မလား၊ စု သူငယ်ချင်းတယော အိမ်မှာ ရောက်နေတယ်၊ အဲဒီကို အစ်ကိုညိုကိုယ်တိုင် လိုက် ပေးခဲ့ရတယ်၊ ပြန်လာယင် ဦးလေးတို့ဆီကို ကျွန်တော် ပြန် ပေးမယ်လို့ ဖြီးလိုက်ရတာပေါ့ စုရ၊ ဟဲ ဟဲ"

"ဟင်း တော်သေးရဲ့၊ ကိုင်း လာ၊ ကားပေါ်တက်လေ၊ သွား ကြစို့"

စုရည်မွန်က ခေါ်ယင်း ကားမောင်းသောနေရာမှ တဘ ထိုင်ခုံသို့ ရွှေ့ပေးသည်။

ညီညီမောင်က ကားမောင်းသူနေရာတွင် ဝင်ထိုင်သည်။

ထိုနောက်တော့ ညီညီမောင်က ကားကို မောင်း၍ ထွက်လ တော့သည်။

စုရည်မွန်အနေဖြင့် ချစ်ဝင်းနိုင်အား ကားဖြင့် တိုက်မိသေ ကိစ္စကို ညီညီမောင်အား လုံးဝ ပြောမပြခဲ့သလို သူ့မိဘ ကိုလည်း ပြောမပြခဲ့ပေ။



ထိုနည်းတူစွာပင် ကိုကိုဇော်ကိုလည်း လုံးဝ မဟာခဲ့။

ထိုကိစ္စကို ထိပ်တန်း လျှို့ဝှက်ချက်အနေဖြင့် စုရည်မွန်က ထားသည်။

အကယ်၍ သူတို့ကို ပြောပြလိုက်လျှင် အဆူခံလည်းထိမည်၊ ပြီးတော့ ချစ်ဝင်းနိုင်ထံသို့လည်း လွတ်လွတ်လပ်လပ် သွားနိုင် တော့မည် မဟုတ်ပေ။

အထူးသဖြင့် ကိုကိုဇော်နှင့် ညီညီမောင်တို့က သူ့အား ချစ်ဝင်းနိုင်နှင့် ငြိစွန်းသွားမည်ကို စိုးရိမ်ကာ သူသွားတိုင်း နောက်က တတန်းတန်းပါနေမည်ကို စိုး၍ပင်။

သူ့မိဘတွေကလည်း အောက်တန်းစားမုန့်ဟင်းခါးသည် ထံသို့ မကြာခဏ သွားခြင်းကို ကြည်ဖြူကြမည် မဟုတ်ပေ။

သည်တော့ ထိုကိစ္စကို မည်သူ့မှ ဖွင့်မပြောပဲ လျှို့ဝှက်ထား သည်က အကောင်းဆုံးဟူ၍ စုရည်မွန် ခံယူထားသည်။

ယင်းသို့ မည်သူ့အားမှ ဖွင့်မပြောခဲ့၍ စုရည်မွန်အနေဖြင့် ချစ်ဝင်းနိုင်ထံသို့ သွားရာတွင် ကိုယ်ပိုင်ကားကို သုံး၍မရ တော့။

အငှားလေးဘီးကားကလေးဖြင့်သာ သွားရပေတော့မည်။

သွားရတော့ ဘာဖြစ်သနည်း။

ပို၍တောင် ကောင်းသေးသည်။

www.burmeseclassic.com



ထိုအတွေးအတိုင်းပင် နောက်တနေ့ညနေ ကျောင်းဆင်းချိန်တွင် အိမ်မှ ကားကို အကြောင်း တခု ပြကာ ပြန်လွှတ်ပြီး သူကတော့ အငှားလေးဘီးကားကလေးကို စီးကာ ချစ်ဝင်းနိုင်အိမ်သို့ လာခဲ့သည်။

ထိုသို့လာရာတွင် ကမာရွတ် လှည်းတန်းဘက်မှ ဟောလစ်တဗူးနှင့် မုန့်တွေပါ ဝယ်လာခဲ့သည်။

ချစ်ဝင်းနိုင်မှာ အပြင်ခန်းတွင် ဒဏ်ရာရနေသော ညာခြေတဘက်ကို ဆန့်တန်းထားယင်း ထိုင်နေသဖြင့် စုရည်မွန် ရောက်လာသည်ကို မြင်ရသည်။

စုရည်မွန်ကို တွေ့ရလျှင် မည်သည့် အတွက်မှန်း မသိ၊ သူ့စိတ်ထဲတွင် ဝမ်းသာကြည်နူးမှုတွေ ဖြစ်သွားသည်။

စုရည်မွန်လည်း လေးဘီးကားခကို ရှင်းလင်းပေး ပြီးနောက် သူ့ဆီသို့ ရယ်ရယ်ပြုံးပြုံးဖြင့် တက်လာသည်။

"အစ်ကို၊ ခြေထောက်အနာ ဘယ်လို နေသေးသလဲဟင်"

ခရီးရောက်မဆိုက်ပင် စုရည်မွန်က မေးသည်။

"နည်းနည်း သက်သာပါတယ်လေ"

"အပေါ့ အပါးသွားတော့ ဘယ်လိုသွားသလဲ၊ ရေရော ချိုးသေးသလား"

"အပေါ့အပါး သွားဖို့ အဖော်တခု ဆောင်ထားတယ်လေ ဟဲ ဟဲ"



"ဘယ် အဖော်လဲ"

"ဟိုမယ်.. ချိုင်းထောက်ကြီးလေ၊ သူနဲ့ပဲ နှစ်ပါးသွားရတာပေါ့၊ ရေချိုးယင်လဲ သူ့ကိုပဲ အဖော်ပြုရတယ်လေ"

"ဟောတော့...အစ်ကို ရေချိုးတယ်၊ ဒုက္ခပဲ၊ ဆရာဝန်က မှာလိုက်တယ် မဟုတ်လား၊ ဆေးပတ်တီးစည်းထားတဲ့ နေရာကို ရေမထိရဘူးလို့"

စုရည်မွန်က စိတ်ပူသံကလေးဖြင့် ပြောနေသည်။

"မထိပါဘူးဗျာ၊ ဒီဆေးပတ်တီး စည်းထားတဲ့ခြေထောက်ကို ခုံတခုံပေါ်တင်ပြီး ချိုးတာပါ၊ ကျန်တော်က ရေမချိုးရပဲတော့ မနေတတ်ဘူးဗျ၊ ဟဲ ဟဲ"

သူတို့ စကားပြောသံတွေကြောင့် နောက်ဖေးခန်းမှ ဒေါ်မြချစ် ထွက်လာသည်။

"ဟော...သမီးလေး ရောက်လာပြီကိုး၊ ဟင်...သမီး ကား ပါမလာဘူးလား"

ဒေါ်မြချစ်က မေးနေသည်။

"မပါဘူး ဒေါ်ဒေါ်၊ သမီး ကားမောင်းဖို့ လန့်သွားပါပြီလေ၊ ဒါကြောင့် အငှားကားနဲ့ပဲ လာခဲ့ပါတယ်၊ ဒေါ်ဒေါ်လဲ ဒီက အစ်ကို့ကို သမီးကားနဲ့ တိုက်မိတာ သိပြီးရောပေါ့နော်"

www.burmeseclassic.com

www.burmeseclassic.com



"သိပြီးပါပြီသမီးရယ်၊ အေး....ကောင်းတယ်၊ ငါ့သမီး ကား မောင်း မကျွမ်းကျင်သေးတော့ မမောင်းတာပဲ ကောင်းတယ်၊ ဟောဒီက အဒေါ်သားကိုတောင် ကားမောင်းဖို့ အဒေါ်က ခွင့်ပေးတာ မဟုတ်ဘူး"

"ဟင်....အစ်ကိုက ကားမောင်းတတ်သလား"

BURMESE CLASSIC

စုရည်မွန်က အံ့သြသံဖြင့် လှမ်းမေးသည်။

"မောင်းတတ်ရုံတင် ဘယ်ကမလဲ၊ ကျွန်တော်က ကားကိုပါ နည်းနည်းပါးပါး ပြင်တတ်ပါတယ်၊ အဲ....ကျွန်တော်မောင်းဖူးတဲ့ ကားကတော့ ခင်ဗျားလို သိန်းကျော်တန်ကားကြီး မဟုတ်ပါဘူးဗျာ၊ အဝေးပြေး ကားကြီးတွေပါ၊ ဟဲ ဟဲ"

"အို... ကားမောင်းတတ်မှတော့ ဘယ်ကား မောင်းမောင်း ပေါ့၊၊ ဒါဆိုယင် အစ်ကိုက ညီမထက်တောင် ကားမောင်း ပိုတော်နေတာပေါ့၊ နို့ ဘာလို့ ဆက်မမောင်းတာလဲ"

"မမောင်းဆို....ဟောဒီက အမေ က စိတ်မချ ဘူးလေ၊ အဝေးပြေးကားဆိုတော့ နယ်ကို ခဏခဏ ထွက်ရတာ မဟုတ်လား၊ ဒီလို ကားကို မမောင်းရတဲ့ အတွက် ကျွန်တော်ဟာ ခင်ဗျားတို့ သိကြတဲ့အတိုင်းပဲ မုန့်ဟင်းခါး ရောင်းနေရတာပဲ၊ နေပါဦး၊ ခင်ဗျားလက်ထဲမှာ အထုပ်တွေ များလှချည်လားဗျ၊ ဘာတွေလဲ"

"ဪ . အစ်ကို့အတွက် ဝယ်လာတာပါ၊ 'ဟောလစ်ဗူး' ရယ်၊ 'ဟန်တလေအင်ပါးမာ' ကလုပ်တဲ့ 'အဆော့တက်' မုန့်ဗူး ပါ၊ ရော့ ဒေါ်ဒေါ်၊ အစ်ကိုစားဖို့ သိမ်းထားပေးပါ"



စုရည်မွန် ပြောယင်း အနီးရှိ ဒေါ်မြချစ်အား လှမ်းပေး သည်။

"ခင်ဗျားနှယ်ဗျာ၊ ဘာလို့များ ဒါတွေ ဝယ်လာတာလဲ၊ ကတည်း လူမမာကျနေတာပဲ"

"နို့....လူမမာ မဟုတ်ဘူးလားလို့၊ လူမမာတောင်မှ ရိုးရိုး လူမမာကောင် မဟုတ်ဘူး၊ ဒုက္ခိတ လူမမာကြီးမို့ ညီမက ဝယ်လာတာပါ၊ မငြင်းရဘူးနော်"

ဒေါ်မြချစ်မှာ စုရည်မွန် ပေးသော ဟောလစ်ဗူးနှင့် မုန့် သေတ္တာများကို ယူကာ မနီးမဝေးတွင်ရှိ စားပွဲခုံ တခုံပေါ်တွင် တင်ထားသည်။

ချစ်ဝင်းနိုင်မှာ စုရည်မွန်၏ မျက်နှာကလေးအား ခင်မင် သော အပြုံးဖြင့် လှမ်းကြည့်ယင်း ပြောနေသည်။

"အင်း၊ ခင်ဗျားမလဲ ကျွန်တော့်အတွက် တာဝန်တခုလို ဖြစ်နေပြီဗျာ၊ သိပ်ကို အားနာတာပဲ၊ ဒီလောက်လဲ ကျွန်တော့် အပေါ် သံယောဇဉ် မထားပါနဲ့"

"အို....မဟုတ်တာပဲ အစ်ကိုရယ်၊ စုကြောင့် ဖြစ်ရတဲ့အတွက် စုမှာ တာဝန်ရှိတာပေါ့၊ ဘာလဲ အစ်ကိုက စုလာလာနေတာ မကြိုက်လို့လားဟင်"

စုရည်မွန်က ပြန်ပြောသည်။

ပြောရာတွင် ယခင်က သုံးနှုန်းခဲ့သော 'ညီမ' အစား ပိုမို ရင်းနှီးသည့် 'သူ့အမည်' ကို သုံး၍ ပြောနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲ....ခင်ဗျားက ဘယ်သူဆိုတာ ဖြစ်မဲ့လို မေးရဦးမယ်၊ အခု ထက်ထိ ကျွန်တော်ဟာ ခင်ဗျားနာမည်ကို မသိသေးဘူး၊ ကျွန်တော် နာမည်ကိုတော့ ဆရာဝန်ရှေ့မှာ ပြောပြခဲ့ပြီးလို့ သိရောပေါ့ နော်"

ချစ်ဝင်းနိုင် စကားကြောင့် စုရည်မွန်မှာ ရယ်နေသည်။

"ဟုတ်ပါ့ရှင်နော်၊ အစ်ကိုနဲ့သာ မနေ့ညနေက တနေကုန် နေလာခဲ့တယ်၊ စုအမည်ကို ပြောမပြခဲ့မိဘူး၊ စုအမည် အပြည့် အစုံက စုရည်မွန်တဲ့၊ မိဘအမည်တွေကတော့ ဦးကံသာလှနဲ့ ဒေါ်ရွှေဝင်း၊ စုဟာ သူတို့ရဲ့ တဦးတည်းသော သမီးပဲ၊ ကဲ... ဘာမေးဦးမလဲ"

"မမေးတော့ပါဘူးဗျာ၊ ဒါထက် စု အခုလို ကျွန်တော့်ဆီ ကို လာလာနေတာ စု မိဘတွေ သိသလားဟင်"

"ဘယ်သိပါ့မလဲ၊ စုကလဲ အသိမပေးဘူးလေ၊ အသိပေး လိုက်ယင် စု ကားခိုးမောင်းတာ တွေ့ရော၊ အစ်ကို့ကို ကားနဲ့ တိုက်မိတာတွေရော ပေါ်ကုန်မှာပေါ့"

"ဒါပေမယ့် စု အခုလို ကျွန်တော့်ဆီ ခဏခဏလာနေယင် တော့ တနေ့မပေါ် တနေ့ပေါ်မှာဗျ၊ ဟဲ ဟဲ"

"အို.... အဲဒီတော့လဲ အမှန်ကို ဖွင့်ပြောပြရတော့မှာပေါ့၊ မပေါ်ခင်တော့ ဒီကိစ္စကို အတတ်နိုင်ဆုံး လျှို့ဝှက်ထားရမှာပဲ"

"မေးလက်စနဲ့ ဆက်မေးရဦးမယ်၊ အခုလို ကျွန်တော့်ဆီ လာလာနေတာကို ဟိုနေ့က ဂုဏ်ရှိမှာတွေ့လိုက်ရတဲ့ စုရဲ့ လူကလေး



ကော ကြည်ဖြူရဲ့လား၊ တော်ကြာ ကျွန်တော့်ကြောင့် ခင်ဗျား တို့ချင်း စိတ်ငြမ်းကွဲနေကြပါဦးမယ်ဗျာ"

ချစ်ဝင်းနိုင်၏ စကားကြောင့် စုရည်မွန်၏ မျက်နှာကလေး ရှက်ကနဲ ပျက်သွားသည်။

"ခြော်.... အစ်ကိုက စုတို့ကို အထင်လွဲနေတာကိုး၊ သူနဲ့ စု ဘာမှ မပတ်သက်ပါဘူးလေ၊ ကျောင်းနေဘက် သူငယ်ချင်း တွေမို့ ခင်မင်နေကြတာပါ၊ တခြား ဘာမှ မဟုတ်ကြပါဘူး၊ တော့ သူ့ကိုလဲ စု ဂရုစိုက်နေစရာ မလိုပါဘူး"

"ခြော်....ခြော်...."

ချစ်ဝင်းနိုင်က ခေါင်းကလေး ညိတ်ကာ ပြောနေသည်။

ထိုအခိုက် ချစ်ဝင်းနိုင် အစ်မဖြစ်သူ မူလတန်းဆရာမ ခင်လှ ဝင် ပြန်လာသည်။

"ဟော....မမတောင် ကျောင်းက ပြန်လာပြီ၊ စုနဲ့ မိတ်ဆက် ပေးရဦးမယ်"

ချစ်ဝင်းနိုင်က စုရည်မွန်ကို လှမ်းပြောသည်။

ချစ်ဝင်းနိုင်မှာ ခင်လှချစ်အား အိမ်ပေါ်မှ လှမ်းကြည့် သည်။

ချစ်ဝင်းနိုင်နှင့် ရုပ်ချင်း အနည်းငယ်ဆင်သည်ကို သတိပြု သည်။

အသက်မှာ နှစ်ဆယ့်ခုနစ်နှစ်ခန့် ရှိပေမည်။

www.burmeseclassic.com

www.burmeseclassic.com



ခင်လှချစ် သူတို့ကို ပြုံး၍ ကြည့်ယင်း အိမ်ပေါ်သို့ တက်လာသည်။

"မမရေ... ကျွန်တော် ပြောတဲ့ အမျိုးသမီးဟာ သူပဲ၊ သူ့အမည်က 'စုရည်မွန်'တဲ့ ခင်ဗျ"

"ဟဲ့....မနေ့တုန်းက ငါက နာမည်မေးတော့ မသိဘူးဆို"

ခင်လှချစ် ပြန်ပြောသည်။

"ဟုတ်တယ်လေ၊ မနေ့တုန်းကတော့ သိမှ မသိသေးပဲ၊ အခုမှ မေးထားလို့ သိရတာပေါ့ဗျ၊ ဟား ဟား ဟား"

"အင်း ...ငါ့မောင်ကတော့ စံပါပဲ၊ ကိုယ်နဲ့ ခင်မင်နေတဲ့ မိန်းကလေးရဲ့ အမည်တောင် အခုမှ သိရသတဲ့၊ ခိ ခိ"

ခင်လှချစ် ပြောယင်း ရယ်နေသည်။

ထို့နောက်တော့ ချစ်ဝင်းနိုင်၏ မိသားစုနှင့် စုရည်မွန်တို့ အလ္လာပသလ္လာပတွေ ပြောဆိုနေကြသည်။

ညနေ ခြောက်နာရီထိုးလုတွင်တော့ စုရည်မွန်က သူတို့အား နှုတ်ဆက်၍ ပြန်သွားသည်။

မပြန်မီ မနက်ဖြန် ညနေတွင် ချစ်ဝင်းနိုင် ဆေးပတ်တီး စည်းရန် သူ လာခေါ်မည်ဟူ၍လည်း မှာသွားသည်။

ချစ်ဝင်းနိုင်က သူ့ဘာသာ သူ သွားမည်ဟု ပြောသော်လည်း စုရည်မွန်က လက်မခံပေ။



"အို... မဟုတ်တာပဲ၊ စုနဲ့ပဲ သွားရမယ်၊ အစ်ကို့ဘာသာ သွားရဘူး၊ အဲဒါ နားမထောင်ပဲ အစ်ကို့ဘာသာ သွားယင်တော့ စု စိတ်ဆိုးမှာပဲ၊ အစ်ကို့ဆီကို ဘယ်တော့မှ မလာတော့ဘူး၊ သိလား"

စုရည်မွန်က တချက်လှတ် အမိန့်ထုတ်သည်။

ထိုအခါတွင်တော့ ချစ်ဝင်းနိုင်မှာ လိုက်လျောလိုက်ရတော့သည်။

စုရည်မွန်မှာ သူ့ကတိအတိုင်းပင် ချစ်ဝင်းနိုင်အား နစ်ရက်တွင် တကြိမ်ကျ အရိုးနှင့်အကြော အထူးကု ဆရာဝန်ထံသို့ ငှားလေးဘီးကားကလေးဖြင့် ခေါ်ကာ ဆေးပတ်တီးသွား၍ စည်းပေးလေ့ရှိသည်။

ယင်းသို့ စုရည်မွန်တယောက် အိမ်မှ မိဘများလည်း အသိပေး၊ သူ့အား အပြိုင်ပိုးပန်းနေကြသော ကိုကိုဇော်နှင့် ညီညီမောင်တို့အားလည်း အသိမပေးပဲ ခြေပုန်းခုတ်နေသည်မှာ တလကျော်ပါး ရှိလာတော့သည်။

သူနှင့် ချစ်ဝင်းနိုင်တို့မှာလည်း တနေ့ထက် တနေ့ ခင်မင်မှုတွေ ပိုမိုကြီးထွားလာခဲ့ကြသည်။

သို့သော် တဦးကို တဦး မေတ္တာသက်ဝင်မှုတွေကိုတော့ ဖွင့်မပြောကြသေးပေ။

ဖွင့်မပြောကြခြင်းမှာလည်း အခြားကြောင့် မဟုတ်။

www.burmeseclassic.com



ကာယကံရှင်များဖြစ်ကြသော ချစ်ဝင်းနိုင်နှင့် စုရည်မွန်တို့ နှစ်ဦးစလုံး ချစ်လိုပါလျက်နှင့် မိမိတို့ကိုယ်ကို မိမိတို့ ပြန်လည် လိမ်ညာနေကြခြင်းကြောင့်ပင်။

တနေ့တွင်တော့ စုရည်မွန်၏ ဖခင်ဦးကံသာလှက သမီးအား ခေါ်၍ မေးနေတော့သည်။

"ဒီမယ်သမီး၊ အခုတလော ငါ့သမီးဟာ ကျောင်းပြန် သိပ်နောက်ကျ နေတာပဲနော်၊ ပြီး အိမ်က ကားနဲ့လဲ မပြန် တော့ဘူး၊ လေးဘီးနဲ့ချည့် ပြန်ပြန်လာတယ်၊ အဲဒါ ဘယ်[illegible] ကြောင့်လဲ"

စုရည်မွန်မှာ တနေ့မဟုတ် တနေ့ ထိုသို့သော 'ကွက်ရှင်' မျိုးကို အမေးခံရတော့မည်ကို မဆွကတည်းက ကြိုတင်သိနှင့် ထားသူမို့ သူ့တွင် ဆင်ခြေပေးရန် အဖြေက 'ရယ်ဒီ'ဖြစ်နေ သည်။

"ဒါက ဒီလိုပါ ဖေဖေရယ်၊ သမီးက ကျောင်းလွှတ်တာ[illegible] သမီးတို့ကျောင်းက ဆရာမဆီမှာ 'ကျူရှင်'သွားတက်နေရတာ[illegible] လေ၊ တက်တာက သမီးတယောက်တည်းမဟုတ်ပါဘူး၊ သမီး[illegible] အတန်းက သူငယ်ချင်းတွေလဲ ပါပါတယ်၊ အဲဒီကျူရှင်တက်[illegible] သမီးတို့တတွေဟာ ဆရာမ အိမ်မှာပဲ စာကို ရအောင်ကျက်ပြီး[illegible] ပြန်ပြန်လာလို့ပါ၊ ဒီတော့ အိမ်က ကားနဲ့ပြန်လို့ဘယ်ဖြစ်မလ[illegible]

"ဩော်ဩော်.... ဒီလိုလား၊ နို့.... သမီးတို့နဲ့အတူ ကို[illegible] ဇော်နှင့် ညီညီမောင်တို့ရော မပါဘူးလား"



"အာ... မပါပါဘူး၊ သူတို့ကို သမီး အသိတောင် မခံဘူး၊ သူတို့ပါလာယင် သမီးကျူရှင်ယူတာ အပိုဖြစ်နေမှာပဲ၊ ဖေဖေ သိတဲ့အတိုင်းပဲ သူတို့နှစ်ယောက်ဆုံမိကြယင် သမီးနဲ့ပတ်သက်ပြီး ရန်က သိပ်ဖြစ်ချင်ကြတာ မဟုတ်လား"

"အေး....ဒါလဲ ဟုတ်တာပဲ၊ သူတို့သာ ကျူရှင်ရောတက် နေယင်တော့ သမီးအတွက် အကျိုးရှိမှာ မဟုတ်ဘူး"

သမီး၏ ဖြီးလုံးကို ဖခင်က တကယ်မှတ်ကာ ယုံသွားသည်။

မိခင်ကြီးကတော့ ထိုကိစ္စနှင့်ပတ်သက်၍မည်သို့မှ ဝင်ရောက် ပြောဆိုခြင်း မရှိပေ။

အဲ... စုရည်မွန်အတွက် နောက်ထပ် မေးခွန်းထုတ်နေသူတွေ ကတော့ ကိုကိုဇော်နှင့် ညီညီမောင်တို့ပင်။

"ဟေး စု၊ အခုတလော စု ဘယ်လို ဖြစ်နေတာလဲကွယ်"

ကိုကိုဇော်က တနေ့တွင် စုရည်မွန်အား မေးနေတော့သည်။

"ဘာလဲ ကိုကိုဇော်ရဲ့၊ စု ဘာတွေ ဖြစ်နေလို့လဲ၊ ပြော ပါဦး"

စုရည်မွန်က မှင်သေသေဖြင့် ပြန်မေးနေသည်။

"ဘာတွေ ဖြစ်နေရမှာလဲ၊ အခုတလော စုဆီကို သွားတိုင်း [illegible]ကို မတွေ့ရဘူး၊ ဒါနဲ့ စုတယောက် ညီညီမောင် ဘက်များ [illegible]ပါသွားပြီလားဆိုပြီး ညီညီမောင်ဆီ သွားစုံစမ်းတော့လဲ သူလဲ [illegible]ကိုကိုဇော်လိုပဲ စုတယောက် နည်းနည်းပြောင်းလဲ နေတယ်လို့

www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်တယ်၊ သူ့ဆီကိုလဲ လုံးဝမလာဘူးတဲ့၊ စုကို သွားတွေ့တော့လဲ မတွေ့ရပါဘူးတဲ့၊ ဒီတော့ ပြောစမ်းပါဦး၊ စုဟာ ကိုယ်တို့နှစ်ယောက်ဆီကနေ ဘယ်ကိုများ သဝေထိုး သွားနေတယ်ဆိုတာ"

"အို... ကိုကိုဇော်ကလဲ စုကိုများ ဘယ်လို မိန်းမစား မှတ်နေတာလဲ၊ ဟောတယောက် ဟော တ ယောက် ထည်လဲနဲ့ ယောကျ်ား တွေကို တွဲနေတဲ့ မိန်းမစား မှတ်နေ လို့လား၊ တွန်း"

"မဟုတ်ပါဘူးလေ၊ စုကို အထင်သေးလို့ ပြောနေတာ မဟုတ်ပါဘူး၊ စုတယောက် ကိုယ်တို့နဲ့ မတွဲတာကြာနေလို့ မေးရတာပါ"

"အဲဒါက ကိုယ့်ကိစ္စနဲ့ကိုယ် ဖြစ်နေလို့ပေါ့၊ ဒီတော့ စုကို စစ်လား ဆေးလား မလုပ်ပါနဲ့၊ စု မကြိုက်ဘူး"

"ဒါကတော့ စုရယ်"

"အို....တော်ပြီ၊ ဆက် မပြောနဲ့တော့"

စုရည်မွန် ပြောယင်း ကိုကိုဇော်၏ အနီးမှ ခွာပြေးသွားသည်။

ထိုနည်းတူစွာပင် ညီညီမောင် မေးသောအခါ အထက်ပါ အတိုင်းပင် စုရည်မွန်က ပြောပြခဲ့သည်။



ကိုကိုဇော်ရော ညီညီမောင်ပါ စုရည်မွန်၏ အဖြေတွေကို ဘဝင်မကျလှပေ။

မကျလှသော်လည်း စုရည်မွန် စိတ်ဆိုးမည်ကို လန့်ကြ၍ ဆက်မမေးဝံ့တော့ပဲ ငြိမ်နေကြရသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

(၁၃)

## ချစ်၍လိမ်ညာခြင်း

ချစ်ဝင်းနိုင်၏ ခြေထောက်မှ ဒဏ်ရာမှာ တနေ့ တခြား သက်သာ၍ လာနေသည်။

ဖြစ်စ ဆယ့်ငါးရက်ခန့် သာလျှင် ဆေးပတ်တီး စည်းရန် ဆရာဝန်က နှစ်ရက်တကြိမ်ကျ အလာခိုင်းခဲ့သည်။

ဆယ့်ငါးရက်က ကျော်သွားလျှင်တော့ တပတ်လျှင်တကြိမ် ကျပဲ လာခိုင်းတော့သည်။

ယခု တလကျော်ခဲ့ပြီမို့ ချစ်ဝင်းနိုင်၏ ခြေထောက်ဒဏ်ရာမှာ ကောင်းကောင်း ထောက်နိုင်နေလေပြီ။



ကောင်းကောင်းထောက်နိုင်နေပြီမို့ သူ့အား ဆရာဝန်က ဆေးခန်းသို့ အလာမခိုင်းတော့ပေ။

အိမ်မှာပင် ဆေးကို ကိုယ်တိုင်ထည့်၍ ဆေးပတ်တီးစည်းရန် ပြောတော့သည်။

ဆေးပတ်တီး စည်းရန်အတွက် ဆေးများလည်း အလုံ အလောက် ပေးထားသည်။

ယနေ့ ချစ်ဝင်းနိုင်၏ ခြေထောက်အခြေအနေမှာ ယခင်လို ပြန်လည်၍ ကောင်းမွန်နေပြီဖြစ်သည်။

ကောင်းမွန်နေသော်လည်း ချစ်ဝင်းနိုင်ကတော့ စုရည်မွန် ရှေ့တွင် ချိုင်းထောက်ကလေးဖြင့် ထောက်ကာ လျှောက်ပြ နေဆဲပင်။

စုရည်မွန်ကတော့ ချစ်ဝင်းနိုင် ဉာဏ်များနေသည်ကို မရိပ်မိ ပေ။

တကယ်ပင် ခြေထောက်ဒဏ်ရာ မပျောက်သေးဟု ထင်ကာ ချိန်ရတိုင်း လာ၍ မေးလေ့ရှိသည်။

စုရည်မွန်အနေဖြင့် တလကျော်လွန်ခဲ့သော အခါတွင် ယခင် နေ့တိုင်း ချစ်ဝင်းနိုင်၏ အိမ်သို့ မရောက်တော့ပေ။

မရောက်သည်မှာ သူ့အား မိဘနှစ်ပါးကရော ကိုကိုအောင် ညီညီမောင်တို့ကပါ အကဲခတ်နေကြ၍ ကိုယ်ရှိန်ကို ခေတ္တ ထိန်းထားလိုက်ခြင်းပင်။

www.burmeseclassic.com

www.burmeseclassic.com



နေ့စဉ်မရောက်သော်လည်း နှစ်ရက်လျှင် တကြိမ်ကျတော့ စုရည်မွန်က ဖြစ်သည့်နည်းဖြင့် ချစ်ဝင်းနိုင်ထံသို့ သွားသည်။

ယခုအခါတွင်တော့ စုရည်မွန်မှာ ချစ်ဝင်းနိုင်ထံသို့ မသွား[..] လျှင် မနေနိုင် ဖြစ်၍ နေလေပြီ။

သူ့နည်းတူပင် ချစ်ဝင်းနိုင်မှာလည်း စုရည်မွန် ရောက်မလာလျှင် မျှော်ရသည်မှာ အမော။

ထိုသို့သာဖြစ်နေကြသည်၊ တဦးကို တဦးတော့ ချစ်ကြောင်း ကြိုက်ကြောင်း ဖွင့်မပြောကြသေးပေ။

ချစ်ဝင်းနိုင်က ဖွင့်မပြောခြင်းမှာ သူနှင့် စုရည်မွန်မှာ ဂုဏ်ချင်း ကွာလွန်းလှ၍ မပြောခြင်း ဖြစ်သည်။

သူ့ကိုယူလျှင် စုရည်မွန် ဆင်းရဲစွာနေရမည်ကို မလိုလား[..] ပင်။

စုရည်မွန်က ဖွင့်မပြောသည်ကတော့ ချစ်ဝင်းနိုင်လို လူ[..] သူ့မိဘများက မည်သည့်နည်းနှင့်မျှ သဘောတူမည်မထင်သ[..] အချိန်ကို စောင့်သည့်သဘောဖြင့် မပြောသေးခြင်းပင်။

ထို့ပြင် သူက မိန်းမသား ဖြစ်နေ၍ တဘက်မှ မည်သို့[..] ဖွင့်ဟခြင်းမရှိပဲ သူက စတင်၍ ပြောလျှင် 'မြင်းကမလှုပ် [ဇာတ်] လှုပ်' ဆိုတာမျိုး ဖြစ်မည်ကိုလည်း သူ မလိုလားပေ။

အကယ်၍ ချစ်ဝင်းနိုင်က စကားစ,လာမှသာ သူ့မေတ္တာကို ပြန်ပေးမည်ဟူ၍ သူ ဆုံးဖြတ်ထားသည်။



တနေ့ နံနက်တွင် ချစ်ဝင်းနိုင်မှာ ခြံထဲတွင် ပေါက်ပြားတလက်ဖြင့် သူ့မိခင်စိုက်ထားသော ပန်းပင်များကို ပြုပြင်ပေးနေသည်။

သူတို့ခြံထဲတွင် ဗူးပင်နှင့် အခြားစားစရာအပင်တွေ စိုက်ပျိုးထားကြသည်။

ထိုအပင်တွေမှာ အိမ်၏ နောက်ဖေးတွင် ရှိသည်။

ချစ်ဝင်းနိုင် အနေဖြင့် စုရည်မွန်မှာ နံနက်ဘက်တွင် မလာတတ်ပဲ ညနေဘက်တွင်မှ လာတတ်၍ ယခုလို သစ်ပင်တွေကို ပေါက်ပြားတလက်ဖြင့် တူးဆွနေခြင်းပင်။

ထိုအချိန်မှာပင် စုရည်မွန်မှာ လေးဘီး ကားကလေးဖြင့် သူ့ထံသို့ ရုတ်တရက် ရောက်လာသည်။

ချစ်ဝင်းနိုင် မိခင်ကြီးမှာ မီးဖိုထဲတွင် ချက်ပြုတ် နေသည်။

စုရည်မွန်မှာ အိမ်ရှေ့ခန်းတွင် မည်သူ့ကိုမှ မတွေ့ရလျှင် အိမ်တွင်းသို့ လှမ်းကာ အသံပေးသည်။

"အစ်ကို .. အစ်ကိုချစ်ဝင်းနိုင်....ဒေါ်ဒေါ်...."

ချစ်ဝင်းနိုင်အမည်ကိုရော ဒေါ်မြချစ်အမည်ကိုပါ ခေါ်နေသည်။

ထိုခေါ်သံကြောင့် ဒေါ်မြချစ်မှာ နောက်ဖေးခန်းမှ ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော...သမီးပါလား၊ ဒီကနေ့လာတာ မနက်ပိုင်းကြီးပဲ၊ ဟဲဟဲ"

"ဟုတ်တယ်ဒေါ်ဒေါ်၊ ခုတဲ့အချိန်လေးကို လစ်ထွက်လာတာပဲ၊ အစ်ကိုရော...."

"နောက်ဖေးပန်းခင်းထဲမှာ ပေါက်ပြားတလက်နက်နဲ့ ဘာလုပ်နေတယ်မသိဘူး"

"ဟောတော့ .... ခြေထောက်ကဖြင့် ကောင်း ကောင်း မထောက်နိုင်သေးပဲနဲ့၊ ဒါတွေလုပ်ရသလားလို့၊ ဒေါ်ဒေါ်က ကော မပြောဘူးလား"

ဒေါ်မြချစ် မည်သို့ ပြန်ပြောရမှန်းမသိ ဖြစ်သွားသည်။

"အဲအဲ....မပြောဆို....သူ ဘာအတွက် ဆင်းသွားမှန်းမှ မသိပဲ ကိုး၊ နေဦး.... ဒေါ်ဒေါ်ခေါ်လိုက်ဦးမယ်"

ဒေါ်မြချစ် ပြောယင်း နောက်ဖေးခန်းသို့ ပြန်ဝင်သွားသည်။

ပြီးတော့ ချစ်ဝင်းနိုင်အား လှမ်း၍ ခေါ်နေတော့သည်။

"သားရေ....ဟောဒီမယ် စုရည်မွန် ရောက်နေတယ်ဟေ့"

## "ဟိုက်....အုန်းနို့ခေါက်ဆွဲ ဒုက္ခပဲ"

ချစ်ဝင်းနိုင်မှာ စုရည်မွန်ရောက်နေမှန်းသိရလျှင် ထိတ်ထိတ်ပျာပျာ ဖြစ်သွားတော့သည်။



ချက်ချင်းပင် သူသည် အိမ်နောက်ဖေးဘက်သို့ ပြေးသွားပြီးနောက် မိခင်ကြီးအား လေသံကလေးဖြင့် လှမ်းပြောသည်။

"အမေ၊ ဟို.... ဟို.. ကျွန်တော့် ချိုင်းထောက်ကလေးကို စုရည်မွန် မသိအောင် ယူပေးစမ်းပါ"

"ဟယ်....သားကလဲကွယ်၊ ခြေထောက်အနာ ပျောက်နေခင်လဲ ပျောက်ကြောင်း ပြောပြလိုက်ရောပေါ့၊ အလကား ဘာနေတယ်"

"အို....အမေမသိပါဘူးလေ၊ သားက သူ့အပေါ်မှာအချစ်ခံချင်လို့ပါ၊ ကဲပါ....မြန်မြန်ယူပေးစမ်းပါ"

ချစ်ဝင်းနိုင်စကားအတိုင်း ဒေါ်မြချစ်မှာ အိမ်ရှေ့ခန်းတွင် ထိုင်နေသော စုရည်မွန် မသိအောင် ချိုင်းထောက်ကို အသာ လေး သွားယူပေးရသည်။

တော်သေးသည်....။

ချစ်ဝင်းနိုင် ချိုင်းထောက်မှာ စုရည်မွန်ထိုင်နေရာ အိမ်ရှေ့ခန်းတွင် မရှိပဲ အိပ်ခန်းထဲတွင် ရှိနေ၍ ယခုလို ထိတ်ဘဆိတ် ရှောင်ရခြင်းပင်။

"ကဲ ရော့၊ မင့် ချိုင်းထောက်"

ဒေါ်မြချစ်ကို လှမ်းပေးသည်။

"သူ....သူ....အမေ ဒီချိုင်းထောက်ယူလာတာ မြင်သလား ဗျ"

www.burmeseclassic.com

www.burmeseclassic.com



"မမြင်ပါဘူးဟယ်၊ သူကျောပေး ထိုင်နေတုန်း ငါယူလာ တာပါ"

"ဟိ ဟိ၊ သဟာ လိုဆို .... သူ့ကို ဆက်ဖြိုး လိုက်ဦးမယ် ဟီးဟီး"

ချစ်ဝင်းနိုင် သူ့ဟာသူ သဘောကျကာ ရယ်ယင်း ချိုင့် ထောက်ကလေးကို ထောက်၍ တကယ့် ခြေကျိုး နေသူ သဖွယ် စုရည်မွန်ရှိရာ အိမ်ရှေ့ဘက်သို့ အိမ်အောက်မှ နေ၍ ထွက်သွား သည်။

"ဟေး စု....ရောက်နေပြီလား၊ ဟဲဟဲ"

စုရည်မွန်အား တွေ့ရလျှင် ချစ်ဝင်းနိုင်က လှမ်းနှုတ်ဆက် သည်။

"ရောက်နေလို့ မြင်ရပြီ မဟုတ်လား၊ နေပါဦး၊ အစ်ကို ခြေနာကြီးနဲ့ ပန်းခင်းထဲ ဘာသွားလုပ်နေတာလဲဟင်၊ ပေါက် ပြား ပေါက်နေတာလား"

"ဟုတ်တယ်၊ အဲ....ဟုတ်ပါဘူး၊ ဘယ်ကလာ ပေါက်ပြား ပေါက်ရမှာလဲလို့၊ ပေါက်ပြားပေါက်ဖို့နေနေသာသာ ဒီကော မှာဖြင့် ခြေထောက်က ပြန်ရောင်လာပြီး ကိုက်လို့ ညက တစ်ညလုံး အော်နေရတယ် သိလား၊ ကျွတ် ကျွတ် ကျွတ်....ပြောယင်း ဆိုယင်းတောင် ခြေထောက်က ကိုက်လာပြန်ပါပြီ ဗိုး"



ချစ်ဝင်းနိုင် ဟန်တလုံး ပန်တလုံးဖြင့် ညည်းညူပြယင်း အိမ်ပေါ်သို့ ချိုင်းထောက်ကလေးဖြင့် ဖြည်းဖြည်းချင်း တက် လာသည်။

စုရည်မွန်မှာလည်း တကယ်ထင်မှတ်ကာ ပျာပျာသလဲ ထ၍ ချစ်ဝင်းနိုင်အား တွဲခေါ်သည်။

ချစ်ဝင်းနိုင်ကတော့ ရယ်ချင်နေသည်။

အိမ်ပေါ်သို့ ရောက်လျှင် ချစ်ဝင်းနိုင်က ပက်လက်ကုလား ထိုင်တလုံးပေါ်တွင် အသာဝင်ထိုင်သည်။

စုရည်မွန်ကတော့ သူနှင့် မျက်နှာချင်းဆိုင် ကုလားထိုင့် ပေါ်တွင် ထိုင်နေသည်။

ထိုင်နေယင်းမှ ချစ်ဝင်းနိုင်၏ တကိုယ်လုံးကို အကဲခတ် ကြည့်နေသည်။

"ဟင်....အစ်ကို့တကိုယ်လုံးလဲ ဖုန်တွေ သဲတွေနဲ့ပါကလား၊ ပြောတော့ဖြင့် ခြေထောက်က ကိုက်လို့ဆို၊ မှန်မှန် ပြောစမ်း၊ ပန်းခင်းထဲမှာ သွားလုပ်နေတယ် မဟုတ်လား"

"ဟာ....စုကလဲ မဟုတ်ပါဘူးလေ၊ သဲတွေ ဖုန်တွေပေတာက အဲဒီ ပန်းခင်းထဲမှာ ကုလားထိုင်တလုံးနဲ့ သွားထိုင်ပြီး စာဖတ် နေလို့ပါ၊ အဟဲ"

ချစ်ဝင်းနိုင် ဆက်၍ လိမ်နေပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ရလေ အစ်ကိုရယ်၊ ဒီအိမ်ပေါ်မှာ စာဖတ်ယင်ရသားနဲ့ ဘာကိစ္စ ရှည်ပြီး ပန်းခင်းထဲမှာ စာဖတ်နေရတာလဲလို့"

"ဒီအိမ်ပေါ်မှာက အိုက်လို့ပါ၊ ပန်းခင်းထဲက လေတဖြူးဖြူးနဲ့မို့ အဲဒီမှာ သွားနေတာပေါ့"

"ကျပ်ကျပ်သွားနေ၊ တော်ကြာ လေစိမ်းမိလို့ ဖျားနေဦးမယ်ရှင့်"

"ဖျားတော့ ဘာဖြစ်သလဲ၊ ကုပေးမယ့် ဆရာဝန်မကြီး အနားမှာ ရှိနေတဲ့ဟာ"

"တော်ပါ၊ စုက ဆရာဝန်မကြီး မဟုတ်ပါဘူး၊ ကုလဲ မကုဘတ်ဘူး"

"မကုတတ်ပေမယ့် စုက ဖျားတဲ့အခါလာပြုစုတော့ အစ်ကို့ အဖျားဟာ ချက်ချင်း ပျောက်သွား မှာပေါ့၊ ဒါကြောင့် ဆရာဝန်မကြီးလို့ တင်စားပြီး ခေါ်နေတာလေ"

"ဟွန်း၊ အပြောကတော့ မုန့်ဟင်းခါးသည်ရယ်လို့ မပြောရဘူး၊ အင်မတန် လည်တယ်"

"မလည်ပါဘူး ခင်ဗျာ၊ ခြေထောက် ဒဏ်ရာ ရကတည်းက အိမ်ထဲက အိမ်ပြင်တောင်မှ မထွက်ပါဘူး၊ အဟီး"

"မထွက်လို့သာ၊ ခြေထောက်မှာ ဖုန်တွေရော၊ ရွှံတွေရော ပေနေတာပေါ့၊ ထွက်မျှား ထွက်ယင်တော့ တကိုယ်လုံး ဗွက်တောထဲ ရောက်နေတော့မှာပဲ"



စုရည်မွန်က ချစ်စဖွယ် မျက်စောင်းကလေး ထိုးကာ ပြောနေသည်။

ချစ်ဝင်းနိုင်ကတော့ ရယ်နေသည်။

ရယ်နေရာမှ စုရည်မွန်၏ မျက်နှာကလေးကို စိုက်ကြည့်နေသည်။

ပထမတော့ စုရည်မွန်မှာ ဂရုမစိုက်ဟန်ဆောင်၍ နေနေသေးသည်။

ကြာတော့ စုရည်မွန်မှာ မနေတတ်တော့ပေ။

"ကြည့်ပါလား၊ ဘာလို့ လူကို ဒီလောက်တောင် စိုက်ကြည့်နေရတာလဲလို့၊ စု မနေတတ်ဘူး၊ သိလား"

စုရည်မွန်က နှုတ်ခမ်းကလေးဖြင့် လှမ်းပြောသည်။

"ကြည့်တာ ဘာဖြစ်သလဲ စုရယ်၊ အသားပဲ့ပါတာမှတ်လို့၊ ကြည့်တာကလေးတောင် အကြည့်မခံချင်ဘူးလားဟင်"

"အကြည့်မခံချင်လို့ မဟုတ်ဘူး၊ အစ်ကို ကြည့်ပုံ ကြီးက ကျောချမ်းစရာကြီးမို့ ပြောနေဘာ"

"ဒါတော့ စုက ပိုပြီ၊ ကြည့်ရုံကလေးနဲ့တော့ ကျောမချမ်းသင့်ပါဘူးကွယ်"

"ချမ်းပြီလား၊ အစ်ကို့ ကြည့်ပုံကြီးက တမျိုးကြီး၊ နင်ထဲသလဲ နွေးကနဲ ထွေးကနဲ ဖြစ်သွားတယ်၊ ကြည့်ချင်ယင် ရိုးရိုး

www.burmeseclassic.com



ကြည့်ကွယ်၊ ဒီလိုကြီးတော့ မကြည့်နဲ့၊ စု ကြောက် လာပြီ သိလား”

“ဟင့်အင်း ကြည့်မှာပဲ၊ အကြည့်မခံချင်ယင် အစ်ကို့ ဆီကို လာခဲ့”

“အံမာ....အံမာ....၊ အဲဒါမှ ပိုဆိုးမှာပေါ့၊ လာပါဘူး”

စုရည်မွန်က နှုတ်ခမ်းကလေး စူပြယင်း ပြန်ပြောသည်။

“စု မလာယင် ဒီက လာရမလား၊ ကဲ....ပြော”

“လာရဲလာကြည့်လေ၊ စုက အိမ်ပေါ်က ဆင်းပြေးသွားမှာ ပေါ့”

“စုက ဆင်းပြေး သွားတော့ ဒီကကော ငြိမ်နေမလား နောက်က ပြေးလိုက်မှာပေါ့”

“ဟော....ကြည့်၊ ပြောယင်း ပြောယင်း သူ့လိမ်တာတွေ ပေါ်ကုန်ပြီ”

“အလို....ဘာ့ကြောင့်”

“စောစောကတော့ ခြေထောက်ဟာ မထောက်နိုင်အောင် နာနေ တယ်ဆို၊ အခု စုက ဆင်းပြေး သွားမယ် ဆိုတော့ နောက်က ပြေးလိုက်မယ်လို့ ပြောတာလေ၊ ခြေထောက်နာနေ တဲ့ သူက ပြေးလိုက်နိုင်ပါ့မလားလို့၊ အဟိ”

“ဒါကတော့ စုက ပြေးမယ် ဆိုတော့ ခြေထောက် နာ မကလို့ ကျိုးပဲနေနေ ဒီကောင်ကတော့ စုကို မမိ မိတဲ့ နည်း



ဆိုက်မှာပဲ၊ ဒါဟာ ဘာကို ပြသလဲဆိုတော့ စု အပေါ်မှာ ဒီက ချစ်အားတွေ ဘယ့်ကလောက် ကြွယ်နေတယ်ဆိုတာကိုပြတာပဲ၊ ဟဲ”

“တော်ပါ၊ အပြောကတော့ ငြေက ဦးချလောက်ပါပေ ယ်၊ ယုံပါဘူး”

သူတို့ပြောနေခိုက် ဆယ့်နှစ်နှစ်ရွယ် ချာတိတ်ကလေး တဦး သူတို့ခြံထဲသို့ ပြေးဝင်လာသည်။

ချစ်ဝင်းနိုင်ကို တွေ့ရလျှင် ထိုချာတိတ်က လှမ်းပြောသည်။

“အစ်ကိုကြီး၊ ဟိုဘက်လမ်းက ကောင်တွေက ချိန်းလိုက် ယ်၊ ဒီကနေ့ ညနေကျယင် ကျွန်တော်တို့နဲ့ချိန်းပြီး ဘောလုံး န်ကြမလို့တဲ့၊ အဲဒါ အစ်ကိုကြီးလဲ ဝင်ကန် ပေးရမယ်နော်”

ထိုချာတိတ်စကားကြောင့် စုရည်မွန်မှာ အံ့သြနေတော့ ည်။

ချစ်ဝင်းနိုင်မှာလည်း အလိမ်တွေ ပေါ်ကုန်တော့မည်မို့ က်စိမျက်နှာ ပျက်နေသည်။

ထိုချာတိတ်အား စုရည်မွန် မမြင်အောင် သူက လက်ကို မ်း၍ပြယင်း အပြန်ခိုင်းနေသည်။

ချာတိတ်ကလေးက နားမလည်ပဲ သူ့ကို ငေးကြည့်နေခိုက် ည်မွန်က မြင်သွားသည်။

www.burmeseclassic.com

"ဒါက ဘာလုပ်နေတာလဲ၊ လက်ကြီး တယမ်းယမ်းနဲ့ ဟွန်း"

စုရည်မွန်က လှမ်းမေးသည်။

"ဟို ဟို ခြင် ခြင်ကောင်တကောင် ဝဲနေလို့၊ လက်နဲ့ယမ်း နေတာပါစုရယ်၊ ဟဲဟဲ"

ချစ်ဝင်းနိုင် အလိုက်သင့် ပြန်ပြောနေသည်။

စုရည်မွန်ကမူ ချာတိတ်ကလေးထံသို့ လှမ်း၍မေးနေသည်။

"ဟော့မောင်လေး၊ မမကို မှန်မှန်ပြောစမ်း၊ ဒီက အစ်ကိုယာ ဘောလုံးကန်သလား"

"ဟုတ်တယ်၊ ကန်တယ်...."

"ဟာ ဟေ့ကောင်၊ ဘယ့်နှယ်ကြောင့် လူကို လာ ချော တွန်းနေရတာလဲ၊ ငါ ဘယ်မှာ ကန်လို့လဲကွ၊ မင်းတို့ကစား နေတာကို လာ ရပ်ကြည့်တဲ့ဟာ၊ အဟဲ"

ချစ်ဝင်းနိုင်ပြောယင်း ချာတိတ်ကလေးအား မျက်စိမှိတ် ပြသည်။

ချာတိတ်ကလေးကတော့ ရယ်နေသည်။

စုရည်မွန်ကတော့ ချစ်ဝင်းနိုင်အား မျက်စောင်းထိုးကြည့် ကာ ပြောသည်။

"အစ်ကိုနော်....စုကိုမလိမ်နဲ့၊ စုလေ လိမ်တာတို့ညာတို့ဆိုတာ သိပ်ကို မုန်းတယ်၊ သိလား"



"ဟာကွာ.... စုကလဲ အစ်ကိုက လိမ်...."

"တော်ပြီ၊ လိမ်တာ မဟုတ်ယင် အစ်ကိုပါးစပ်ကို ပိတ်ထား၊ စု သူ့ကို မေးမယ်၊ ဘာမှ ဝင်မပြောနဲ့"

စုရည်မွန်စကားကြောင့် ချစ်ဝင်းနိုင် ငြိမ်နေရတော့သည်။

စုရည်မွန်က ချာတိတ်ကလေးအား ဆက်မေးနေသည်။

"ကဲ.... မောင်လေးကလဲ မှန်မှန်ပြောစမ်းပါ၊ မမမုန့်ဖိုးပေး မယ်၊ ရော့...."

စုရည်မွန်ပြောယင်း သူ့လက်ပွေ့အိတ်တွင်းမှ ငါးကျပ်တန် တရွက် ထုတ်ပေးသည်။

"ဟုတ်ကဲ့၊ ကျွန်တော် ပြောပါ့မယ်မမ"

ချာတိတ်ကလေးက ငွေငါးကျပ်ကို လှမ်းယူယင်း ပြန်ပြော သည်။

"ကောင်းပြီ၊ ဒီတော့ ပြောစမ်း၊ မနေ့တုန်းက ဟိုအစ်ကိုဟာ မင်းတို့နဲ့ ဘောလုံး ဝင်ကစားသလား"

"ကစားတယ် မမ"

"ဒါဆို တော်ပြီ၊ မောင်လေး ပြန်တော့"

စုရည်မွန်စကားအတိုင်း ချာတိတ်ကလေး ပြန်သွားတော့ သည်။

www.burmeseclassic.com

www.burmeseclassic.com



ချစ်ဝင်းနိုင်ကိုလည်း စပ်ဖြဲဖြဲဖြင့် ချာတိတ်ကလေးက ကြည့်သွားသည်။

ချစ်ဝင်းနိုင် ဒေါ်ပွကာ ချာတိတ်ကလေးအား လက်သီးဆုပ်ပြသည်။

"ကဲ.... ဘာပြောချင်သေးသလဲ"

ချာတိတ်ကလေး ဆင်းအသွားတွင် စုံရည်မွန်က ချစ်ဝင်းနိုင်ကို မေးသည်။

"ဘာပြောစေချင်သေးလို့လဲ၊ အဟဲ"

"အစ်ကို လိမ်တာ ညာတာ ပလီတာတွေကိုပေါ့၊ စု ပြောထားတယ် မဟုတ်လား၊ စုဟာ လိမ်တာတို့ ညာတာတို့ မကြိုက်ဘူးလို့၊ ဒါကို အစ်ကိုက ဘာလို့လိမ်တာလဲ"

"ချစ်လို့"

"ဘာ ... ချစ်လို့၊ ဟုတ်လား"

"ဟုတ်တယ်"

"ချစ်တာနဲ့ လိမ်တာ ဘာဆိုင်လို့လဲ၊ စုတော့ အစ်ကို့ကို မုန်းချင်လာပြီ"

"ဟိုး ဟိုး၊ မမုန်းလိုက်ပါနဲ့၊ စုရယ်၊ အစ်ကို ရှင်းပြပါဦးမယ်"

"တော်ပါ၊ ရှင်းမှာလား၊ ထပ် လိမ်မှာလား"



"အဲဒီ လိမ်တယ်ဆိုတာကလေးကို ရှင်းပြချင်တာပါပဲ"

"လိမ်တာကို ရှင်းပြစရာ လိုသေးသလား အစ်ကိုရဲ့"

"လိုပြီလား၊ လောကမှာ လိမ်ညာခြင်း သုံးခု ရှိသတဲ့ ရဲ့"

"ဟင်.... ကြားဖူးပါဘူး၊ ဘယ်လို လိမ်ညာခြင်းသုံးခု ရှိနေတာလဲ"

"အစ်ကို ရှင်းပြပါ့မယ်လေ၊ တစ် – သူတပါးပစ္စည်းကို အချောင်ယူချင်လို့ လိမ်ညာခြင်း၊ နှစ် – မလိုမုန်းထားစိတ်နဲ့ လိမ်ညာခြင်းနဲ့ သုံးကတော့ ချစ်၍လိမ်ညာခြင်းတဲ့.... ခင်ဗျာ၊ သိပြီလား၊ အဟီး"

"သိပါဘူး၊ သူ လျှာအရိုးမရှိတိုင်း စကားကို လှည့်ပတ် ပြောနေတာပဲ"

"မဟုတ်ပါဘူးစုရယ်၊ ဒီမယ် သေသေချာချာ နားထောင်၊ လူတယောက်ဟာ တခြား လူတယောက်ရဲ့ ပစ္စည်းကို လိုချင်လို့ ခိုးယူထားပြီး ပစ္စည်းရှင်က မေးတဲ့အခါ သူ မယူရပါဘူးလို့ ပြောတာဟာ သူများပစ္စည်းကို အချောင်ယူချင်လို့ လိမ်ညာခြင်းမည်၏ တဲ့၊ တခါ...လူတယောက်ဟာ တခြားလူတယောက်ကို အမြင်ကတ်တာနဲ့ ဒီလူရဲ့အကြောင်းကို မဟုတ် မမှန်သတင်း လွှင့်ပြီး လိမ်ညာပြောနေတာက မလိုမုန်းထားစိတ်နဲ့ လိမ်ညာခြင်း မည်သတဲ့၊ အဲ...လူငယ်လေး တယောက်ဟာ ကောင်မလေး တယောက်ကို ချစ်လွန်းလို့ အမှန်ကို မပြောပဲ ကြံစည်လိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



သဘောနဲ့ (ဝါ) အချစ်စမ်းလိုတဲ့ သဘောနဲ့ လိမ်ညာ[illegible]ခြင်းကတော့ 'ချစ်၍ လိမ်ညာခြင်း' မည်သတဲ့၊ 'သဲယား[illegible] ထို့ကြောင့် လိမ်ညာခြင်းသုံးမျိုးအနက် နောက်ဆုံးပိတ်[illegible] သော'ချစ်၍လိမ်ညာခြင်း'သည် အပြစ် လုံးဝ မရှိဟုသတည်[illegible] ဟား ဟား ဟား"

"အံမာ အံမာ၊ သူ့ဘက်ကို သူ ယက်ပြီး ပြောနေလိုက်တာ[illegible] ဟင်း၊ ဒီမယ်.... နှစ်ဆယ်ရာစုလိပ်ကြီးရဲ့၊ စုကတော့ လိမ်တယ်[illegible] ဆိုတင် ဘယ်လိုပဲလိမ်လိမ် မကြိုက်ဘူး၊ ဒီတော့ အစ်ကို့[illegible] စိတ်ဆိုးတယ်၊ စုလဲ ပြန်တော့မယ်"

စုရည်မွန် ပြောယင်း ထိုင်နေရာမှ ဆက်ကနဲ ထကာ အိမ်ပေါ်[illegible] မှ ဆင်းသွားသည်။

"ဟာ ဟေး စုံ၊ ဒီ ဒီလိုမလုပ်နဲ့လေ၊ နေ နေပါဦး"

ချစ်ဝင်းနိုင် နောက်မှ အော်ပြောယင်း စုရည်မွန်နောက်သို့ ပြေးလိုက်သွားသည်။

စုရည်မွန် အနီးသို့ရောက်လျှင် ချစ်ဝင်းနိုင်က နောက်မှနေ၍ လက်ကို အတင်းဆွဲထားသည်။

စုရည်မွန်က ချစ်ဝင်းနိုင်ကို လှည့်ကြည့်ပြီးပြောသည်။

"ဩော်....ခြေထောက် နာလွန်းလို့ လမ်းမလျှောက် နိုင်ပါ[illegible] ဘူး ဆိုတဲ့လူက အခု ကြည့်စမ်းပါဦး၊ အိမ်ပေါ်ကနေ ချိုင်း[illegible] ထောက် မပါပဲ ခုန်ဆင်းပြီး စုနောက်ကို လိုက်တာလေ၊ [illegible] ဘာများ ဆက်လိမ်ချင်သေးသလဲ"



"ဟာ....စုကလဲ၊ ဒါကတော့...."

"ဒါကတော့မနေနဲ့၊ အခုပေါ်နေပြီလေ၊ ဒါကြောင့် စုက [illegible] အစ်ကို့ခြေထောက် ကောင်းမကောင်း ဂဃနဏသိရအောင် [illegible]မင် စိတ်ဆိုးချင်ယောင် ဆောင်ပြီး အိမ်ပေါ်က ဆင်းတာ၊ [illegible]လိမ်ကြီး တချီတည်းနဲ့ ကွိကနဲနေအောင် မိသွားတာပဲနော်၊ ခိ ခိ"

စုရည်မွန်၏ စကားကြောင့် ချစ်ဝင်းနိုင်မှာ ရယ်နေတော့ သည်။

"အင်း....စုကပေမယ့် ဉာဏ် အများကြီးပဲနော်၊ဟား ဟား ဟား"

"များရတာပေါ့၊ တဘက်လူက မုယာမာယာတွေက သိပ် [illegible]ား နေတော့လဲ စုက ငြိမ်နေလို့မဖြစ်ဘူးလေ၊ အခုလို ပရိ [illegible]ယ်ဆင်ပြီး လုပ်ရတာပဲ၊ ကဲ...ဘာပြောချင်သေးလဲ"

"ပြောတော့ပါဘူးဗျာ၊ အလိမ် ပေါ်နေမှပဲ၊ ဒါပေမယ့် ဒီအလိမ်ဟာ ချစ်၍'လိမ်ညာခြင်း'ပါနော်၊ ဟုတ်လားစုံ"

ချစ်ဝင်းနိုင်ပြောယင်း စုရည်မွန်မျက်နှာကလေးကို ရွှန်းရွှန်း [illegible]စား ကြည့်နေသည်။

"အို....သူ ဒီလို ကြည့်ပြန်ပြီ၊ အဲဒီအကြည့်ကြီး မကြည့်ပါ [illegible]...စု ကြောက်တယ်ကွယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါ ကြောက်စရာလား စုရယ်၊ ချစ်လို့ကြည့်တဲ့ဟာ၊ ထ
ပါ၊ အိမ်ပေါ်ပြန်သွားမယ်"

ချစ်ဝင်းနိုင်ပြောယင်း စုရည်မွန် လက်ကလေးကို လှမ်း
သည်။

ဤအကြိမ်တွင်တော့ စုရည်မွန်မှာ မည်သို့မှ ပြောမနေပေ
ပဲ ချစ်ဝင်းနိုင်နှင့်အတူ အိမ်ပေါ်သို့ ပြန်တက်လာခဲ့သည်။

* * *

(၁၄)

## ချစ်သူတို့ဘဝ

---

ချစ်ဝင်းနိုင်နှင့် စုရည်မွန်မှာ ထိုနေ့မှစ၍ ချစ်သူစာရင်း ဝင်သွားခဲ့ကြပြီ ဖြစ်သည်။

ချစ်သူတွေဖြစ်နေကြသဖြင့် ယခင်ကထက် တဦးကိုတဦးတွေ့ဆုံကြမှုတွေကလည်း အကြိမ်တွေ များလာကြသည်။

စုရည်မွန် ဆိုလျှင် အိမ်မှ ကားဖြင့် ကျောင်းသို့ ထွက်သွားသော်လည်း အိမ်မှ ကားလည်း တခြားသို့သွားရော သူသည်လည်း လေးဘီးကားလေးငှား၍ ချစ်ဝင်းနိုင် အိမ်သို့ဆိုက်နေတော့သည်။

www.burmeseclassic.com



ချစ်ဝင်းနိုင်မှာ ခြေထောက် ကောင်းမွန်နေသော်လည်း မုန့်ဟင်းခါး ထွက်မရောင်းသေးပေ။

တနေ့ တနေ့ အသစ်စက်စက် ချစ်သူကလေးနှင့် လည်ပတ်ဖို့ အရေးကိုသာ ဦးစားပေးနေရသည်။

"မောင်...."

"ဗျာ ..."

"စုကို တကယ်ချစ်သလားဟင်...."

"မေးနေစရာ လိုသေးသလား စုရယ်၊ မောင့် တသက်မှာ ချစ်ရသူဆိုလို့ စုသာလျှင် 'ဖတ်စ်–အင်–လတ်စ်' ပထမဆုံးနဲ့ နောက်ဆုံး ချစ်သူပဲ၊ စုကိုချစ်သလို ဘယ်သူ့မှလဲ မောင်မချစ်ခဲ့မိဘူး၊ ဘာလို့ ဒီလိုမေးနေရတာလဲ၊ မောင့်မေတ္တာကို မယုံလို့လားဟင်"

"မယုံလို့မဟုတ်ပါဘူး၊ ယုံလို့ပဲ မောင့်ကို ပုံခဲ့ပြီပဲ၊ မေးရတာက တကယ်လို့များ စုမိဘတွေက သိသွားလို့ မောင်နဲ့ခွဲကြမယ်ဆိုယင် ဘယ်လိုရင်ဆိုင်ဖြေရှင်းကြမလဲဆိုတာ သိချင်လို့မေးနေတာရှင်ရေ .. မေးနေတာ သိပြီလား"

"မေးမနေနဲ့ ကလေးအမေရေ...."

"အို ဘာတွေပြောနေတာလဲ"

"အဲအဲ....ဆောရီး၊ မေးမနေနဲ့ လေးတမေရေ၊ ယူ့ 'ပေရဲင့်တ်'တွေက မနော်ဂြူပြီးသဘောမတူဘူးဆိုယင် တောယူပြေးပြီး ရောင်းစားပစ်မှာပေါ့ အဟီး"



"ဘာပြောဘယ်"

"အဟဲ....စုကို တောကို ခိုးပြေးမယ်လို့ ပြောတာပါကွာ၊ ဒို့ စုကတော့ တောကို လိုက်နိုင်ပါ့မလား၊ သဒ္ဓေးသမီးကြီးဆိုတော့ တောမှာ မနေနိုင်ဘူးထင်တယ်"

"အို ဘာလို့မနေနိုင်ရမှာလဲ၊ ချစ်တဲ့သူနဲ့ နေရမယ်ဆိုယင် တောမပြောနဲ့ အဇီဇိပဲ လိုက်ရ လိုက်ရ...."

"စုက လိုက်မှာပဲလား၊ အဟီး"

"လိုက်ပါဘူး၊ မောင်တယောက်တည်း ကြွပေတော့လို့ ပြောမလို့ပါ ခိခိခိ"

"ကြည့်စမ်း ကြည့်စမ်း၊ သူလဲ နောက်တတ်ရွတ်တတ်လာပြီ၊ လာခဲ့၊ ဒဏ်ပေးရမယ်"

ချစ်ဝင်းနိုင် ပြောယင်း စုရည်မွန်၏ ပါးကလေးနှစ်ဘက်ကို အနားမပေးပဲ မွှေးမွှေးပေးနေသည်။

"တော်ပြီကွယ်၊ သူနဲ့နေရယင် ခဏခဏ အနမ်းချည့်ခံနေရတာပဲ၊ သူနမ်းလို့ သူများပါးတောင် တော်တော် ပိန်သွားပြီ၊ ဟိုနေ့ကတောင် မေမေက စုပါးကို ကြည့်ပြီး မေးနေသေးတယ်"

"ဟင် ဘာတွေမေးတာလဲ"

"ဘာမေးရမှာလဲ၊ သမီးတဲ့....အခုတလော သမီးရဲ့ ပါးနှစ်ဘက်ဟာ အယင်ကလို ဖောင်းဖောင်းအိအိမဖြစ်ပဲ ပိန်ပြီး ခွက်နေတယ်တဲ့၊ ဘာဖြစ်လို့လဲ သမီးလို့ မေးတယ်ရှင့်"

www.burmeseclassic.com

www.burmeseclassic.com



“ဒီတော့ စုက ဘာပြောသလဲ၊ ပါးခွက်တာဟာ တပါး သက်လျာရဲ့ အနမ်းသွက်တာကြောင့် ပါးဟာ အက်ပြီး ခွက် နေတာပါ မေမေလို့ မပြောဘူးလား ဟဲ ဟဲ”

“ဟွန့်.... ပြောပါဘူး”

“သဟာဖြင့် ဘယ်လို ပြောသလဲ၊ အဟီး”

“စု ပြောတာကတော့ ပါးခွက်တာဟာ ‘သနားငဲ့မညှာ’ ထဲ့ ‘ကျားပျက်နော’ ကြောင့်ပါ မေမေရယ်လို့ ပြန်ပြောလိုက်တာ ပေါ့၊ ခိ ခိ ခိ”

“အောင်မယ်လေးဗျာ၊ လူကိုများ ‘ကျားပျက်နော’ ထဲ့ ကတည်း ကျားဖြစ်ရတာတောင် ကောင်းကောင်း မဖြစ်ရဘူး ပျက်လဲ ပျက်ရသေး၊ နာလဲ နာရသေးတယ်၊ ကိုင်း.... လာစမ်း သူများကို မတရားပြောတဲ့ ကောင်မကလေး၊ နောက်တကြိမ် ထပ်ပြီး ဒဏ်ပေးရဦးမယ်”

“ဟိုး ဟိုး.... တော်ပြီ၊ ပိုက်ဆံ မပေးရတိုင်း သူများကို ဒဏ်ပေးမနေနဲ့၊ အခု မောင့်ကို စု အကြံပေးစရာ တခုရှိတယ် ကောင်းကောင်း နားထောင်နော်”

“ကောင်းပြီ၊ ပေးစမ်း၊ ဘာ အကြံလဲ”

“စု ပေးမယ့် အကြံဆိုတာ တခြားမဟုတ်ဘူး၊ မောင် မုန့်ဟင်းခါး ကိစ္စပဲ”

“ဘာလဲ.... မောင် မုန့်ဟင်းခါး ပြန်ရောင်းမှာကို စုက သဘောမကျဘူးလား၊ ဒီလိုတော့ မလုပ်ပါနဲ့ စုရယ်....၊ ဒီလုပ်ငန်း



ကလေးဟာ ဝင်ငွေလဲ ကောင်း၊ ပျော်လဲ ပျော်စရာ ကောင်း လို့ပါ”

“အို.... သူများ ပြောမှာကိုတော့ အစအဆုံး နားမထောင် ဘူး၊ သူ ထင်ရာတွေကို လျှောက်ပြောနေပြန်ပါပြီ”

“ကိုင်း.... ဒါဖြင့် ပြောစမ်း၊ မောင် နားထောင်နေမယ်”

“တခြား မဟုတ်ပါဘူး၊ မောင် မုန့်ဟင်းခါး ပြန်ရောင်း မယ်ဆိုယင် အယင်လိုတော့ မရောင်းစေချင်ဘူး”

“ဟောဗျ.... အယင်လို မရောင်းလို့ ဒီက ကောင်က ဘယ်လို ရောင်းရမှာလဲ”

“စု ပြောတာ နားထောင်ပါ ဆိုနေမှ သူက ဝင်ဝင် ပြော နေတာကိုး”

စုရည်မွန်က ချစ်ဝင်းနိုင်၏ ရင်ဘတ်ကို လက် ဖ နောင့် ကလေးဖြင့် လှမ်းထုယင်း ပြောသည်။

“အိုကေ.... ပြောပါ”

“အယင်လို မရောင်းနဲ့ ဆိုတာက တခြား မဟုတ်ပါဘူး၊ မောင့်ကို အထမ်းသမား မုန့်ဟင်းခါးသည် ဘဝကနေ ဆိုင်ဖွင့် ပြီး ရောင်းတဲ့ မုန့်ဟင်းခါးသည် ဘဝကို တက်လှမ်းစေချင်လို့ ပါ၊ ဒါက ပိုပြီး အဆင့်မြင့်ဘူးလား ဟင်”

“အဆင့်မြင့်တာ မမြင့်တာ အသာ ဘေးချိတ်ထားပါဦး၊ စုက ဘယ်နေရာမှာ ဆိုင်ဖွင့်စေချင်လို့လဲ”

www.burmeseclassic.com

www.burmeseclassic.com



"မောင် အခု ရောင်းနေတဲ့ မြေနီကုန်း တဝိုက်မှာပေါ့၊ မြေနီကုန်း လဟာပြင်ဈေးထဲမှာ ဆိုင်ခန်းဖွင့်ယင် မကောင်းဘူးလား"

"စု အကြံပေးတာ ကောင်းတော့ ကောင်းပါတယ်၊ ဒါပေမယ့် မောင် စိတ်ကူးထားတာက ဒီလို မဟုတ်ဘူး၊ မြေနီကုန်း လဟာပြင်ဈေးမှာ ဖွင့်မယ့်အစား အဲဒီနားက တိုက်ခန်း တခန်းကို ဝယ်ပြီး ဖွင့်တာက ပိုကောင်းလို့ပါ"

"ဟာ.... ဒီလိုဆိုယင်လဲ ဝယ်ပါလား၊ ကဲ....ပြော၊ တိုက်ခန်းက ဘယ်လောက်မို့လို့လဲ၊ စု ပေးမယ်လေ"

"အဲဒီနားက အောက်ထပ် တိုက်ခန်း တခန်းဟာ ဈေးတော့ မဈေးသေးဘူး၊ ငါးသောင်းလို့ ပြောနေတာ စုရဲ့"

"ဘာဖြစ်သလဲ၊ ဝယ်လိုက်ပေါ့ မောင်ရယ်၊ စု ထုတ်ပေးမယ်လေ"

"အို.... စု ထုတ်ပေးမယ့် ပိုက်ဆံ မလိုချင်ဘူး၊ မောင့်မှာ စုဆောင်းထားတာ ရှိပါတယ်၊ ဒီငွေလောက်တော့ ပေးဝယ်နိုင်ပါတယ်"

"နေပါဦး၊ စုပေးမယ့် ပိုက်ဆံကို မောင်က ဘာလို့ မယူချင်ရတာလဲ"

"မယူချင်ဆို၊ မောင်ဟာ အချောင်သမား မဖြစ်ချင်လို့ပေါ့၊ ယောကျ်ားကောင်းတို့ မည်သည်မှာ တခြားလူရဲ့ အကူအညီကို မယူပဲ ကိုယ့် အစွမ်းအစနဲ့ ဖြစ်အောင် လုပ်ရသတဲ့၊ ဒါမှ



ယောကျ်ား ပီသတော့မပေါ့၊ အခု မောင်ဟာ စု အကူအညီကို ယူပြီး ဝယ်ယင် အစွမ်းအစမရှိတဲ့ ကောင်.... မိန်းကလေး တယောက်ရဲ့ အမ အစနဲ့ ဆိုင်ခန်းဝယ်တဲ့ကောင်ဆိုပြီး ပတ်ဝန်းကျင်က ကဲ့ရဲ့ကြရမှာပေါ့ စုရယ်၊ ဒါကြောင့် မယူချင်တာပါ"

"ဒါကတော့ မောင် သက်သက်မဲ့ အတွေးခေါင်တာပဲ၊ စုဟာ တစိမ်းမှ မဟုတ်တာ၊ မောင်နဲ့ ရာသက်ပန် လက်တွဲသွားတော့မယ့် ချစ်သူဆိုတာ မေ့နေပြီလား"

"မမေ့ပါဘူး၊ စုဟာ မောင့်ချစ်သူ ဖြစ်နေလို့လဲ မောင်က စု ပေးတဲ့ငွေကို သာပြီး မယူချင်တာပဲ၊ စေတနာကိုတော့ မောင် တန်ဖိုးထားပါတယ်ကွာ၊ စုပေးတဲ့ ငွေနဲ့သာ မောင်ဟာ ဆိုင်ခန်းကို ဝယ်လိုက်ယင် စု မိဘတွေကလဲ အပြစ်တင်တာ ခံရမယ်၊ စုရဲ့ အပေါင်းအသင်းတွေကလဲ ဝိုင်းကဲ့ရဲ့ကြမှာ မလွဲဘူး၊ မောင့်ကိုလဲ စုကို ချစ်လို့ယူတာ မဟုတ်ဘူး၊ ဒီကောင်ဟာ သိုက်သမားမို့ သိုက်တူးချင်လို့၊ စုလို သဌေးသမီးကို အပိုင်ယူတာကလေး ဘာလေးနဲ့ ဝိုင်း ရှုတ်ချတာ ခံပြီးသားပဲ၊ မောင့်အနေနဲ့ ဒီလိုအပြောမျိုး လုံးဝ မခံချင်ဘူးကွာ"

ချစ်ဝင်းနိုင်၏ စကားတွေကို နားထောင်ယင်း စုရည်မွန် သက်ပြင်းကလေးတွေ အခါခါ ချနေမိသည်။

အမှန်တော့လည်း ချစ်ဝင်းနိုင် ပြောနေသော စကားတွေမှာ သွားထွက်အောင် မှန်လှသည်။

သူ ထုတ်ပေးသော ငွေနှင့်သာ ဆိုင်ခန်းကို ချစ်ဝင်းနိုင်က ဝယ်လျှင် သူ့ မိဘတွေကရော သူ့အား ပိုးပန်းနေကြသော

www.burmeseclassic.com

သဌေးသားနှစ်ဦး ဖြစ်ကြသည့် ကိုကိုဇော်နှင့် ညီညီမောင်တို့က အထင်သေး အမြင်သေးဖြင့် ချစ်ဝင်းနိုင်ကိုသာမက သူ့ကိုပါ ပြောကြပြီးသားပင်။

"ကိုင်း.... စုပေးတဲ့ ငွေကို မလိုချင်ယင်လဲ နေပါတော့ရှင်၊ မောင့်ငွေနဲ့ ဆိုင်ခန်းကို မြန်မြန်သာ ဝယ်လိုက်တော့၊ ဝယ်ပြီးယင် အဲဒီဆိုင်မှာ မုန့်ဟင်းခါးကို ရောင်း၊ လမ်းဘေး အထမ်းသမား အဖြစ်နဲ့တော့ လျှောက်မရောင်းနဲ့၊ လမ်းဘေး အထမ်းသမားဆိုတာ ပင်လဲ ပင်ပန်းတယ်၊ မောင့်ကို စုက ကားနဲ့ ဝင်တိုက်မိခဲ့သလို နောင်တနေ့ တခြားကားက မောင့်ကို မတိုက်မိဘူးလို့ မပြောနိုင်ဘူး၊ ဒီတော့ ဆိုင်ခန်းဖွင့်ပြီး ရောင်းတာဟာ ဝင်ငွေလဲ ပိုကောင်းနိုင်သလို မောင့် ကျန်းမာရေးအတွက်ယ် ပိုမကောင်းဘူးလား"

စုရည်မွန်၏ စကားများကို ကြားရလျှင် ချစ်ဝင်းနိုင် ပြုံးနေသည်။

"ဘာပြုံးတာလဲ၊ ဒီက အကောင်း ပြောနေတဲ့ဟာ"

စုရည်မွန်က နှုတ်ခမ်းကလေး ထော်ပြယင်း ပြန်ပြောသည်။

"မောင်ပြုံးတာက စုံ စိတ်ကူးယဉ်သလော ၁ မောင့်မှာ မလွယ်တာကို ပြောနေတာပါ"

"ဘာကို မလွယ်တာလဲ၊ ငွေ မလွယ်တာလား"

"မဟုတ်ပါဘူးလေ၊ မောင်ပြောပြမယ်၊ စုပြောသလို ဆိုင်ခန်းဖွင့်ပြီး ရောင်းယင် ဟိုတုန်းက မောင်အထမ်းနဲ့ရောင်းသလို



ယောက်တည်း ရောင်းလို့ မရတော့ဘူး၊ ဆိုင်ဆိုတော့ လူလာ ဲ များလာမယ်၊ စားပွဲခုံတွေ ဘာတွေလဲ ထားပြီး ရောင်း မှာမို့ လူလိုလာပြီ၊ ခက်တာက မောင့်မှာက အဲဒီလို လူများ ား မရှိဘူး၊ မေမေ့ကို ခေါ်ယင်လဲ ခဏပဲ ကောင်းမယ်၊ မေမေက ကျန်းမာရေး သိပ်မကောင်းဘူး၊ ဆိုင်မှာ နေ့တိုင်း ာင်းခိုင်းနေယင် မေမေအိပ်ရာထဲ လဲလိမ့်မယ်၊ တခါ မမကျ တာ့လဲ မနက်ပိုင်းပဲ ရမယ်၊ နေ့လယ်ကျတော့ သူက ဆရာမမို့ ကျောင်းသွားရဦးမယ်"

"အိုး....ဒီလိုဆိုယင် လူငှားတွေဘာတွေဘားပေါ့၊ မောင်က ပ်စေးနှဲ မနေစမ်းပါနဲ့"

"ကပ်စေးနှဲလို့ ပြောတာမဟုတ်ဘူး၊ လူငှားဆိုတာမျိုးကလဲ ကယ်ကျွမ်းကျင်တဲ့လူကို ငှားရတာ မလွယ်ဘူး၊ ပြီးတော့ သားမှုနဲ့ ဆက်ဆံရေး ပြေပြစ်မှုတွေလဲ ရှိဖို့လိုတယ်၊ မောင့် ဟင်းခါး ဘယ်လောက်ကောင်းကောင်း ဆက်ဆံရေးညံ့တဲ့လူ းသွားငှားမိယင် ဆိုင်နာမည်ပျက်ပြီး စားမယ့်သူတောင် ရှိမှာ ုတ်ဘူး စုရဲ့"

"ဟာကွာ....မောင်ကလဲ အဖြစ်တရားကို မပြောဘူး၊ အပျက် ားတွေချည့် ပြောနေတာကိုး၊ မောင်ပြောသလိုသာ ဆိုယင် င်ဖွင့်ပြီး ရောင်းနေတဲ့ မုန့်ဟင်းခါးဆိုင်တို့ လက်ဖက်ရည် င်တို့ ဘယ်လိုလုပ်မလဲ၊ သူတို့ကျတော့ ဘာလို့ဆိုင်ဖွင့်ပြီး ာင်းနေနိုင်သလဲ"

www.burmeseclassic.com

www.burmeseclassic.com



"သူတို့မှာလဲ သူတို့ပြဿနာနဲ့ သူတို့ပဲလေ၊ စုတို့ အပြင်း လူတွေသာ မသိတာကိုး၊ အဲ... တချို့ဆိုင်တွေကျတော့ ကိုယ် ဆွေမျိုးတွေကို ထားကြတာပဲ"

"ဒီမယ်....အဲဒါတွေကို တွေးမနေနဲ့၊ စုပြောသလို ဆိုင်ဖွင့်ပြီ တော့သာ ရောင်း၊ လူလိုယင် စုလဲ ရတဲ့အချိန်ကလေးမှာ လာပြီ ကူရောင်းပေးမယ်၊ ဘယ့်နှယ်လဲ"

"အလိုလေးလေး.... ကျားသားမိုးကြိုး၊ သဌေးသ မီးဖ မုန့်ဟင်းခါးလာရောင်းမလို့ ဆိုပါကလား၊ 'အရှို့ကတပ်'ရေ အဲ ဟုတ်ပါဘူး၊ အရပ်ကတို့ရေ.... ဟား ဟား ဟား ဟား"

ချစ်ဝင်းနိုင် သဘောကျပြီး တဟားဟားဖြင့် အော်ရယ်ေ သည်။

"အံမာ.. ဒါက ဘာလုပ်နေတာလဲ၊ လူကို လှောင်နေတာ လားဟင်"

စုရည်မွန် သဘောမကျဟန်ဖြင့် လှမ်းမေးနေသည်။

"လှောင်တာ မဟုတ်ပါဘူးလေ၊ စုပြောတာ သဘော လွန်းလို့ပါ၊ တကယ်စိတ်ထဲကကော ပါလို့ ပြောလိုက်တာလား"

"ဒီမယ် ဆရာကြီးရဲ့၊ စုက အပြောတမျိုး အလုပ်တမျိုး အစားထဲက မဟုတ်ဘူး၊ စု တကယ်လုပ်ပေးမှာမို့လို့ ပြော တာပေါ့"



"နို့....ဟိုတုန်းကတော့ မုန့်ဟင်းခါးဆိုယင် အနံ့တောင် မခံချင်အောင် မုန်းတယ်ဆို"

"အဲဒါက ဟိုတုန်းက စကားပါ၊ အခုတော့ မုန့်ဟင်းခါး သည်ကလေးကို ချစ်မိနေတော့ မမုန်းနိုင်တော့ဘူးလေ၊ မုန့် ဟင်းခါးချစ်သူ ဖြစ်သွားပြီရှင့်၊ သိပြီလား"

"ဟုတ်ပြီ၊ စုပြောတဲ့ စကားလေးကို အသည်းခိုက်အောင် ငိုကြိုက်သွားပြီ၊ မုန့်ဟင်းခါးချစ်သူတဲ့လား၊ ဟား ဟား ဟား"

ချစ်ဝင်းနိုင်ပြောယင်း စုရည်မွန်ကိုယ်ကလေးကို တအား ပွေ့ဖက်ကာ ထားသည်။

သူတို့ရောက်နေကြသော နေရာမှာ တိရစ္ဆာန်ရုံကြီး၏ စုံတွဲတို့ ခိုလှုံရာနေရာမို့ သူတို့ပတ်ဝန်းကျင်တွင် ချစ်သူတွေ ကိုယ်စီရှိနေ ကြသည်။

အခြား ချစ်သူတွေမှာ တီးတိုးပြောနေကြသလောက် ချစ် ဝင်းနိုင်ကတော့ ယင်းသို့မဟုတ်ပဲ ဟားတိုက်၍ရယ်လိုက် ထအော် လိုက် လုပ်နေကြသဖြင့် သူတို့အနီးမှ စုံတွဲမှာ ဒေါပွနေကြ တော့သည်။

သို့ဖြစ်၍ စုံတွဲတတွဲမှ လူရွယ်တဦးက ထ၍ ချစ်ဝင်းနိုင်အား လှမ်းပြောတော့သည်။

"ဒီမယ်ကိုယ့်လူ တိုးတိုးတိတ်တိတ် လုပ်စမ်းပါဗျာ၊ ခင်ဗျား ယပုံက တယ်'ဖီလင်အောက်'တာပဲ၊ နည်းနည်းပါးပါး အလိုက် သိဖို့ ကောင်းပါတယ်၊ ဟွန်း"

ချစ်ဝင်းနိုင်မှာ ထိုသူပြောနေသည်မှာ မှန်နေသဖြင့် ပျာပျာ လဲ တောင်းပန်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ … ဆောရီးပဲဗျာ၊ ကျွန်တော် ဝမ်းသာလွန်းသွားလို့ အခုလို ဖြစ်သွားတာပါဗျာ၊ ကဲ….ကျွန်တော်တို့လဲ အချိန်တန်ပြီမို့ အိမ်ပြန်ပြီဗျို့၊ ခင်ဗျားတို့ပဲ လွတ်လွတ်လပ်လပ် နေရစ်ကြပေတော့၊ ဟဲ ဟဲ ဟဲ"

ချစ်ဝင်းနိုင်ပြောယင်း စုရည်မွန်၏ လက်ကလေးကို ဆွဲကာ ထိုနေရာမှ ထွက်လာခဲ့ကြသည်။

* * *

(၁၅)

## ဟားကွက်ရယ်ကြို

စုရည်မွန်မှာ ချစ်ဝင်းနိုင်အား တကယ်ပင် ချစ်မိနေပြီမို့ ကိုကိုဇော်နှင့်လည်းကောင်း ညီညီမောင်နှင့်လည်းကောင်း လုံးဝ တွဲတော့ပေ။

ထိုသို့ မတွဲတော့သဖြင့် ကိုကိုဇော်ရော ညီညီမောင်ပါ စုရည်မွန်အား မကျေမနပ် ဖြစ်နေကြတော့သည်။

ယခင်က ကိုကိုဇော်နှင့်ညီညီမောင်တို့မှာ အကြံတူရန်သူတွေ ဖြစ်နေကြ၍ မျက်နှာချင်းဆိုင်မရအောင် ဖြစ်နေကြသော်လည်း ယခုမူ ထိုသို့မဖြစ်ကြတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ကောင် ကိုဇော်....အခုတလော စု ဘယ်လိုဖြစ်နေတာ လဲကွ၊ ငါတို့နဲ့ကို မတွဲတော့ဘူး၊ ဟိုတုန်းကဆို မင်းနဲ့ငါ့ တလှည့်စီ တွဲနေတဲ့ဟာ၊ အခု ဘာသဘောလဲ မသိဘူးကွ"

"ဟ....ညီညီမောင်ရ၊ ဘာသဘောရမှာလဲ၊ ငါတို့ထက် သာ တာ တွေ့နေလို့ ဖြစ်မှာပေါ့"

"အဲဒါကို ငါတို့ မခံချင် ဖြစ်နေတာပေါ့ကွ၊ တကယ်ဆ စုဟာ ငါတို့နှစ်ယောက်ထဲက တယောက်ယောက်သာ ရွေးရမယ် မဟုတ်လား"

"သိပ်မှန်တာပေါ့ သူငယ်ချင်း"

"အခုတော့ ငါတို့ကို မရွေးပဲ ဘယ်က အကောင်ကို ကြ ပေါက် ရွေးသွားတယ် မသိဘူး၊ သူ့ကို မေးတော့လဲ ဟိုလို သည်လိုလို အူကြောင်ကြောင် လုပ်နေတာကွ၊ ဟွန်း"

"အစစ်ပဲ၊ ငါမေးတော့လဲ သူက မတင်မကျကြီး ပြော တာကွ၊ သူ ဒီလိုလုပ်နေလို့ တခါတခါ သူ့ကို ကားတင် ခိုးပြေးချင်စိတ် ပေါက်တောင်လာတယ်ကွ"

"အာ အာ... ဒီလိုတော့ မလုပ်နဲ့လေ၊ အကြမ်းနည်းသုံးတ ကိုတော့ ငါ သဘောမကျဘူး၊ ငါလဲ မင်းလိုပဲ ကားတင်ပြေ ကြံပါသေးတယ်၊ ဒါပေမယ့် ဒီကိစ္စက မလွယ်ဘူးမဟုတ်လာ

"ဒီတော့ ပြောစမ်းကွာ၊ ငါတို့ ဘယ်လိုလုပ်ကြယင် ကော မလဲ"

"ဒီလို လုပ်မယ်ကွာ...."



"ဘယ်လိုလဲ ..."

"ဟိုလိုလေကွာ...."

"တယ်....မင့်စကားက အူကြောင်ကြောင်နဲ့၊ ရှင်းရှင်း ပြော စမ်းပါကွ"

"အေးပါ၊ ပြောပါ့မယ်၊ အခု စုဟာ ငါတို့ကိုမတွဲပဲ ဘယ် အကောင်နဲ့ တိတ်တိတ်ပုန်း နှစ်ပါးသွားနေတယ် ဆိုတာ သိရ အောင် ထောက်လှမ်းကြမယ်"

"ဟုတ်ပြီ၊ ထောက်လှမ်းလို့ သိရယင် ဘာ လုပ်ကြမလဲ"

"ဘာလုပ်ရမှာလဲ၊ သူ့မိဘတွေကို သွားတိုင်မှာပေါ့"

"သွားတိုင်လို့ သူ့မိဘတွေက စုရည်မွန်ကို ခေါ်မေးလို့ မဟုတ်ပါဘူးလို့ ငြင်းနေယင်ကောကွာ"

"ဟာ....အဲဒီလို မငြင်းနိုင်အောင် ငါတို့က သက်သေပြနိုင် အောင် ကြိုးစားရမှာပေါ့ကွ၊ ဒီတော့ မင်းလဲ ကင်မရာတလက် ကိုင်ပြီး ငါလဲ ကင်မရာတလက် ကိုင်ပြီး စုရည်မွန်တို့ အတွဲကို တကယ်မလွဲအောင် ဓာတ်ပုံရိုက်ယူပြီး သက်သေ ဆောင်ရမယ်၊ ငါပြောတာ ဘယ်လိုလဲ"

"သိပ်ကောင်းတာ ပေါ့ကွာ၊ ဒီတော့ စုရည်မွန်ကို ငါတို့ ဘယ်လို ထောက်လှမ်းကြမလဲ၊ ငါတို့ အတူတူ ထောက်လှမ်း မလား၊ တခြားစီ ခွဲထောက်လှမ်းမလား"

www.burmeseclassic.com



"တခြားစီ ထောက်လှမ်းတာထက် ငါတို့နှစ်ယောက် အတူတူ ထောက်လှမ်းကြတာက ပိုခရီးရောက်တာပေါ့ကွာ"

"ကောင်းပြီ၊ မင်းပြောတာကို ငါ သဘောတူတယ်၊ ဒီတော့ မနက်ဖြန်ကစပြီး စုရည်မွန် သွားရာနောက်ကို ငါတို့ တိတ်တိတ် ပုန်း လိုက်ကြစို့လား"

ညီညီမောင် သဘောတူသည်။

"ဟ၊ နေဦးကွ၊ တိတ်တိတ်ပုန်း လိုက်မယ်ဆိုတဲ့ ကိစ္စကို ငါတို့နှစ်ယောက် စီစဉ်ရဦးမယ်"

"ဘယ်လို စီစဉ်မှာလဲ၊ မင့်သဘောထားကို အယင်ပြော ဦးလေ ကိုကိုဇော်"

"ဒီလိုပါကွာ၊စုရည်မွန်နောက်ကို ငါတို့ လိုက်ကြမယ်ဆိုယင် ပထမဆုံး ငါတို့ နောက်ယောင်ခံ လိုက်တာကို စုရည်မွန် လုံးဝ မရိပ်မိမှ ဖြစ်မယ် မဟုတ်လား"

"သိပ်မှန်တာပေါ့"

ညီညီမောင် ထောက်ခံသည်။

"ဒီတော့ကာ မင်းနဲ့ငါဟာ အခုလို ပုံမျိုးနဲ့ သွားလို့ မဖြစ် ဘူး၊ သွားယင် စုရည်မွန် သိသွားမယ်၊ သိသွားယင် တို့အကြံ ပျက်မယ်၊ ဒါကြောင့် ငါတို့နှစ်ယောက် ရုပ်ဖျက်သွားရမယ်"

"ဘယ်လို ရုပ်ဖျက်သွားကြမှာလဲ၊ အဲဒါတော့ မလွယ်ဘူး ထင်တယ်"



"လွယ်အောင် လုပ်ရမှာပေါ့၊ ဒီတော့ မင်းက လုံချည် အမြဲဝတ်တဲ့ကောင်မို့ ဘောင်းဘီရှည် ပြောင်းဝတ်ပြီး မျက်နှာ ကိုလဲ နေကာမျက်မှန်တပ်၊ ပြီးတော့ ဆံပင်ကိုပါ ပုံစံပြောင်း"

"အား.... မလွယ်ပါကလား၊ နို့ မင်းကျတော့ကောကွာ"

"ငါ့ကျတော့ နှုတ်ခမ်းမွေးအတုတပ်ပြီး ပုဆိုးတောင်ရှည်.... တိုက်ပုံ အင်္ကျီရှယ်.... ခေါင်းပေါင်းရယ် ဝတ်လာမယ်၊ ငါက အမြဲတမ်း ဘောင်းဘီရှည်ဝတ်နေတဲ့ကောင် ဆိုတော့ အခုလို ပုံမျိုး ပြောင်းဝတ်လိုက်ယင် စုရည်မွန်မပြောနဲ့ ငါ့မိဘတွေ တောင် ရုတ်တရက်မှတ်မိဖို့ ခဲယဉ်းတယ်ကွ၊ ဟဲဟဲ"

"နို့ အဲဒီအဝတ်တွေ မင့်မှာ ရှိရဲ့လား၊ ဘယ်က ငှားမလဲ"

"ငါ့အဖေရဲ့ အဝတ်တွေကို ခိုးဝတ်ရမှာပဲ...."

"ဘာလို့ ခိုးဝတ်နေမှာလဲကွာ၊ ကိုယ့်အဖေပစ္စည်းပဲ ပြောင် ငှားဝတ်ပေါ့"

"အယ်.... မင်း မသိပါဘူး၊ ငါ့အဖေက သူ့အဝတ်တွေဆို ယင် အင်မတန် နှမြောတာကွ၊ ငှားယင်ပေးမှာ မဟုတ်ဘူး၊ ပြီး တော့ ဇင်လားဆေးလားလဲ လုပ်ဦးမှာကွ"

ကိုကိုဇော်၏ စကားကြောင့် ညီညီမောင်း ရယ်နေသည်။

"ပြီးတော့ ကားကိုလဲ တခြားကားတစီးစီး ငှားမှဖြစ်မယ်၊ ငါတို့ စီးနေကျကားဆိုယင်တော့ စုရည်မွန် သိသွားလိမ့် မယ်ကွ"

www.burmeseclassic.com

www.burmeseclassic.com



"အေး.... မှန်တယ်၊ ဒီတော့ တို့အသိထဲက ဖယ်မယ်လီယာ ကားတစ်စီးကို သွားငှားကြတာပေါ့"

"ကောင်းပြီ၊ မင်းက ကားကို သွားငှားနှင့်၊ ပြီးယင် ကမာရွတ် လှည်းတန်းထိပ်က လက်ဖက်ရည်ဆိုင်မှာ စောင့်နေနှင့်ပါ၊ ငါတော့ ငါ့အဖေအလစ်မှာ ပုဆိုးတောင်ရှည်ရယ်... တိုက်ပုံ အင်္ကျီရယ်.... ခေါင်းပေါင်းရယ် လစ်လာခဲ့မယ်၊ တို့ ဒီကနေ 'ကလပ်စ်' မတတ်နဲ့ပေါ့ကွာ"

ကိုကိုဇော် အကြံပေးသည်အတိုင်း ညီညီမောင်က သဘောတူလိုက်သည်။

ကိုကိုဇော်မှာလည်း သူ့ကားဖြင့် အိမ်သို့ ပြန်သွားသည်။

ထိုအချိန်တွင် ကိုကိုဇော်၏ ဖခင်ကြီးမှာ မင်္ဂလာဆောင်တစ်ခုသို့ သွားမည်မို့ အပေါ်ထပ်ရှိ အိပ်ခန်းနှင့် တွဲလျက် ရေချိုးခန်းတွင် ရေချိုးနေသည်။

သူဝတ်သွားမည့် အဝတ်များဖြစ်သော ပုဆိုးတောင်ရှည် ကြည်ဥနှစ်ရောင်ရင်ဖုံး အင်္ကျီနှင့် ခေါင်းပေါင်း တို့ကိုတော့ သူ့အခန်းထဲတွင် အသင့်လုပ်ထားသည်။

ကိုကိုဇော့်၏ မိခင်ကြီးမှာ မီးဖိုထဲတွင် အလုပ်ရှုပ်နေသဖြင့် ကိုကိုဇော် ပြန်လာသည်ကို သတိမပြုမိပေ။

ကိုကိုဇော်မှာ ကားကို တိုက်ရှေ့တွင် အသာရပ်ပြီး တိုက်တွင်းသို့ ပြေးဝင်ခဲ့သည်။



နောက် တိုက်တွင်းရှိ လူများအနေအထားကို ကြည့်သည်။

မည်သူ့ကိုမှ မတွေ့ရလျှင် အိမ်ပေါ်ထပ်ရှိ သူ့မိဘများ အိပ်ခန်းသို့ ပြေးတက်သွားသည်။

မူလက သူရည်ရွယ်ထားသည်မှာ သူ့မိဘအခန်းသို့ ရောက်လျှင် အဝတ်ဗီရိုကိုဖွင့်၍ ဖခင်၏ အဝတ်များကို တိတ်တဆိတ် ယူရန် ဖြစ်သည်။

ယခုမူ သူ့ယူမည့်အဝတ်တွေမှာ အခန်းထဲတွင် အသင့်ဖြစ်နေ၍ သူ သဘောကျသွားသည်။

သူသည် ဖြုံးချိုသောမျက်နှာဖြင့် အခန်းတွင်းမှ သူ့ဖခင် အဝတ်များကို ယူရန် အသွား.... ရေချိုးခန်းတွင်းမှ သူ့ဖခင်၏ ချောင်းဟန့်သံကို ကြားရသည်။

"ဟာ.... ဖေဖေ ရေများ ချိုးပြီးပြီလား မသိဘူး၊ ဒီတော့ မဖြစ်ဘူး၊ ရေချိုးခန်း တံခါးကို အမြန်ပိတ်ထားမှပဲ၊ ဒါမှ သူ့အဝတ်တွေ ငါ လစ်ပြေးလို့ ရမယ်"

ကိုကိုဇော် တကိုယ်တည်း ပြောယင်း သူ့ဖခင် ဦးလူဇော် ရေချိုးနေသော ရေချိုးခန်းကို အပြင်မှ ကန့်လန့်ချကာ ပိတ်ထားသည်။

ပြီးတော့ ဦးလူဇော်၏ အဝတ်တွေနှင့် ခေါင်းပေါင်းကို အမြန်ယူကာ ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



တဆက်တည်းမှာပင် တဘက်တွင်ရှိသော သူ၏ အိပ်ခန်းသို့ ဝင်ကာ 'ပဲင်တက်' (Pentax) ကင်မရာကလေးကို ယူကာ အိမ်ပေါ်မှ ပြန်၍ ဆင်းပြေးသွားသည်။

တော်သေးသည်။

အဆင်းတွင်လည်း မည်သူ့ကိုမှ မတွေ့ရပေ။

ကိုကိုဇော် ကားပေါ်သို့ ပြန်တက်ကာ ကားကို ညင်သာစွာ မောင်း၍ အိမ်မှ ပြန်ထွက်ခဲ့သည်။

ထိုအချိန်တွင် ဦးလှုဇော်မှာ ရေချိုး၍ ပြီးသွားပြီမို့ အခန်း တံခါးကို ဖွင့်ကာ အပြင်သို့ ထွက်ရန်ပြင်သည်။

သို့သော် ရေချိုးခန်း တံခါးမှာ အပြင်မှ သူ့သားက သော့ ခတ်သွားသည်မို့ သူ့မှာ ဖွင့်မရပေ။

"ဟ၊ ဒါက ဘယ်လိုဖြစ်တာလဲ၊ ဘယ်သူများ အပြင်ကနေ သော့တော်သွားတာလဲ၊ တယ်လဲ ခက်ပါကလား"

ဦးလှုဇော် တကိုယ်တည်း ပြောနေသည်။

နောက် အခန်း တံခါးကို အပြင်မှ ထုယင်း အခန်းထဲတွင် သူ့ဇနီး ရှိသည်မှတ်ကာ လှမ်းအော် ပြောနေသည်။

"ဟေ့.... မယ်စိန်၊ တံခါးဖွင့်စမ်းပါဟ၊ ဒီမယ် လူတကောင် လုံး.... အဲ လူတယောက်လုံး ရေချိုးနေတာ မသိဘူးလားကွ ရှီး....မှပဲ"



ဦးလှုဇော် ဒေါသ ဖြစ်နေသည်။

သူ မည်မျှပင် အော်ပြောပြော အခန်းထဲတွင် မည်သူမှ ရှိကြ၍ သူ့ကို လာဖွင့်ပေးမည့်သူ မရှိပေ။

ငါးမိနစ်ခန့် ကြာလျှင်တော့ ဦးလှုဇော်မှာ အအော်ရော၊ တံခါးကို အထုရော ရပ်သည်။

"တောက်.... တယ်ခက်တာပဲ၊ တံခါးလဲ လာဖွင့်ပေးမယ့်သူ မရှိဘူး၊ ငါ ဘယ်လို လုပ်ရပါ့မလဲ၊ ကဲ.... မထူးပါဘူး၊ ရေချိုး ခန်း နောက်တက်က တံခါးကို ဖွင့်ပြီး နောက်ဖေး ကြောင်လိမ် လှေကားအတိုင်း ဆင်းသွားတာပဲ ကောင်းပါတယ်"

ဦးလှုဇော် သူ့ဘာသာ သူ ပြောယင်း ရေချိုးခန်း၏ နောက် ဘက်တွင်ရှိ အပြင်သို့ ထွက်သည့် တံခါးကို ဖွင့်ရတော့သည်။

သူ့ ကိုယ်ကိုလည်း မျက်နှာသုတ်ပဝါဖြင့် အောက်ပိုင်းကို ပတ်ထားရသည်။

အကြောင်းမှာ သူက ရေချိုးခန်းထဲတွင် ရေလဲလုံချည် ယူပဲ ချိုးခဲ့သူမို့ ယခု သူ့တွင် ဝတ်ရန် လုံချည် မရှိပေ။

သည်တော့ မျက်နှာသုတ်ပဝါကိုမှ ကိုယ်မှာ ပတ်မထားလျှင် မွေးတစ်စိဖြင့် သူ့အား ဝိုင်း အူနေကြပေမည်။

အခြားလူတွေ မြင်သွားလျှင်လည်း မကောင်း။

သို့ဖြစ်၍ သူ့မှာ မျက်နှာသုတ်ပဝါဖြင့် အရှက်လုံအောင် ပတ်ကာ ဆင်းလာခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဖေး မီးဖိုခန်းသို့ အရောက်တွင် သူသည် အသာ ကလေး ဝင်လာသည်။

မီးဖိုထဲတွင် ချက်ပြုတ်နေသော သူ့ဇနီး ဒေါ်စိန်မှာ သူ့ အား ရုတ်တရက် တွေ့ရလျှင် လန့်သွားသည်။

"အောင်မယ်လေး တော့"

ဇနီး၏ လန့်အော်သံကြောင့် ဦးလူဇော်ပါ ရော လန့်သွား သည်။

"ဟယ်.... ဒါက ဘာဖြစ်ရတာလဲကွ၊ ဟွန်း"

ဦးလူဇော် လှမ်းကြိမ်းသည်။

"ဘုရားရေ.... မြေးကများ ပြုတယ် ပြောရသေးတယ် တော်ကကော အခု ဘယ်လို ဖြစ်လာတာလဲ၊ စောစော ရေချိုးခန်းမှာ ရေချိုးနေတယ် မဟုတ်လား"

ဒေါ်စိန် အံ့သြသံဖြင့် ပြန်မေးနေသည်။

"ဟုတ်တယ်လေ၊ ငါ ရေချိုးနေတုန်း မင်း အပြင်က တံခါးကို ပိတ်သွားတယ် မဟုတ်လား"

"ကျားသားမိုးကြိုးတော်၊ ကျုပ် အသက်ကြီးပါပြီ၊ သူ နှပ်ချေးစား ကလေးမှတ်ပြီး ဒီလို ကလေးကလား အလုပ် လုပ်ပါ့မလား၊ အခုထက်ထိ ကျုပ် အိမ်ခေါင်ပေါ်ထပ်ကို မရော သေးဘူး"



"ဒါဖြင့် ဘယ်သူက လာ ပိတ်သွားတာလဲ၊ ဟို မယ်မှုံကော၊ ဒီကောင်မကလေးများ လာပိတ်သွားသလား"

ဦးလူဇော်၏ စကားကို မယ်မှုံကြားရလျှင် အပြေးကလေး လာကာ ပြန်ပြောသည်။

"ကျွန်မ မဟုတ်ပါဘူး ဘဘကြီးရဲ့၊ ဒါမျိုး လုပ်ရဲပါ့ မလား"

"ဟေ.... သဟာလိုဆို ဘယ်သူများ လာပိတ်သွားသလဲ"

ဦးလူဇော် တရားခံကို တွေးမရ ဖြစ်နေသည်။

"ဘယ်သူကမှ ပိတ်မှာ မဟုတ်ဘူး၊ တော်က ရေချိုးခန်း တံခါးကို ပိတ်ယင် ဆောင့်ပိတ်တော့ သူ့ဟာ သူ ချက်ကျပြီး အခုလို ပိတ်သွားတာ ဖြစ်မှာပေါ့၊ တော်က အဆောင့်ကို သန်တယ်၊ ဟွန်း"

"တယ်.... ဒီမိန်းမ စကား ပြောလိုက်ယင် အချိုးကို မကျ ဘူး၊ ဟွန်း"

ဦးလူဇော် ဒေါပွသံဖြင့် ပြောယင်း သူ၏ အပေါ်ထပ်သို့ တက်သွားသည်။

ဤသို့ တက်သွားခိုက် သူ၏ ကိုယ်တွင် ပတ်ထားသော မျက်နှာသုတ်ပဝါကြီးမှာ ကိုယ်ပေါ်မှ လျှောကာ ဖတ်ကနဲ အောက်သို့ ပြုတ်ကျသွားတော့သည်။

မယ်မှုံမှာ သူ့ရှေ့တည့်တည့်တွင် ဦးလူဇော်၏ မျက်နှာသုတ် ပဝါကြီး ကိုယ်ပေါ်မှ ကွာကျသွားသည်ကို တွေ့ရလျှင် ကြောက် အား လန့်အားဖြင့် အော်ဟစ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်လေး၊ ကြောက်ပါပြီ ဘဘကြီးရဲ့"

မယ်မှုံ အော်ယင်း မျက်စိကို စုံမှိတ်ထားသည်။

ဒေါ်စိန်ကတော့ ဦးလူဇော်အား ဒေါသဖြင့် လှမ်းကြည့်ကာ ဆူတော့သည်။

"ကိုလူဇော်၊ ရှင်ဟာ ခလ လုပ်လိုက်ယင် ဘယ်နေရာမှ နေရာမကျဘူး၊ မျက်နှာသုတ်ပဝါကို ပတ်ယင် မြဲမြဲပတ်ပါကလား၊ ဟွန်း.... အရှက်က နည်းလိုက်တာ"

"ဟ၊ ပတ်ထားတာပဲကွ၊ သူ့ဟာ သူ မတော်တဆ ပြုတ်ကျတာတော့ ငါလဲ ဘယ်တတ်နိုင်မတဲ၊ ဒီဟာမကလေးကကော မဆီမဆိုင် ကြောက်ပါပြီ ဘဘကြီးရဲ့လို့ အော်ရတာလဲ၊ နင့်ကို ဘယ်သူက ဘာလုပ်လို့လဲဟင်၊ သွားစမ်း၊ တယ်လေ.... ငါ ဆောင့်ကန်လိုက်ရ၊ ဟွန်း"

ဦးလူဇော် ဒေါသသံဖြင့် ကြိမ်းမောင်းယင်း သူ၏ မျက်နှာသုတ်ပဝါကို ဖင်ဟောင်း လောင်းဖြင့် ကုန်းအကောက် ငါးများကို ကျော်ခနေသော ဒေါ်စိန်က လက်ထဲတွင် ရှိနေသော ယောက်မဖြင့် ဦးလူဇော်၏ ဖင်ပိုင်းကို ရိုက်ပစ်သည်။

"ဖြန်း"

"အောင်မယ်လေးဗျ...."

ဦးလူဇော်မှာ ယောက်မဖြင့် အရိုက်ခံလိုက်ရ၍ သူ့ဖင်ကြီး တွန့်ကနဲဖြစ်ကာ အော်ယင်းဒေါ်စိန်ကို လှည့်ကြည့်ကာဆူတော့သည်။



"ဟဲ့ဟာမကြီး၊ ဒါက ဘာလုပ် တာလဲဟင်၊ ငါ့ဖင်ကို ခြင်ကောင်မှတ်ပြီး ယောက်မနဲ့ ရိုက်ရတာလားဟ၊ ဒီမယ်....ပူလဲပူ၊ နာလဲနာ ဖြစ်သွားပြီ၊ တောက်"

"ဖြစ်ပေစေလေ၊ တော် လုပ်ပုံကြီးကို ကျုပ်ကြည့်နေရတာ မျက်စိနောက်လာလို့၊ အခုလို တီးပစ်လိုက်တာပဲ၊ ကဲ.. မြန်မြန်သာ အပေါ်ကြွတော်မူပါ"

ဒေါ်စိန်က မျက်နှာထား စူပုပ်ပုပ်ဖြင့် ပြန်ပြောသည်။

မယ်မှုံကတော့ သူတို့အနီးမှ ဝေးရာသို့ လစ်ပြေး သွားလေပြီ။

ဦးလူဇော်လည်း မျက်နှာသုတ်ပဝါကို ကိုယ်တွင် ပြန်ပတ်ပြီးနောက် ယောက်မဖြင့် အရိုက်ခံလိုက်ရ၍ နာကျင်သွားသော သူ့ဖင်ပိုင်းကို ပွတ်ကာ အပေါ်ထပ်သို့ တက်သွားသည်။

အပေါ်ရှိ သူ့အိပ်ခန်းသို့ ရောက်လျှင် သူထုတ်ထားသော အဝတ်များနှင့် ခေါင်းပေါင်းမှာ ပျောက်ချင်းမလှ ပျောက်နေသည်ကို တွေ့ရတော့သည်။

"အဲဗျ၊ ငါ့အဝတ်တွေနဲ့ ခေါင်းပေါင်း ဘယ်ရောက်သွားပါလိမ့်၊ ဒီကနေ့ မနက်တော့ ဘာတွေ ဖြစ်နေတယ် မသိပါဘူး၊ ဟွန်း ဟွန်း ဟွန်း"

ဦးလူဇော် တကိုယ်တည်း မြည်တွန် တောက်တီးယင်း သူ့အဝတ်တွေကို လိုက်ရှာနေသည်။

ရှာမတွေ့လျှင် အဝတ်ဗီရိုထဲသို့ ဖွင့်ကာ ရှာဖွေပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



မတွေ့လျှင်တော့ အခန်းတွင်းမှ ထွက်ကာ အောက်ထပ်သို့ လှမ်းအော်ခေါ်တော့သည်။

"မစိန်....မစိန်၊ ဒီကို ခဏ ကြွတော်မူပါဦး"

ဦးလူဇော်၏ အော်သံကြောင့် ဒေါ်စိန်မှာ ယောက်မကြီး ကို ကိုင်လျက် တန်းလန်း လှေကား အောက်သို့ ရောက်လာ သည်။

"ဘာလဲတော့၊ ဘာဖြစ်ပြန်ပြီလဲ၊ တော် ဒီကနေ့ မနက် ဘယ်လို ဖြစ်နေတာလဲဟင်၊ စိတ်မှန်ရဲ့လား"

"ဟယ်... ဒီမိန်းမ၊ ပြောလိုက်ရယင် မကောင်းပဲ နေရော့ မယ်၊ ဟွန်း"

"မကောင်းယင် မပြောနဲ့ပေါ့၊ ကျုပ်ကို ခေါ်တာ ဘာကိစ္စ လဲ၊ ဒီမယ် ငါးကြော်လျက် တန်းလန်းကြီး"

"သိတယ်ဟ၊ ငါ့ပုဆိုးနဲ့ အင်္ကျီရော၊ ခေါင်းပေါင်းရော အခန်းထဲမှာ ထားတာ မရှိတော့လို့၊ မင့်ခေါ်မေးနေတာပဲ"

"အလိုတော်....ဒီပစ္စည်းတွေ တော့်ဟာတော် ထားတဲ့ဟာ ကျုပ် ဘယ်သိပါ့မလဲ၊ သေသေချာချာ ရှာပါဦး"

"ရှာပြီးပြီကွ၊ ငါ ရေမချိုးခင် အိပ်ရာနားက စာရေးစားပွဲ မှာ သေသေချာချာ တင်ထားတဲ့ဟာ၊ အခု မရှိတော့ဘူး ဘယ်သူများ တက်ယူသွားတယ် မသိဘူး"

"မဖြစ်နိုင် တာတော်၊ နွှေခင်းကြီး ကြောင်တောင်တော ဘယ်သူခိုးမှ လာယူမယ် မထင်ပါဘူး၊ ယူခြင်းယူယင် ဒီဖြူ



အဖိုးတန် စိန်ရွှေရတနာတွေသာ ယူသွားမှာပေါ့၊ မီးခံသေတ္တာ ကိုလဲ စစ်ကြည့်စမ်းပါဦးတော့"

"စစ်ပြီးပြီ၊ ဘာမှ အရာမယွင်းဘူး"

"ဒါဖြင့် ပြီးရော၊ တော့် အဝတ်တွေက အဖိုးတန် လှတာ မဟုတ်ဘူး၊ ကဲ....ဒါပဲ မဟုတ်လား၊ ကျုပ် ငါးတွေသွားကြော် ရဦးမယ်"

ဒေါ်စိန် ပြောယင်း မီးဖိုခန်းသို့ ပြန်ထွက်သွားသည်။

ဦးလူဇော်လည်း ဒေါ်ပွကာ ကျန်ရစ်သည်။

ထိုအချိန်တွင် သားဖြစ်သူ ကိုကိုဇော်ကတော့ သူနှင့် ညီညီ မောင် ချိန်းထားရာ ကမာရွတ် လှည်းတန်းထိပ်ရှိ လက်ဖက်ရည် ဆိုင်သို့ ရောက်နေကြပြီ ဖြစ်သည်။

ညီညီမောင်မှာ ကိုကိုဇော် အကြံပေး ထားသည့် အတိုင်း ဘောင်းဘီကလည်း ပင်ကျပ်၊ ကိုယ်ပေါ်တွင်လည်း ကြောင် ကြောင်ကျားကျား အင်္ကျီများကို ဝတ်ထားပြီး ခေါင်းတွင် 'ဂေါ့ဖ်'ဦးထုပ်ကို ဆောင်း၍ မျက်နှာပေါ်တွင် နေကာမျက်မှန် တပ်ထားသည်။

ကိုကိုဇော်ပင် ပထမသော် ညီညီမောင်ကို မမှတ်မိပဲ ဖြစ် သွားမိသည်။

ညီညီမောင်က လှမ်းခေါ်မှ သူ မှတ်မိသွားခြင်းပင်။

"ဟာ....တယ်ဟုတ်တာပဲ ညီညီမောင်ရာ၊ အခုလိုဆိုတော့ မင့်ရုပ်က လုံးဝကို ပြောင်းသွားတယ်ဟေ့၊ ဟားဟား ဟား"

ကိုကိုဇော် သဘောကျနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်၊ သွားဖြဲပြီး ရယ်မနေနဲ့၊ ငါတို့ လုပ်စရာတွေ ရှိသေးတယ် မဟုတ်လား၊ သွားကြစို့"

"နေဦးလေကွာ၊ ငါ့ကားကို ဘယ်မှာ ထားခဲ့ရမှာလဲ"

"ငါ့အိမ်မှာ ထားလေကွာ၊ ပြီးတော့ အခု ငါ ငှားထားတဲ့ ဖယ်မယ်လီယာ ကလေးနဲ့ စုရည်မွန်ဆီ လိုက်ချောင်းမယ်"

"ကောင်းပြီ၊ ဒီလိုဆို မင်းက ရှေ့ကသွားနှင့်၊ ငါနောက်က မောင်းလိုက်ခဲ့မယ်"

ကိုကိုဇော်က ပြောလျှင် ညီညီမောင်သည် ကားကို မောင်း ထွက်လာသည်။

ကိုကိုဇော်က သူ့ကားကလေးကို ညီညီမောင်၏ ကား နောက်မှ မောင်း၍ လိုက်သွားသည်။

* * *

(၁၆)

## သဌေးသမီးတဖြစ်လဲ

ကိုကိုဇော်နှင့် ညီညီမောင်တို့ စုရည်မွန်နောက်သို့ လိုက် ချောင်းရန် ကြံသောနေ့မှာ ချစ်ဝင်းနိုင်တယောက် နတ်သုဒ္ဓါ မုန့်ဟင်းခါးဆိုင်ကို မြေနီကုန်း လေဟာပြင်ဈေးအနီးရှိ တိုက် ခန်းတွင် ဖွင့်လှစ်ထားသည့် တတိယမြောက်နေ့ ဖြစ်သည်။

ချစ်ဝင်းနိုင်မှာ မုန့်ဟင်းခါးဆိုင် ဖွင့်ရာတွင် သူ အထမ်း သမားအဖြစ် လည်ရောင်းစဉ်က အတိုင်း နံနက် (၆) နာရီမှ (၁၀)နာရီအထိ တကြိမ်၊ ညနေ(၄)နာရီမှ ည(၇)နာရီအထိ တကြိမ်သာ ဖွင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်ပိုင်းတွင်တော့ ဆိုင်ကို မဖွင့်ပဲ ပိတ်ထားသည်။

စုရည်မွန်မှာ သူ့စကားအတိုင်းပင် ညနေ ကျောင်းလွှတ်လျှင် ချစ်ဝင်းနိုင်၏ မုန့်ဟင်းခါးဆိုင်သို့ ရောက်လာပြီး ပိုက်ဆံသိမ်းပေးသည်။

ပထမတော့ စုရည်မွန်က မုန့်ပွဲများကို ချရန် ပြင်သေးသည်။

ချစ်ဝင်းနိုင်က စုရည်မွန်အား ထိုအလုပ်ကို အလုပ်မခိုင်းပေ။

ကောင်တာတွင် ထိုင်၍ ငွေများကိုသာ သိမ်းခိုင်းသည်။

ချစ်ဝင်းနိုင်၏ ဆိုင်တွင် နံနက်ပိုင်း၌ အစ်မဖြစ်သူနှင့် ရပ်ကွက်ထဲမှ နေ့စားအဖြစ် ခေါ်ယူထားသော ဆယ့်လေးနှစ်အရွယ် လူငယ်ကလေးနှစ်ဦး ရှိကြသည်။

ညနေပိုင်းတွင်မူ စုရည်မွန်လည်း ရှိနေသလို မိခင်ကြီးဒေါ်မြချစ်လည်း ရှိရာ ညနေပိုင်းအတွက် ခေါ်ထားသော ရပ်ကွက်မှ လူငယ်ကလေး နှစ်ဦးကို မခေါ်တော့ပေ။

ချစ်ဝင်းနိုင် မုန့်ဟင်းခါးမှာ အထမ်းသမားဘဝအဖြစ် လှည့်လည်ရောင်းချစဉ်က နာမည်ရနေသည်မို့ ယခုလို ခမ်းခမ်းနားနားဖြင့် ဆိုင်ဖွင့်ထားသောအခါ သူ့မိတ်ဟောင်းများနှင့် မိတ်သစ်တွေမှာ ဆိုင်တွင် စည်ကားနေတော့သည်။

မုန့်ရည်ကိုလည်း ချစ်ဝင်းနိုင်တို့က ပိုမိုကြိုးစားကာ ကောင်းသထက် ကောင်းအောင် ချက်ထားကြသည်။

ထိုဆိုင်ခန်းကို ချစ်ဝင်းနိုင် စုဆောင်းထားသော ငွေများနှင့် ဝယ်ထားခြင်းပင်။



မုန့်ဟင်းခါး လာစားကြသော ကာလသားများမှာ ညနေပိုင်း စုရည်မွန် လုပ်အားလာပေးချိန်တွင် ပိုမို၍ များပြားလှသည်။

ချစ်ဝင်းနိုင်နှင့် ရင်းနှီးသောဖောက်သည်များက စုရည်မွန်ကို တွေ့ရလျှင် ဝိုင်း၍ မေးမြန်းကြသည်။

"အပေါ်း...သူလား၊ သူ ဘယ်သူလဲ၊ ဘာတော်သလဲဆိုတာ ပြောကြပါဦး သိရမှာပေါ့ဗျာ၊ အခုနေအခါမှာတော့ ကျွန်တော့် ညီမကလေးကိုပဲ သဘောထားလိုက်ကြဦးဗျို့၊ ဟားဟား ဟား"

ချစ်ဝင်းနိုင်က အမှန်ကို မပြောသေးပဲ ဖုံးကွယ်ထားသည်။

တဦးက ချစ်ဝင်းနိုင်ကို ပြန်နောက်သည်။

"ခင်ဗျားရဲ့ ညီမကလေးဆိုတော့ ကျွန်တော်တို့ မုန့်ဟင်းခါးစားယင်း ပိုးပန်းနိုင်တာပေါ့နော်၊ ရှုပ်ကတော့ တကယ့်ကို ချောတယ်ဗျို့၊ ဟဲ ဟဲ"

"အသိုယို...မုန့်ဆိုင်ကို အားပေးယင် ရိုးရိုးအားပေးပါဗျာ၊ ကျွန်တော့် ချစ်ညီမလေးကိုတော့ မထိပါနဲ့၊ ကျွန်တော် အားအားရှိ ကျိတ်ကျိုးမှာနော်၊ ဟဲ ဟဲ"

ချစ်ဝင်းနိုင်၏ ပြောင်ချော်ချော်စကားကြောင့် သူ့ဖောက်သည်တွေ ပွဲကျနေကြသည်။

တဦးက မေးပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဗျို့... ကိုချစ်ဝင်းနိုင်၊ ခင်ဗျား အထမ်းသမား မုန့်သည် ဘဝတုန်းကတော့ နဲ့ကြီးတတီတီနဲ့ မှတ်နေတယ်နော်၊ အ... ဆိုင်ဖွင့်တော့ ဘာလို့မမှတ်တာလဲဗျ"

"အဟီး၊ မမှတ်ဆို....ဟောဟိုက သူကလေးက မကြိုက်လို့ ပေါ့ဗျာ၊ မုန့်ဟင်းခါးဆိုင်မှာ နဲ့မမှတ်ရဘူးတဲ့၊ နဲ့မှတ်ယ... အသည်းပုပ်အောင် ဆွဲကုတ်ပစ်မယ်ဆိုလို့ ကျုပ်နဲ့ကို တဲစုတ်မှာ သိမ်းထားလိုက်ရတယ်ဗျာ၊ ဟား ဟား ဟား"

ချစ်ဝင်းနိုင် ပြောနေခိုက် သူ့ဆိုင်တွင်းသို့ နှုတ်ခမ်းမွေး ကားကား၊ ပုဆိုးတောင်ရှည်၊ ခေါင်းပေါင်းကြီးနှင့် လူကြီး တဦးနှင့် လမ်းသရဲဆန်ဆန် ဝတ်ထားသော လူငယ်တဦး ရောက်လာကြသည်။

သူတို့ကား ရုပ်ဖျက်ထားကြသော ကိုကိုဇော်နှင့် ညီညီမောင် တို့ပင်။

ချစ်ဝင်းနိုင်မှာ ဝင်လာကြသူများအား ပျာပျာသလဲ နေရာ ပေးကာ မေးသည်။

"ဒီက ဘာဘကြီးနဲ့ အစ်ကိုတို့ မုန့်ဟင်းခါးသုံးဆောင်မလို့ လား ခင်ဗျာ"

ထိုအမေးကြောင့် ပုဆိုးတောင်ရှည် ဝတ်ထားသော ကိုကို ဇော်က မျက်နှာရှုံ့ပြယင်း ပြန်ပြောသည်။

"ဟ၊ မင့်ဆိုင်ထဲဝင်မှတော့ မုန့်ဟင်းခါးမစားလို့ ဒံပေါက် စားရမှာလားကွ"



"အဟဲ....ကျွန် ကျွန်တော်က ဘာဘကြီးရဲ့အဝတ်အစားကြည့် ပြီး အခုလို မေးရတာပါ၊ စိတ်မရှိပါနဲ့"

"ဘယ်လိုကြောင့် အခုလို မေးရတာလဲ"

"သြော်....ဘာဘကြီးက ပုဆိုးတောင်ရှည်.... တိုက်ပုံအင်္ကျီ.... ခေါင်းပေါင်းကြီးလဲ ပေါင်းထားတော့ မင်္ဂလာဆောင်ကနေ အဝအပြဲစားပြီး ပြန်လာကြတဲ့ လူတွေထင်လို့ပါ၊ ဘာဘကြီး ကြည့်ရတာ မင်္ဂလာဆောင်တွေမှာ ဘိသိက်သွန်းပေးတဲ့ ဆရာ ကြီးနဲ့တူတယ်ခင်ဗျ၊ ဟုတ်လား၊ အဟဲ"

"ဘာကွ၊ ငါ့ရုပ်လား မင်္ဂလာဆောင်မှာ ဘိသိက်သွန်းတဲ့ ဆရာ၊ မျက်နှာ သေသေချာချာ ကြည့်"

လမ်းသရဲလို ဝတ်ထားသော ညီညီမောင်က ဝင်ပြောသည်။

"ဟုတ်သားပဲဗျာ ခင်ဗျားနှယ် ကျုပ် ဦးရီးကို သိက္ခာချ လိုက်တာ သူက တောသဌေးဗျ၊ ဘိသိက်ဆရာ မဟုတ်ဘူး"

"သြော်....ကျွန်တော် ပြောမှားဆိုမှားဖြစ်တာ ခွင့်လွှတ်ပါ ခင်ဗျာ၊ ကိုင်း သဟာဖြင့် မိန့်ပါ၊ ဘယ်လို သုံးဆောင်ကြမယ် ဆိုတာ"

"ကောင်းပြီ၊ မုန့်ဟင်းခါးကို အကြော်နဲ့တပွဲ၊ အပြုတ်နဲ့ တပွဲ ယူခဲ့"

"ဗျာ....အကြော်နဲ့ ဆိုတာကတော့ ဟုတ်ပါပြီ၊ အပြုတ်နဲ့ ဆိုတာက ဘာလဲခင်ဗျ၊ ကျွန်တော့်ဆိုင်မှာ မုန့်ဟင်းခါးတမျိုးပဲ ရောင်းပါတယ်၊ ခေါက်ဆွဲပြုတ် မရောင်းဘူး ဘာဘကြီး"

www.burmeseclassic.com

www.burmeseclassic.com



ချစ်ဝင်းနိုင် အူကြောင်ကြောင်အသံဖြင့် ပြန်မေးသည်။

ထိုစကားကို ကြားရလျှင် လမ်းသရဲလို ဝတ်ထားသော ညီညီမောင်က ဝင်ပြောသည်။

"ခင်ဗျားကလဲ တုံးပါပေ့ဗျာ၊ အပြုတ်နဲ့ဆိုတာက ဘဲဥပြုတ်နဲ့ မုန့်ဟင်းခါးပြင်ခဲ့ဖို့ ပြောတာပါ၊ အဲဒီ ဘဲဥပြုတ်ထဲ ဘာအကြော်မှ မထည့်ခဲ့နဲ့၊ နားလည်ပြီလား"

"သြော်.... ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ နားလည်ပါပြီ"

ချစ်ဝင်းနိုင် ပြောယင်း သူတို့အနီးမှ ထွက်သွားသည်။

"အမေရေ.... အကြော်နဲ့ဘပွဲ၊ အပြုတ်နဲ့ဘပွဲ၊ အဲအဲ— အကြော်မပါပဲ ဘဲဥပြုတ်နဲ့ တပွဲပြင်ပေးပါ"

ချစ်ဝင်းနိုင် မုန့်ဟင်းခါးပွဲများကို ပြင်ပေးနေသော သူ့မိခင်ကြီးအား ပြောနေသည်။

စုရည်မွန်ကတော့ မုန့်ဟင်းခါး စားပြီးသူများနှင့် ပိုက်ဆံရှင်းနေသည်။

ကိုကိုဇော်နှင့် ညီညီမောင်တို့ နှစ်ဦးစလုံး ရုပ်ဖျက်ကောင်းနေကြသဖြင့် စုရည်မွန်မှာ သူတို့ကို လုံးဝ မမှတ်မိပေ။

သူတို့နှစ်ဦး စုရည်မွန်နောက်သို့ လိုက်၍ ချောင်းကြသည်မှာ ယနေ့တွင် တပတ်ပြည့်မြောက်သော နေ့ဖြစ်သည်။

ပထမ ခြောက်ရက်တုန်းက ချစ်ဝင်းနိုင်၏ ဆိုင်သို့ သူတို့ မရောက်ကြပေ။



ပထမသုံးရက်တွင် ချစ်ဝင်းနိုင်နှင့် စုရည်မွန်တို့ တတွဲတွဲသုပ်နေကြသည်ကို သူတို့အမိအရ ဓာတ်ပုံရိုက်နိုင်ကြသော်လည်း နောက်သုံးရက်တွင်တော့ သူတို့တတွေမှာ စုရည်မွန်တို့ကိုနောက်ယောင်ခံစဉ် မျက်ခြည်ပြတ်သွားခဲ့ကြသည်။

ယနေ့ ညနေကျမှပင် စုရည်မွန်နောက်သို့ ပြန်လိုက်ကြရာတွင် စုရည်မွန်အား နတ်သုဒ္ဓါမုန့်ဟင်းခါးဆိုင်တွင် ငွေသိမ်းနေသည်ကို တွေ့ကြရ၍ ရင်သပ်ရှုမော အံ့ဩခဆုံး ဖြစ်နေ ကြတော့သည်။

"ဟောင်မယ်ယေးယေး ကြည့်လိုက်စမ်းပါဦး ညီညီမောင်ရယ်၊ တကယ့်ထိပ်တန်း သဌေးသမီးက မုန့်ဟင်းခါး ဆိုင်မှာလာပြီး ငွေသိမ်းနေသတဲ့ဗျာ၊ တောက်....ပြောမယ်ဆို ကြုံဖူးမှသိတာ ဒါမျိုး ထင်ပါရဲ့နော်"

ကိုကိုဇော်မှာ မုန့်ဟင်းခါးဆိုင်နှင့် ခပ်လှမ်းလှမ်းတွင် သူတို့ကားကလေး ရပ်ထားယင်းမှ အသက်ပါအတိုင်းပြောနေသည်။

ညီညီမောင်ကလည်း ဒေါသထွက်နေသည်။

"အေးကွာ၊ ရာဇဝင်ရိုင်းလိုက်ပုံ များတော့ ပြောတောင် မပြောချင်ဘူး၊ အခုခနေ သူ့မိဘတွေ ပြေးခေါ်ပြီး ပြချင်လိုက်တာ"

"ဟာ အဲသလိုသာပြလိုက်ယင်တော့ သူ့အမေကြီးရှက်တာနဲ့ ရေရာတွင်လဲပြီး သေပွဲဝင်ပြီးသားပဲ၊ အရမ်းတော့ သွားမပြလိုက်ပါနဲ့ကွာ၊ ဖြည်းဖြည်းမှ ပြကြတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဖြည်းဖြည်းမှ ပြတာ အသာထား၊ အခု ငါတို့ ဘာ ဆက်လုပ်ကြမလဲ"

"ဆက်လုပ်ရမှာက အခု ငါတို့ ကားထဲကနေ စုရည်မှန်းကောင်တာကို ဓာတ်ပုံလှမ်းရိုက်မယ်၊ ပြီးယင် ငါတို့ကို မှတ်မမိ သိရအောင် သူ့ဆိုင်ထဲဝင်ပြီး မုန့်ဟင်းခါး ဝင်စားကြမယ်"

"မှတ်မိသွားယင် ဘယ်လို လုပ်မလဲ"

"ဘယ်လိုလုပ်ရမှာလဲ၊ သူ့ကို ငါတို့ ဝိုင်းလှောင်ပြီး အရှက်ခွဲကြမယ်ကွာ၊ ဘယ့်နှယ့်လဲ"

"ကောင်းတယ်၊ ငါတို့ကိုမယူပဲ ဘာမဟုတ်တဲ့ အောက်တန်းစား မုန့်ဟင်းခါးသည်ကိုမှ ယူချင်တဲ့ကောင်မ လူပုံအလယ်မှာ အရှက်ကို ခွဲပစ်မယ် သိကြရောပေါ့"

"ဟ၊ ညီညီမောင်ရ၊ သိပ်လဲ ဒေါသရှေ့မထားပါနဲ့ဦး၊ ငါတို့ လုပ်ငန်းက ပြီးသေးတာမဟုတ်တော့ သည်းခံဦးကွ၊ သူမှတ်မိ ငါတို့က အရှက်ခွဲကြတာပေါ့၊ မမှတ်မိယင်လဲ ဆိုင်ထဲက အသာ ပြန်ထွက်ပြီး သူတို့စုံတွဲကို ရိုက်ကူးထားခဲ့တဲ့ ဓာတ်ပုံ တွေနဲ့ သူ မုန့်ဟင်းခါးကောင်တာမှာ ငွေသိမ်းနေတဲ့ ဓာတ်ပုံတွေကို သူ့ မိဘပြပြီး တိုင်ကြတာပေါ့၊ မနိုပ်လား"

"သိပ် နိုပ်တာပေါ့၊ ကဲလာ၊ ဒါဆိုယင် ငါတို့ မုန့်ဆိုင်ထဲ ဝင်သွားမယ်"



"အဲ....ဝင်တာက ဟုတ်ပြီ၊ ဆိုင်ထဲကျယင် ငါ့ကို ခေါ်တာ ပြောတာ သတိထားဦး၊ ငါက အဘိုးကြီးယောင်ဆောင်နေတဲ့ သူမို့ မင်းက ရိုရိုသေသေခေါ်ကွ၊ ဒါမှ အလိမ်မပေါ်မှာ"

"ငါက ဘယ်လိုခေါ်ရမှာလဲ"

"ဖေဖေလို့ ခေါ်ပါလားကွ"

"တယ်...သေချင်းဆိုးက ဘာလို့ခေါ်ရမှာလဲ၊ မင့်ကို အဖေ ခေါ်ယင် ငါ့အမေက မင့်မိန်းမ ဖြစ်သွားမှာပေါ့၊ မခေါ်နိုင်ဘူး"

"အာ....အရေးထဲ မင်းကလဲ ကပ်နေပြန်ပါပြီ၊ ကဲကွာ.... အဖေမခေါ်ချင်ယင် ဦးလေးလို့ ခေါ်ကွာ"

"ဟင့်အင်း၊ ဒါလဲ မဖြစ်ဘူး"

"ဟော ဘာလို့ မဖြစ်ရတာလဲကွ"

"မင့်ကို ဦးလေးခေါ်လို့ရှိယင် ငါ့အဒေါ် အပျိုကြီးဟာ မင်းမိန်းမ ဖြစ်သွားမှာမို့ပေါ့ကွ"

"ဟယ်.... ချောက်ရေးထဲမှာ မင်းကလဲ ကပ်စေးနဲ့ နေပြန်ပါပြီ၊ ဒါဖြင့် ဘယ်လိုခေါ်မလဲ၊ သူငယ်ချင်းလို့တော့ မခေါ်နဲ့ကွာ၊ လူကြီးတဦးလို ခေါ်မှဖြစ်မယ်၊ အဖြစ်က သိပ်မသည်းခမ်းနဲ့ကွာ၊ ရှီးမှပဲ"

"ကောင်းပြီ၊ မင့်ကို ဦးရှီးလို့ခေါ်မယ်"

"ဟာ မင်းနာမည်ကြီးကလဲ တောဆန်လိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



"ဆန်ရမယ်လေ၊ မင့်ပုံလဲ ပြန်ကြည့်ပါဦး၊ မြို့မှမဆန်ပဲ မင့်ပုံက 'တုံပေါကြီး'ပဲ ဟ"

"ဘာလို့ကွ၊ 'တုံပေါ'ဆိုတာ"

"'တုံပေါ'ဆိုတာ 'တောပုံကြီး'လို့ ပြောတာကွ၊ သိပြီလား ဟားဟားဟား"

"တော်စမ်းကွာ၊ အရေးထဲမှာ မင်းက သိက္ခာချမနေစမ်းပါနဲ့၊ ကဲ လာ၊ ကားကို ဆိုင်နားမောင်းပြီး ဆင်းစားရအောင်"

အထက်ပါအတိုင်း ကိုကိုဇော်နှင့်ညီညီမောင်တို့ ပြောဆိုကြပြီး မုန့်ဟင်းခါးဆိုင်သို့ ဝင်လာကြခြင်းပင်။

စုရည်မွန်ကတော့ သူတို့ကို တကယ်ပင် မမှတ်မိပေ။

ကိုကိုဇော်နှင့် ညီညီမောင်တို့မှာ မုန့်ဟင်းခါးများကို စားသောက် ကြပြီးနောက် ကျသင့်သော ငွေများကို ရှင်းပေးရန်အတွက် စုရည်မွန်၏ ကောင်တာသို့ ထလာကြသည်။

ကိုကိုဇော်က အဘိုးကြီး အသံမျိုးဖြင့် စုရည်မွန်အား မေးသည်။

"တူမကြီး၊ မုန့်ဖိုး ဘယ်လောက်ကျသလဲ ဟဲဟဲ"

"ခြောက် ဘဘကြီး၊ (စုရည်မွန်၏ ခေါ်သံကြောင့် ကိုကိုဇော်ရင်ထဲတွင် အောင့်သွားသည်၊ ညီညီမောင်ကတော့ ရယ်ချင်နေသည်) အားလုံး ခြောက်ကျပ်ကျပါတယ်ရှင်...."



စုရည်မွန်က ပြုံးချိုသော မျက်နှာကလေးဖြင့် ပြန်ပြောနေသည်။

"ဟဲဟဲ... ခြောက်ကျပ်ဆိုတော့ ငါးကျပ်တန် တရွက်နဲ့ ကျပ်တန် တရွက်ပေါ့ နော် အဟိ"

အဘိုးကြီး ဟန်ဆောင်နေသော ကိုကိုဇော်က တမင်ရိနေသည်။

ညီညီမောင်က ဝင်နောက်သည်။

"ဟာ.... ဦးရီးပြောတာ မှားနေပြီ၊ ခြောက်ကျပ်ဆိုတာ တဆယ်မှာ လေးကျပ်လျော့ခင်ဗျ၊ ဟဲ ဟဲ"

စုရည်မွန်ကလည်း အညှိုးမခံ ဟာသသံဖြင့် ပြန်ပြောသည်။

"ကိစ္စမရှိပါဘူးရှင်၊ ကျပ်တန် 'ခြောက်ရွက်' ပေးသွားလည်ရပါတယ်၊ ကျွန်မတို့က စိတ်မဆိုးတတ်ပါဘူး ဘဘကြီးရဲ့၊ ခိ ခိ"

"ကိုင်း၊ သဟာလိုဆိုယင် ကျပ်တန်လေးရွက်နဲ့ ပြားငါးဆယ်စေ့လေးစေ့ ပေးလိုက်မယ်၊ ပိုယင်ပြန်မအမ်းနဲ့၊ ငါ့တူမကြီး မုန့်ဖိုးယူထားလိုက်ပေတော့၊ ဟား ဟား ဟား"

အဘိုးကြီးယောင်ဆောင်နေသော ကိုကိုဇော် ပြောသင်း ကျပ်တန်လေးရွက်နှင့် ပြားငါးဆယ်စေ့ လေးစေ့ကို ပေးကာ ဆိုင်တွင်းမှ ထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



လမ်းသရဲဂိုက်မျိုးဝတ်ထားသော ညီညီမောင်လည်း နောက်မှ လိုက်သွားသည်။

ကားပေါ်သို့ ပြန်ရောက်ကြလျှင် ကိုကိုဇော်က ညီညီမောင်ကို ပြောသည်။

''တွေ့လားကွ ညီညီမောင်၊ စုရည်မွန်တို့များ မုန့်ဟင်းခါးဆိုင်မှာ ငွေသိမ်းနေရတာ အတော်ပျော်နေပုံရတယ်၊ ဟာသတွေ ဘာတွေကို ပေးလို့၊ ဟင်း''

''အေးကွ၊ ဒီဟာမဟာ သူ့ကိုယ်သူ သဌေးသမီးဆိုတာ မေ့နေပုံရတယ်၊ ဒီတော့ ငါတို့တတွေ ဘာဆက်လုပ်ကြမလဲ''

''ဘာမှ လုပ်မနေနဲ့တော့၊ ငါတို့စုံစမ်းတာလဲ ပြည့်စုံနေပြီ မနက်ဖြန်ကျယင် သူ့မိဘတွေကို သွားတိုင်လိုက်ကြရုံပေါ့...''

''ကောင်းတယ်၊ မြန်မြန်တိုင်မှ ဖြစ်တော့မယ်ကွ၊ နို့မို့ ဟိုမုန့်ဟင်းခါးသည်ကောင်နောက်ကို ပိုပါသွားလိမ့်မယ်''

ညီညီမောင် ပြောယင်း ရပ်ထားသော ဖယ်မယ်လီယာကားကလေးကို မောင်းထွက်လာသည်။

နောက်တနေ့ နံနက် စုရည်မွန် ကျောင်း တက် နေ ချိန်တွင် ကိုကိုဇော်နှင့် ညီညီမောင်တို့မှာ ဦးကံသာလှတို့အား စုရည်မွန်နှင့်ချစ်ဝင်းနိုင်တို့အကြောင်းကို ခတ်ပုံတကွ တိုင်ကြားနေကြတော့သည်။

ဦးကံသာလှမှာ ဒေါသ ထွက်လွန်းသဖြင့် တကိုယ်လုံး တုန်ယင်နေသည်။



သူ့သမီး ဤမျှ မိုက်မဲလိမ့်မည် ဟူ၍လည်း နည်းနည်းကလေးမှ မထင်မှတ်ခဲ့ပေ။

အကယ်၍ ကိုကိုဇော်နှင့် ညီညီမောင်တို့က နှုတ်ဖြင့်သာ ရိုးရိုးလာပြောလျှင် သူ ယုံကြည်မည်မဟုတ်။

ယခုတော့ ဓာတ်ပုံတွေနှင့်တကွ ခိုင်ခိုင်မာမာ တင်ပြနေကြသဖြင့် သူ့မှာ ရင်ဘတ်ပြောတီး၊ အဲ.... ဟုတ်ပါဘူး၊ ရင်ဘတ်စည်တီး အံ့ဩဘနန်း ကျောတချမ်းချမ်း ဖြစ်ရတော့သည်။

''တောက် ခွေးမကလေး၊ အလိုလိုက်လို အမိုက်စော်ကားတယ်၊ ခွေး ခွေး သင်းဟာလူမဟုတ်ဘူး၊ ခွေးသမီး....ခွေးသမီး၊ ငါ့သမီးမဟုတ်ဘူး၊ ခွေးနဲ့ညားပြီး မွေးတဲ့ ခွေးသမီး၊ ဒါကြောင့် လုံးကြီးနေတာ''

ဦးကံသာလှ ဒေါသတကြီးဖြင့် ရေရွတ်နေသည်။

''အို....ကိုကလဲ သမီးကို ပြောယင် ရိုးရိုးပြောပါတော်၊ အခုတော့ ခွေးနဲ့ညားပြီး မွေးတဲ့ သမီးဆိုတော့ ကျုပ်မှာ နေယင်းထိုင်ယင်း ခွေးနဲ့ နောက်မီးလင်းသလို ဖြစ်မနေဘူးလားတော့၊ ဟွန်း''

ဒေါ်ရွှေဝင်း သဘောမကျသဖြင့် ဝင်ပြောသည်။

''အိုကွာ.... မင်း အသာနေစမ်းပါ၊ ငါဆိုလိုတာက မင်းမိန်းမလဲ မဟုတ်ဘူး၊ ငါ့ သမီးလဲ မဟုတ်ဘူး၊ သင်းက ခွေးဓာတ်ဝင်းနေတော့ ခွေးသမီးလို့ ပြောနေတာပါ၊ တောက်.... ဒီဟာ

www.burmeseclassic.com

www.burmeseclassic.com



မကလေး အနားမှာရှိယင် ငါ အသေကို သတ်မိမှာပဲ၊ ဟွန်
ဟွန်း ဟွန်း''

ကိုကိုဇော်ကလည်း ဦးကံသာလှ စကားအဆုံးတွင် ဝင်ရေ
နေပြန်သည်။

''ဟုတ်တယ် ဦးလေး၊ စုရည်မွန်ကို ဒီလောက် မိုက်လိမ့်
လို့ ကျွန်တော်တို့ မထင်မိဘူး၊ ကျွန်တော်တို့ကို မယူချင်နေ
ကျွန်တော်တို့ထက် သာတဲ့သူကို ယူတယ်ဆိုယင် ဖြေသာပါ
တယ်၊ အခုတော့ ဘာ မဟုတ်တဲ့ အညာ မုန့်ဟင်းခါးသည်
ကြိုက်ရတယ်လို့ပဲ၊ တွေးမိယင် မချိအောင် နာသဗျာ''

ကိုကိုဇော် အပြီး ညိုညိုမောင် ဝင်ပြောပြန်သည်။

''ကိုကိုဇော် ပြောသလိုပဲ၊ စုရည်မွန် အကြောင်းကို လိုက
စုံစမ်းတုန်းကတော့ ဟို အကောင်အကြောင်း မသိရသေ
ကျွန်တော်တို့ စိတ်ထဲမှာ ချစ်ဝင်းနိုင်ဆိုတဲ့ ကောင်ကို ကျွန်
တို့လို အထက်တန်းလွှာကပဲလို့ ထင်နေမိခဲ့တယ်၊ အဲ... အခု
မုန့်ဟင်းခါးသည်မှန်း သိရတော့ ပြောမပြနိုင်လောက်အေ
အံ့သြမိတာပါပဲ ခင်ဗျာ''

သူတို့အပြီး ဦးကံသာလှ စိတ်ဆိုး မာန်ဆိုးဖြင့် ပြန်
သည်။

''အံ့သြမနေနဲ့၊ မွဲချင်တဲ့ခွေး ပြာပုံတိုး ဆိုတာမျိုး
ဒီကောင်မကလေး ခွေးဖြစ်ချင်လို့ မုန့်ဟင်းခါးသည် ကော
ကြိုက်တာပေါ့ကွ၊ ငါကလဲ ဒီအကောင်နဲ့သာ ယူယင်
ပြတ်ပဲ၊ သင်းကို သမီးအဖြစ်ကလဲ စွန့်လွှတ်ပစ်လိုက်မယ်



''နေပါဦးလေ....ကိုကံသာလှရယ်၊ သမီးကလေး အပေါ်မှာ
တဘက်သတ် ဝိုင်းပြီး အပြစ်မတင်ကြပါနဲ့ဦး''

ဒေါ်ရွှေဝင်း ဝင် ပြောသည်။

''ဟာ၊ အပြစ်မတင်လို့ မင့်သမီး လုပ်ပုံက ချီးမွမ်းရမှာလား
ကွ၊ ပြောပါဦး''

''ကျွန်မလဲ အဲဒါကို ပြောမလို့ပါ၊ ရှင် တခု စဉ်းစားကြည့်
မ်း၊ သမီးဟာ တက္ကသိုလ်ပညာလဲ သင်နေတဲ့ သူ၊ ငွေကြေး
ချမ်းသာတဲ့ ကျုပ်တို့ သမီးလဲ ဖြစ်နေတယ်၊ ဒီလို အခြေအနေ
မျိုး ရှိပါလျက်နဲ့ ဘာမဟုတ်တဲ့ မုန့်ဟင်းခါးသည်ကို ကြိုက်တယ်
ဆိုတာ သွေးရိုး သားရိုးတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊
ကျုပ်သမီး ဆေးမိတာပဲ ဖြစ်ရမယ် သိလား''

''ဟေ.... ဘယ်ဆေးတွေ မိနေလို့လဲ၊ မင်းပြောတာ ငါ
သဘောမပေါက်ဘူး''

''ဘာဆေးရမှာလဲ၊ အောက်လမ်းဆရာတွေ ဘာ တွေ နဲ့
ပေါင်းပြီး ကျုပ်သမီးကို စိတ်ပြောင်းအောင် လုပ်ထားတဲ့
ဆေးကို ပြောတာပေါ့၊ သမီးကလေးဟာ ရိုးရိုးဆိုတော့
မုန့်ဟင်းခါးသည်က တဘက်လှည့်နဲ့လုပ်ပြီး ကျုပ် သ မီး ကို
ဆေးတွေ ဘာတွေ ကျွေးထားလိုက်လို့ အခုလို ဖြစ်တာပေါ့''

''အင်း.... ဒါလဲ ဖြစ်နိုင်တာပဲ၊ အဲ.... ငါ သတိရပြီ၊ အရင်
တုန်းကဆိုယင် ဒီမုန့်ဟင်းခါးသည်နဲ့ သမီးဟာ တည့်ကြတာ
မဟုတ်ဘူး၊ ခွန်းကြီး ခွန်းငယ်တောင် စကားများဖူးကြတာပဲ၊

www.burmeseclassic.com



ဒါကို မုန့်ဟင်းခါးသည်က လက်စားချေတဲ့အနေနဲ့ သမီးကို မင်းပြောသလို ပယောဂ ဆရာတွေနဲ့ ပေါင်းပြီး စိတ်ပြောင်း အောင် လုပ်ထားတာ ဖြစ်ရမယ်၊ ဒီတော့ ပြောစမ်း၊ ငါတို့ ဘာ ဆက်လုပ်ကြမလဲ"

ဦးကံသာလှမှာ ပိုက်ဆံ ချမ်းသာနေသော်လည်း ပညာ ဗဟုသုတကျတော့ မရှိသဖြင့် ပယောဂတို့၊ စုန်းတို့ နတ်တို့ကို ယုံကြည်နေသူ ဖြစ်သည်။

"ကျုပ် လုပ်ချင်တာကတော့ 'မျောက်ကလေးဗေဒင်'သွား မေးချင်တယ်တော်"

"ဟယ်....မင်းကလဲ တောက်တီးတောက်တဲ့၊ မျောက်က လူစကားမှ မပြောတတ်တဲ့ဟာ၊မင်းက ဘယ်ဘာသာပြန်ငှားပြီး သွားမေးမလို့လဲ"

ဦးကံသာလှ စကားကြောင့် အနီးတွင် ရှိနေကြသော ကိုကို ဇော်နှင့် ညီညီမောင်တို့မှာ ရယ်နေမိကြသည်။

"အိုတော်.... 'မျောက်ကလေး ဗေဒင်'ဆိုတာ မျောက်ကိုယ် တိုင်က ဟောတာမှ မဟုတ်ပဲ၊ သူ့ဆရာက မျောက်ကို တအား ခိုင်းတာရင့်၊ အဲဒီ မျောက်လုပ်တာကို ကြည့်ပြီး သူ့ဆရာ ဘာတွေ ဖြစ်နေတာ ဆိုတာ ပြန်ပြောတာပဲ၊ ရှင်သာ မသိတာ အဲဒီ မျောက်ကလေး ဗေဒင်ဟာ အခုတလော သိပ်ကို နာမည် ကြီးနေတာတော့်၊ မှန်လဲ သိပ်မှန်ဆိုပဲ"

ဒေါ်ရွှေဝင်းစကားကိုကြားရလျှင် ဦးကံသာလှ စိတ်ပါသွား သည်။



"ကောင်းပြီ၊ ဒါဆိုယင် မျောက်ကလေး ဗေဒင် ဆိုတာ ဘယ်နားမှာလဲ၊ အခုသွားလို့ ဖြစ်မလား"

"ဖြစ်တာပေါ့၊ လှည်းကူးနားမှာလို့ ပြောတာပဲ၊ ကျုပ်လဲ မရောက်ဖူးတော့ မသိဘူးလေ၊ ဒါပေမယ့် မျောက်ကလေး ဗေဒင်ဆိုတာ နာမည်ကြီးမို့ မေးစမ်း သွားယင် ရပါတယ် တော်"

"ဒီလိုဆို....သွားကြစို့လား၊ ဟေ့ မောင်ကိုကိုဇော်နဲ့ မောင် ညီညီမောင်တို့... မင်းတို့ကော လိုက်ကြမလား"

"ဟာ....လိုက်ပြီလား၊ ကျွန်တော်လဲ မျောက် က ဗေ ဒင် ဟောတယ်ဆိုတာ မတွေ့ဘူးလို့ ဗဟုသုတအဖြစ် လိုက်ကြည့်မယ် ဦးလေး"

ညီညီမောင်က ပြန်ပြောသည်။

မကြာမီ သူတို့တတွေမှာ မျောက်ကလေး ဗေဒင် မေးရန် အိမ်မှ ကားတစီးဖြင့် ထွက်သွားကြသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

(၁၇)

## မျောက်ကလေးဗေဒင်

ကျွန်တော်တို့ မြန်မာလူမျိုးများအနေဖြင့် ဗေဒင်နှင့်နက်[…] ကို ဘိုးစဉ်ဘောင်ဆက် ကတည်းက ယုံကြည်စွာ စွဲလမ်းလာ[…] သဖြင့် ယနေ့ တိုးတက်လှပါပြီ ဆိုသော သိပ္ပံခေတ်ကြီးမှာ[…] ထိုအစွဲအလမ်းများကို မဖျောက်နိုင်ကြပေ။

ထစ်ကနဲဆို ဗေဒင်မေး၊ လက္ခဏာမေး၊ နတ်မေး၊ ယတြာ[…] လုပ်နေကြသည်။

သည်တော့ ဗေဒင်ဆရာ၊ လက္ခဏာဆရာနှင့် နတ်ကတော်[…] တွေသာ စားသာနေကြသည်။



လာမေးသူတွေမှာတော့ ဘာမှ မထူးခြားပေ။

ပိုက်ဆံကုန်သည်သာ ထူးခြားနေတော့သည်။

သည့်ထက်ဆိုးသည်က လူမဟုတ်ပဲ အဟိတ်တိရစ္ဆာန် ဖြစ်နေသော 'စာကလေးဗေဒင်'၊ 'ခွေးကလေး ဗေဒင်'နှင့် ယခု 'မျောက်ကလေး ဗေဒင်'များကို အသိပညာ ဉာဏ်ကြီးလှပါသည်ဟု ဆိုသော လူတွေက ငွေကုန်ခံကာ မေးမြန်းနေကြခြင်းပင်။

ရယ်စရာ ကောင်းသလို ပေါ်တောတောလည်း နိုင်လှပေသည်။

ဤတိရစ္ဆာန်များမှ လူတွေလောက် အသိပညာ ပြည့်စုံကြသူတွေ မဟုတ်ပေ။

"ဒါကိုပင် လူတွေက မတွေးမိပဲ စာကလေးဗေဒင် ခေါ်မေးခြင်း၊ ခွေးကလေးဗေဒင် သွားမေးခြင်း၊ မျောက်ကလေးဗေဒင်ကို မေးခြင်း လုပ်နေကြသည်မှာ အံ့သြစရာပင်။

ဟော....ယခုလည်း ရှိလေ့....။

မဟာလူသား စစ်စစ်တွေ ဖြစ်ကြသော ဦးကံသာလှနှင့် ဒေါ်ရွှေဝင်းတို့မှာ မည်သည့် အသိပညာမှ မရှိရှာသော မျောက်ကလေးဗေဒင် မေးရန် ထွက်လာကြလေပြီ။

မျောက်ကလေး ဗေဒင်ဆရာအိမ်သို့ ရောက်ကြလျှင် သူတို့အားလုံး ကားပေါ်မှ ဆင်းခဲ့ကြသည်။

အိမ်ကလေးမှာ တထပ်အိမ်ကလေး ဖြစ်သည်။

www.burmeseclassic.com



ထိုခြံကလေးထဲတွင် သေသေသပ်သပ်ဆောက်လုပ်ထားသည်ကို တွေ့ရသည်။

ဗေဒင်လာမေးကြသူတွေမှာ သူတို့သာ မဟုတ်သေး။

အခြား လူတွေလည်း ရှိနေသည်ကို တွေ့ကြရသည်။

မျောက်၏ဆရာ ဗေဒင်အညာကတော့ အဲလေ....ယောင်လို့ ဗေဒင်ဆရာကတော့ ပက်လက်ကုလားထိုင် တလုံးတွင် ကျကျနန ထိုင်နေသည်။

သူ၏ဘေးတွင် အုန်းငှက်ပျောပွဲကြီး များစွာကို တွေ့နိုင်သည်။

ဖယောင်းတိုင်ကြီးလည်း ထွန်းညှိထားသည်။

အဲ....မျောက်ကိုတော့ သူတို့ မတွေ့ကြရသေးပေ။

မျောက်ဆရာကြီး၏ အသက်မှာ လေးဆယ်ခန့်သာ ရှိသေးသည်။

အသားမည်းမည်း၊ မျက်လုံးပြူးပြူး၊ ပါးစပ်တွဲလဲ....အဲအဲ...နှုတ်ခမ်းတွဲလွဲနှင့်ဖြစ်ပြီး ဥပတိရုပ်မှာ လိမ်ညာစားမည့် ရုပ်မျိုးဖြစ်သည်။

ကိုယ်လုံး ကိုယ်ပေါက်ကတော့ ခပ်တောင့်တောင့်ထဲကပင်။

ဦးကံသာလှတို့ ရောက်သွားသောအခါ လူနှစ်ဦး ထပြန်သွားကြသည်ကို တွေ့ကြရသည်။



တဦးက ပြန်သွားယင် သူ့အဖော်ကို လေသံ ကလေးဖြင့် ပြောသွားသည်။

"သူ ဟောတာ သိပ်မှန်တာပဲနော်"

ဦးကံသာတို့မှာ ထိုစကားကို ကြားရလျှင် မျောက်ကလေး ဗေဒင်ကို ပို၍ ယုံကြည်စိတ် ပေါက်သွားကြသည်။

သူတို့အားလုံး မျောက်ဆရာ၏ပက်လက် ကုလားထိုင်အနီးတွင်ရှိ သင်ဖြူးဖျာများပေါ်တွင် ဝင်ထိုင်ကြသည်။

မျောက်ဆရာကတော့ သူ့ကိုယ်သူ ထေရ်ကြီး ဝါကြီး ရဟန်းအသွင်ဖြင့် သူတို့ကို အပေါ်စီးမှနေ၍ ဟန်ပါပါဖြင့် ကြည့်ကာ မေးသည်။

"ဗေဒင်မေး လာကြတယ် ထင်ပါရဲ့"

ဒေါ်ရွှေဝင်းက အမြန်ပြန်ဖြေသည်။

"ဟုတ်ပါတယ်ဆရာ၊ ကျွန်မတို့ ဗေဒင် လာမေး တာပါ"

ဦးကံသာလှကတော့ မျောက်ကလေးကို မျက်စိကစားယင်း လိုက်ရှာနေသည်။

ညိုညိုမောင်ကတော့ ဗေဒင်ဆရာကို လှမ်းမေးသည်။

"ဒါထက် ဗေဒင်ဟောတဲ့ မျောက်ကလေးရော ဆရာ"

"ဟဲ့ သူငယ်၊ မျောက်မခေါ်ရဘူးကွ၊ သူက ပညာရှိမို့လို့ 'သခင်လေး' လို့ ခေါ်ပါ"

www.burmeseclassic.com

# "ဟိုက်"

ညီညီမောင်မှာ ဘာစဲဟုတ်သည့် တိရစ္ဆာန်အား 'သခင်ကလေး' ဟူ၍ အခေါ်ခိုင်းသဖြင့် 'ခါ' သွားတော့သည်။

ရယ်လည်း ရယ်ချင်နေသည်။

ဒေါ်ရွှေဝင်းကတော့ ဗေဒင်ဆရာ၏ စကားအတိုင်း အလိုက်သင့်ခေါ်သည်။

"ဟုတ်ကဲ့၊ အဲဒီသခင်ကလေးကို တွေ့ချင်လို့ လာမေးတာပါ...."

"တွေ့ရပါတယ်လေ၊ ပထမ ခင်ဗျားတို့ သိချင်တာကလေးတွေကို အယင်ပြောပါဦး၊ ခင်ဗျာတို့က ဘယ်ကလဲ"

ဗေဒင်ဆရာ ပြန်မေးသည်။

"ဒီလိုပါဆရာ၊ ကျွန်မတို့က....မြေနီကုန်း....ခြံအမှတ် တရာ့နှစ်ဆယ့်လေးကပါ၊ ကျွန်မတို့ရဲ့သမီးကလေးဟာ ဘာမဟုတ်တဲ့ မုန့်ဟင်းခါးသည်ကောင်ကို မေတ္တာသက်ဝင် ချစ်ခင်နေလို့ပါ၊ ဒါဟာ သွေးရိုးသားရိုး မဟုတ်ဘူးလို့ ကျွန်မတို့ ထင်တာနဲ့ ဆရာ့မျှောက်.... အဲအဲ.... 'သခင်ကလေး' ကို လာမေးကြတာပါရှင်...."

"အမှန်ပေါ့ဗျာ၊ ဒါထက် ခင်ဗျားတို့ သမီးအမည်က ဘယ်သူတဲ့လဲ၊ ဘာနေ့သမီးလဲ၊ အသက်ကိုပါ ပြောစမ်းပါ"



"ကျွန်မသမီးအမည်က စုရည်မွန်ပါ၊ အသက် ဆယ့်ကိုးနှစ်ရှိပါပြီ၊ အင်္ဂါသမီးဖြစ်ပါတယ်"

"ကောင်းပြီလေ၊ အခုပဲ ကျွန်တော် မေးပေးပါ့မယ်...."

ဗေဒင်ဆရာက ပြောယင်း သူ့ဘေးတွင်ရှိနေသော ခေါင်းလောင်းကလေးကို တီးသည်။

ထိုအခါတွင် ငှက်ပျောအုန်းပွဲတွေ ထားသော နေရာနှင့် ထောင့်မှန်ကျသော နေရာတွင်ရှိ အစိမ်းရောင်ခန်းဆီးကလေးမှာ ဘေးတဘက်တချက်ဆီသို့ ပွင့်သွားသည်။

ထိုအခါတွင် အတွင်း၌ ခြောက်ပေပတ်လည်ရှိ ရွှေရောင်ဖြင့် ပြုလုပ်ထားသော လှောင်အိမ်ကလေးတလုံး ပေါ်လာသည်။

ရွှေလှောင်အိမ်ကလေးထဲတွင်တော့မျောက်ကလေးတကောင် ထိုင်နေသည်ကို မြင်ကြရသည်။

ထိုမျောက်မှာ သိပ်တော့ မကြီးလှပေ။

တိရစ္ဆာန်ရုံထဲတွင် မြင်တွေ့ကြရသော မျောက်လွှဲကျော်လောက်သာ ရှိမည်။

သို့သော် မျောက်ကို ဆင်ပေးထားသော အဝတ်တွေက ထူးခြားနေသည်။

မျောက်က ကိုယ်ပေါ်တွင် ဇာတ်မင်းသားများဝတ်ဆင်လေ့ရှိသော အင်္ကျီကို ဝတ်ထားပြီး ခါးတွင် ပုဆိုးကို ထိုးပေးပြီး ကျွတ်မကျစေရန် ခါးပတ် ပတ်ပေးထားသည်။

www.burmeseclassic.com



ခေါင်းကိုလည်း ဇာတ်မင်းသားများကဲ့သို့ ခေါင်းပေါင်းကို ပေါင်းထားသည်။

အရောင်မှာ အစိမ်းနုရောင် ဖြစ်သည်။

မျက်နှာပေါ်တွင်မူ ရွှေကိုင်းမျက်မှန်တခု တပ်ထားသည်။

မျောက်၏ ပုံဏ္ဌာန်ကို ကြည့်၍ လူငယ်များ ဖြစ်ကြသော ကိုကိုဇော်နှင့် ညီညီမောင်တို့ကတော့ ရယ်ချင်နေသည်။

ဦးကံသာလှနှင့် ဒေါ်ရွှေဝင်းတို့သာလျှင် မရယ်ချင်ကြပဲ တအံ့တသြဖြစ်နေကြသည်။

ဗေဒင်ဆရာက နောက်တကြိမ် ခေါင်းလောင်းကလေးကို တီးပြန်သည်။

မျောက်ကလေးမှာ စားနေသောငှက်ပျောသီးကို ပစ်ချကာ လှောင်အိမ်တံခါးကို ဖွင့်၍ အပြင်သို့ထွက်လာသည်။

နောက် ငှက်ပျောပွဲများအနီးတွင် ရပ်ကာ 'ကွီကွီကွကွ' နှင့် အသံပြုသည်။

ပြီးတော့ ငှက်ပျောသီးကြီးများထဲမှ တလုံးကို ဖြုတ်ဟန် ပြုသည်။

"ဟော့....ဒါဘာလုပ်တာလဲ၊ ဒီကို လာစမ်း"

ဆရာဖြစ်သူ ခက်ထန်သောအသံဖြင့် မျောက်ကလေးကို လှမ်းခေါ်သည်။



မျောက်ကလေးမှာ ငှက်ပျောသီးကို မနိုက်တော့ပဲ ဆရာဖြစ်သူထိုင်နေရာသို့ ပြေးသွားပြီး ပေါင်ပေါ်သို့ တက်ထိုင်နေသည်။

ဆရာဖြစ်သူက မျောက်ကလေးကို အသာပွေ့ဖက်ကာ နားတွင်းသို့ ကပ်ကာ တိုးတိုးကလေး ပြောယင်း ဒေါ်ရွှေဝင်းတို့ဘက်သို့ လက်ညှိုးထိုးကာ ပြသည်။

မျောက်ကလေးက နားလည်ဟန်ဖြင့် နားထောင်နေသည်။

နားထောင်ပြီးနောက် သူကလည်း 'ကွီကွီကွကွ' ဖြင့် သူ့ဆရာနားကပ်ကာ ပြန်ပြောသည်။

သူတို့ကို ကြည့်နေကြသူတွေမှာတော့ အထူးအဆန်းဖြစ်နေကြတော့သည်။

ဆရာဖြစ်သူသည် ဒေါ်ရွှေဝင်းတို့ ဘက်သို့ တပြုံးပြုံးဖြင့် လှမ်းကြည့်ပြီး မေးသည်။

"သူပြောတာ သိသလား ဟဲဟဲ"

"မသိပါဘူး"

ဦးကံသာလှတို့ ဇနီးမောင်နှံ အပါအဝင် ကိုကိုဇော်တို့က သံပြိုင်ဖြင့် ပြန်ပြောကြသည်။

"မသိတာ ဘာဖြစ်လို့လဲ ဟဲဟဲ"

"နားမလည်လို့ပါ"

ကိုကိုဇော်တို့တတွေ သံပြိုင်ဖြင့် ပြောကြပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မှန်လိုက်လေ...."

မျှောက်ဆရာက ပြုံးရယ်ယင်း ပြောသည်။

"မှန်ရမယ် ဟဲ ဟဲ"

ညီညီမောင်က ရွှတ်နောက်နောက်သံဖြင့် တဦးတည်းထအော် သည်။

"ဟော့သူငယ်.... မင်းက ဘာလို့ မှန်ရမယ်လို့ အော်နေရတာ လဲ၊ ဘာမှန်လဲ"

"မာဇဒါကားက မှန်လေ၊ ဟဲ ဟဲ"

"ဘာလဲကွ၊ မင်းက ငါ့ကို နောက်နေတာလား"

မျှောက်ဆရာ ဒေါပွသွားသဖြင့် ဒေါ်ရွှေဝင်းက ဝင်ရှ တောင်းပန်နေရသည်။

"စိတ်မဆိုးပါနဲ့ဆရာ၊ ဒီသူငယ်က ပျော်တတ်လို့ပါ"

"ဟာ ... ကျောင်းအမကြီး၊ ဒီနေရာဟာ ပျော်စရာ မဟုတ် ဘူးလေ၊ စိတ်သောကတွေတွေ့နေကြရလို့ ကျုပ်ဆီကို လာအ အညီ တောင်း တဲ့ ဟာ၊ အခုလို နောက်တီး နောက်တော လုပ်နေယင်တော့ မဖြစ်ဘူး၊ ကျုပ်သခင်ကလေးက ဟော မဟုတ်ဘူးဗျ၊ ဟွန်း"

မျှောက်ဆရာက ဟန်တလုံး ပန်တလုံးဖြင့် ဟောက် သည်။



ညီညီမောင် ပြုံးဖြီးဖြီးနှင့် ပြန်ပြောနေသည်။

"ဒေါ်မကြီးပါနဲ့ ဆရာရယ်၊ ဆောရီးလို့ ဆိုယင် သဘော ကြီးကြီးထားပြီး 'ယောတောရှိ' လို့ဆိုပြီး ကျေနပ်ပါဗျာ၊ ဟဲဟဲ"

မျှောက်ဆရာမှာ ညီညီမောင်အား မျက်စောင်းတချက်ထိုး ပြီးနောက် သူ၏ မျှောက်နှင့်အတူ 'ကွီကွ ကွီကွ' လုပ်နေသည်။

ပြီးတော့ ဒေါ်ရွှေဝင်းဘက်သို့ လှမ်း၍ ပြောသည်။

"အခု ကျုပ်သခင်ကလေးက ပြောနေတယ်၊ ခင်ဗျားသမီး ဟာ ဆေးမိနေတာတဲ့၊ ဒီမုန့်ဟင်းခါးသည်ကောင်ဟာ ခင်ဗျား သမီးကို တကယ်ကြိုက်လို့ မဟုတ်ဘူး၊ ငွေကိုမက်တာနဲ့ပယောဂ ဆရာတယောက်နဲ့ တိုင်ပင်ပြီး မုန့်ဟင်းခါးသည် ကောင်ကို ခင်ဗျားတို့ သမီး ကြိုက်သွားအောင် လုပ်လိုက် တာပဲ၊ အခု ခင်ဗျားသမီး အိမ်မှာ မရှိတော့ဘူး မဟုတ်လား"

"ဟုတ်ကဲ့ဆရာ၊ မရှိပါဘူး"

ဒေါ်ရွှေဝင်း ရှိုရှိုသေသေ ပြန်ပြောနေသည်။

"ဘယ်ရှိပါ့မလဲ၊ မုန့်ဟင်းခါးသည်ကောင်ခေါ်ရာကို လိုက် သွားပြီပဲဟာ၊ ဟဲ ဟဲ"

ထိုစကားကြားရလျှင် ကိုကိုဇော်က ဝင်ပြောသည်။

"ဟာ....ဆရာကြီး မှားနေပြီလေ"

"ဟေ... ငါက ဘာတွေ မှားနေလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"စုရည်မွန်ဟာ မုန့်ဟင်းခါးသည်နဲ့ လိုက်ပြေးသွားပြီဆိုတာ"

"နို့၊ သူ့အမေက ပြောတော့ အိမ်မှာ မရှိတော့ဘူးဆိုကွ..."

"မှန်ပါတယ်၊ မရှိတော့ဘူးဆိုတာက သူဟာ အခုတက္ကသိုလ်ကျောင်းမှာ ကျောင်းတက်နေလို့ အိမ်မှာ မရှိတာကို ပြောနေတာပါ၊ မုန့်ဟင်းခါးသည်နဲ့ လိုက်ပြေးလို့ မရှိတာ မဟုတ်ပါဘူး၊ ဟဲ ဟဲ"

ကိုကိုဇော်၏စကားကြောင့် မျောက်ဆရာ ကွက်ကနဲ မျက်နှာပျက်သွားသည်။

ပြီးမှ မျက်နှာကို ချက်ချင်းပြင်ပြီး မျောက်ကလေး၏ နားသို့ တိုးတိုး တိုးတိုးလုပ်ကာ ပြောနေသည်။

မျောက်ကလည်း 'ကွိကွိ ကွကွ' ပြန်လုပ်သည်။

"ဟား ဟား ဟား၊ ကျုပ်က သခင်ကလေးကို မမေးဘဲ အရမ်း ကာရော သွားပြောတာကိုးဗျ၊ ဟား ဟား ဟား ဟုတ်တယ်၊ အခု ခင်ဗျားတို့ သမီး တက္ကသိုလ် ကျောင်းမှာဘဲ ရှိနေပါသေးတယ်၊ သူ အခု အတန်းထဲမှာ စာသင်နေပါသတဲ့ သင်တာမှ တယောက်တည်း မဟုတ်ဘူး၊ တခြား ကျောင်းသူ ကျောင်းသားတွေပါ ရှိနေပါသတဲ့၊ အဟီး"

ညီညီမောင်မှာ မျောက်ဆရာ၏ စကားအဆုံးတွင် ဝင်ပြောနေတော့သည်။



"ဆရာကြီးရယ်...စာသင်မှတော့ တယောက်တည်း သင်မတဲ့လား၊ တခြား ကျောင်းသူ ကျောင်းသား တွေလဲ ရှိတာပေါ့၊ တယောက်တည်း သင်ရအောင် သူက သီးသန့်ဆရာကို ငှားပြီး 'ပရိုက်ဗိတ်ကျူရှင်' ယူနေတာမှ မဟုတ်တာ၊ အဟဲ"

"ဟုတ်တယ်လေ၊ နို့ ငါပြောတာကကော မှားနေလို့လားကွ၊ ငါက ပြည့်ပြည့်စုံစုံ ပြောနေတဲ့ဟာ၊ မဟုတ်ဘူးလား ကျောင်းအမကြီးရယ်၊ ဟဲ ဟဲ"

"မှန်ပါတယ် ဆရာ၊ ဒီတော့ ကျွန်မသမီးကလေးကို မုန့်ဟင်းခါးသည် လက်က လွတ်အောင် ဆရာစီစဉ် မပေးနိုင်ဘူးလား"

"ဟဲဟဲ၊ စီစဉ်ပေးနိုင်ပြီလားဗျာ၊ ဒါပေမယ့် ကြေးကတော့ မနည်းဘူးနော်"

"ကိစ္စ မရှိပါဘူးဆရာ၊ ကျွန်မ သမီးကလေး မုန့်ဟင်းခါးသည်လက်က လွတ်ယင် ကျေနပ်ပါပြီ"

ဒေါ်ရွှေဝင်း ပြောအပြီး ဦးကံသာလှကလည်း ဆက်ပြောသည်။

"ဟုတ်ကဲ့၊ ငွေရေးကြေးရေး အတွက်တော့ ထည့်မပြောပါနဲ့၊ ကျွန်တော့်သမီးကလေးသာ မုန့်ဟင်းခါးသည်နဲ့ကွဲအောင် ခွဲပေးပါဆရာ"

"ဟာ...ကွဲစေရမယ်ဗျာ၊ ဒီတော့ ခင်ဗျားတို့ ဆီက ဘယ့်လောက် ယူရမယ်ဆိုတာ သူ့ကို မေးကြည့်ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



မျောက်ဆရာ ပြောယင်း မျောက်ကလေး နားနားသို့ ကပ်ကာ ပါးစပ် တလှုပ်လှုပ် လုပ်နေသည်။

မျောက်ကလေးကလည်း ထုံးစံအတိုင်း 'ကွိကွိ ကွကွ' ပြန်လုပ်သည်။

မျောက်ဆရာမှာ မျောက်ကလေးနှင့် ပြောဆိုပြီး ဒေါ်ရွှေဝင်းဘက်သို့ လှည့်ကာ ပြောနေသည်။

"ခင်ဗျားတို့ သမီးကို လည်မှာ ဆွဲပေးဖို့ လက်ဖွဲ့တခု ပေးလိုက်မယ်၊ အဲဒါကလေးကို ယူပြီး ခင်ဗျားသမီးလည်မှာ ဆွဲပေးထား၊ ချက်ချင်း စိတ်ပြောင်းပြီး မုန့်ဟင်းခါးသည်ကို မုန်းသွားလိမ့်မယ်၊ ကဲ .. သခင်ကလေး လက်ဖွဲ့ကို သွားယူ ပေးလိုက်လေကွာ"

မျောက်ဆရာ ပြောယင်း သူ့ဘေးမှ ခေါင်းလောင်းကလေးကို သုံးချက်တီးပြသည်။

မျောက်ကလေးမှာ သခင့်အလိုကိုသိဟန်ဖြင့် မျောက်ဆရာ၏ ပေါင်ပေါ်မှ ကန်တော့ပွဲများအဖြစ် ပြုလုပ် ထားသော ငှက်ပျောပွဲ အုန်းပွဲများဘက်သို့ ပြေးသွားသည်။

ဦးကံသာလှတို့နှင့် ကိုကိုဇော်တို့မှာလည်း မျောက်ကလေး၏ အပြုအမူကို ငေးကြည့်နေကြသည်။

ထိုနေရာသို့ အရောက်တွင် မျောက်ကလေးမှာ အုန်းသီးကြီး တလုံးကို ကိုင်၍ ဒေါ်ရွှေဝင်းဘက်သို့ ယူလာသည်။



ကိုကိုဇော်နှင့် ညီညီမောင်တို့ကတော့ မျောက်ကလေးမှာ သူ့ဆရာပြောသလို လက်ဖွဲ့ကို ယူမပေးပဲ အုန်းသီးကြီးကို ဆွဲယူလာသဖြင့် ပွဲကျနေကြတော့သည်။

မျောက်ဆရာလည်း မျက်စိမျက်နှာတွေ ပျက်နေသည်။

"တယ်....ဒီအကောင်၊ ဘာတွေ ယူလာတာလဲ၊ သွား၊ ဒါ မဟုတ်ဘူးလေ၊ မသိဘူးလား၊ ဟိုဟာ....ဟိုဟာ...."

မျောက်ဆရာ ဒေါသဖြင့်ဖြစ်နှင့် မျောက်ကလေး၏ ဆက်ကို တအားဆွဲကာ လက်ဖွဲ့များ ထားသော ငွေခွက်ကလေး ဆီသို့ ဆွဲခေါ်သွားသည်။

ကိုကိုဇော်နှင့် ညီညီမောင်တို့မှာတော့.... ပါးစပ် ပိတ်ကာ ရယ်နေကြမိသည်။

ဦးကံသာလှနှင့် ဒေါ်ရွှေဝင်းတို့မှာမူ ရယ်ရမလို၊ ငိုရမလို ဖြစ်နေကြသည်။

မျောက်ကလေးခမျာမှာတော့ လည်ပင်း အစ်နေ ဟန်ဖြင့် 'တခွီးခွီး' ဖြစ်နေသည်။

ညီညီမောင်မှာ ပါးစပ်ပိတ်ကာ ရယ်နေရာမှ မျောက်ဆရာကို လှမ်းပြောသည်။

"ဆရာကြီး၊ သခင်ကလေး လည်ပင်းအစ်နေပြီလေ၊ လွှတ်လိုက်ပါကော့၊ တော်ကြာ 'မာလကီးယား' သွားနေပါဦးမယ်၊ ဟီး ဟီး ဟီး"

www.burmeseclassic.com

www.burmeseclassic.com



"အို....အစ်လို သေချင်သေပေစေ၊ ဒီသေခြင်းဆိုးကို ဒီလို လုပ်မှ ဖြစ်တယ်၊ ဒီကောင်က တခါတခါ ဂြိုဟ်ဖောက်ချင်တယ် လေ၊ ငါလိုကောင်ကို ဂြိုဟ်ဖောက်ချင်လို့ ဘယ်ရမလဲ၊ ငါစိတ် ဆိုးလာပြီဆိုယင် မျောက်နဲ့ပဲ ဖက်ကိုက်ရကိုက်ရ၊ ခွေးနဲ့ပဲ ဖက် ကိုက်ရကိုက်ရ ကိုက်ရဲတယ်ကွ"

မျောက်ဆရာ၏ စကားတွေကြောင့် ကိုကိုဇော်နှင့် ညီညီ မောင်မှာ ရယ်မဆုံး ဖြစ်နေကြတော့သည်။

သူတို့၏စိတ်ထဲတွင်လည်း မျောက်ဆရာအား လူလိမ် လူညာ ဖြစ်မှန်း ပိုမို၍ သိလာကြသည်။

ခက်သည်က ဦးကံသာလှနှင့် ဒေါ်ရွှေဝင်းတို့ကမူ ယခုအထိ ယုံကြည်နေကြ၍ သူတို့မှာ မျောက်ဆရာအိမ်မှ မပြန်နိုင် ဖြစ်နေ ကြသည်။

"ကိုင်း....သွားယူပေးလိုက်၊ သွား...."

မျောက်ဆရာ ဒေါသဖြင့် မျောက်ကလေးလည်ပင်းကို နာ နာကလေး ကိုင်ကာ ခိုင်းသည်။

ဤအကြိမ်တွင်တော့ မျောက်ကလေးမှာ ရှောရှောရှူရှူပင် ငွေခွက်ထဲမှ အနက်ရောင်ကြိုးစကလေးကို ယူပေးသည်။

မျောက်ဆရာ တဟဲဟဲပြုံးပြယင်း မျောက်ကလေး လက်မှ ကြိုးကို ယူကာ ဒေါ်ရွှေဝင်းအား လှမ်းပေးသည်။

ဒေါ်ရွှေဝင်းကလည်း လေးလေး စားစားပင် လှမ်းယူ သည်။



"ဒီအတွက် ဘယ်လောက် ကန်တော့ရမလဲ ဆရာ"

လက်ဖွဲ့ကို ယူအပြီး ဒေါ်ရွှေဝင်း မေးသည်။

"သုံးရာပဲ ပေးပါလေ...ဟဲဟဲ၊ ဒါဟာ ကျောင်းအမကြီး တို့ကို ခင်မင်တဲ့အနေနဲ့ ကူညီတာနော်၊ အခကြေးငွေ ပေးရ တယ်လို့ သဘော မထားပါနဲ့"

"မထားပါဘူး ဆရာ၊ မထားပါဘူး"

ဒေါ်ရွှေဝင်း ပြောယင်း တစ်ရာတန် သုံးရွက်ကို ထုတ်ပေး သည်။

(ထိုစဉ်က တစ်ရာတန်များ တရားမဝင် မဖြစ်သေးပါ ချင်ဗျား)

"ကိုင်း ကျွန်မတို့ကို ပြန်ခွင့်ပြုပါအုံး ဆရာ"

ဒေါ်ရွှေဝင်းက ငွေပေးအပြီးတွင် မျောက်ဆရာကို နှုတ် ဆက်သည်။

"ဟုတ်ကဲ့....ဟုတ်ကဲ့၊ နောင် ကိစ္စ အထူးရှိယင်လဲ လာပါ နော်၊ ကျုပ် အစွမ်းကုန် ကူညီပါ့မယ်"

မျောက်ဆရာက တပြုံးပြုံးဖြင့် ပြန်ပြောပါသည်။

ညီညီမောင်ကတော့ ဖြဲစပ်စပ်ဖြင့် မျောက်ဆရာကို လှမ်း နောက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီး၊ မျောက်ကလေးကို အဲ... အဲ သခင်ကလေးကို အရှက်ခွဲရမလားဆိုပြီး ကျွန်တော်တို့ မရှိတုန်း သိပ်ရိုက် မနေနဲ့နော၊ မတော်... လက်လွန်သွားလို့ မျောက်ကလေး.... အဲလေ သခင်ကလေး သေသွားလို့ ဆရာကြီးအတွက် ညာစားစရာ မရှိ... အာ....ဟုတ်ပါဘူး၊ ဗေဒင်ဟောစရာမရှိ ဖြစ်နေပါဦးမယ်၊ ဟီး ဟီး ဟီး"

"အဲဒါ မင်းကိစ္စ မဟုတ်ပါဘူး၊ ကြမ္မာသာ မြန်မြန်ကြ၊ မျောက်အတွက်ပူရအောင် မင်းက ငါ့မျောက်ရဲ့မယားပါ သားမို့လို့လားကွ၊ ဟွန်း"

ညီညီမောင်မှာ မျောက်ဆရာ၏ ရင့်သီးလှသော စကားတို့ကြောင့် ဒန်ကော၍ ဒေါကန်သွားတော့သည်။

"ဟင်၊ ခင်ဗျား စကား ပြောတာ ရိုင်းလှ ချည်လားဗျ၊ ကျုပ်က စေတနာနဲ့ ပြောတာကို အခုလို ပြောတာ ကောင်းသလား၊ ခင်ဗျားသတ္တိရှိယင် ဖိုက်မလား၊ လာလေ"

ညီညီမောင်ပြောယင်း 'ဘောက်ဆာ'သမား၏ ဟန်မျိုးဖြင့် လုပ်နေသည်။

မျောက်ဆရာကလည်း အညံ့မခံပဲ ပြန်'တီး'ရန် ပြင်သည်။

ဤတွင် ဦးကံသာလှနှင့် ကိုကိုဇော်တို့က ညီညီမောင်ကို ဝိုင်း ဆွဲထားကြသလို အခန်းတွင်းမှ အသက်ငါးဆယ်ခန့်ရှိ လူကြီး တဦးမှာ ပြေးထွက်လာကာ မျောက်ဆရာကို ဆွဲထားရသည်။



ယင်းသို့ ဆွဲထားယင်းမှ ထိုလူကြီးမှာ ဦးကံသာလှနှင့် ဒေါ်ရွှေဝင်းတို့ကိုပါ မြင်သွားသည်။

မြင်လျှင်မြင်ချင်း သူ၏ မျက်နှာပေါ်တွင် အလွန် ဝမ်းသာသွားသည့်အသွင် ပေါ်လာတော့သည်။

"ဟာ....မင်း....မင်း မန္တလေးက သာထူး မဟုတ်လား၊ အလို....ဟိုဟာကလဲ ညွန့်ညွန့် မဟုတ်လား၊ ငါ ဖိုးတေလေကွာ"

ဦးကံသာလှနှင့် ဒေါ်ရွှေဝင်းတို့မှာ ထိုလူကို တွေ့ရလျှင် တစ္ဆေသရဲ တွေ့မြင်လိုက်ကြရသလို တကိုယ်လုံး တုန်ယင်သွားကြပြီး မျက်စိ မျက်နှာတွေပါ အကြီးအကျယ် ပျက်ကုန်ကြတော့သည်။

"ဘယ်က ဖိုးတေလဲ၊ ကျုပ် မသိဘူး၊ ကဲ....လာကြဟေ့၊ သွားကြစို့"

ဦးကံသာလှ ခပ်မာမာပြောယင်း မျောက်ဆရာ၏အိမ်ပေါ်မှ ဆင်းသွားသည်။

သူ့နောက်မှ ကိုကိုဇော်တို့လည်း လိုက်ပါ သွားကြသည်။

ဖိုးတေဆိုသူကတော့ သူတို့ကို နောက်မှ ခပ်ငေးငေးကလေး လှမ်းကြည့်နေသည်။

"ကိုကြီး၊ သူတို့ကို ခင်ဗျား သိသလား"

ဦကံသာလှတို့ကား ထွက်အသွား၌ မျောက်ဆရာက မေးသည်။

"သိတာပေါ့ကွ၊ သင်းတို့ဟာ မန္တလေးကနေ ပျောက်ချင်းမလှ ပျောက်သွားကြတဲ့ သာထူးနဲ့ ညွန့်ညွန့်တို့ပဲကွ၊ ဟန်ကျပြီ၊

www.burmeseclassic.com

www.burmeseclassic.com



ငါတို့တတွေ ဆယ့်ငါးနှစ်လုံးလုံး လိုက်ရှာနေရတဲ့ လင်မယား ကို ဒီကနေ့ကျမှ မမျှော်လင့်ပဲ တွေ့ကြရတော့တယ်၊ သာထူး ရယ်....မင်း ဘယ်လိုပဲ ပုန်းပုန်း အခုတော့ လုံးလုံးကို ပေါ်နေ ပါပြီကောလား၊ ဟား ဟား ဟား"

ဦးဖိုးတေ တဟားဟား ရယ်နေသော်လည်း မျှောက်ဆရာ ကမူ အမိပွာယ် နားမလည်ဟန်ဖြင့် သူ့ကို ငေးကြည့်နေတော့ သည်။

*　*　*

(၁၈)

## သမီးထံသို့ လိုက်လာကြခြင်း

တိုက်ဆိုင်မှုဟူ၍ပင် ဆိုရမည်လော မသိ။

ဦးကံသာလှတို့ မျှောက်ကလေးဗေဒင် သွားမေးနေချိန်မှာ ပင် စုရည်မွန်ကတော့ ချစ်ဝင်းနိုင်ထံသို့ ရောက်နေတော့သည်။

ယခု ရောက်နေခြင်းမှာ နေတွေ မဟုတ်တော့ပေ။

ချစ်ဝင်းနိုင်နှင့် ရာသက်ပန်လုံး မခွဲပဲ လက်တွဲ၍နေရန်ရောက် နေခြင်း ဖြစ်သည်။

သူ ထိုသို့ နေတော့မည့် အကြောင်းကိုလည်း သူ၏အတန်းမှ သူငယ်ချင်းဖြစ်သူ စီစီအား အိမ်သို့ စာအပေးခိုင်းခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



စီစီမှာ စုရည်မွန် ပေးခိုင်းလိုက်သော စာကလေးဖြင့် ဦးကံသာလှတို့ အိမ်ရောက်ချိန်နှင့် ဦးကံသာလှတို့ မျောက်ကလေး ပေဒင်ဆရာအိမ်မှ အိမ်သို့ ပြန်ရောက်ချိန်နှင့် စီစီရောက်ချိန်မှာ ရှေ့ဆင့်နောက်ဆင့် ဖြစ်နေသည်။

ကိုကိုဇော်နှင့် ညီညီမောင်တို့မှာလည်း ဦးကံသာလှတို့အိမ်တွင်ပင် ရှိသေး၍ စီစီကို မြင်ရလျှင် အံ့ဩသံဖြင့် လှမ်းမေးကြသည်။

"ဟ စီစီ၊ နင် ဒီကနေ့ ကျောင်းမတက်ဘူးလား"

ညီညီမောင်၏ မေးသံ။

ကိုကိုဇော်ကလည်း ပြုံးဖြီးဖြီးဖြင့် မေးသည်။

"ဘာလဲ၊ နင် ဒီကနေ့ ကျောင်းကလစ်ပြီး စုန့်လစ်ကြမလို့ လာတာလား"

"အံမာ နင်တို့လို (Play truant) ကျောင်းပြေး တွေ့ မှတ်နေလို့လား၊ နင်တို့သာ 'ကလပ်စ်'ကို 'တက် တရက်၊မတက် တရာ'လုပ်နေကြတာပါ၊ ငါကကိစ္စရှိလို့ ဒီတနေ့ပဲ ကျောင်းက လစ်တာပါ၊ ဟွန်း"

စီစီက မျက်စောင်းကလေး ထိုးယင်း သူတို့ကို ပြန်ပြောရှ သည်။

ဒေါ်ရွှေဝင်းက ဝင်မေးသည်။

"သမီးက ဘာကိစ္စ ရှိလို့လဲကွ၊ သမီးသူငယ်ချင်း ကျောင်း တက်နေတယ်လေ၊ သူနဲ့ မတွေ့ကြဘူးလား"



"တွေ့ပါတယ် အန်တီ၊ တွေ့လို့လဲ သမီး ဒီကို လာခဲ့တာပဲ၊ ဟောဒီမယ်....မိစုက အပေးခိုင်းလိုက်တဲ့စာ"

စီစီ ပြောယင်း စုရည်မွန် အပေးခိုင်းသောစာကို ဒေါ်ရွှေဝင်းထံသို့ လှမ်းပေးသည်။

အနီးတွင် ရှိနေသော ဦးကံသာလှက ဒေါ်ရွှေဝင်းလက်မှ စာကို ဆွဲယူကာ ဖတ်ကြည့်သည်။

ဖေဖေနဲ့ မေမေတို့ရှင်....

သမီး ရှိသေစွာ စာရေးခဲ့ပါတယ်....။

အခု ဒီစာရတဲ့အချိန်မှာ ဖေဖေ မေမေတို့ရဲ့ သမီး မိုက်ကလေး တယောက်ကတော့ ချစ်သူနောက်ကို လိုက်သွားခဲ့ပါပြီ၊ သမီးအနေနဲ့ ဒီလို မလုပ်သင့်ဘူး ဆိုတာ နားလည်ပေမယ့် သမီးချစ်တဲ့သူနဲ့ မခွဲနိုင်တော့လို့ လိုက်သွားရတာပါ၊ သမီး အခုလို လိုက်သွားပေမယ့် ဖေဖေနဲ့ မေမေတို့ ဆင်ထားတဲ့ လက်ဝတ် လက်စား တွေရော၊ အဝတ်တွေပါ ယူမသွားပါဘူး၊ အားလုံး သမီးအခန်းထဲမှာ ထားခဲ့ပါတယ်၊ သမီး ချစ်သူကလဲ မိဘဆင်ထားတဲ့ ပစ္စည်းတွေ ဘာဘာခုမှ ယူမလာရဘူးလို့ ပြောထားပါတယ်၊ သမီး အခုလို ပြုမူသွားတဲ့အတွက် ဖေဖေရော မေမေပါ ဒေါသ အင်မတန် ဖြစ်ကြမယ်ဆိုတာ သိပေမယ့်လဲ ထောင့်ငါးရာနဲ့ ငါးရာ့နှစ်ဆယ်ရှစ်တို့ ပွန်ဆွဲပွဲမှာ ထောင့်ငါးရာတည်းဟူသော မေတ္တာဓာတ်ကပြင်းစွာ

www.burmeseclassic.com

www.burmeseclassic.com



ဟပ်တာကြောင့် သမီး ချစ်သူဆီ ပါသွားခဲ့တာပဲ သမီးကို ခွင့်လွှတ်ကြပါနော်....။

အင်း....တောင်းသာ တောင်းပန်နေရပေမယ့် ဖေဖေကတော့ မေမေ့ထက်ပိုပြီး ဒေါ်ပွနေမယ်ဆိုတာ သမီး သိပါတယ်။

အခုလောက်ဆိုယင်ဖေဖေ့ရဲ့ ကျားတကောင်အောင်နိုင်တဲ့ နှုတ်ခမ်းမွေးကြီးတွေဟာ ထိုးထိုးထောင်ထောင် ထပြီး ဒေါ်ပွနေမှာ မြင်ယောင်မိပါတယ်...။

ဒီစာနဲ့အတူ ကိုကိုဇော်နဲ့ ကိုညီညီမောင်တို့ကိုလဲ နှုတ်ဆက်ခဲ့ပါတယ်....

သမီးမိုက်ကလေး

စုရည်မွန်

"ဟောဗျ....ဒီတခါမှ လုံးလုံးကိုဆုံးရတော့တာပဲနော်ဟွန်း" ဦးကံသာလှ စာဖတ်၍ အဆုံး၌ ကိုကိုဇော်ထံမှ စိတ်ပျက်စွာဖြင့် ညည်းညူသံ ပေါ်လာသည်။

ညီညီမောင်လည်း မှိုင်ကျသွားသည်။

ဒေါ်ရွှေဝင်းကတော့ တရှုပ်ရှုပ်ဖြင့် ငိုနေသည်။

"တောက် ခွေးမကလေး၊ လူလိုမလုပ်ဘူး၊ ခွေးလိုလုပ်သွားတယ်၊ ပြီတော့ လင်နောက်လိုက်ယင် ကောင်းကောင်းလိုက်



သွားတာမဟုတ်ဘူး၊ မဆီမဆိုင် ငါ့နှုတ်ခမ်းမွေးကြီး ဆွဲထည့်သွားသေးတယ်၊ ထွီ မွေးရကျိုး ဘော်တော်နပ်တဲ့ သမီး၊ ဖွတ်"

ဦးကံသာလှ ဒေါသဖြစ်လွန်းနေ၍ နှုတ်ကသာ မကသေး၊ ဖင်ကပါ ဒေါသခိုးတွေ ထွက်ပြလိုက်သည်။

ယင်းသို့ ဦးကံသာလှ ဖင်က ထွက်လိုက်သော ဒေါသခိုးတွေမှာ အနံ့ပြင်းထန်လွန်းလှ၍ အနီးတွင်ရှိနေကြသော ကိုကိုဇော်နှင့် ညီညီမောင်တို့မှာ ကပျာကသီ သူတို့နှာခေါင်းများအား လက်ကိုင်ပဝါများဖြင့် ပိတ်ထားကြရသည်။

စိစိကတော့ အနံ့လာသည်နှင့် လွတ်ရာ လေဆန်ဘက်သို့ အသာ သွားရပ်နေသည်။

"ကဲပါ၊ ရှင့်ဒေါသတွေကို တဆိတ်လောက် ဘေးချိတ်ထားစမ်းပါဦးတော်၊ နံလွန်းလို့ပါ"

ဒေါ်ရွှေဝင်းက ငိုသံပါကြီးဖြင့် ပြန်ပြောသည်။

"မထားနိုင်ပါဘူး၊ မင့်သမီးလုပ်ပုံကောင်းလို့လား၊ ဒီဟာမကလေး တွေ့များတွေ့ရယင် သတ်ကို ပစ်မယ်၊ ဟွန်း"

"ဪ.... ကိုကံသာလှရယ်... ရှင်မလဲ တဆိတ်ရှိ သတ်မယ်ဖြတ်မယ်ချည့်သာ ပြောနေတာကိုး၊ ခေါင်းအေးအေးထားစမ်းပါတော့၊ သမီးကလေးမှာက ပယောဂဝင်နေလို့ အခုလိုလုပ်သွားတဲ့ဟာ၊ ဒီတော့ ကျွန်မတို့တွေ သမီးကလေးနောက်ကို လိုက်ကြရအောင်"

www.burmeseclassic.com

www.burmeseclassic.com



"ဟ၊ လိုက်ကြရအောင် ဆိုရအောင် ဒီဟာမကလေး ဘယ်လို လစ်သွားတယ်ဆိုတာ မင်းက သိလို့လား၊ ဟိုအကောင်ရဲ့အိမ်ကို လဲ ငါတို့ သိတာမှ မဟုတ်ပဲ"

"ကျွန်တော်တို့ သိပါတယ် ဦးလေး"

ညီညီမောင်က ဝင်ပြောသည်။

"ဟေ.... ဒါဆို ဟန်ကျတာပေါ့၊ ကဲ လာ၊ ငါတို့ အဲဒီကို သွားကြမယ်၊ ဩော်....သမီးစီစီကော လိုက်ခဲ့မလား"

"သမီး မလိုက်တော့ဘူး အန်ကယ်...."

"ကောင်းပြီလေ၊ သမီး မလိုက်ချင်လဲ ရပါတယ်၊ ကဲ... အန်ကယ်တို့ သွားကြမယ်"

ဦးကံသာလှ ပြောယင်း ရှေ့မှ အယင် ဆင်းသွားသည်။

ကျန်လူတွေက နောက်မှ လိုက်သွားကြသည်။

"သူ့အကောင်က ဘယ်နားမှာ နေတာလဲကွ...."

ကားပေါ်သို့အရောက်တွင် ဦးကံသာလှက ကိုကိုဇော်တို့ကို လှမ်းမေးသည်။

သူတို့နှစ်ဦးက ဒရိုင်ဘာဘေးတွင်ထိုင်ကြပြီး ဦးကံသာလှနှင့် လင်မယားက နောက်ဘက်တွင် ထိုင်ကြသည်။

"ဗားဂရာဘက်မှာပါ အန်ကယ်"



ကိုကိုဇော် ပြန်ပြောသည်။

"ဟ၊ ဗားဂရာဘက်ဆိုတော့ အသုဘခေါင်းတွေ လုပ်တဲ့ အိမ်တွေမှာလားကွာ"

ဦးကံသာလှ တုန်လှုပ်သံဖြင့် မေးနေပြန်သည်။

"မဟုတ်ပါဘူး အန်ကယ်ရဲ့၊ အဲဒီဘက် မရောက်ပါဘူး၊ အဲ .... လမ်းနာမည်တော့ ကျွန်တော် မသိဘူး၊ အိမ်ကိုသာ ရောက်အောင် လိုက်ပြတတ်တာ ဟဲ ဟဲ"

"အေးလေ ... ဒီအကောင့်အိမ် ရောက်ယင်လဲ ပြီးတာပါ"

ဦးကံသာလှ စကားအဆုံးတွင် ကားမောင်းသူက မောင်း ထွက်ခဲ့သည်။

ထိုအချိန်တွင် စုရည်မွန်မှာ ချစ်ဝင်းနိုင်၏အိမ်သို့ ရောက်နေ လေပြီ။

ပထမတော့ ချစ်ဝင်းနိုင်စိတ်ထဲတွင် ယခင်နေ့များကဲ့သို့ သူ့ဆိုင်တွင် လာ၍ လုပ်အားပေးရန် ရောက်လာခြင်းဟူ၍ ထင်မှတ်နေသည်။

"ဟေး.... စု၊ ဒီကနေ့ လာတာ စောလှချည်လား၊ ဒီမှာဖြင့် ဟင်းရည်တောင်း ချက်တုန်းရှိသေး၊ ကေတ္တ ကောင်မကလေး ကျောင်းက လစ်လာပြီထင်တယ်၊ ဟဲ ဟဲ"

စုရည်မွန် အိမ်ထဲသို့ရောက်အလာတွင် ချစ်ဝင်းနိုင်က ရယ်မောမော ပြောနေသည်။ ချစ်ဝင်းနိုင်၏ မိခင် ဒေါ်မြချစ်က တော့ မီးဖိုထဲတွင် မုန့်ဟင်းခါးရည်များကို ချက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"စောဆို.... စု ကျောင်းမှ မတက်ပဲ၊ မောင့်ဆီကို တန်းပြေးလာခဲ့တဲ့ဟာ...."

"ကိုင်း၊ ဒါဖြင့် ထိုင်ပါဦးလေ၊ လက်ဖက်ရည်သောက်မလား၊ မောင် သွားဝယ်ပေးမယ်"

"အို.... လက်ဖက်ရည် အသာထားစမ်းပါ၊ ဒီမယ်မောင်....စုကို တော ခိုးပြေးမယ်ဆို"

"အင်းလေ"

"အင်းလေဆိုယင် အဖျင်းတွေပြောမနေနဲ့၊ စု အခုလာတာ မောင်နဲ့ခိုးရာလိုက်ဖို့ အိမ်က တခါတည်း လစ်ထွက်လာခဲ့တာပဲ"

"ဗုဒ္ဓေါ"

ချစ်ဝင်းနိုင် မျက်လုံး ပြူးကျယ်သွားသည်။

"ဗုဒ္ဓေါတွေ ဒုက္ခာတွေ လုပ်မနေနဲ့၊ အဟုတ်ပြောနေတာ၊ စုကို ခိုးမှာဖြင့် မြန်မြန်ခိုး၊ တော်ကြာ အိမ်က သိလို့လိုက်လာယင် ကွဲကနဲ မိနေလိမ့်မယ်"

"ဟယ်.... စုဟာက ကသောကမျောကြီးပါကလား၊ ဒါမျိုးဆိုတာ ငှက်ပျောသီး အခွံနွှာစားသလို မလွယ်ဘူးလေ၊ အခု စုလုပ်ပုံက ဘာနဲ့ သဏ္ဍာန်တူသလဲဆိုတော့ တပ်မတော်က အလစ်ဝင်တိုက်တာ ခံရလို့ ကြောက်အား လန့်အားနဲ့ ထပြေးရတဲ့ သောင်းကျန်းသူတွေလို ဖြစ်မနေဘူးလား စုရဲ့၊ ဟားဟား ဟား"



"အံမာ ဒီက အကောင်း ပြောနေတာကို သူက ရယ်လားမောလားနဲ့ ပေါ့ပျက်ပျက် လုပ်နေလိုက်တာ၊ ဘာလဲ မောင်က စု ချစ်သလို မချစ်လို့ အခုလို လုပ်နေရတာလား ဟင်၊ မချစ်ယင်လဲ ရပါတယ်လေ၊ စုထိုက်နဲ့ စုကံပေါ့၊ ကဲ...ပြန်တော့မယ်"

စုရည်မွန် စိတ်ကောက်ကာ အိမ်ပေါ်မှ ပြန်ရန် ပြင်သည်။

"ဟေး ဟေး အစ်မလေး၊ စီလို မလုပ်နဲ့လေ၊ ဒေါ်စကလဲ အားကီး ကြီးသကိုး၊ ဟဲ ဟဲ"

ချစ်ဝင်းနိုင်မှာ နောက်မှ လှမ်းဆွဲကာ တားထားရသည်။

"ကြီးမှာပေါ့၊ မောင်က အေးတိအေးစက် လုပ်နေတာကိုး၊ စုက မိန်းကလေးတန်မဲ့နဲ့ အရှက်ကို မငဲ့ကွက်ပဲ အတင်း ခိုးခိုင်းနေတာတောင် ယောကျ်ားဖြစ်တဲ့ မောင်က ဖင်ခေါင်း တတောင်လောက် ကျယ်ပြနေတာကိုး"

"ရှူး.... တိုးတိုးလုပ်ပါ၊ တခြားသူတွေ ကြားသွားယင် ဂွက်စရာကြီး၊ အဟီး"

ချစ်ဝင်းနိုင် ဟာသတွေ လုပ်နေသည်။

"မောင်နော် ... မောင်၊ ဒီအချိန်ဟာ နောက်ပြောင်နေရမယ့်အချိန် မဟုတ်ဘူး၊ စက္ကန့်နဲ့အမျှ အရေးကြီးတယ်ဆိုတာ သိရဲ့လားဟင်"

စုရည်မွန်မှာတော့ ချစ်ဝင်းနိုင် အပြုအမူကို အားမရ ဖြစ်သည်။

www.burmeseclassic.com

"အေးပါ၊ မောင်က နောက်နေတာ မဟုတ်ပါဘူး၊ စု အမြ
အမူတွေက မြန်ဆန်အားကြီးလို့ပါ၊ အခုလို ခိုးရာလိုက်ဖို့ ကြံယင်
လဲ မနေ့တုန်းက မောင့်ကို ကြိုကြိုတင်တင် ပြောသွားပါလား၊
အခုတော့ စု လုပ်ပုံက ဗြုန်းစားကြီးဆိုတော့ မောင်လဲ ဘယ်လို
စီစဉ်ရမှန်း မသိ ဖြစ်နေတယ်"

"အို... ကြိုကြိုတင်တင် ပြောမသွားတာကတော့ စုလဲ မနေ့
တုန်းကတော့ အခုလို စီစဉ်ဖို့မှ မရည်ရွယ်ပဲ၊ အဲ... ညကျမှ
ဒီအတိုင်းသာ နေယင်တော့ မောင်နဲ့ ကွဲကြလိမ့်မယ်၊ ဖေဖေရော
မေမေရော စုကို မောင်နဲ့တော့ ဘယ်နည်းနဲ့မှ ပေးစားကြမှာ
မဟုတ်ဘူး၊ မပေးစားမယ့် အတူတူ အချိန်ဆွဲနေမယ့်အစား
မောင်နဲ့ အမြန်ဆုံး ခိုးရာလိုက်ပြေးတာဟာ အကောင်းဆုံးပဲလို့
စိတ်ကူးရတာနဲ့ အခုလို လာခဲ့တာပဲ၊ အိမ်ကိုလဲ မောင်နဲ့ ခိုးရာ
လိုက်ပြေးသွားတဲ့အကြောင်း စာရေးခဲ့ပြီးပြီ"

စုရည်မွန်၏ စကားများကို နားထောင်ယင်း ချစ်ဝင်းနိုင်
ခေါင်းကုတ်နေမိသည်။

"ကိုင်း ထားပါတော့၊ ခိုးရာလိုက်ပြေးမယ့်သူက ဘယ်မှာလဲ
သေတ္တာတွေ၊ အဝတ်တထည် ကိုယ်တခုနဲ့ပဲ ပြေးမလို့လား"

"ဟုတ်တယ်၊ မောင်ပဲ ပြောထားတယ် မဟုတ်လား၊
မောင်နဲ့ လက်ထပ်တဲ့အခါ စုမိဘပစ္စည်းတွေ ဘာမှ ယူမလာနဲ့ဆို
ဒါကြောင့် သူတို့ပစ္စည်းတွေ အကုန် ထားပစ်ခဲ့တာပေါ့"



"နို့၊ အခု စုကိုယ်မှာ ဝတ်ထားတာကကော သူတို့ပစ္စည်း
တွေ မဟုတ်ဘူးလား၊ ဒါကိုကော ဘာလို့ မထားခဲ့တာလဲ၊
ဟား ဟား ဟား"

ချစ်ဝင်းနိုင် စ,နေသည်။

"မောင်နော်... သူများကို မခံချင်အောင် စ,မနေနဲ့၊
ဒီအဝတ်တွေကို မဖြစ်လို့ ဝတ်လာရတာပေါ့၊ အခု မောင့်ဆီ
ရောက်ယင် ဒီအဝတ်တွေကို ချွတ်ပြီး သူတို့ကို ပြန်ပေးလိုက်မှာ
ပါ၊ ပေးလေ... မောင့်အိမ်က အဝတ်

"ရော၊ မောင့်အိမ်က အဝတ် ပေးရမယ်ဆိုယင် မောင့်ပုဆိုး
တွေပဲ ရှိတယ်၊ ဒါတွေကို ဝတ်မလို့လား၊ အဟီး"

"ကြည့်ပါလား၊ သူ နောက်နေပြန်ပြီ၊ မောင့် အစ်မတို့
အမေတို့ လုံချည် အင်္ကျီတွေကို ပြောနေတာ၊ သိလား"

"ဟား ဟား ဟား၊ အလကား မောင်က နောက်နေတာပါ
ကွယ်၊ ဒါတွေ ဝတ်မနေပါနဲ့၊ မောင်ကိုယ်တိုင် စုအတွက်
အသစ်စက်စက်တွေ ဝယ်ပေးပါ့မယ်ကွာ"

"အဲဒီ အဝတ်ကိစ္စ နောက်ထား၊ အခု လောလောဆယ်
ကို ဘယ်တော့ ခိုးပြေးမှာလဲ၊ ပြောစမ်း"

"ဟာ... စုရာ၊ ဒီကနေ့တော့ မခိုးပါရစေနဲ့ဦး၊ ညနေဘက်
ပြင်ဆင်ရဦးမယ်လေ၊ မုန့်ဟင်းခါး ဟင်းရည်ကလဲ ချက်နေပြီ"

"အို...အရေးထဲ သူက စီးပွားရှာနေပြန်ပါပြီ၊ မုန့်ဟင်းခါး
ပြီ ချက်ပြီးယင်လဲ မောင့် အမေကိုပဲ ရောင်းခိုင်းပေါ့၊ စုနဲ့

www.burmeseclassic.com

မောင်က အခု ရုံးကို သွား၊ နှစ်ဦးသဘောတူ လက်ထပ်မယ်၊ ပြီးယင် တောကို တပတ်လောက် ရှောင်နေမယ်၊ နောက် ဟောဒီကို ပြန်လာပြီး မုန့်ဟင်းခါးဆိုင် ပြန်ဖွင့်ကြတာပေါ့၊ စု ပြောတာ ဘယ်လိုလဲ''

စုရည်မွန် စကားကြောင့် ချစ်ဝင်းနိုင်မှာ လက်တွင် ပတ်ထားသော နာရီကို ငုံ့ကြည့်မိသည်။

နေ့လယ် နှစ်နာရီ ထိုးလုနေပြီ။

"ဟ၊ စုရ.... နှစ်နာရီပဲ ထိုးတော့မယ်၊ ရုံးသွား လက်ထပ်လို့ မီပါဦးမလား''

"ရုံးမှာ လက်ထပ်ဖို့ မမီယင် နီးရာ ရဲစခန်း တခုခုမှာ လက်ထပ်လို့ ရတာပဲဟာ''

"နေစမ်းပါဦး၊ စုက ဘာဖြစ်လို့ လက်ထပ်ဖို့ကိစ္စကို အလောတကြီး လုပ်နေရတာလဲ၊ မောင့်ကို မယုံလို့လား''

"မောင့်ကို မယုံမှတော့ အခုလို လာပါ့မလားလို့၊ ဒါပေမယ့် ဖေဖေနဲ့ မေမေတို့ လိုက်လာကြပြီး ခွဲကြယင် စုဟာ မောင့်ရဲ့ တရားဝင်မိန်းမ ဖြစ်နေပြီဆိုတာ ပြနိုင်အောင်လို့ ပြောနေတာရှင့်၊ သိပြီလား၊ ကိုဒုန်းဝေးကြီးရဲ့''

စုရည်မွန် ပြောပြောဆိုဆိုနှင့် ချစ်ဝင်းနိုင်၏ ပါးနှစ်ဘက်ဆီ တအား ဆွဲပစ်သည်။



"အား.... နာလိုက်တာ၊ ဘယ့်နှယ် သူများပါးကို တအားသာဆွဲရတာလဲ၊ လူကိုများ လေလံပွဲမှာ တင်ရောင်းနေတဲ့ နွားထီးကြီးများ မှတ်နေလို့လား စုရဲ့၊ အဟီး''

ချစ်ဝင်းနိုင် ပြန်ပြောနေခိုက် သူတို့ အိမ်ရှေ့သို့ ဦးကံသာလှ၏ ကား ရောက်လာသည်။

ဒါကို စုရည်မွန်က အယင် မြင်လိုက်ရသည်။

"ဟောတော့... ပြောယင်း ဆိုယင်း ဖေဖေတို့ ရောက်လာကြပြီ၊ သူတို့ စုရေးတဲ့စာကို ရလို့ လိုက်လာကြတာပဲ၊ ဘယ်လိုလုပ်ကြမလဲ''

စုရည်မွန် ထိတ်လန့်သံကလေးဖြင့် မေးနေသည်။

"ဘယ်လို လုပ်ရမှာလဲ၊ စုက မောင်နေတဲ့ လိပ်စာကို ဘာလို့ ရေးခဲ့သလဲ၊ ဒါကြောင့် သူတို့သိပြီး လိုက်လာကြတာပေါ့''

"တောက်တီး တောက်တဲ့....၊ စုက ဒီလို ရေးပါ့မလား''

"မရေးပဲနဲ့ သူတို့က ဘယ်လိုလုပ်ပြီး မောင့်အိမ်ကို သိကြတာလဲ''

"ဒါတော့ စု မသိဘူး၊ ဟော....သူတို့ ကားပေါ်က ဆင်းလာကြပြီ၊ ဒီတော့ မောင့် အခန်းထဲမှာ စု ဝင်ပုန်းနေမယ်နော်၊ သူတို့က မေးယင် စု ရောက်မလာဘူး လို့သာ ခပ်တည်တည်နဲ့ ဖြီးလွှတ်လိုက်ပေတော့၊ ပြောရဲ့ရဲ့လား''

www.burmeseclassic.com



"ဟာ....ဘာမပြောရဲစရာ ရှိသလဲ၊ လောကကြီးမှာ လိမ်တာတွေ ညာတာတွေ လုပ်ရတာ လွယ်ပါတယ်လေ၊ မှန်တာပြောဖို့သာ ခက်တာကလား၊ ဟား ဟား ဟား"

ချစ်ဝင်းနိုင်၏ စကားတွေကို စုရည်မွန် ဆက်နားထောင်မနေတော့ပေ။

ထိုနေရာမှ အမြန်လစ်ကာ ဒေါ်မြချစ်၏ အိပ်ခန်းသို့ ပြေးဝင်ကာ ပုန်းနေသည်။

ဦးကံသာလှက ရှေ့ဆောင်၍ ချစ်ဝင်းနိုင် အိမ် ဘက် သို့ လျှောက်လာကြသည်။

ချစ်ဝင်းနိုင်ကတော့ ဦးကံသာလှတို့ တတွေကို အိမ်ပေါ်မှ ဆီးကြိုကာ ကြည့်နေသည်။

ဦးကံသာလှမှာ ချစ်ဝင်းနိုင်ကို တွေ့လျှင် လှမ်းမေးသည်။

"ဟေ့၊ မင်းဟာ နတ်သုဒ္ဓါ မုန့်ဟင်းခါးသည် မဟုတ်လား"

ဦးကံသာလှအသံမှာ မာနသံ ပါလှသည်။

ချစ်ဝင်းနိုင်ကလည်း ရွတ်နောက်နောက်မို့ ဤသို့ ပြန်မေးသည်။

"မှန်ပါတယ် ခင်ဗျာ၊ ဘာကိစ္စရှိလို့ပါလဲ၊ မင်္ဂလာပွဲအတွက် မုန့်မှာ မလို့လား၊ ရပါတယ်ခင်ဗျာ၊ ကျွန်တော့် မုန့်ဟင်းခါးကတော့ အင်မတန်ကောင်းလို့ မင်္ဂလာဆောင်တိုင်း မုန့်လာလာ



မှာကြတာ၊ ဦးလေးပါနဲ့ဆိုယင် ဒီလထဲမှာ တထောင်ကျော်သွားပြီ ခင်ဗျ၊ ဟဲ ဟဲ"

ချစ်ဝင်းနိုင်မှာ စုရည်မွန် မိဘများမှန်း သိလျက်နှင့် တမင်ပြောနေခြင်းပင်။

ဦးကံသာလှမှာမူ ထိုစကားကြောင့် ဒေါပွနေတော့သည်။

"ဟေ့ကောင်၊ ငါ အခုလာတာ မင်္ဂလာဆောင်အတွက် မုန့်လာမှာတာ မဟုတ်ဘူးကွ၊ သိလား"

"ဟုတ်ကဲ့၊ မင်္ဂလာဆောင်အတွက် မဟုတ်ဘူးလား၊ ဒီလိုဆိုရက်လည်ဆွမ်း ကျွေးမလို့ ထင်ပါရဲ့၊ ဒါလဲ ရပါတယ် ခင်ဗျာ၊ မုန့်အချိန် ဘယ့်လောက်လဲ ခင်ဗျ၊ ဟဲ ဟဲ"

ဦးကံသာလှမှာ ချစ်ဝင်းနိုင်၏ စကားများကို နားထောင်ယင်း ဒေါသအမျက် ခြောင်းခြောင်း ထွက်နေသည်။

အိပ်ခန်းထဲတွင် ဝင်ပုန်းနေသော စုရည်မွန်မှာ ချစ်ဝင်းနိုင်၏ စကားများကို နားထောင်ယင်း တခစ်ခစ်ဖြင့် ရယ်နေမိသည်။

"ဟယ်....ငါပြောလိုက်ရ မကောင်းပဲ နေရော့မယ်၊ရက်လည်ဆွမ်း ကျွေးရအောင် ငါက မသာ ပေါ်သေးလို့ လားကွ၊ ဟွန်း"

"ဟုတ်ကဲ့၊ အခု မပေါ်သေးပေမယ့် နောင် ပေါ်တဲ့အခါ ကျွေးနိုင်အောင် မေးနေရတာပါ၊ မဟုတ်ဘူးလား"

www.burmeseclassic.com



"အေး ဟုတ်တာပေါ့၊ ဘာဘာ ဘာကွ၊ ခွေးကလေး... ငါ့ကိုများ သင်းက ဘာသဘောနဲ့ အသေခိုင်းနေတယ်မသိဘူး၊ တယ်လေ.... ငါ လက်သီးနဲ့ ဆွဲထိုးလိုက် ရယင် မင့် မျက်နှာ ဝိုင်းဝိုင်းကြီးဟာ 'ဗ ထက်ခြိုက်' ဖြစ်သွားရော့မယ်၊ ဟွန်း"

ညိုညိုမောင်ကလည်း အဆင်း ဝင်တွန်းသည်။

"ကိစ္စမရှိဘူး ဦးလေး၊ ထိုးမှာသာ ထိုး၊ 'ဗ ထက်ခြိုက်' မကလို့ 'ဓ အောက်ခြိုက်'ကြီးပဲ ဖြစ်သွားပေစေ၊ ထိုးသာထိုး၊ ဒီကောင့် သဘောက ဦးလေးသေမှ အမွေမြန်မြန် ရမှာမို့ တမင် သေခိုင်းနေတာ"

"ဟုတ်တယ်ကွ၊ မင်းပြောတာ မှန်တယ်၊ ဟေ့ကောင်.... ဒီတော့ ပြောစမ်း၊ မင်းက ငါ့ကို ဘာသဘောနဲ့ သေစေချင် နေရတာလဲ"

"ဟာဗျာ....ဦးလေးကလဲ၊ ကျွန်တော်က ဘာဆိုင်လို့သေစေ ချင်ရမှာလဲ၊ မသေစေချင်ပါဘူးလေ၊ ကျွန်တော်က စေတနာနဲ့ မေးမိတာပါ၊ လွန်တာရှိယင် ဝန္ဒာမိပါရဲ့၊ ဒီတော့ ပြောစမ်းပါ ခင်ဗျာ၊ မင်္ဂလာအတွက်လဲ မဟုတ်၊ ရက်လည်ဆွမ်းအတွက်လဲ မဟုတ်ယင် ဘာအတွက် လာကြပါသလဲ ခင်ဗျာ"

"ဘာအတွက် လာရမှာလဲ၊ စုရည်မွန်အတွက်ကွ၊ စုရည်မွန် အတွက်၊ သိပြီလား"

ဦးကံသာလှ ဒေါသတကြီးဖြင့် အော်ပြောသည်။



"အို... အို... ဦးလေး၊ ဧကား ပြောယင် တိုးတိုး ပြောပါ ခင်ဗျာ၊ 'ဘိုကလေးမီးသွေး လည်ရှောင်းသလို' အော် မပြော ပါနဲ့၊ အဟီး"

"ဟေ့ကောင်၊ ငါလို ကောင်ကိုလား မင်းက ဘိုကလေး မီးသွေးသည်နဲ့ နှိုင်းတာ၊ တောက်"

"နှိုင်းတာ မဟုတ်ပါဘူး ခင်ဗျာ၊ သဘောကို ပြောနေတာ ပါ၊ ဒီတော့ ဆက်ပြီး မိန့်ပါဦး၊ စုရည်မွန်အတွက် ဆိုတာက ဘာများလဲ ခင်ဗျာ"

ချစ်ဝင်းနိုင် အိုက်တင်ပါပါဖြင့် ပြန်မေးနေသည်။

"ဘာရမှာလဲ၊ သူ့ကို သပိတ်သွတ်မလို့ လာခဲ့တာပဲ"

ဦးကံသာလှ ဒေါသသံဖြင့် ပြန်ပြောသည်။

"အဲဗျ.. ဒါဆိုယင် ဦးလာတာ လမ်းလွဲနေပြီ၊ ဟဲ ဟဲ"

"ဘာ လမ် လွဲနေပြီလဲ၊ မလွဲဘူးကွ....မလွဲဘူး၊ ဒါကြောင့် မင့်အိမ် လာခဲ့တာပေါ့"

"မဟုတ်သေး ဘူးလေ၊ ကျွန်တော့် အိမ်က မုန့်ဟင်းခါး အိမ်မို့ မင်္ဂလာဆွမ်းတို့၊ ရက်လည်ဆွမ်းတို့သာ ချက်ပြုတ်ပြီး ပို့ပေးတာပဲ၊ သပိတ်သွတ်တဲ့အလုပ်က ကျွန်တော့်အလုပ် မဟုတ် ဘူးလေ၊ ဒါက ဘုန်းတော်ကြီးတွေ အလုပ်ပဲ၊ ဒီတော့ ဦး သပိတ်သွတ်ချင်သပါ့ ဆိုယင် ဟိုဘက်လမ်းထိပ်မှာ ဘုန်းကြီး ကျောင်းတွေ ရှိပါတယ်၊ သွားပင့်ချေပါ၊ ကျွန်တော်ကတော့

www.burmeseclassic.com

www.burmeseclassic.com



မုန့်ရောင်းတဲ့ အလုပ်ပဲ လုပ်ပါတယ်၊ သပိတ်သွတ်တဲ့ အလုပ်ကို တော့ တွဲမလုပ်ဘူး ခင်ဗျ၊ အဟဲ”

ချစ်ဝင်းနိုင် အူကြောင်ကြောင် ပြန်လုပ်နေသည်။

ဒေါ်မြချစ်မှာ အပြင်မှ ဆူဆူညံညံ အသံ တွေကြောင့် နောက်ဖေးခန်းမှ ထွက်လာသည်။

ဒေါ်ရွှေဝင်းမှာလည်း ဦးကံသာလှ ဒေါ်သကြီးနေသဖြင့် လိုရင်းသို့ မရောက်နိုင်ပဲ ဖြစ်နေ၍ စိတ်မရှည် ဖြစ်လာတော့ သည်။

“ကဲ၊ ကိုကံသာလှရေ... တော်ခဏ ဖယ်နေစမ်း၊ တော့် မှာကလဲ နေရာဘကာ ဒေါ်သက ကြီးနေတော့ လိုရင်းကို မရောက်နိုင်တော့ဘူး၊ ကျုပ် မေးမယ်”

“ဟ... ငါ ဒေါ်သကြီးနေတာကိုသာ ပြောနေတာကိုး၊ ဒီအကောင် စကားပြောတာကိုကော နားဆောင်ပါဦး၊ ဒေါ်သ ဖြစ်စရာ မကောင်းဘူးလား၊ ဟွန်း”

“အဲဒါတွေ အသာထားစမ်းပါတော်၊ လိုရင်းကို အဝို မသွင်းပဲ ခပ်ရှင်းရှင်း မေးပါ့မယ်”

ဒေါ်ရွှေဝင်း ပြောယင်း ချစ်ဝင်းနိုင်ဘက်သို့ လှမ်းမေး သည်။

“ဒီမယ်... မောင်ဟဝ့ါ...”



“ကျွန်တော့်နာမည် မောင်ဟဝ့ါ... မဟုတ်ပါဘူး ခင်ဗျာ၊ ချစ်ဝင်းနိုင်ပါ၊ မိခင်ကြီးရယ်”

ချစ်ဝင်းနိုင်၏ စကား ကြားရလျှင် အနီးတွင် ရှိနေသော ဦးကံသာလှ ဒေါ်ပွသွားတော့သည်။

“ဟော့ကောင်... ဘာ မိခင်ကြီးလဲကွ၊ ဒီစကား မင်းခေါ် ရမယ့် စကားလား၊ ရှီး”

“ဩော်...ဦးရယ်၊ မိခင်အရွယ်မို့ ကျွန်တော်က ရိုရိုသေသေ မိခင်ကြီးလို့ ခေါ်တာ လွန်သလားဗျာ၊ ရိုင်းရိုင်းစိုင်းစိုင်း ခေါ် တာမှ မဟုတ်တာ၊ ဟဲ ဟဲ”

“ဘာပဲဖြစ်ဖြစ်၊ ငါ့ မိန်းမကို မိခင်ကြီးလို့ မခေါ်ရဘူး၊ ငါ မကြိုက်ဘူးကွ”

“ဒီမယ် ကိုကံသာလှ၊ တော့်ပါးစပ်ကို ပိတ်ထားစမ်းပါ တော်၊ အခုလို တော် ဝင်ရှုပ်နေယင်တော့ လိုရင်းကို ရောက်မှာ မဟုတ်တော့ဘူး”

ဒေါ်ရွှေဝင်း စိတ်တိုသံဖြင့် လှမ်းပြောသည်။

“မရှုပ်လို့ ဖြစ်မလားကွ၊ မုန့်ဟင်းခါးသည်က ရာဆာစေ' မင့်ကို မိခင်ကြီးလို့ ခေါ်တာကို ငါက ငုံ့ခံနေရမှာလား၊ သူ့ စကားက ဘယ်ကို မြားဦး လှည့်နေတယ်ဆိုတာ မင်း သိလို့ လားဟင်”

“တော်ပြီ၊ ဘယ်ကိုပဲ လှည့်လှည့်၊ ရှင် ဝင်မရှုပ်နဲ့”

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရွှေဝင်း လှမ်းမာန်သည်။

ကျန်လူတွေကတော့ သူတို့ကို ပြုံးစိစိဖြင့် ကြည့်နေကြသည်။

ဦးကံသာလှ ငြိမ်သွားလျှင် ဒေါ်ရွှေဝင်းက ချစ်ဝင်းနိုင်ဘက်သို့ မေးပြန်သည်။

"ငါ့သမီး စုရည်မွန် မင့်ဆီကို ရောက်နေတယ် မဟုတ်လား"

"ဟာ.... မဟုတ်တာပဲ"

ချစ်ဝင်းနိုင်၏ စကားမှာ ဆင်ဝှေ့ရန်ရှောင် စကားမျိုးဖြစ်နေသည်။

"မင်း မှန်မှန်ပြောနော်"

ထိုအခါတွင် အနီးတွင် ရောက်နေသော ဒေါ်မြချစ်က ဝင်မေးသည်။

"ခဏလောက် နေပါဦးရှင်၊ ကျွန်မ တခု မေးပါရစေ"

"မေးလေ၊ ဘာကို မေးမှာလဲ"

"ကျွန်မသားကို ဘာသဘောနဲ့ အခုလို လာပြီး စစ်ဆေးမေးမြန်း လုပ်နေရတာလဲ"

"လုပ်ဆို.... ရှင့်သားက ကျွန်မသမီးကို ခိုးပြေးသွားလို့ပေါ့ရှင့်"

"ဒါဆို ရှင်တို့ မှားနေကြပြီ၊ ကျွန်မသား ဒီကနေ့ ဘယ်မှ မသွားဘူး၊ ရှင်တို့ သမီးကိုလဲ ခိုးမပြေးဘူး"



"ဒီမယ်.... ရှင် ဘာမှ လိမ်မနေနဲ့၊ ရှင့်သားနဲ့ ခိုးရာလိုက်ပြေးသွားခဲ့ပါပြီလို့ သမီးကိုယ်တိုင် စာရေးပြီး ကျွန်မတို့ကို ပေးထားခဲ့တာရှင့်၊ ဒီတော့ ဘယ်မလဲ ကျွန်မသမီး"

ဒေါ်မြချစ် အံ့သြနေတော့သည်။

အမှန်တော့ စုရည်မွန် အိမ်သို့ ရောက်နေသည်ကို သူ မသိသေးပေ။

သူက နောက်ဖေးခန်းတွင် မုန့်ဟင်းခါးရည်များကို ချက်ပြုတ်နေရ၍ စုရည်မွန် ရောက်နေသည်ကို မသိခြင်းပင်။

"ဟဲ့သား.... သူတို့ ပြောနေတာ ဟုတ်သလား"

ဒေါ်မြချစ်က သားဖြစ်သူကို လှမ်းမေးနေသည်။

"ဟုတ်ယင် တွေ့ရမှာပေါ့ မေမေရယ်၊ ဟဲ ဟဲ"

ချစ်ဝင်းနိုင် စကားကြောင့် ဦးကံသာလှ ဒေါပွနေတော့သည်။

"ဟေ့ကောင်....စကားကို ဝေ့လည်ကြောင်ပတ် လုပ်မနေနဲ့၊ ငါ့သမီးကို ထုတ်ပေး"

"ဘယ်စက္ကူနဲ့ ထုပ်ပေးရမှာလဲ"

"ကုန်ထုပ်စက္ကူ၊ ဟယ်....မအေပေးလေး၊ ဘာစကားတွေလာပြောနေတာလဲ ဟင်၊ ငါ့ သမီးကို မင့်အခန်းထဲက ထုတ်ပေးဖို့ ပြောတာကွ၊ သိလား"

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ.... ကျွန်တော့် အခန်းထဲမှာ ဟုတ်သား၊ ဟား ဟား ဟား၊ ဦး ဘာတွေ လာပြောနေတာလဲ၊ ဟဲ ဟဲ"

ချစ်ဝင်းနိုင် အကြောင်ရိုက်နေသည်။

"ဒီမယ်.... မုန့်ဟင်းခါးကောင်၊ ငါ့ကို အူကြောင်ကြောင် လုပ်မနေနဲ့၊ ငါ့ သမီးကို ထုတ်ပေးမလား၊ မထုတ်ပေးဘူးလား ပြော...."

"မထုတ်ပေးဘူး ဆိုယင်ကော၊ ဟဲ ဟဲ"

"ငါတို့ အတင်း ဝင်ရှာရမှာပေါ့"

"အဲဒီလိုသာ ရှာယင် ဦးတို့အားလုံး 'အချောင်ထုပ်ပြီး' အချုပ်ထောင် ရောက်ကုန်ကြမှာပေါ့ဗျာ"

"အံမာ.... လူဝါးဝလိုက်ဘာ၊ ဘာဆိုင်လို့ ငါတို့က ရော[…] ရမှာလဲ၊ မင်းသာ ရောက်မှာကွ"

"ကျွန်တော်ရောက်မှာက နောက်၊ အခု လာလာဆယ[…] အချုပ်ခန်းမှာ စံမြန်းရမှာက ဦးတို့ပဲ၊ ဘာဖြစ်လို့လဲဆိုတော[…] သူတပါးရဲ့အိမ်ကို ခွင့်ပြုချက်မရပဲ အတင်း ဝင်မယ်ဆိုယင် ဖြစ[…] ဆိုင်ရာ ဥပဒေအရ ဦးတို့ဟာ 'ပိုင်နက်ကျူးလွန်မှု' ဖြစ်နေ[…] ခင်ဗျ၊ ပုဒ်မ အနေနဲ့လဲ 'လေးရာ လေးဆယ့် ခုနစ်'ပဲ ဦးရေ[…] ဟဲ ဟဲ"

"တောက်.... မုန့်ဟင်းခါးသည်က ပုဒ်မတွေ ဘာတွေထော[…] ပြောနေပါကလား၊ မင်းလိုကောင်က ဥပဒေပုဒ်မကို နားလည်[…] ပြောတာလားကွ၊ ဟေ"



"ဟဲ ဟဲ၊ ကျွန်တော်က မုန့်ဟင်းခါးသည်ပေမယ့် တက္ကသိုလ်က ပညာရေး နို့ကြီးကို စို့နေတဲ့သူမို့ ဒီလောက်တော့ နားလည်ပါတယ်လေ၊ မယုံယင် ဦး သိကျွမ်းတဲ့ ရှေ့နေ တယောက်ယောက်ကို မေးကြည့်ပေါ့"

"ဟ၊ ငါကလဲ ငါ့ သမီးကို သွေးဆောင် ဖြားယောင်းမှုနဲ့ [မ]င့်ကို ထောင်ချနိုင်တာပဲကွ၊ ဟွန်း"

"ဒီလိုဆို.... ယောက္ခမနဲ့ သမက် တရားရုံးမှာ ရင်ဆိုင်ကြတာ[ပေ]ါ့"

"ဘာကွ...."

"အဲ အဲ.... ဦးနဲ့ ကျွန်တော် တရားရုံးမှာ ရင်ဆိုင်ကြမယ်လို့ [ပ]ြောတာပါ ခင်ဗျာ၊ ဒီတော့ အေးအေးဆေးဆေး ပြန်ကြပါ၊ [...]...ရှာလား ဖွေလား လုပ်ချင်တယ်ဆိုယင်ဖြင့် တရားရုံးကနေ [ရှ]မ်းစာတစောင် ယူခဲ့ပေါ့၊ ဒါဆိုယင် ကျွန်တော်တို့က ရှာဖွေ[…] ပြုပါ့မယ်လေ"

ကိုကိုဇော်နှင့် ညီညီမောင်တို့မှာ ချစ်ဝင်းနိုင် ပြောနေသော [စက]ားတွေက ဥပဒေကြောင်းအရ မှန်ကန်နေသဖြင့် ဦးကံ[…]လှအား လှမ်းပြောသည်။

"ဦးလေး သူပြောတာ မှန်တယ်ခင်ဗျ၊ ဒီတော့ ကျွန်တော်တို့ တွေ ပြန်ကြမှ ထင်တယ်"

"ဟ၊ ငါ့ သမီးမှ မတွေ့သေးတာ ပြန်လို့ ဖြစ်မလား၊ မပြန်[…] ကွာ"

www.burmeseclassic.com

www.burmeseclassic.com



ဦးကံသာလှ ဇွတ်ပင် ပြောနေသည်။

ဒေါ်ရွှေဝင်းမှာ ဒေါ်မြချစ်ဘက်သို့ လှမ်းကြည့်ပြီး တောင်းပန်သံဖြင့် ပြောရတော့သည်။

"ဒီမှာရှင်၊ ကျွန်မ သမီးကလေး အိမ်ထဲမှာ ရှိနေယင် တဆိတ်လောက် တွေ့ပါရစေ၊ ကျွန်မတို့မှာက ဒီတယောက်ပဲ ရှိနေလို့ပါ"

"အဲဒီကိစ္စကို ကျွန်မလဲ လုံးဝ မသိဘူး အစ်မရဲ့၊ သားကို မေးပါရစေဦး"

ဒေါ်မြချစ် ပြောယင်း ချစ်ဝင်းနိုင်ကို လှမ်းမေးသည်။

"သားရေ...သမီး စု ရောက်နေယင်လဲ သူတို့နဲ့ တွေ့ပေးလိုက်ပါလေ၊ သမီးစုဟာ အရွယ်ရောက်နေပြီမို့ သူ့ကိုယ် သူ ဆုံးဖြတ်ပိုင်ခွင့် ရှိနေပါတယ်လေ"

"ဟာဗျာ.... အမေကလဲ စုရည်မွန်ဟာ သူ့ဟာ သူ ဆုံးဖြတ်ပိုင်ခွင့် ရှိလို့လဲ၊ ဆုံးဖြတ်ပြီး လာခဲ့တဲ့ဟာ၊ ဒါကို သူတို့က အပင်ပန်းခံပြီး လိုက်လာတော့ မခက်ဘူးလား၊ ဒီတော့ စောစောက ကျွန်တော် ပြောသလိုပဲ ဦးတို့ သဘောမတူယင် ဆိုင်ရာကနေ စကားပြောကြပေတော့"

ထိုစကား ကြားရလျှင် ဦးကံသာလှရော ဒေါ်ရွှေဝင်းပါ ဒေါသ ဖြစ်ကုန်ကြတော့သည်။



"အေး.... ပြောမယ်၊ ပြောမယ်၊ ငါ့သမီးကို ဖြားယောင်းသွေးဆောင်မှုနဲ့ မင်းကို ထောင်ထဲရောက်အောင်ကို ပြောမယ်ကွ"

ဒေါ်ရွှေဝင်းကလည်း ဝင်ပြောသည်။

"ဒီမယ်.... မောင်သူငယ်၊ ငါတို့က သဌေးတွေပါ၊ မင်းလို မုန့်ဟင်းခါးသည်နဲ့ ငါ့သမီးကို ဘယ်နည်းနဲ့မှ မပေးစားနိုင်ဘူး၊ ဟောဒီမယ် တွေ့လား၊ သူတို့က ငါတို့လို ဂုဏ်ရည်တူ သဌေးသားတွေ၊ သူတို့နဲ့သာ ငါ့သမီးကို ပေးစားနိုင်မှာမို့ မင်းလက်ကနေ ငါ့သမီးကို မဖြစ် ဖြစ်တဲ့နည်းနဲ့ ပြန်ယူပြမယ်၊ မင့်လို မုန့်ဟင်းခါးသည်ကိုတော့ သမက် တော်လိမ့်မယ် မထင်နဲ့၊ ငါတို့က မုန့်ဟင်းခါးသည်ဆိုယင် မုန်းတယ်ဟေ့၊ မချစ်ဘူး၊ သိလား"

"မုန့်ဟင်းခါးကို မုန်းယင်လဲ ပြန်ကြပေါ့ဗျာ၊ ကျွန်တော်ကလဲ ချစ်ပါလို့ မပြောလိုပါဘူး၊ အဲ ဒါပေမယ့် တခုပဲ ပြောချင်ပါတယ်၊ ဒါကတော့ စုရည်မွန်ဟာ အရွယ်ရောက်နေပြီမို့ သူ့ကို အဒေါ်တို့အနေနဲ့ ဆိုင်သာ ဆိုင်တယ်၊ မပိုင်တော့ဘူး ဆိုတာပါပဲ၊ ဟဲ ဟဲ ဟဲ"

"အေး၊ ငါတို့က ဆိုင်ရုံပဲ ဆိုင်သလား၊ ပိုင်သလားဆိုတာ မင်းကို မကြာခင် အကြောင်းပြရသေးတာပေါ့၊ ကဲ လာ ကိုကံသာလှ၊ သွားကြမယ်"

ဒေါ်ရွှေဝင်း ပြောယင်း စိတ်ဆိုး မာန်ဆိုးဖြင့် ချစ်ဝင်းနိုင် အိမ်ပေါ်မှ ဆင်းသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးကံသာလှကတော့ ချစ်ဝင်းနိုင်အား အံ့ကြိတ်ကာ ကြည့်ယင်း ကြိမ်းနေပြန်သည်။

"ဟော့ကောင်၊ မင်း ဆန်ကောင်းကောင်းကို အခုကတည်းက ရွေးပြီး စားထားနှင့်ကွ"

"ဘာဖြစ်လို့လဲ ဦး၊ ဟဲ ဟဲ"

"ဘာဖြစ်ရမှာလဲ၊ မကြာခင် မင်းဟာ လုံးတီးဆန်ကို နှစ်နဲ့ချီပြီး စားရတော့မှာမို့ ပြောနေတာပေါ့"

"သြော်.... ကျွန်တော့်ကို စေတနာ ထားတယ်လား"

"အေးပေါ့၊ ဘာ ဘာ ဘာလို့ ထားရမှာလဲ၊ စေတနာ ထားလို့ ပြောနေတာ မဟုတ်ဘူး၊ မင့်ဟာ သေရွာ လားရတော့မှာမို့ ပြောနေတာကွ၊ သိလား"

"အို.... ဦးရယ်၊ ကိုယ့် သမက်လောင်းကလေးကို ဒီလို မပြောကောင်းဘူးလေ၊ ကျားကိုက်တတ်သတဲ့၊ အဟီး"

"ဟယ်.... ခွေးလေး၊ လူကိုများ ယောက္ခမတော်ဖို့ ကြိုးစားနေလိုက်တာ၊ ဟော့ ဒီမယ်.... မင့်လို မုန့်ဟင်းခါးသည် အောက်တန်းစားကို ငါ ဘယ်တော့မှ ယောက္ခမအဖြစ် မခံယူသလို မင့်ကိုလဲ သမက်အဖြစ် ဘယ်တော့မှ အသိအမှတ် မပြုဘူးဆိုတာ မြဲမြဲကြီး မှတ်ထားစမ်း"

ဦးကံသာလှ ဒေါကြီး မောကြီးနှင့် ပြောနေသည်။



အနီးတွင် ရှိနေကြသော ကိုကိုဇော်နှင့် ညီညီမောင်တို့ကလည်း ချစ်ဝင်းနိုင်အား ဒေါသတွေ လျှံနေသော မျက်လုံးစုံတို့ဖြင့် ဝိုင်းကြည့်နေကြသည်။

"ဦးကလဲဗျာ.... မုန့်ဟင်းခါးသည်ဆိုတာ အောက်တန်းမကျပါဘူး၊ အခုခေတ်မှာဆိုယင် ဝင်ငွေမှာ ထိပ်တန်းကတစ်ဂဏန်း စွဲနေတာပါ၊ မုန့်ဟင်းခါးသည်ဘဝနဲ့ သဌေး ဖြစ်နေကြတဲ့ သူတွေလဲ အပုံပဲ၊ ပြီးတော့ ဒီလုပ်ငန်းဟာ သမ္မာအာဇီဝဆိုတဲ့ ကောင်းသော အသက်မွေးမှု လုပ်ငန်း ပါ၊ စေတနာထားယင် ထားတတ်သလို ကုသိုလ်လဲ ရပါတယ်ဗျာ၊ မြန်မာလူမျိုးတိုင်း မုန့်ဟင်းခါးနဲ့ မကင်းကြတာမို့ ထမင်းဝတဲ့ လုပ်ငန်းတခုပ်ကို မဟုတ်တမ်းတရားတွေ မပြောပဲ 'ယခမောက်ကြီး' ရေ....အဲ ဟုတ်ပေါင်၊ ဦးရေ....တရုတ်တန်းဆိုတာ ပေါက်ဖော်ကြီးတွေနေတဲ့ အရပ် ဆိုပါကလား၊ ဟား ဟား ဟား"

ချစ်ဝင်းနိုင်၏ဟာသအဆုံး၌ ဦးကံသာလှမှာ ထို့ကနဲတံတွေးကို ထွေးယင်း ချာကနဲ လှည့်ထွက်သွားသည်။

ကိုကိုဇော်နှင့် ညီညီမောင်တို့သည် ချစ်ဝင်းနိုင်အား မျက်စောင်းတွေထိုးကာ ဦးကံသာလှတို့နောက် လိုက်သွားကြသည်။

ချစ်ဝင်းနိုင်ကတော့ သူတို့ကို ရယ်ယင်း အိမ်ပေါ်မှ ကြည့်နေသည်။

သူတို့ကားထွက်အသွားတွင် ချစ်ဝင်းနိုင်က အိမ်ခန်းဘက်သို့ လှမ်း၍ အသံပြုသည်။

www.burmeseclassic.com

www.burmeseclassic.com



"စုရေ…သူတို့ ပြန်သွားကြပြီ၊ ထွက်ခဲ့တော့ဟေ့"

ချစ်ဝင်းနိုင်၏ ခေါ်သံကြောင့် စုရည်မွန် ပြုံးချိုသော မျက်နှာဖြင့် ပုန်းနေရာမှ ထွက်လာသည်။

ဒေါ်မြချစ်မှာ စုရည်မွန်အား တွေ့ရလျှင် အံ့သြနေတော့သည်။

"ဟော တော့….သမီးက ဒီမှာ ရောက်နေတာကိုး၊ ဘယ်တုန်းကများ ရောက်နေတာလဲဟင်၊ အမေတောင် မသိဘူး"

"စောစောကပဲ ဒေါ်ဒေါ်၊ သမီးလေ….ကိုချစ်ဝင်းနိုင်နဲ့ နေတော့မလို့၊ ဒေါ်ဒေါ် သဘောတူတယ် မဟုတ်လား၊ ခိ ခိ"

"အမယ်လေးလေး၊ မေးနေရသေးသလားကွယ်၊ ဟောဒီ သမီးချော သမီးလှ သမီး လိမ္မာကလေးနဲ့မှ သဘောမတူယင် ဘယ်သူနဲ့ သဘောတူရပါ့မလဲ၊ သိပ်ကို တူတာပေါ့၊ အေး ဒါပေမယ့် သမီးမိဘတွေကတော့ သားနဲ့ လုံးဝ သဘောမတူ ကြဘူးကွယ့်"

"ဒါကလဲ ခဏပါ ဒေါ်ဒေါ်ရယ်၊ မိဘဆိုတာ သားသမီး တွေ အပေါ်မှာ ကြာရှည် စိတ်မဆိုး နိုင်ကြပါဘူးလေ၊ အခု ဟာက သမီးကို အချစ်ကြီးလို့ အမျက်ကြီးနေကြတာပါ၊နောက် အချိန်ကြာလာ တော့လဲ သူတို့စိတ်တွေ တည်ငြိမ်လာ ကြပြီး သမီးနဲ့မောင့်ကို သဘောတူလာကြမှာပဲ"

"အစစ်ပေါ့ စုရယ်၊ မောင်နဲ့စု ညားကြလို့ အူငကလေးတွေ မွေးလာကြယင် သူတို့မြေးကလေးတွေကို ချီပြီး သွားပြကြတာ ပေါ့နော်၊ ဟဲဟဲ"



"အို….ဘာစကားတွေ ပြောနေတာလဲ၊ လူချင်းတောင် လက်မထပ်ကြရသေးဘူး၊ သူက အူဝဲတွေ ဘာတွေ လုပ်နေပြီ၊ ရှက်ပါတယ်၊ မပြောနဲ့"

"ရှက်မနေနဲ့ သက်ဝေရယ်၊ ဒါတွေဟာ သဘာဝမို့ ကညာ နှမက နားလည်စမ်းပါ၊ ဟဲ ဟဲ"

ဒေါ်မြချစ်မှာ သားနှင့် ချွေးမလောင်းတို့ကို ပြုံး၍ ကြည့် နေရာမှ နောက်ဖေးခန်းတွင် တည်ထားသော ဟင်းရည်အိုးကို သတိရသွားတော့သည်။

"ဟိုက်….ချောက်ကျိုးနည်း၊ မီးဖိုထဲမှာ ငါ့မုန့်ဟင်းခါးရည် တွေ တည်ထားတာ မေ့နေလိုက်တာ၊ အခုမှ သတိရတော့တယ်၊ အောင်မယ်လေးလေး အမြန်ပြေးမှပဲ"

ဒေါ်မြချစ် ပြူးကလူး ပျာကလာသံဖြင့် ပြောယင်း မီးဖို တွင်းသို့ ဝင်ပြေးသွားတော့သည်။

ချစ်ဝင်းနိုင်နှင့် စုရည်မွန်တို့ကတော့ ဒေါ်မြချစ်အား ကြည့် ယင်း ရယ်နေကြသည်။

*

www.burmeseclassic.com

www.burmeseclassic.com

(၁၉)

## ကံဆိုးမိုးမှောင်ကျသောနေ့

**ချစ်စွာသော စာဖတ်သူများ ခင်ဗျား....**

ဤဝတ္ထုအစတွင် ဖော်ပြထားခဲ့သော စုံထောက်ရဲမှူး ကျော်မြင့်ဝေအား မှတ်မိကြမည် ထင်ပါသည်။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ကျော်မြင့်ဝေမှာ ဘိန်းမူးဂိုဏ်း ခေါင်းဆောင် ငွေမောင်း နောက်သို့ ထက်ကြပ် မကွာ လိုက်လံဖမ်းဆီးခဲ့ရာတွင် သူ့မျက်စိအောက်မှ ငွေတဆယ့် ငါးသိန်းပါရှိသော ငွေသေတ္တာမှာ ပျောက်ဆုံးခဲ့ရသဖြင့် အထက်မှ သူ့အပေါ်တွင် သက်ာမကင်း ဖြစ်ခြင်း ခံခဲ့ရသည်။



သို့သော် အချိန်တွေ တစတစ ကြာညောင်းလာသောအခါတွင် အထက်မှ ကျော်မြင့်ဝေအပေါ်တွင် သက်ာမကင်းသော စိတ်တွေ လျော့ပါးလာခဲ့ကြသည်။

ကျော်မြင့်ဝေကလည်း ပြည်သူ့ရဲပိပိ အထက်မှ ပေးအပ်သမျှ တာဝန်တွေကို ကျိုးကျိုးနွံနွံဖြင့် ကျေပွန်စွာ ထမ်းဆောင်ပေးခဲ့သည်။

ကြာတော့ သူ့အထက်မှ လူကြီးများမှာ ကျော်မြင့်ဝေအပေါ်တွင် သံသယတွေ ကင်းသွားခဲ့ကြသည်။

အကယ်၍သာ ကျော်မြင့်ဝေသည် သူတို့ အထင်မှားနေကြသလို ငွေတွေကို ဘုန်းထားပါက ပြည်သူ့ရဲတပ်ဖွဲ့တွင် ဆက်၍ အမှုထမ်းလိုမှ ထမ်းပေတော့မည်။

ထမ်းသည်ထားဦး၊ ငွေတွေက မနည်းတော့၊ သူ၏ အနေအထိုင် အသုံးအစွဲတွေမှာ ထူးခြားမှု ရှိလာရမည်။

ယခုတော့ ကျော်မြင့်ဝေတွင် မည်သည့် ထူးခြားမှုမှ မရှိခဲ့ပေ။

ရရှိသော လစာတို့ဖြင့်သာ ရိုးရိုးသားသား နေထိုင်လျက်ရှိသည်ကို တွေ့ရသောကြောင့်ပင်။

အထက်မှ လူကြီးများက ငွေကိစ္စနှင့် ပတ်သက်၍ သူ့အပေါ်တွင် သံသယ ကင်းနေကြလင့်ကစား ကျော်မြင့်ဝေကတော့ ပျောက်နေသော ငွေကိစ္စကို လုံးဝ မေ့မထားပေ။

ထိုငွေသည် သူ့ငွေလည်း မဟုတ်။

www.burmeseclassic.com



အထက်လူကြီးတွေ၏ ငွေလည်း မဟုတ်ပါ။

နိုင်ငံတော်က ပိုင်ဆိုင်ရမည့် ငွေများမှာ ယခုလို ပျောက်နေခြင်းသည် နိုင်ငံတော်အတွက် နစ်နာလှသည်။

ငွေကို ရိုးရိုးသားသား သက်ဆိုင်ရာသို့ ပြန်မအပ်ပဲ ကြားမှ အချောင်လစ်ထားသော တရားခံကိုလည်း ကျော်မြင့်ဝေ ဖော်ထုတ်လိုသည်။

ထိုငွေများကို ပြန်ရဖို့အရေးမှာ သူ့တွင် အဓိကတာဝန်ရှိသည်ဟူ၍လည်း ပြည်သူ့ရဲ သားကောင်းပီသစွာ ကျော်မြင့်ဝေက ခံယူထားသည်။

ယင်းသို့ ခံယူထားရှိလည်း သူသည် ဆယ့်ငါးနှစ်ခန့် ကြာမြင့်ခဲ့သည့်တိုင်အောင် ငွေပြန်ရရေးကို လုံးဝ အလျော့မပေးပဲ ရသမျှအချိန်ပိုင်းတွင် ဖိ၍ စုံစမ်းလျက် ရှိသည်။

ယခုအချိန်တွင် သူ့မှာ ရဲမှူးဘဝမှ ရဲမှူးကြီး ဘဝ သို့ပင် ရာထူး တိုးတက်ပေးခြင်း ခံနေရလေပြီ။

ငွေမောင်းတို့ အဖွဲ့မှ ထောင်ကျသွားသော ဇေယျာ အမည်ရှိ လူဆိုးမှာ ထောင်ဒဏ်ဆယ်နှစ် ကျခံပြီးနောက် လွတ်လာခဲ့သည်။

ဇေယျာမှာ ငွေမောင်း၏ ညီတာဝမ်းကွဲတော်သူ ဖြစ်ကြောင်းကိုလည်း ကျော်မြင့်ဝေ သိခဲ့ရသည်။



ယင်းသို့ သိခဲ့ရ၍ ဇေယျာ ထောင်မှ လွတ်လာ သည်နှင့် ကျော်မြင့်ဝေက သူ့တပည့် ရဲသားများအား ဇေယျာ၏အသွားအလာကို စောင့်ကြည့်ခိုင်းထားသည်။

အကြောင်းထူးလျှင် သူ့ထံသို့ အမြန် အကြောင်းကြားရန်ကိုပါ မှာထားခဲ့သည်။

ဇေယျာကို စောင့်ကြည့် ခိုင်း ခြင်း မှာ အခြား ကြောင့် မဟုတ်ပေ။

ငွေမောင်းမှာ ၎င်း၏ အစ်ကိုဝမ်းကွဲ ဖြစ်နေ၍ ငွေသေတ္တာရှိသော နေရာကို ၎င်းက သိရှိထားရမည်ဟူ၍ မှတ်ထင်နေသောကြောင့်ပင်။

အမှန်တော့ ဇေယျာမှာ သူ့အစ်ကို ဝှက်ထားခဲ့သော နေရာကို သိသူတော့ မဟုတ်။

မသိသော်လည်း သူ့အစ်ကို၏ အထာကိုတော့ သူ သိထားသည်။

သူ့အစ်ကိုသည် အရေးအကြောင်းပေါ်လျှင် ဖြတ်ထိုးဉာဏ်သုံးကာ ပစ္စည်းများကို အခြားသူများ မတွေးတောတတ်သည့် နေရာ၌ ဝှက်တတ်သည်။

ဉပမာ အိမ်ထဲတွင် ဆိုကြပါစို့....။

ပစ္စည်းတခုကို ဝှက်တော့မည်ဆိုလျှင် ရေချိုးခန်း၊ ရေတိုင်ကီ၊ အိမ်အောက်ကြမ်းပြင်ကို ခွာ၍သာ လူများအနေဖြင့် ဝှက်လေ့ဝှက်ထရှိကြသည်။

www.burmeseclassic.com



အဲ.... သူ့အစ်ကို ငွေမောင်းကတော့ ယင်းသို့ မဝှက်ပေ။

လူအများသွားလာတတ်ကြသော အိမ်အဝတွင် အမှိုက်ပုန်းလိုလို ထင်ရအောင် ခြင်းစုတ်တခုတွင် အမှိုက်တွေ အပေါ်က ဖုံး၍ထားတတ်ခြင်း။

အိမ်ထဲတွင်ထားလျှင်လည်း ဧည့်ခန်းကြီး၏ တနေရာရာတွင် လူတွေ မည်သို့မှ တွေးထင်ခြင်းမရှိတတ်သော ပစ္စည်းတခုခုဖြင့် ဖုံးအုပ်ကာထားတတ်ခြင်းများ လုပ်တတ်သည်။

ထို့ပြင် သူ့အစ်ကိုသည် သစ်ပင်များတွင် ဝှက်ထားလျှင်လည်း သစ်ပင်ချင်းတွင် မြေကြီးကို တူး၍ မည်သည့်အခါမှ မထားပေ။

သစ်ပင်ပေါ်ရှိ ငှက်သိုက်တခုခုတွင်သာ ထည့်ထားလေ့ရှိသည်။

နောက် သူ့အစ်ကို၏ အကျင့်မှာ မြင်းဇောင်းနှင့်နွားခြံများတွင်ပစ္စည်းဝှက်လျှင် မြင်းကုန်းနှီးများတွင်လည်းကောင်း၊ နွားလှည်း၏ အောက်တွင်လည်းကောင်း ဝှက်ထားတတ်သည်။

ယင်းသို့ သူ၏အစ်ကိုအကြောင်းကို နောကျေအောင် သိထားသူမို့ ဇေယျာမှာ ထောင်မှ လွတ်လျှင် လွတ်ချင်း သူ့အစ်ကို ကျဆုံးသွားသောအရပ်သို့ သွားကာ စုံစမ်းတော့သည်။

စုံစမ်းယင်းမှလည်း ထိုအရပ်များ၏ အနေအထား၊ မြင်းဇောင်း၊ နွားခြံ၊ ပန်းခြံ စသည်တို့သို့ ဆက်လက် လေ့လာခဲ့သည်။



ထိုသို့လေ့လာယင်းမှ ထိုအရပ်တွင် ဆင်းရဲစွာနေခဲ့ရသော မြင်းလှည်းသမားကြီး ဦးသာထူးအကြောင်းကိုပါ သူ စုံစမ်း၍ သိသွားတော့သည်။

မြည်းလှည်းဦးသာထူးမှာ သူ့အစ်ကို ကျဆုံးသည်နေ့က အိမ်တွင်မရှိပဲ ဆေးရုံတွင် သူ့ဇနီးမီးဖွားသည်ကို စောင့်ကြည့်နေခဲ့ခြင်းကိုလည်းကောင်း၊ သူ၏မြင်းလှည်းမှာလည်း ဇောင်းထဲတွင် ပစ်ထားခဲ့ရသည်ကိုလည်းကောင်း သူ သိခဲ့ရသည်။

နောက်တချက် သူ မသင်္ကာဖြစ်လာခဲ့ရသည်ကတော့ ဦးသာထူးသည် ဇနီးမီးဖွားပြီး သုံးရက်မြောက်နေ့၌ မြင်းလှည်းထွက်ရန်ပြင်ဆင်ပြီးခါမှ မြင်းလှည်းကို မထွက်တော့ပဲ ပိုင်ရှင်ထံသို့ ပြန်အပ်ခဲ့ခြင်း၊ ပြီးတော့ ဆေးရုံမှ ဇနီးနှင့်သမီးကလေးကိုပါ ခေါ်၍ မန္တလေးမြို့မှ ပျောက်ချင်းမလှ ပျောက်သွားခဲ့ခြင်း စသည်တို့ကို သိရ၍ပင်။

"ဟုတ်ပြီ.... သာထူးဟာ မြင်းလှည်း ထွက်မယ်လုပ်ပြီးမှ မထွက်တာဟာ တခြားတော့ မဖြစ်နိုင်ဘူး၊ ငါ့အစ်ကို ဝှက်သွားခဲ့တဲ့ငွေတွေကို သူ တွေ့သွားလို့ပဲ၊ ငါ့အစ်ကိုရဲ့ အကျင့်ကလဲ ငွေတွေကို ဝှက်ယင် မြင်းလှည်းအံဝှက်တို့၊ နွားလှည်းဆိုယင်လည်းမောင်းသူထိုင်လေ့ရှိတဲ့ နေရာတို့မှာသာ ဝှက်တတ်တာပဲ၊ အခုလဲ သူမြင်းလှည်းအံဝှက်မှာ ငွေသေတ္တာကို ထည့်ထားခဲ့လို့သာ မြင်းလှည်းသမားသာထူး တွေ့သွားပြီး တခြားကို လစ်ပြေးတာပဲ"

ဇေယျာတယောက် အဖြေ ရှာနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အဖြေသည် မသေချာမလွဲမှန်ရမည်ဟူ၍လည်း ပိုင်းဖြတ်ထားသည်။

"အင်း....ငါ့အစ်ကိုရဲ့ငွေတွေ သာထူးယူတာကတော့ ဟုတ်ပါပြီ၊ ဒီကောင်ကို ငါဘယ်လိုလုပ်ရှာရမလဲ၊ ငါလဲ သူ့ကို တခါမှ မမြင်ဖူးဘူး၊ သူ့ဓာတ်ပုံလဲ မရှိဘူး၊ ဒီတော့ သူ့ကို တွေ့အောင်ရှာဖို့ ငါ ဘယ်လိုလုပ်ရယင် ကောင်းမလဲ"

ဇေယျာ တွေးကြည့်နေပြန်သည်။

ဤတွင် သူ၏ ဉာဏ်ထဲတွင် ငင်းကနဲ အကြံတခု ရသွားတော့သည်။

"ဟယ်.... နိပ်ဟ၊ ငါ အခုမှ အကြံရတယ်၊ သာထူးရဲ့ အိမ်နီးချင်း တဦးဦးနဲ့ ကပ်ပေါင်းပြီး သာထူးကို အရှာခိုင်းယင် ရမှာပေါ့၊ သူတို့ကတော့ ယယ်ပေါင်းကြီးဖော်တွေမို့လို့ သာထူး ဘယ်သွားပြီး ဘယ်လာတယ်တယ်ဆိုတာ သိမှာပဲ၊ လောလော ဆယ် မသိသေးတောင်မှ တချိန်ယူပြီး ရှာခိုင်းယင် သိရမှာပေါ့"

ဇေယျာသည် သူ၏စိတ်ကူးအတိုင်းပင် ဦးသာထူး၏ အိမ်နီးချင်းလည်းဖြစ်၊ ငယ်ပေါင်းလည်းဖြစ်သော ဖိုးတေနှင့် သိကျွမ်းအောင် လုပ်ခဲ့တော့သည်။

ဖိုးတေမှာ အမည်နှင့်လိုက်အောင် တေပေသူမို့ သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ ပေါင်းဖက်တွေ၏ ဟူသော စကားအတိုင်း ဇေယျာနှင့် ဖိုးတေတို့မှာ မကြာမီ ခင်မင်ကာ သွားကြတော့သည်။



ဖိုးတေမှာ ဇေယျာစေခိုင်းသည့် အတိုင်းပင် ဦးသာထူးတို့ မိသားစုကို မြန်မာပြည်အနှံ့ ရှာခဲ့သည်။

တနှစ်နှင့်လည်း မတွေ့၊ နှစ်နှစ်နှင့်လည်း မတွေ့ဖြစ်နေရာ ယခုဆိုလျှင် ငါးနှစ်ထဲသို့ပင် ရောက်ခဲ့တော့သည်။

ဖိုးတေက လက်လျှော့ချင်လာသည်။

ဇေယျာက အလျှော့မပေးပဲ ဆက်လက်၍သာ ဖိုးတေကို ရှာခိုင်းနေသည်။

သို့နှင့်ပင် ချစ်စွာသောစာဖတ်သူများ သိရှိကြသည့်အတိုင်း 'မျောက်ကလေးဗေဒင်ဆရာ' အိမ်တွင် ဦးသာထူးဟဖြစ်လဲ ဦးကံသာလှတို့နှင့် ပက်ပင်းတိုးမိခဲ့ကြတော့သည်။

မျောက်ကလေး ဗေဒင်ဆရာနှင့် ဖိုးတေမှာ ညီအစ်ကို တဝမ်းကွဲများ ဖြစ်ကြသည်။

ဖိုးတေက အစ်ကို ဖြစ်သည်။

ထိုအိမ်သို့ ဖိုးတေရောက်နေသည်မှာ တလကျော်ခန့်ရှိခဲ့လေပြီ။

ဖိုးတေအနေဖြင့် သူ့ညီအိမ်ကို စုရပ်အဖြစ်ထားကာ ဦးသာထူးတို့ကို ရန်ကုန်တမြို့လုံးအနှံ့ လိုက်ရှာနေခဲ့သည်။

ရှာတုန်းကတော့ မတွေ့။

မရှာသောအခါမှ ဆိုက်ဆိုက်မြိုက်မြိုက် ဦးသာထူးတို့နှင့် လာဆုံခဲ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖိုးတေအဖို့တော့ ဝမ်းသာလွန်းလှ၍ ထ, ကမိမတတ်ပင်။

ဦးသာထူးတို့အတွက်မှာမူ ကံဆိုးမိုးမှောင် စ, ကျသောနေ့ဟူ၍ မှတ်ရပေတော့မည်။

ဖိုးတေမှာ ဦးသာထူးတို့ကို တွေ့ရလျှင် တွေ့ရချင်း ဇေယျာထံသို့ အမြန်ပြေးကာ သတင်းပို့တော့သည်။

ဇေယျာမှာ ရန်ကုန်မြို့တွင် မရှိပေ။

ပဲခူးဘက်တွင် ရောက်နေသည်။

ဇေယျာမှာလည်း ဖိုးတေထံမှ သတင်းရလျှင်ရချင်းဝမ်းသာအားရဖြင့် ရန်ကုန်မြို့သို့ ဆင်းလာခဲ့သည်။

သူ့ကို စောင့်နေကြသော ရဲထောက်လှမ်းရေးတွေကလည်း ရဲမှူးကြီးဦးကျော်မြင့်ဝေထံသို့ သတင်းပို့ခဲ့ကြသည်။

ဦးကျော်မြင့်ဝေမှာ မန္တလေးမြို့မှ နေ၍ ရန်ကုန်မြို့သို့ ပြောင်းလာသည်မှာ တနှစ်ကျော်ခန့်သာ ရှိသေးသည်။

ရဲမှူးကြီးကျော်မြင့်ဝေကလည်း မည်သို့မည်ပုံ လုပ်ကိုင်ကြရမည်ကို ဆက်၍စီစဥ်ပေးခဲ့သည်။

ထိုအချိန်တွင် ဦးသာထူးတဖြစ်လဲ ဦးကံသာလှတို့မှာ သမီးဖြစ်သူကို မုန့်ဟင်းခါးသည်ချစ်ဝင်းနိုင်နှင့် သဘောမတူသဖြင့် တရားဥပဒေအရ အရေးယူရန် စီစဥ်နေကြသည်။

သူတို့က သမီးဖြစ်သူအား ချစ်ဝင်းနိုင်က ဖြားယောင်းသွေးဆောင်ကာ ခေါ်ဆောင်သွားသည်ဟူ၍ အမှုဆင်လိုကြသည်။



ခက်သည်က သူတို့သမီး စုရည်မွန်မှာ အသက်မပြည့်သူမဟုတ်။

အသက်မှာ ၁၉ နှစ်မှ ကျော်လွန်ပြီး အသက် (၂၀) တွင်းသို့ပင် ရောက်နေသူမို့ ထိုဥပဒေဖြင့် အရေးယူ၍ မဖြစ်တော့ပေ။

ထိုဥပဒေမျိုးဖြင့် အရေးယူလိုပါက သမီးက ရုံးတော်တွင် သူတို့ဘက်မှ ပင်း၍ ထွက်ဆိုမှ ဖြစ်မည်။

ယခုမူ သူတို့သမီး၏ ဆန္ဒအတိုင်း ထွက်သွားသည်လည်းဖြစ် သူတို့ဘက်သို့လည်း ပင်း၍ ထွက်ဆိုမည့်သူ မဟုတ်၍ မည်သည့်နည်းနှင့်မှ သွေးဆောင် ဖြားယောင်း၍ ခေါ်သွားပါသည်ဟူ၍ အမှုဆင်၍ မဖြစ်နိုင်တော့ပေ၏။

ထိုအကြောင်းကို သူတို့ရှေ့နေက ရှင်းပြသည်။

"ဒီလိုဆိုယင် ကျွန်မတို့ ဘယ်လိုလုပ်ရမလဲရှင်၊ သမီးကလေးကို မုန့်ဟင်းခါးသည်လက်တော့ အပ်မခံချင်ဘူး"

ဒေါ်ညွန့်ညွန့်တဖြစ်လဲ ဒေါ်မွှေငင်းက ရှေ့နေကို မေးနေသည်။

သူတို့ရှေ့နေက ထိုကိစ္စကို မည်သို့ပြုရမည်ကို သူ စဥ်းစားပေးပါဦးမည်၊ အချိန်ပေးပါဟူ၍သာ ပြန်ပြောသဖြင့် သူတို့တတွေမှာ ရှေ့နေထံမှ ပြန်လာခဲ့ကြရသည်။

www.burmeseclassic.com



"တောက် မျောက်ကလေးဗေဒင်ဆရာပေးလိုက်တဲ့ လက်ဖွဲ့လဲ သမီးကို စွပ်မပေးရဘူး၊ အဲဒါသာ စွပ်ပေးလိုက်ရယင် သမီး စိတ်ပြောင်းသွားမှာတော့"

ဒေါ်ရွှေဝင်း တဗျစ်တောက်တောက် လုပ်နေသည်။

"ဟ၊ အဲဒီလိုဆွဲပေးရအောင် မင့်သမီးကိုမှ ငါတို့ မတွေ့ရတာ၊ ဘယ်လိုလုပ် ဆွဲနိုင်မှာလဲ...."

ဦးကံသာလှ ပြန်ပြောသည်။

"ကျုပ်ကလဲ အဲဒါကိုပဲ ဘဝင်မကျ ဖြစ်နေတာပေါ့၊ အခု ဘယ်လိုလုပ်ကြမလဲ"

"ငါလဲ မပြောတတ်ဘူးလေ၊ ရှေ့နေကိုပဲ အားကိုးရမှာပဲ၊ သူက အချိန်ပေးပါဆိုတော့ သူ့စကားအတိုင်း ပေးထားကြဦးပေါ့ကွာ"

နှစ်ရက်ခန့်အကြာတွင်တော့ သူတို့ထံသို့ ဘိုးတေနှင့် ဇေယျာတို့ ရောက်လာကြတော့သည်။

ဦးသာထူး တဖြစ်လဲ ဦးကံသာလှမှာ ဖိုးတေကို တွေ့ရလျှင် တကိုယ်လုံး တုန်လှုပ်ချောက်ချားသွားတော့သည်။

"ဟေ့၊ မင်း....မင်း....ဘာကိစ္စ ငါ့ဆီကို လာတာလဲကွဟေ"

"ဟာ....သူငယ်ချင်းရယ်၊မင်းက သဌေးဖြစ်နေတာနဲ့ ငါလို ငယ်ပေါင်းကြီးကိုတောင် မတွေ့ချင်တော့ဘူးလား၊ ငါက မင့်ကို ချင်လို့ လာတွေ့တာပေါ့ကွာ၊ ဟဲ ဟဲ"



"ဟေ့ကောင် အပိုတွေ ပြောမနေနဲ့၊ ငါက မိတ်ဟောင်း ဆွေဟောင်းတွေနဲ့ တွေ့ချင်တဲ့ကောင် မဟုတ်ဘူး၊ မင်း လာတာလဲ မကြိုက်ဘူး၊ ဒီတော့ မင့်ကို ငါ ငွေတထောင် ပေးလိုက်မယ်၊ နောက်နောင် ငါ့ကို လာမတွေ့နဲ့တော့၊ ဟုတ်ပြီလား"

ဦးကံသာလှက ပြောနေသည်။

သူ့စကားကို ကြားလျှင် အနီးတွင်ထိုင်နေသော ဇေယျာက ဟက်ဟက်ပက်ပက်ကြီး ရယ်ချလိုက်တော့သည်။

"ဟား ဟား ဟား ဟား၊ ရယ်စရာကောင်းလိုက်တာဗျား ငွေတထောင်ပေးမတဲ့၊ ဟားဟားဟား၊ ဒီမယ်.... ကိုသာထူးရဲ့ ခင်ဗျား ငွေတထောင် ကျုပ်တို့က ဘာလုပ်ရမှာလဲ၊ ကျုပ်တို့ အခုလာတာ ငွေတထောင် လိုချင်လို့မဟုတ်ဘူး၊ ခင်ဗျားဘုန်း ထားတဲ့ ငွေ တဆယ့်ငါးသိန်းအတွက် လာခဲ့ကြတာဗျ၊ သိပြီ လား၊ ဟား ဟား ဟား"

"ဟင်"

ဦးကံသာလှ အဖို့တော့ ထိုစကားများမှာ မိုးကြိုး အပစ်ခံ လိုက်ရသလို မူးမိုက်ရှိုက်ပင် သွားတော့သည်။

သူ့မျက်နှာပေါ်တွင်လည်း သွေးမရှိပဲ ဆုတ်ယုတ်နေတော့ သည်။

ဇေယျာ ဆက်၍ ပြောနေပြန်သည်။

"ခင်ဗျားစဉ်းစားပေါ့ဗျာ၊ ဒီငွေတွေဟာ ကျွန်တော့်အစ်ကို ငွေမောင်း အသက်နဲ့လဲပြီး ထားခဲ့ရတဲ့ငွေတွေမို့ ညီဖြစ်တဲ့

www.burmeseclassic.com

ကျွန်တော်နဲ့ မဆိုင်ဘူးလား၊ အဲ....ဆိုင်ပေမယ့် ကျွန်တော်က မတရားလုပ်ပြီး အကုန် မယူပါဘူးလေ၊ ဆယ့်ငါးသိန်း ထဲက တဝက်ပဲ ခွဲပေးပါ၊ ဒါဆိုယင် ခင်ဗျားသဘောတူသင့်ပါတယ်၊ ကျွန်တော့်မှာဖြင့် ခင်ဗျားကို ထောင်က လွတ်လာတဲ့ အချိန်က ပြီး ရှာလိုက်ရတာ ဒီနှစ်နဲ့ဆိုယင် ငါးနှစ်တောင် ပြည့်တော့ မယ်လေ ဟဲဟဲ”

ဦးသာထူးတစ်ဖြစ်လဲ ဦးကံသာလှကတော့ မည်သည့် စကား တွေကို ပြန်ပြောရမည်မသိ ဖြစ်နေသည်။

ငွေမောင်း၏ငွေများကို သူ အချောင်ရထားသည်က မှန်၏။

မှန်သော်လည်း အခုလို ပစ္စည်းရှင်ပေါ်လာပြီး ပြန်တောင်း တော့လည်း ဥစ္စာမက်သူပီပီ သူက မပေးလို။

ပေးရမည့် ငွေကလည်း မနည်းလှပေ။

တဝက်ဆိုတော့ ခုနစ်သိန်းခွဲကြီးများတောင်.....။

အဲဒီလောက်ကြီးတော့ သူ မပေးလိုပေ။

“ခင်ဗျား တောင်းတာ မများလွန်းဘူးလားဗျာ၊ ကျုပ် ဒီလောက်ကြီးတော့ မပေးနိုင်ဘူး၊ ပြီးတော့ ဒီငွေတွေကို ကျုပ် ရတယ်လို့ ခင်ဗျား ဘယ်လိုသက်သေပြနိုင်မလဲ”

“ဟာ သက်သေပြဖို့ကတော့ သိပ်ကို လွယ်တာပေါ့၊ အခု ဒီမှာ သက်သေတယောက်ဖြစ်တဲ့ ကိုဖိုးတေ ရှိနေပြီပဲ၊ ဒီတော့ တိုတိုပဲ ပြောပါရစေ၊ ခင်ဗျားဟာ ကျွန်တော်တောင်းတဲ့ငွေ ပေးယင်ပေး မပေးယင်တော့ ဟဲဟဲ”



“ဘာလဲ ခင်ဗျားက ကျုပ်ကို သတ်ပစ်မလို့လား၊ ဒါဆိုယင် လဲ စမ်းကြည့်လေ”

ဦးကံသာလှ ဒေါသဖြင့် ပြန်မေးသည်။

“အို အို၊ မသတ်ပါဘူး ခင်ဗျာ၊ သတ်ပစ်ဖို့ဖယ်ထား လက် ဖျားနဲ့တောင်မှ မထိပါဘူး၊အဲ....ကျုပ်က မထိပေမယ့် ခင်ဗျား ကို ထိမယ့်လူကတော့ ရှိနေတယ်နော် ဟဲဟဲ”

“ဘယ်သူလဲ ပြောစမ်းပါဦး”

“ဘယ်သူ ရမှာလဲ၊ ကျုပ် အစ်ကို ငွေမောင်းကို အသေ ဖြောင်ပစ်ခဲ့တဲ့ ရဲမှူးကြီး ကျော်မြင့်ဝေပေါ့၊ သူဟာ အခုထက် ထိ အဲဒီ ငွေကိစ္စကို လိုက်နေတုန်းပဲဗျ၊ တကယ်လို့ ခင်ဗျား က ကျုပ်တောင်းတာကို မပေးယင်တော့ အဲဒီရဲမှူးကြီးဆီ သွား ပြီး ကျုပ်အစ်ကိုရဲ့ ငွေတွေကို ခင်ဗျား ဖြောင်ထားပြီး သဌေး လုပ်နေပါတယ်ဆိုတာကို ဖွင့်ပြောရမှာပဲ၊ ဒါဆိုယင် ခင်ဗျားမှာ ငွေတွေလဲ ပြန်ပေးရမယ့်အပြင် ခင်ဗျားဟာလဲ အပြစ်ဒဏ်ကို ခံရပြီးသားပဲ၊ ဒီတော့ စဉ်းစားပေါ့ဗျာ၊ အဟီး”

ဦးကံသာလှမှာ ‘ဆုပ်ဆူး စားရူး’ ဆိုသလို ဖြစ်နေတော့ သည်။

ဇေယျာတောင်းသလို ပေးလိုက်လျှင်လည်း သူ့တွင်ရှိသော စည်းစိမ်တဝက်ကို ပေးလိုက်သလို ဖြစ်နေတော့မည်။

မပေးပြန်လျှင်လည်း ဇေယျာက ရဲကိုသွားတိုင်ပေတော့မည်။

ဘယ်သင်းမှ မသက်သာပေ။

မသမာသောနည်းနှင့် ရထားသော ငွေတို့မည်သည် တနေ့ ကျလျှင် သူ့လမ်းသို့ သူပြန်မြန်းပြီး လူကိုပါ အန္တရာယ်ပေး တတ်ပါသလားဟူ၍ ဦးကံသာလှ တွေးမိနေသည်။

"ဘယ်လိုလဲ နောင်ကြီး ဦးသာထူးရဲ့၊ နှမြော နေသလား၊ ဘာနှမြောစရာရှိသလဲဗျာ၊ ဒီငွေတွေဟာ ခင်ဗျား ချေးနဲ့စာနဲ့ ရှာထားလို့ ရတဲ့ ငွေမှ မဟုတ်ပဲ ကျုပ် အစ်ကိုရဲ့ ငွေတွေကို အချောင် ရလိုက်တာမို့ ပြန်ပေးသင့် ပါတယ်ဗျာ၊ ပြီးတော့ ကျုပ်က အကုန်တောင်းနေတာလဲမဟုတ်ဘူး တဝက်ပဲတောင်း တဲ့ဟာ....ဟဲဟဲ"

ဦးကံသာလှ သက်ပြင်းချယင်း ပြန်ပြောသည်။

"ခင်ဗျားက ပြောတော့ လွယ်နေလိုက်တာ ကျုပ်မှာ အဲဒီ ငွေတွေ ပြန်ပေးဖို့ လက်ထဲမှာမရှိဘူးဗျ၊ ဒီတိုက်နဲ့ခြံကို ရောင်း ပြီး ပေးမှ ဖြစ်မှာပေါ့"

"ပေးပေါ့ဗျာ၊ ဒီတိုက်နဲ့ခြံကြီးက ကြီးလွန်း နေပါတယ်။ ဒါကို ရောင်းယင် အခုခေတ်ဈေးနဲ့ဆိုယင် ဆယ့်ငါးသိန်းတော့ ရနိုင်ပါတယ်၊ ဒီတော့ ကျုပ်ကိုတဝက်ပေးပြီးယင် ကျန်တဝက် ငွေနဲ့ တခြား တထပ်တိုက်တလုံးကို ဝယ်လိုက်ပေါ့ဗျာ ဟား ဟား ဟား"

"ဟာ.... ခင်ဗျားကတော့ အလွယ်ကလေးတွေ လျှောက် ပြောနေတာပဲ၊ ကျုပ်မှာက ကြွေးဝိုင်းနေတဲ့ကောင်ဗျ၊ ကျုပ် ကုန်တွေ ဆက်တိုက်ရှုံးနေတာ တနှစ်ကျော်နေပြီ၊ အခု ကျုပ်



နေတဲ့ သိန်းကျော်တန် လဲင်ဆာကားတောင် ပေါင်ထားရတာဗျ၊ ခင်ဗျား ပြောသလိုသာ ဒီတိုက်ကို ရောင်းလိုက်ယင် နောက်ထပ် တိုက်တလုံးတော့ ဝယ်နိုင်မှာ မဟုတ်ဘူး၊ ကျုပ်ကြွေးရှင်တွေ လက်ထဲ အပ်လိုက်ရမှာဗျ"

"ဒါကတော့ ခင်ဗျားပြဿနာနဲ့ ခင်ဗျားပဲ၊ ကျွန်တော် ကတော့ ကိုယ့်ဝေစုကို ကိုယ်လိုချင်တာပဲ၊ ဒီတော့ကာ ခင်ဗျားကို စဉ်းစားဖို့ သုံးရက်ပေးမယ်၊ ကျုပ်ဝေစုကို မပေးဘူးဆိုယင် ခင်ဗျားကို ရဲလက်အပ်ရမှာပဲ၊ ကဲ သွားမယ်"

ဇေယျာ ပြောပြောဆိုဆိုနှင့် ထိုင်နေရာမှ ထလိုက်တော့ သည်။

ဖိုးတေလည်း ဇေယျာနည်းတူ ထိုင်နေရာမှ ထသည်။

"ဟော့ သာထူး၊ မင်း မမိုက်ပါနဲ့ကွာ၊ သူတောင်းတာကိုသာ ပေးလိုက်ပါ၊ ဒါဆို မင့်အတွက် တသက်လုံး အေးအေးချမ်း ချမ်းနေသွားရမယ့်ဟာ၊ ငါက စေတနာနဲ့ ပြောတာနော်"

ဖိုးတေစကားအဆုံးတွင် ဇေယျာနှင့်အတူ ပြန်သွားသည်။

ထိုကိစ္စကို ဇနီးဖြစ်သူ ဒေါ်ရွှေဝင်းအား ဦးကံသာလှ မြ လည်၍ ပြောပြခဲ့သည်။

ဒေါ်ရွှေဝင်းမှာလည်း သတိလစ်မတတ် ထိတ်လန့်တကြား ဖြစ်ခဲ့ရတော့သည်။

www.burmeseclassic.com



သူတို့လင်မယားမှာ နေယင်းထိုင်ယင်း သင်္ဘေးဘဝမှာ ခွေး ဘဝသို့ ရောက်ကြရတော့မည်မို့ သမီးကိစ္စကို ခေါင်းထဲ မထည့် နိုင်ကြတော့ပေ။

သူတို့ လင်မယားနှစ်ယောက်၏ ရင်ထဲတွင် နေဆယ်စင်း အပြိုင်ထွက်နေသလို ခံစားနေကြရတော့သည်။

သုံးရက်မြောက်သောနေ့တွင် ဇေယျာနှင့် ဖိုးတေတို့ ရောက် လာကြသည်။

ထိုအခါတွင်တော့ ဦးကံသာလှမှာ သူတို့ တောင်း သည့် အတိုင်း ငွေများကို သူ့တိုက်ရောင်း၍ ပေးပါမည်၊ နောက်ထပ် ဆယ်ရက်စောင့်ပါဟူ၍ ပြောရတော့သည်။

ဇေယျာတို့ကလည်း ကျေကျေနပ်နပ်ပင် စောင့်ပါမည်ဟု ပြောသွားကြသည်။

ဦးကံသာလှမှာ သူ့တိုက်အား ဆယ့်ငါးသိန်းနှင့်ပင် အမြန် ရောင်းချရတော့သည်။

ထိုသို့ ရောင်းချပြီးနောက် ဇေယျာတို့အား ငွေပေးချေရန် တာညနေတွင် ချိန်းသည်။

ဇေယျာတို့လည်း ဦးကံသာလှထံသို့ ရောက်လာကြသည်။

ဦးကံသာလှက သူ့ညှိခန်းတွင် ငွေချေရန် လုပ်စဉ်မှာပင် ရဲမှူးကြီး ဦးကျော်မြင့်ဝေ ခေါင်းဆောင်သော ရဲများ ရောက် လာကြတော့သည်။



ဇေယျာရော ဦးကံသာလှတို့ပါ ထိတ်ထိတ်ပျာပျာတွေ ဖြစ် ကုန်ကြသည်။

"ကျွန်တော်တို့ကို ခွင့်ပြုပါ၊ ဦးသာထူးခေါ် ဦးကံသာလှ ခင်ဗျား၊ လာခဲ့ရတဲ့ အကြောင်းကတော့ ဦးကံသာလှ ဖမ်းဖို့ ပါပဲ၊ ဖမ်းဝရမ်းတွေလဲ ပါပါတယ်၊ ရုပ်ကွက်ကောင်စီများလဲ ပါလာပါတယ်ခင်ဗျာ"

"ဗျ ဗျ ဗျာ၊ ကျွန် ကျွန်တော့်ကို ဘာအမှုနဲ့ ဖမ်း ဖမ်း ဖမ်းမှာလဲ၊ ကျွန်တော့်မှာ ဘာ ဘာ ဘာအပြစ်တွေများ ရှိနေ လို့လဲ ခင်ဗျာ"

ဦးကံသာလှ ထစ်ထစ်ငေါ့ငေါ့ဖြင့် ပြန်မေးသည်။

ဒေါ်ရွှေဝင်း၏ မျက်နှာပေါ်တွင်တော့ အောက်စီဂျင်မဲ့ ပြတ်သွားသလို ဖြစ်နေတော့သည်။

"ကျွန်တော်တို့ ပြည်သူ့ရဲတွေဟာ လူတယောက်ကို အပြစ် မရှိပဲနဲ့တော့ ဖမ်းရိုးမရှိပါဘူး၊ ခိုင်လုံတဲ့အပြစ်ရှိမှ ဖမ်းတာပါ၊ အခုလဲပဲ ဦးကံသာလှမှာ ဖမ်းရမယ့်အပြစ်က ရှိနေပါတယ်၊ ထိုရင်းကို ပြောရယင်တော့ တို.. ဘဆယ့်ငါးနှစ်သောက်တုန်းက သိန်းဖြူဂိုဏ်းခေါင်းဆောင် ငွေမောင်းထုတ်သွားခဲ့တဲ့ ငွေတွေကို ဦးကံသာလှက ကြားမှ ဖြတ်ယူပြီး ဒီနှန်းကနေမှာ သင်္ဘေးအဖြစ် ခနခဲ့တဲ့ကိစ္စပါပဲ၊ ခင်ဗျားယူခဲ့တဲ့ငွေဟာ နိုင်ငံတော်က ပိုင်ဆိုင်တဲ့ ငွေဖြစ်နေပါတယ်၊ ပြီးတော့ ခင်ဗျားဟာ ဒီအကြောင်းကို သိလို့လဲ မဟုတ်ဘူး၊ သတင်းစာတွေထဲမှာရော မန္တလေးတမြို့ လုံးမှာရော ဟိုးလေးတကျော်ဖြစ်နေတဲ့ သတင်းပဲ၊ ဒါတွေကို ပိလျက်သားနဲ့ ဦးကံသာလှဟာ ရိုးရိုး သားသား တာဝန်သိ

www.burmeseclassic.com



တက်တဲ့ ပြည်သူတယောက်အနေနဲ့ သက်ဆိုင်ရာကို လာမပေးပဲ ဒီငွေတွေကို ယူပြီး မယားနဲ့ သမီးကိုပါ တိတ်တဆိတ်ခေါ်လို့ မန္တလေးမြို့ကနေ ခြေရာဖျောက် ပြေးခဲ့တယ်၊ ဒါပေမယ့် မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာမရှိသလို ရာဇဝတ်ဘေးဆိုတာ မျိုးကလဲ ပြေးလို့မလွတ်တော့၊ ဟော.... အခု ဦးကံသာလှရဲ့ မိုက်ပြစ်တွေကို ခံဖို့ ကျွန်တော်တို့ ပြည်သူ့ရဲတွေ ရောက်လာတာပါပဲဗျာ''

ရဲမှူးကြီး ကျော်မြင့်ဝေ စကားအဆုံးတွင် ဦးကံသာလှမှာ ကြက်ကြီး လည်လိမ်အချိုးခံရသလို မှိုင်တွေကျသွားတော့သည်။

* * *

(၂၀)

## သင်္ခါရ

---

ဦးကံသာလှနှင့်ပတ်သက်၍ အတိုချုံးရေးရလျှင်တော့ ဦးကံသာလှမှာ ပြစ်မှုထင်ရှားသဖြင့် အလုပ်နှင့် ထောင်ဒဏ်နှစ်နှစ်ကျသွားသည့်အပြင် ဇေယျာအား ဝေစုခွဲပေးရန်အတွက် သူ့တိုက်အား ရောင်းချထားသော ငွေကိုပါ အသိမ်းခံလိုက်ရသည်။

ထိုငွေများမှာ ဘိန်းဖြူဂိုဏ်းခေါင်းဆောင် ငွေမောင်းထံမှ အချောင်တုန်းထားသော ငွေများလည်း ဖြစ်၊ နိုင်ငံတော်က ဘဏ္ဍာတော်အဖြစ် သိမ်းရမည့် ငွေများဖြစ်နေ၍ ယခုလို သိမ်းခံခြင်းပင်။

www.burmeseclassic.com

www.burmeseclassic.com



ထိုငွေများ ပြန်ရ၍လည်း ဦးကံသာလှမှာ အပြစ်ကို ဤမျှသာ ခံရခြင်းပင်။

သို့မဟုတ်ပါက ထို့ထက်ပို၍ ပြစ်ဒဏ်ကို ခံရပေမည်။

ရဲမှူးကြီး ကျော်မြင့်ဝေကိုတော့ ပြည်ထဲရေးဝန်ကြီးက ဂုဏ်ပြုချီးကျူးထားသည့် လက်မှတ်ကို ချီးမြှင့်ခြင်း ခံရသည်။

ဦးကျော်မြင့်ဝေ အနေဖြင့် ဆယ့်ငါးနှစ်လုံးလုံး ပျောက်ချင်းမလှ ပျောက်ဆုံးနေသော နိုင်ငံတော်မှ ပိုင်ဆိုင်ရမည့်ငွေများကို ပြည်သူ့ရဲတပ်သားကောင်း ပီသစွာ ဇွဲရှိရှိဖြင့် ပြန်ရအောင် ယူပေးနိုင်၍ပင်။

ယင်းသို့ ယူနိုင်၍လည်း ဦးကျော်မြင့်ဝေအနေနှင့် ဂုဏ်ယူမဆုံးဖြစ်ကာ ဝမ်းသာပီတိတွေ ဖြစ်နေသည်။

ဦးကံသာလှ ထောင်နန်းစံသွားခဲ့ရလျှင် ဒေါ်ရွှေဝင်းမှာလည်း ခိုကိုးရာမဲ့ ဖြစ်ခဲ့ရှာတော့သည်။

ဦးကံသာလှ မရှိတော့၍ ပွဲရုံကိုလည်း ပိတ်ပစ်ခဲ့ရသည်။

သူတို့တွင်ရှိသော ရဘနာပစ္စည်းများနှင့် ငွေများမှာလည်း အကြွေးပြန်ဆပ်ရသည်က တမျိုး၊ ဦးကံသာလှအတွက် ရှေ့နေငှားရသည်က တမျိုးနှင့် နောက်ဆုံးတွင် ဒေါ်ရွှေဝင်းမှာ ငွေအသပြာလည်း မရှိ၊ နေစရာလည်း မရှိဖြစ်ကာ ယခင် သူတို့ ပိုက်ဆံရှိစဉ်က ကိုးကွယ်ခဲ့ကြသော ဘုန်းတော်ကြီးကျောင်းမှ ဇရပ်တခုတွင် ဆင်းဆင်းရဲရဲဖြင့် နေ နေရတော့သည်။



ထိုအခါကျမှ ဒေါ်ရွှေဝင်းမှာ ပိုက်ဆံရှိခဲ့စဉ်က မာနတံခွန်ထူခဲ့မိသော သူ့ မိုက်ပြစ်တွေကို နောင်တရမဆုံး ဖြစ်နေတော့သည်။

သူ့အဖြစ်မှာ မြန်မာ့သမိုင်းတွင် ပါဝင်ခဲ့ဖူးသော ဆီးသီးသည်နှင့် တူနေသည်။

မြန်မာ့သမိုင်းတွင် ပါ ဝင် ခဲ့ ဖူး သော ဆီးသီးသည်၏ အကြောင်းမှာ ဤသို့ ဖြစ်သည်။

တနေ့ ရှင်ဘုရင်တပါးသည် တိုင်းခန်း လှည့်လည်လာရာတွင် ဆီးသီး လည်ရောင်းနေသော ဆင်းရဲနွမ်းပါးလှသည့် ဆီးသီးသည်ကလေးကို မြင်သွားသည်။

ဆီးသီးသည်ကလေးမှာ ဆင်းရဲပင် ဆင်းရဲလှသော်လည်း ရုပ်အဆင်းက အဟုတ်ဝင်းလှသဖြင့် ရှင်ဘုရင်မှာ ရုတ်ချင်းတခဏပင် မနောဟဒယမှာ သဘောကျကာ မိဖုရားအဖြစ် သိမ်းပိုက်ခဲ့တော့သည်။

ဆီးသီးသည်ကလေးမှာ မိဖုရား ဖြစ်သည်နှင့် တပြိုင်နက် မိမိဘဝကို မိမိမေ့ကာ မိုးထိအောင် ဘဝင်တွေ မြင့်နေတော့သည်။

သူ့ကိုယ် သူ ဆီးသီးသည် ဖြစ်ခဲ့ရသည်ကိုပင် သတိမရတော့ပေ။

တနေ့သောအခါ သူ့ မောင်တော် ရှင်ဘုရင်က အခင်က သူ ရောင်းချခဲ့ဖူးသော ဆီးသီးကို ပွဲတော် တည်နေသည်။

www.burmeseclassic.com



ဒါကို တွေ့ရလျှင် ဘဝင်မြင့်ကာ ဘဝကို မေ့နေသော ဆီးသီးသည်ကလေးက ရှင်ဘုရင် ဘဉ်းပေးနေသော ဆီးသီးကို ကြည့်ကာ "ဒီအသီးဟာ ဘာအသီးလဲ မောင်တော်" ဟူ၍ မေးမိသည်။

ထိုအခါတွင် ဘုရင်ကြီးမှာ ဒေါသအမျက် ပြင်းစွာ ထွက်သွားတော့သည်။

"ဟယ်.... မိဖုရားကြီး၊ သင်သည် ဤအသီးကိုပင် မသိတော့ပြီတကား၊ သင်ကား ကိုယ့်ဘဝကို ကိုယ် မေ့နေသော မိန်းမ ယုတ်ဖြစ်၍ ငါ၏ ထီးနန်းနှင့် မတန်၊ သင့်ရပ်ထံသာ ပြန်၍ ဆီးသီးကိုသာ ပြန်ရောင်းချေတော့"

ဘုရင်ကြီးသည် ဆီးသီးသည် မိဖုရားအား ပြော၍ နန်းတွင်းမှ နှင်ထုတ်လိုက်လေတော့သည်။

ဆီးသီးသည်ကလေးလည်း နောင်တကြီးစွာရကာ နန်းအရပ်မှ မျက်ရည်လည်ရွဲ ငိုပွဲဆင်ကာ ထွက်သွားရရှာတော့သည်။

ယခု ဒေါ်ရွှေဝင်းမှာလည်း ဆီးသီးသည် အဖြစ်မျိုးနှင့် တူနေတော့သည်။

သူသည် မန္တလေးမြို့တွင် နေခဲ့စဉ် အလွန် ဆင်းရဲလှသည်။

နောက် သူ၏ ခင်ပွန်းသည်မှာ မမျှော်လင့်ပဲ မြင်းလှည်းတွင်းမှ ငွေ ဆယ့်ငါးသိန်းကို ရခဲ့ပြီး သူနှင့် သမီးဖြစ်သူ ဆုရှည်မွန်အား ခေါ်ကာ ရန်ကုန်မြို့သို့ လာခဲ့ကြသည်။



သူတို့ အမည်တွေကိုလည်း ပြောင်းခဲ့ကြသည်။

သူတို့သည် ရလာသော ငွေများနှင့် ယခု ရောင်းလိုက်သော တိုက်ခြံကြီးကို ငွေ ငါးသိန်းဖြင့် ဝယ်ယူခဲ့သည်။

သူတို့ ဝယ်ခဲ့စဉ် တိုက်ဈေးတွေမှာ သိပ်မကြီးလှသေးပေ။

ပြီးတော့ သူ၏ ယောကျ်ား ဦးကံသာလှက လမ်းမတော်ဘက်တွင် ပွဲရုံတခုကို ထောင်ကာ အရောင်းအဝယ် လုပ်ခဲ့သည်။

ကုသိုလ်ကံကလေးက တက်နေချိန်ဖြစ်၍ ပွဲရုံလုပ်ငန်းကလည်း အရမ်း မြတ်နေသည်။

သူတို့ တတွေမှာလည်း အလွန် ကြီးပွားလာခဲ့ကြသည်။

ဤတွင် ဒေါ်ရွှေဝင်းရော ဦးကံသာလှပါ ဘဝဟောင်းကို မေ့ကုန်ကြသည်။

ဘဝဟောင်းက သူတို့ အမည်များ ဖြစ်ကြသော ဦးသာထူးနှင့် ဒေါ်ညွန့်ညွန့် အမည်ဟောင်းကိုပင် လုံးဝ မသိမရတော့ပေ။

သူတို့ကိုယ် သူတို့ တကယ့် သန်းကြွယ် သဌေးကြီးများ မှတ်ထင်ကာ ဆင်းရဲ နွမ်းပါးသူများဆို အဖက် မလုပ်တော့ပေ။

အလွန်လည်း အထင်သေးခဲ့ကြသည်။

သူတို့သည် အပေါင်းအသင်းတွေကိုလည်း ငွေကြေး ချမ်းသာသူတွေနှင့်သာ ပေါင်းခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုမူ သူတို့ ပေါင်းသင်းခဲ့ကြသော လူချမ်းသာတွေမှာ အားမကိုးရတော့ပေ။

သူတို့ ဆင်းရဲသွားမှန်း သိကတည်းက သူတို့ကို ရှောင်ဖယ်သွားခဲ့ကြသည်။

အကူအညီ ရလိုရငြား သူတို့အိမ်သို့ သွားခဲ့သည်ကိုပင် သူတို့တတွေက ထွက်မတွေ့တော့ပဲ အိမ်ဖော်များနှင့်လွှဲကာ သူတို့ မရှိကြောင်း အပြောခိုင်းကြသည်။

ငွေကြေး ချမ်းသာစဉ်က မိုးမမြင် လေမမြင် ဖြစ်ခဲ့ကြသလောက် ယခုမူ ဒေါ်ရွှေဝင်းခမျာ ငိုပွဲကိုသာ ဆင်နေရှာရသည်။

သမီး ဖြစ်သူမှာလည်း မည်သည့်အရပ်တွင် ရောက်နေသည် မသိတော့ပေ။

အကယ်၍ သိသည်ပင် ထားဘိဦး၊ ဒေါ်ရွှေဝင်းတယောက် သမီးထံသို့ သွားဝံ့မည်ကား မဟုတ်။

အကြောင်းမှာ သူတို့ လင်မယားက ချစ်ဝင်းနိုင် တို့အား ရစရာမရှိအောင် ပြောခဲ့မိကြသည် မဟုတ်လော။

သည်တော့ ချစ်ဝင်းနိုင်နှင့် မျက်နှာချင်း ဆိုင်ရမည်ကို သူ လန့်နေမိသည်။

နောက်ဆုံးတွင်တော့ ဒေါ်ရွှေဝင်းမှာ ဖြစ်သမျှအကြောင်း အကောင်းချည်းဟူ၍ သဘောထားကာ သူ ရောက်ရှိနေသော ဇရပ်မှာပင် ဆင်းဆင်းရဲရဲဖြင့် နေရရှာတော့သည်။



စုရှည်မွန်ကတော့ သူ့မိဘတွေအကြောင်းကို လုံးဝ မသိသေးပေ။

သူနှင့်ချစ်ဝင်းနိုင်တို့မှာ သူ့မိဘတွေရောက်လာပြီး နောက်တနေ့တွင် တရားရုံးတရုံး၌ နှစ်ဦးသဘောတူ လက်ထပ်ခဲ့ကြပြီးနောက် ချစ်ဝင်းနိုင်၏ ဇာတိဖြစ်သော ဟင်္သာတမြို့သို့ သွားနေသောကြောင့်ပင်။

ချစ်ဝင်းနိုင်မရှိသဖြင့် နတ်သုဒ္ဓါ မုန့်ဟင်းခါးဆိုင်မှာလည်း ခေတ္တပိတ်ထားခဲ့ရသည်။

ဟင်္သာတမြို့တွင် နှစ်လခန့် နေကြပြီးမှ သူတို့နှစ်ဦးမှာ ရန်ကုန်မြို့သို့ ပြန်လာခဲ့ကြသည်။

ရန်ကုန်မြို့သို့ ရောက်၍ နောက်တနေ့ကျမှ သူတို့၏ နတ်သုဒ္ဓါ မုန့်ဟင်းခါးဆိုင်ကို ပြန်ဖွင့်ကြသည်။

ဆိုင်ပြန်ဖွင့်၍ နှစ်ရက်ခန့်အကြာတွင်တော့ သူတို့ဆိုင်သို့ စုရှည်မွန်၏ ကျောင်းနေဘက် သူငယ်ချင်း စီစီ ရောက်လာတော့သည်။

"ဟေး.... စီစီ ယူနဲ့ကိုယ် အခုမှပဲ တွေ့ရတော့တယ်ဟေ့၊ လာကွာ....၊ မုန့်ဟင်းခါးစားပါဦး၊ မောင်ရေ... ဟောဒါ စုနဲ့ ကျောင်းနေဘက် သူငယ်ချင်း စီစီဆိုတာပဲ"

စုရှည်မွန်က စီစီအားပြောယင်းမှ မုန့်ပွဲများကို လိုက်လံချပေးနေသော ချစ်ဝင်းနိုင်ကိုပါ လှမ်းပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ချစ်ဝင်းနိုင်လည်း စိစိရှိရာသို့ အမြန်ရောက်လာပြီး ပြန်ပြောသည်။

"ဩြော်....ဟုတ်ကဲ့ခင်ဗျာ၊ စုကတော့ ပြောပြောနေပါတယ်၊ လူကိုတော့ အခုမှပဲ မြင်ဖူးတော့တယ်၊ ဟဲဟဲ"

စိစိကလည်း သူတို့ကို ပြုံး၍ ပြန်ကြည့်ယင်း ပြောသည်။

"ကျွန်မ အခုလာတာက မုန့်ဟင်းခါးစားမလို့ မဟုတ်ဘူး၊ ဟောဒီက မိစုအတွက် သတင်းဆိုးတခု ပေးချင်လို့ လာခဲ့တာ"

"ရော.... ဘာသတင်းဆိုးလဲဗျာ၊ ကေန္ဒ သူ့ဖားသားကြီး အနိစ္စသဘောနဲ့ ကိစ္စချောသွားလို့လား၊ ဒါဆိုယင် ရက်လည် ဆွမ်းကပ်ဖို့ ကျွန်တော်က မုန့်ဟင်းခါး ကူရဦးမှာပေါ့လေ၊ ဟား ဟား ဟား"

ချစ်ဝင်းနိုင်က သူ့ဝသီအတိုင်း ဟာသဖောက်နေသည်။

"အို....မောင်ကလဲ မတော်မတည့် ပြောနေပြန်ပြီ၊ ဖေဖေဟာ စုနဲ့ပတ်သက်လာယင် မောင့်ယောက္ခမဆိုတာလဲ သတိရဦး၊ သိလား ဟွန်း"

စုရည်မွန် မျက်စောင်းကလေးထိုးကြည့်ယင်း ချစ်ဝင်းနိုင်ကို ဆူနေသည်။

"မဟုတ်ဘူးရှင့်၊ အန်ကယ်ဦးကံသာလှ မသေပါဘူးလေ၊ ဖြစ်ရတာက ဒီလိုပါ"



စိစိသည် ယင်းသို့ အစချီပြီးနောက် ဦးကံသာလှတို့ အကြောင်းကို တလုံးမကျန် ပြောပြနေတော့သည်။

စုရည်မွန်မှာ မိဘများ၏ သတင်းကို ကြားရလျှင် ထိုင်ငိုနေတော့သည်။

ချစ်ဝင်းနိုင်သည် စိတ်မကောင်း ဖြစ်သွားတော့သည်။

"အဲဗျာ.... ကြားရဟာ စိတ်မကောင်းလိုက်တာ၊ နေပါဦး၊ ဒါဆိုယင် အခု စုရဲ့အမေက ဘယ်မှာနေလဲ၊ မန္တလေးများ ပြန်သွားပြီလားဗျာ"

"မပြန်ဘူးရှင့်၊ ကျွန်မ သိရလောက်တော့ အန်တီဟာ သူတို့ အယင်က ကိုးကွယ်ခဲ့တဲ့ ကြည့်မြင်တိုင်ကျောင်းတိုက်က ဆရာတော်ရဲ့ ဇရပ်မှာ နေတယ်လို့ သိရတာပဲ၊ စု သိမှာပေါ့"

"အို.... သိတာပေါ့၊ ဒီလိုဆိုယင် မေမေ့ကို စု ခေါ်ထားချင်တယ် မောင်၊ ခေါ်ရမလားဟင်"

"ဩြော်.... စုရယ်၊ မောင် သဘောထားမယုတ်ပါဘူးကွာ၊ 'ယောက္ခမ' ဆိုတာ 'မိဘတဝမ်းကွဲ' မို့ သူက မနေချင်တောင် အတင်းဆွဲပြီး ခေါ်ခဲ့ရမှာပေါ့၊ ဒီတော့ နေ့လယ်ဘက်ကျယင် စုနဲ့မောင်တို့ သွားခေါ်မယ်၊ ကျေနပ်ပြီလား"

ချစ်ဝင်းနိုင်က မေးလျှင် စုရည်မွန်က ကြည်လင်ဝင်းပသော အပြုံးကလေးနှင့် ခေါင်းကို ပြန်ညိတ်ပြသည်။

စိစိလည်း ခဏအကြာတွင် ပြန်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ချစ်ဝင်းနိုင်နှင့် စုရည်မွန်မှာ နေ့လယ်တနာရီခန့်အချိန်တွင် ဒေါ်ရွှေဝင်းရှိရာ၊ ကြည့်မြင်တိုင် ဘုန်းကြီးကျောင်းသို့ လေးဘီး အငှားကားကလေးဖြင့် သွားခဲ့ကြသည်။

ပထမ ဆရာတော်ထံသို့ ဝင်၍ ဦးချယင်း စုရည်မွန်က သူ့မိခင်ရှိသောနေရာကို မေးသည်။

ဆရာတော်က ဘုန်းကြီးကျောင်းသားကလေးတဦးကို ခေါ်၍ သူ့တို့ကို လိုက်အပြခိုင်းသည်။

ဒေါ်ရွှေဝင်းအား ဇရပ်တခုတွင် စိပ်ပုတီး စိပ်ယင်း ထိုင်နေသည်ကို စုရည်မွန် မြင်ရသည်။

"မေမေ...."

စုရည်မွန် ငိုသံပါကလေးဖြင့် ခေါ်ယင်း မိခင်ကြီးထံသို့ ပြေးကာ ဖက်ငိုနေတော့သည်။

ဒေါ်ရွှေဝင်းမှာလည်း သမီးအား တွေ့ရလျှင် ပြန်ဖက်၍ ငိုယိုနေသည်။

ချစ်ဝင်းနိုင်ကတော့ သူတို့သားအမိအား စိတ်ထိခိုက်သော အသွင်ဖြင့် ကြည့်ကာနေသည်။

"သမီးဖေဖေရဲ့ အဖြစ်ကိုတော့ ကြားမြီ ကြရောပေါ့နော် သမီး"

ဒေါ်ရွှေဝင်းမျက်ရည်လည်ရွဲဖြင့် သမီးကို မေးနေသည်။



"စီစီကပြောပြလို့ သမီး အကုန်သိပြီးပါပြီမေမေရယ်၊ သမီး စိတ်မကောင်းပါဘူး၊ ပြီးတော့ အဲဒီအချိန်တုန်းက သမီးတို့ ရန်ကုန်မြို့မှာ မရှိဘူး၊ ဟသာတမြို့ကို ရောက်နေကြတယ်၊ အဲဒီမှာ နှစ်လလောက် ကြာသွားတယ်မေမေ၊ အခု ပြန်လာပြီး ဆိုင်ကို ဖွင့်တော့မှ စီစီရောက်လာပြီး မေမေတို့အကြောင်းကို ပြောပြသွားလို့ သမီးတို့ အခုလို လိုက်လာကြတာပဲ"

စုရည်မွန်စကားအဆုံးတွင် ချစ်ဝင်းနိုင်ကလည်း ဝင်ပြောသည်။

"ဟုတ်တယ်အဒေါ်၊ ကျွန်တော်တို့တတွေ ဒေါ်ဒေါ်တို့ အကြောင်းကို ဘာမှ မသိကြဘူး၊ အခုမှ သိကြရတာပဲ၊ ဒီတော့ ဖြစ်ပြီးတာတွေကို တွေးပြီး စိတ်မကောင်း ဖြစ်မနေပါနဲ့၊ အကောင်းရှိလျှင် အဆိုးရှိသလို အဆိုးရှိယင်လဲ အကောင်းရှိနိုင်တာမို့ တရားနဲ့သာဖြေပါ၊ အခု ကျွန်တော်တို့လာကြတာဟာ ဒေါ်ဒေါ့်ကို လာခေါ်တာပါ၊ ကျွန်တော်တို့နဲ့ပဲ နေပေါ့၊ ကျွန်တော့်အပေါ်မှာ ဒေါ်ဒေါ်တို့တတွေ ပြောကြဆိုကြတာ တွေကိုလဲ ကျွန်တော် ဘယ်လိုမှ သဘောမထားပါဘူး...."

ချစ်ဝင်းနိုင်၏ စကားများကို နားထောင်ယင်း ဒေါ်ရွှေဝင်း စိတ်ထိခိုက်ကာ မျက်ရည်တွေ ကျနေတော့သည်။

စုရည်မွန်ကလည်း ဆက်ပြောနေသည်။

"ဟုတ်တယ် မေမေ၊ သမီးတို့နဲ့ပဲ လိုက်ခဲ့ပါ၊ မေမေမှာက တကောင်ကြွက်မှ မဟုတ်ပဲ၊ သမီးရော သမက်ပါ ရှိနေပြီပဲဟာ၊ လိုက်ခဲ့ရမယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



စုရှည်မွန်က မိခင်ကြီးကို အတင်း ခေါ်နေသည်။

နောက်ဆုံးတွင်တော့ ဒေါ်ရွှေဝင်းမှာ ငြင်းမနေတော့ပဲ သမီးနှင့် သမက်ခေါ်ရာသို့ ပါသွားခဲ့တော့သည်။

* * *

(၂၁)

## မုန့်ဟင်းခါး ချစ်သူ

ချစ်ဝင်းနိုင် ဦးစီးသော နတ်သုဒ္ဓါ မုန့်ဟင်းခါးဆိုင်ကလေးမှာ စည်ကားလျက် ရှိသည်။

မုန့်ဟင်းခါးဆိုင်တွင်လည်း လူတယောက် အသစ် ထပ်ရောက်လာသည်။

ထို အသစ်လူကား အခြား မဟုတ်ပေ။

စုရှည်မွန်၏ မိခင်ကြီး (ဝါ) ချစ်ဝင်းနိုင်၏ ယောက္ခမကြီး ဒေါ်ရွှေဝင်းပင်။

ဒေါ်ရွှေဝင်းနှင့် ချစ်ဝင်းနိုင်၏ မိခင် ဒေါ်မြချစ်တို့ ခမည်းခမက်တွေမှာ စုစည်းလျက်ရှိကြပြီး မုန့်ဟင်းခါးဆိုင်တွင် လက်ညီတက်ညီ လုပ်အားပေးနေကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခင် ဒေါ်ရွှေဝင်း တယောက် ငွေကြေးမနေ ကြွယ်ဝစဉ်က မုန့်ဟင်းခါးသည်များကို အထင်သေး ရှုတ်ချခဲ့မိသော်လည်း ယခုမူ အထင်မသေးတော့ပေ။

ဝင်ငွေ တကယ်ကောင်းမှန်း သိရ၍ သဘောကျမဆုံး ဖြစ်နေသည်။

ထို့ပြင် မုန့်ဟင်းခါး ရောင်းချခြင်းမှာ ကောင်းသော သမ္မာအာဇီဝ အသက်မွေးကြောင်း ဖြစ်သည်ကိုလည်း သူ သဘောပေါက်နေသည်။

စုရည်မွန်မှာလည်း တက္ကသိုလ်ကျောင်းသို့ ပြန်တက်နေပြီ ဖြစ်သည်။

ယခင်ကဆိုလျှင် မုန့်ဟင်းခါးဆိုင်တွင် ပိုက်ဆံ သိမ်း ရန် အချိန်ပြည့် ထိုင်နေရ၍ သူ့မှာ ကျောင်းမတက်နိုင် ဖြစ်ခဲ့ရသည်။

ယခုမူ မိခင်ကြီးကလည်း ရောက်၊ ချစ်ဝင်းနိုင်ကလည်း သူ့အား ကျောင်းပြန်တက်ရန် အဘင်း တိုက်တွန်းနေ၍ စုရည်မွန်မှာ ကျောင်း ပြန်တက်နေခြင်းပင်။

နံနက်ပိုင်းတွင် စုရည်မွန်၏ မိခင်ကြီးက မုန့်ဟင်းခါးဆိုင်တွင် စုရည်မွန် ကိုယ်စား ငွေသိမ်း တာဝန်ခံ ယူခဲ့ရသည်။

စုရည်မွန်ကတော့ ညနေပိုင်း ဆိုင်ဖွင့်ချိန်ကျမှ ငွေသိမ်းကိစ္စကို လုပ်ကိုင်ပေးတော့သည်။

ချစ်ဝင်းနိုင်၏ မုန့်ဟင်းခါးဆိုင်ကလည်း ယခင်ကထက်ပင် ပိုမို၍ ရောင်းကောင်းနေသည်။



အချို့ နာမည်ကြီး မုန့်ဟင်းခါးဆိုင်များမှာ ရောင်းကောင်း လာလျှင် ခိုတတ် ကတ်တတ်ကြသည်။

ဥပမာ ဆိုင်ရှင်ကိုယ်တိုင် မုန့်ဟင်းခါး ကျိုချက်ရာတွင် ဦးစီး ဦးဆောင် မပြုတော့ဘဲ အလုပ်သမားများနှင့်သာ လက်လွှတ် စပယ် လုပ်ထားခြင်း။

ငါးများကိုလည်း ယခင်လို အချိန်ပြည့် မထည့်တော့ဘဲ လျှော့၍ ထည့်တတ်ခြင်း၊ ဆိုင်တွင် လာရောက် စားသူများ အပေါ်တွင်လည်း ဆက်ဆံရေး ချွတ်ယွင်းလာခြင်း စသဖြင့် လုပ်လာ၍ ဆိုင်မှာ တဖြည်းဖြည်း နာမည်ပျက်ကာ အရောင်းပါ ကျသွားတတ်ကြသည်။

ချစ်ဝင်းနိုင် တို့ကတော့ ထိုသို့ မဟုတ်ပေ။

ပို၍ ရောင်းကောင်းလာသဖြင့် မုန့်ဟင်းခါး ကျိုချက်ရာတွင် စားသုံးသူများအပေါ် ပိုမို စေတနာကောင်းထားကာ ချက် ပေးခဲ့ပေသည်။

ဆက်ဆံရေးတွင်လည်း အလွန် ကောင်းသည်။

အထူးသဖြင့် လာရောက်၍ စားသုံးကြသူများအား ချစ်ဝင်း နိုင်က ဟာသကလေးတွေ ရော၍ ပြောတတ်သဖြင့် တသော သော ပွဲကျမဆုံး ဖြစ်နေတတ်ကြသည်။

တနေ့ ညနေဘက်တွင် စုရည်မွန်အား အပြိုင် ပိုးပန်းခဲ့ကြ သော ကိုကိုဇော်နှင့် ညီညီမောင်တို့မှာ သူတို့ကားဖြင့် နတ်သုဒ္ဓါ မုန့်ဟင်းခါးဆိုင်သို့ ရောက်လာခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ငြင်းတို့ နှစ်ဦးမှာ ချစ်ဝင်းနိုင် နောက်သို့ စုရည်မွန် ပါသွားပြီးကတည်းက ကျောင်းလည်း မတက်ကြ၊ ရန်ကုန်တွင်လည်း မရှိပဲ ပျောက်ချက်သား ကောင်းနေကြသည်။

ယနေ့မှပင် သူတို့နှစ်ဦး ရန်ကုန်တွင် ဆုံမိကြရာမှ စုရည်မွန်အား အလှမ်းပြေကြည့်ရန် လာခဲ့ကြခြင်းပင်။

စုရည်မွန်၏ မိဘများ သတင်းကိုတော့ သူတို့ ကြားသိခဲ့ကြပြီးဖြစ်သည်။

သူတို့ အနေဖြင့် စုရည်မွန်၏ မိခင်ကြီးမှာ မုန့်ဟင်းခါးဆိုင်တွင် ရောက်နေသည်ကိုတော့ မသိကြပေ။

ဆိုင်ထဲသို့ ရောက်၍ စုရည်မွန်၏ မိခင် ဒေါ်ရွှေဝင်းကို တွေ့ကြရလျှင် နှစ်ဦးစလုံး အံ့အားသင့်ကုန်ကြတော့သည်။

"ဟင်.... ဒေါ် ဒေါ်၊ မုန့်ဟင်းခါးဆိုင် ရောက်နေပြီလား။ ဟား ဟား ဟား"

ညီညီမောင်က ဒေါ်ရွှေဝင်းကို တွေ့ရလျှင် တအံ့တသြပြောယင်း ရယ်နေသည်။

စုရည်မွန်ကလည်း သူတို့ကို လှမ်းကြည့်ပြီး ပြုံးနေသည်။

"ရောက်ရမှာပေါ့ကွယ်၊ ဒေါ်ဒေါ်က အယင်လို သဌေးကတော်ကြီး မဟုတ်တော့ဘူးလေ၊ ဈေးသည်ဘဝကို ပြန်ရောက်နေပါပြီ၊ အဟဲ"

ဒေါ်ရွှေဝင်းက ပြန်ပြောသည်။

ချစ်ဝင်းနိုင်ကလည်း သူတို့ကို တွေ့ရလျှင် မှတ်မိဟန်ဖြင့် လှမ်းခေါ်သည်။



"ဟာ.... ဘယ်သူတွေများလဲ မှတ်တယ်၊ ငုရဲ့ အချစ်တော်ကြီးတွေပဲ၊ လာကြဗျာ၊ လာကြ၊ မုန့်ဟင်းခါးကလေး သုံးဆောင်သွားပါဦး၊ အဟဲ"

ချစ်ဝင်းနိုင်၏ စကားကြားကြလျှင် နှစ်ဦးစလုံး မျက်နှာကြီးတွေ မဲ့သွားကြသည်။

"အလိုလေးလေး၊ ဒီစကား ဒီတခါပဲပြောပါ မိတ်ဆွေရယ်၊ ကြားရဟာ ရှက်လွန်းလို့ပါ၊ အဟီး"

ကိုကိုဇော်က ပြန်ပြောနေသည်။

ညီညီမောင်ကလည်း ဝင်ပြောသည်။

"ဟုတ်တယ်ဗျ၊ ဒီလိုတော့ မပြောပါနဲ့၊ ခင်ဗျားနဲ့ အချစ်စာမေးပွဲကြီး အပြိုင်ဖြေကြရာမှာ ကျွန်တော်တို့က ရှုံးသွားပါပြီလေ၊ ခင်ဗျားကတော့ ဂုဏ်ထူးတွေနဲ့အောင်သွားပါတယ်၊ ချီးကျူးပါတယ်ဗျာ....၊ မုန့်ဟင်းခါးသည်ဘဝနဲ့ စုံ အချစ်ကို ရအောင် လုပ်နိုင်တာ၊ ဟား ဟား ဟား"

ညီညီမောင်၏ စကားအဆုံးတွင် သူတို့တတွေ ရယ်နေကြသည်။

ကိုကိုဇော်က ဒေါ်ရွှေဝင်းဘက်သို့ ဖြစ်ပစ်မျက်နှာဖြင့် လှမ်းမေးသည်။

"ဒါထက် အန်တီကို မေးရဦးမယ်"

"မေးပါကွယ်၊ မေးပါ"

"တခြားတော့ မဟုတ်ပါဘူး၊ ဟိုတုန်းက အန်တီဟာ မုန့်ဟင်းခါးဆိုယင် မုန်းတယ်ဆို၊ အခုတော့ မုန့်ဟင်းခါးဆိုင်မှာ လုပ်အားပေးနေပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"ငါပြောခဲ့ပြီးကော၊ ဟိုတုန်းကတော့ သဌေးကတော်ကြီး မို့ မိုးမမြင်လေမမြင် ဘဝင်မြင့်ပြီး ပြောခဲ့မိတာပါကွယ်၊ အခုတော့ အန်တီစိတ်ပြောင်းသွားပါပြီ၊ မုန့်ဟင်းခါးဟာ မုန်းစရာမဟုတ်ပဲ ချစ်စရာကောင်းသလို ဟောဒီက ငါ့သမက် မုန့်ဟင်းခါးသည် ကလေးဟာလဲ တကယ့်ချစ်စရာ သူတော် ကောင်းကလေးပါ၊ ဒါကြောင့် အခုဆိုယင် ငါဟာ မုန့်ဟင်းခါး မုန်းသူ မဟုတ်တော့ပါဘူး၊ မုန့်ဟင်းခါးချစ်သူ ဖြစ်သွားပါပြီ၊ အမယ်...မုန့်ဟင်းခါးများ မစားဖူးခင်တုန်းကသာ မကြိုက်တာ ဟဲ့၊ အခုလို စားဖူးသွားတော့လဲ မစားရ မနေနိုင်အောင်ကို စွဲသွားတာပဲဟေ့၊ ဟား ဟား ဟား"

"ဟဲဟဲ အခုမှတော့ ဒေါ်ဒေါ်က ဒီစကားဘေကို ပြောတော့ မှာပေါ့၊ ရွှေသမက်လေးက မုန့်ဟင်းခါးသည်ဖြစ်နေတာကိုး အမေ့၊ နို့ စုကတော့ အယင်ကဆိုယင် ကျောင်းမှာ မုန့်ဟင်း ခါးကျွေးလို့မရဘူး၊ မုန့်ဟင်းခါးစားမသွားမေးယင် မျက်နှာ ကြီးကို စူလို့ ပုပ်လို့၊ အခုတော့ မုန့်ဟင်းခါးတွေ စားနေပြီလား၊ ဟဲ ဟဲ"

ညီညီမောင်က လှမ်းမေးသည်။

ဒါကို ချစ်ဝင်းနိုင်က ဟာသနှောကာ ဝင်ပြောသည်။

"အာ...အခုတော့ စုတယောက် မုန့်ဟင်းခါးကို စားရုံတင် မကဘူး၊ လူတကိုယ်လုံးတောင် မျိုနေပြီပဲဟာ၊ ဟား ဟား ဟား"

"အို... မောင် ဘာတွေ လျှောက်ပြောနေတာလဲ တွန်း..."

[illegible]



ချစ်ဝင်းနိုင်က လျှာကလေး ထုတ်ပြ ပြောင်ပြနေသည်။

ကိုကိုဇော်နှင့် ညီညီမောင်တို့ကတော့ စားပွဲဘေးရှိ ကုလားထိုင်များတွင် ဝင်ထိုင်ကြသည်။

"ကဲပြော.. ဘာကြော်နဲ့ စားကြမလဲ"

"အမြဲအော်နေတဲ့ ပဲကြော်နဲ့က တပွဲ၊ ထူးပြီး ပျော်ရတဲ့ ဗူးသီးကြော်နဲ့က တပွဲပေးဗျို့"

ကိုကိုဇော်က ပြန်ပြောသည်။

ဒေါ်ရွှေဝင်းက သူတို့စကားအတိုင်း ဒေါ်မြချစ်နှင့် အတူ မုန့်များကို ပြင်ပေးသည်။ ချစ်ဝင်းနိုင်က ပြင်ပြီးသော မုန့်များ ကို ကိုကိုဇော်တို့ထံသို့ သွားချပေးသည်။

"စားကြနော်၊ ဒီတခါတော့ ပိုက်ဆံမပေးပါနဲ့ဗျာ၊ ကျွန်တော်နဲ့ စု လက်ထပ်တုန်းက ခင်ဗျားတို့ကို မဖိတ်ခဲ့ရလို့ ဒါကို မင်္ဂလာဧည့်ခံပွဲ အနေနဲ့ စားကြပါ ဟဲဟဲ"

ချစ်ဝင်းနိုင်က ပြောနေသည်။

"ဟာ.. ဒီလောက်နဲ့ ဘယ်ရမလဲ၊ ဒီထက်မက ကျွေးမှပေါ့ ဗျ ဟဲဟဲ"

ညီညီမောင်က ရယ်ယင်း ပြန်ပြောသည်။

"ကျွေးပါ့မယ်ဗျာ၊ အခုဟာက စရန်သဘောနဲ့စားကြပေါ့"

သူပြောနေခိုက် နောက်ဘက်တွင် မုန့်ဟင်းခါး စားနေကြ သော လူများထဲမှ တဦးက လှမ်းပြောသည်။

"ဟေး ကိုချစ်ဝင်းနိုင် ဒီလိုတော့ မတရား မလုပ်နဲ့နော်၊ ကျွန်တော်တို့လဲ မင်္ဂလာဧည့်ခံပွဲတုန်းက ဘာမှမစားရပဲ၊ ဒီတော့ ကျွန်တော်တို့ကိုလဲ ကျွေးရမယ် ဟဲဟဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ....ရပါတယ်၊ ခင်ဗျားတို့ကိုလဲ ကျွေးပါ့ မယ်လေ။ အဲ....ကျွေးရုံတင်မကဘူး၊ ခင်ဗျားတို့ တတွေ စားလို့ ပိုပြီး အရသာရှိအောင် နဲ့ကလေးနဲ့ချွဲချွဲလေးကလေး မှုတ်ပြဦးမယ်"

ချစ်ဝင်းနိုင်ပြောယင်း နောက်ဖေးခန်းသို့ အပြေးဝင်သွားသည်။

စုရည်မွန်ကတော့ နှုတ်ခမ်းစူကာ သူ့ကို လှမ်းကြည့်နေသည်။

ခဏကြာလျှင် ချစ်ဝင်းနိုင်မှာ သူ မှုတ်နေကျ နဲ့ကလေးဖြင့် ပြန်ထွက်လာသည်။

"ကိုင်း....ခင်ဗျားတို့တတွေ အပျင်းတော် ပြေကြရအောင် သီချင်းဖော်လို့ မှုတ်လိုက်မယ်၊ နားထောင်ကြပေတော့"

ချစ်ဝင်းနိုင် ပြောယင်း သူမှုတ်နေကျသီချင်းဖြစ်သော 'ရွှေကျီးညိုလာယင်'သီချင်းကို သံသေးသံကြောင်ဖြင့် နားထောင်သူတွေ စိတ်ပျက်အောင် မှုတ်နေတော့သည်။

"အောင်မယ်လေးဗျ၊ အောင်မယ်လေး၊ ခင်ဗျားနဲ့ကြီးကို ရပ်လိုက်ပါတော့ဗျာ၊ စားရတဲ့ လူတွေ ထပြေးချင်လာပါပြီ၊ အဟုတ်ပါပဲ ဒီလောက်နားဝင်ဆိုးအောင်မှုတ်နိုင်တာ ဒီတခါပဲ ကြားဖူးတယ်ဗျို့၊ ဟား ဟား ဟား"

ညီညီမောင်က မုန့်ဟင်းခါး စားနေရာမှ နားနှစ်ဘက်ကို ပိတ်ကာ ပြောနေသည်။

ကျန်လူတွေကတော့ ပြုံးနေကြသည်။

စုရည်မွန်မှာလည်း ချစ်ဝင်းနိုင်၏ နဲမှုတ်သံကြောင့် ကောင်တာစားပွဲမှ နေ၍ ချစ်ဝင်းနိုင်ထံသို့ ထ လာသည်။



"ဒီနဲကြီးကို ဆိုင်မှာ မမှုတ်ပါနဲ့လို့ ဘယ်နှစ်ခါပြောရမလဲ၊ သူ့နဲ့သံကြီးက ကြားလို့လဲ မကောင်းဘူး၊ ဒါကို နားမထောင်ပဲ ခဏ ခဏ မှုတ်နေတယ်၊ ပေးစမ်း၊ ဒီတခါတော့ ပါးစပ်နဲ့မပြော မနေတော့ဘူး၊ ဒီနဲ့ကို အပြတ်ပဲ ချိုးပင်လိုက်တော့မယ်"

စုရည်မွန်ပြောယင်း ချစ်ဝင်းနိုင်လက်မှ နဲကို လိုက်လုနေတော့သည်။

ချစ်ဝင်းနိုင်မှာ သူ့နဲ့ကို အမြန်ယူပြေးယင်း စုရည်မွန်ကို အောက်ပါအတိုင်း လှမ်းပြောနေသည်။

"အောင်မာလေးလေး၊ နဲကြီးကိုတော့ မချိုးလိုက်ပါနဲ့ သတိုးမကိုဠ်ကညာရယ်....ကိုယ့်နဲ့က အမိုးထိုက်ဟာမို့ အဆိုးအမိုက်လို့ သဘောမထားပဲ တမျိုးကြိုက်စရာဖြစ်အောင် စုရေ.... ကိုယ့်ကို လေ ပုဆိုးပိုက်ကာ ချော့လှည့်ပါလားကွယ်၊ ဟား ဟား ဟား"

ချစ်ဝင်းနိုင်က ပြောင်ချော်ချော် ပြောယင်း စုရည်မွန်အား လှမ်းဖက်သည်။

ဤတွင်... သူ့မှာ အရှိန်လွန်သွားသဖြင့် စုရည်မွန်၏ ကိုယ်ကို သာမက ပါးတဘက်ကိုပါ မွှေးမွှေးပေးသလို ဖြစ်သွားသည်။

ထိုအဖြစ်ကို မုန့်ဟင်းခါး စားနေကြသော ကာလသားများက မြင်ကြလျှင် "ဝေးဟေးဟေး....ဒါမှ ငါတို့ မုန့်ဟင်းခါးသည်ကလေးကွ၊ ဝမ်းစမိုး"ဟူ၍ ဝိုင်းအော်ကြတော့သည်။

"ကြည့်စမ်း၊ ကြည့်စမ်း၊ လူတွေရှေ့မှာ ဒီလိုပဲလုပ်ရသလားဟင်....ဒီလောက်ပဲ အရှက်နည်းရသလား၊ ကိုင်....ကဲဦး....ကဲဦး"

စုရည်မွန် ရှက်သံကလေးဖြင့် ပြောယင်း ချစ်ဝင်းနိုင်၏ ကျောကုန်းကို ဒေါလုံးဖြင့် တအုန်းအုန်း ထုနေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"အယိုယိုယို...နာလိုက်တာစုရယ်....၊ မောင်က တမင်လုပ်တာ မဟုတ်ပါဘူးကွာ၊ အရှိန်လွန်သွားလို့ အခုလိုဖြစ်သွားတာပါ၊ ဆောရီးပဲ အချစ်ရယ်.... ဟဲ ဟဲ ဟဲ"

ချစ်ဝင်းနိုင်ပြောယင်း စုရည်မွန်အနီးမှ လစ်ပြေးသွားတော့သည်။


ဆိုင်တွင်းရှိ စားနေကြသူတွေကတော့ သူတို့ အဖြစ်ကို ကြည့်ကာ...

မုန့်ဟင်းခါးစားကြယင်း တဟားဟားတဝါးဝါးဖြင့် ရယ်မဆုံး ဖြစ်နေကြတော့သည်။

ဤတွင်.... တလ ပြီးပြန်ပြီဗျ....။

"ချစ်စွာသော စာဖတ်သူများ အားလုံး စိန္တိတာသဗ္ဗာ.... ကြံစည်သမျှသော အလုံးစုံတို့သည်၊ သိဒ္ဓန္တု...ပြီးမြောက်ပြည့်စုံခြင်းသို့ တမုဟုတ်ချင်း ရောက်ကြပါစေကုန်သတည်း။"

အစဉ်လေးစားစွာဖြင့်
ကြူမွှေး



၁၉၈၅ ခုနှစ်၊ ဒီဇင်ဘာလ (၂၀)ရက်၊
သောကြာနေ့၊ မွန်းလွဲ (၁၂)နာရီ (၃၅)မိနစ်။

www.burmeseclassic.com